http://www.dhammadownload.com

ရွှံ့နွံကြားမှာပေါက်ဖွားပေမယ့်
ရွှံ့နွံနဲ့မလိမ်းကျံ
မကပ်ငြိတဲ့ကြာကို
သူတော်ကောင်းတိုင်း
အတုယူသင့်ပါတယ်။
လောကဓံရွှံ့နွံတွေ
ကာမဂုဏ်ရွှံ့နွံတွေ
ကိလေသာရွှံ့နွံတွေကြားမှာ
ပေါက်ဖွားကြီးပြင်းလာပေမယ့်
အဲဒီရွှံ့နွံတွေနဲ့မလိမ်းကျံ
မကပ်ငြိတဲ့ပုဂ္ဂိုလ်ဟာ
သန့်စင်မြင့်မြတ်တဲ့
ကြာလိုလူအစစ်ပါပဲ။



http://www.dhammadownload.com

# ကြာလိုလူ

အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

2010.GRAPHIC DESIGN : KYAW MINN MOUNG



ဆဋ္ဌအကြိမ်

http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# ကြားလိုလှ



ရွှေပါရမီစာစဉ်(၁၇)

http://www.dhammadownload.com

ရွှေပါရမီ ၂၀၀၃ အမှတ်(၁)

စာမူခွင့်ပြုချက် • ၃၂၀၃၆၇၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက် • ၃၂၀၃၄၈၀၇၀၉

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ • စတုတ္ထအကြိမ်၊ အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ • ကျော်မင်းမောင်

စာအုပ်ချုပ် • ကိုဇော်ဝမ်း

မျက်နှာဖုံးပုံနှိပ်သူ • ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်
• အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ • ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်
• အမှတ် ၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊
• အလုံမြို့နယ်။

ထုတ်ဝေသူ • တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊
• အမှတ် (၁၉-အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊
• ဒဂုံမြို့နယ်။

ဖြန့်ချိရေး • ရွှေပါရမီဓမ္မစာပေဖြန့်ပွားရေးအဖွဲ့
• အမှတ် (၆၁)၊ စဥ့်အိုးတန်းလမ်း၊လသာမြို့နယ်။
• ☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂။

စာအုပ်ကတ်တလောက်အညွှန်း (CIP)

ဆန္ဒာဓိက၊ အရှင်။ ၂၉၄.၃
ကြာလိုလူ/အရှင်ဆန္ဒာဓိက။ ရန်ကုန်။
ရွှေပါရမီဓမ္မစာပေ (စတုတ္ထအကြိမ်)၊ ၂၀၀၉။
၂၂၄ စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ကြာလိုလူ

တန်ဖိုး ၁၀၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက ( ရွှေပါရမီတောရ )

- ၁၉၆ဂခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉ဂ၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ဂတန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉ဂ၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉ဂ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီ တောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်
ရွှေပါရမီစာစဉ်အားလုံးကို
ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ
တရားအလှူ၊ ပညာပါရမီအလှူ
တိုက်ရိုက်သာသနာပြုအလှူအဖြစ်
လှူဒါန်းထားသော
ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး
ထာဝရအလှူတော်ငွေဖြင့်
ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ

## ကြာလိုလူ


| | | |
|---|---|---|
| ၁။ | ကြာလိုလူသားရဲ့ ကြာလိုလူစကား (အရှင်အာစာရာလင်္ကာရ) | ၁၃ |
| ၂။ | ကြာလိုလူ | ၂၇ |
| ၃။ | နာမည်အပေါ်အဓိပ္ပာယ်လိုက်ကောက်တာမိစ္ဆာဒိဋ္ဌိပါ | ၂၉ |
| ၄။ | လောကီမင်္ဂလာတွေယုံကြည်နေရင်သူတော်ကောင်းမဟုတ်ပါ | ၃၅ |
| ၅။ | လောကီမင်္ဂလာယုံကြည်တဲ့လူဟာမစင်လိုလူပါပဲ | ၄၂ |
| ၆။ | ကြာလှူရင်ကြာတတ်တယ်တဲ့လား | ၄၄ |
| ၇။ | ကြာဆိုတာမကြာခြင်းရဲ့သင်္ကေတ | |
| | အကျိုးပေးမြန်ခြင်းရဲ့သင်္ကေတပါ | ၄၈ |
| ၈။ | ကြာဆိုတာသစ္စာလေးပါးသိမြင်ခြင်းရဲ့သင်္ကေတပါ | ၅၆ |

http://www.dhammadownload.com


၉။ ■ ကြာဆိုတာအယူအမြင်မှန်ကန်ခြင်းရဲ့သင်္ကေတပါ ၆၄

၁၀။ ■ ဘာမဆိုအတိတ်ကံကိုချည်းပုံချရင်မိစ္ဆာဒိဋ္ဌိ ၆၇

၁၁။ ■ ဘာဖြစ်ဖြစ်ဖန်ဆင်းရှင်ကြောင့်ဆိုရင်မိစ္ဆာဒိဋ္ဌိ ၇၁

၁၂။ ■ လောကကြီးကသူဖြစ်ချင်သလိုဖြစ်နေတာဆိုရင်မိစ္ဆာဒိဋ္ဌိ ၇၄

၁၃။ ■ ကြာဆိုတာလောကဓံခံနိုင်ရည်ရှိခြင်းရဲ့သင်္ကေတပါ ၇၇

၁၄။ ■ ကြာဆိုတာကိလေသာကင်းစင်ခြင်းရဲ့သင်္ကေတပါ ၈၄

၁၅။ ■ ကြာဆိုတာနိဗ္ဗာန်ရဲ့သင်္ကေတပါ ၉၃

၁၆။ ■ ကြာဆိုတာအပါယ်လွတ်ခြင်းရဲ့သင်္ကေတ

■ သံသရာလွတ်ခြင်းရဲ့သင်္ကေတပါ ၉၉

၁၇။ ■ အပ္ပမာဒေန သမ္ပာဒေထ ၁၀၄


## ရလေလိုလေဒါပေမဲ့တဒင်္ဂလေးတွေ


၁၈။ ■ ဓမ္မဿဝနကုသိုလ် ( မြသန်းစံ ) ၁၀၇

၁၉။ ■ ရလေလိုလေဒါပေမဲ့တဒင်္ဂလေးတွေ ၁၂၃

၂၀။ ■ အဆာမပြေချမ်းသာနဲ့တာရှည်ပန်းလာခဲ့ရသူပါ ၁၂၈

၂၁။ ■ အသားတိုးသလောက်တရားတိုးမှဖြစ်မယ် ၁၃၃

http://www.dhammadownload.com


| | | | |
|---|---|---|---|
| ၂၂။ | ■ | စိတ်ဟိုက်တာသိပ်မိုက်လို့ပါ | ၁၃၇ |
| ၂၃။ | ■ | မေတ္တာလက်ဆောင်လား၊ အဂတိလက်ဆောင်လား | ၁၄၃ |
| ၂၄။ | ■ | ဆေးဖိုးပဲယူပါမယ်၊ ဝါးခမယူပါဘူး | ၁၅၀ |
| ၂၅။ | ■ | ကိလေသာဆိုတာကြီးလေသာလေမို့ | |
| | ■ | ကြီးလေသာလို့လည်းခေါ်ပါတယ် | ၁၅၆ |
| ၂၆။ | ■ | အကောင်ပုပ်တွေကိုအပြောင်ထုတ်ပစ်လိုက် | ၁၆၂ |
| ၂၇။ | ■ | အညှီတိုက်မှာအကြည်ဆိုက်မနေပါနဲ့ | ၁၆၆ |
| ၂၈။ | ■ | ဒီကတော့အဟုတ်မှတ်လို့ | ၁၇၀ |
| ၂၉။ | ■ | အပြစ်မြင်ရင်အချစ်မဝင်တော့ပါ | ၁၇၅ |
| ၃၀။ | ■ | အပိုဖယ်ချမှအလိုတကယ်လှမယ် | ၁၈၁ |
| ၃၁။ | ■ | အမြင်လေးလှပေမယ့်ဘဝင်အေးမြဖို့ခက်ပါတယ် | ၁၈၅ |
| ၃၂။ | ■ | ဒုက္ခရေပတ်လည်ဝိုင်းနေသောကုန်းမြေကို | |
| | ■ | ကာမဂုဏ်ကျွန်းဟုခေါ်သည် | ၁၉၁ |
| ၃၃။ | ■ | ရာဇဝင်ထဲမှာကာမဂုဏ်ကိုထားရစ်ခဲ့ | ၁၉၆ |
| ၃၄။ | ■ | အပွမာဒေန သမ္ပာဒေထ | ၂၀၃ |

http://www.dhammadownload.com

ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

http://www.dhammadownload.com

# အကောင်းမြင်ကြာ

ကြာပန်းလှူလျှင်
မကြာခင်၌
ကြာချင်သည့်များ
မကြာအားဘဲ
ကြာများရေစက်
မကြာသက်သို့
မြန်သွက်ပြည့်စုံ
ကြာကြာလှုံ့လျက်
ကြာဟုန်ကြာမြင့်
ကြာနှယ်တင့်သည်
ကြာလင့်ဒုက္ခ ဝေးဝေးမှာ ...
ကြာမြင့်သုခ နီးနီးမှာ ...။

[ကြာလှူလျှင် ကြာတတ်သည်ဟု ယူဆသူများအတွက်]

**အရှင်ဆန္ဒာဓိက**
ရွှေပါရမီတောရ
၉-၂-၂၀၀၃

http://www.dhammadownload.com

# အထွတ်အမြတ်ကြာ

ရွှံ့မှာပေါက်ဖွား
ရွှံ့၌ထွားလည်း
ရွှံ့အားမခင်
ရွှံ့သန့်စင်သည့်
ကြာလျှင်မြတ်လှ ပန်းစံပြ။
ကာမဂုဏ်ကြား
ကိလေကြား၌
ပေါက်ဖွားပါလျက်
မငြိယှက်ဘဲ
လွတ်ထွက်သန့်စင်
အေးကြည်လင်သည့်
လန်းရွှင်မြတ်လှ လူ့စံပြ။

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ
၉-၂-၂၀၀၃

http://www.dhammadownload.com



ကြာပဟာ ရွှံ့ နွံ့မှာ၊ ရေမှာ
ပေါက်ဖွားပေမယ့်
ရွှံ့ နွံ့နဲ့၊ ရေနဲ့
လိမ်းကျံကပ်ငြိခြင်းမရှိသလို
နိဗ္ဗာန်ဟာလည်း
ရုပ်နာမ်ခန္ဓာကို၊ ဆင်းရဲဒုက္ခကို
ရင်းနှီးပြီး ရပေမယ့်
ရုပ်နာမ်ခန္ဓာနဲ့၊ ဆင်းရဲဒုက္ခနဲ့
လိမ်းကျံကပ်ငြိခြင်း လုံးဝမရှိပါဘူး။
နိဗ္ဗာန်မှာ ရုပ်နာမ်ခန္ဓာလည်း
ဆိတ်သုဉ်းနေသလို
ဆင်းရဲဒုက္ခအားလုံးလည်း
ချုပ်ဆုံးနေပါတယ်။

http://www.dhammadownload.com

# ကြာလိုလူသားရဲ့ ကြာလိုလူစကား

(က)

ဘာကြောင့်မှန်းမသိ၊

ကံတရားဆိုတာက အလွန်ဆန်းကြယ်သည်။

တကယ်တော့ မိမိနှင့် အရှင်ဆန္ဒာဓိကတို့ တွေ့ဆုံနိုင်ကြဖွယ် မရှိပေ၊ ဖြစ်ချင်တော့ အရှင်ဆန္ဒာဓိကက အစိုးရပထမလတ်တန်းမှာ ထူးချွန်စွာ အောင်မြင်ပြီး နောက်ထပ်စာမေးပွဲ ဆက်မဖြေတော့ဘဲ တောရဆောက်တည်ဖို့ပဲ စိတ်ကူးနေသည့်အချိန် . . . . ။

တောင်မြို့၊ မဟာဂန္ဓာရုံတိုက်ကြီးကို ကိုးကွယ်နေသည့် ဒေါ်စုစုစိန်တို့ ညီအစ်မက အရှင်ဆန္ဒာဓိကအား ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်မှာ ခေတ္တခိုလှုံစေရန် စစ်ကိုင်း ရွှေဟင်္သာသို့ ပင့်လာကြသဖြင့် အရှင်ဆန္ဒာဓိက ရွှေဟင်္သာသို့ ခဏရောက်လာသည်။

သည်တုန်းကတည်းက မိမိသည် အရှင်ဆန္ဒာဓိကကို လေး

http://www.dhammadownload.com

စားကြည်ညိုအားကျနေမိခဲ့ပါသည်။ သူ့သတင်းတွေကို ကြားသိခဲ့ရဖူးပါသည်။ သုံးထပ်ကွမ်းလူရည်ချွန်၊ ဆယ်တန်း ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးဖြစ်သတဲ့။ ကိုရင်ဘဝမှာလည်း အတန်းတိုင်းမှာ နံပါတ်တစ်နဲ့ အောင်သတဲ့။ စတာတွေဖြင့် စာပေလောကမှာ အလွန်ကျော်ကြားသည်။

ဂုဏ်တွေ၊ သတင်းတွေ၊ ကျော်စောမှုတွေ လာဘသက္ကာရသိလောကတွေနဲ့ ကြိတ်ကြိတ်တိုး စည်းကားနေရာများသို့ တစ်ရံတစ်ခါမျှ စိတ်မဝင်စားတတ်သည့် မိမိသည် သတင်းသာကြားနေသော်လည်း (အသိအကျွမ်းဖြစ်ချင်လျှင် နေရပ်အားဖြင့် အလွန်နီးပါသော်ငြား) သွားလည်း မသွားခဲ့သလို အဲသလို လုပ်ရမှာကိုလည်း ရှက်နေမိတတ်ပါသည်။

ဖြစ်ချင်တော့ အရှင်ဆန္ဒာဓိကက ရွှေဟင်္သာသို့ ခဏကြွလာသည်။ အာဝါသိကဖြစ်သည့်အားလျော်စွာ လိုအပ်တာ ကူညီပေးမည်ဖြစ်ကြောင်း ဖိတ်ကြားလျှောက်တော့မှ အရှင်ဆန္ဒာဓိကကို မြင်ဖူးသည်။ သူသည် အဲသည့်ကတည်းက ပဋိပတ်ကျင့်စဉ်များဖြင့် ဣန္ဒြေငြိမ်သက် တည်ကြည်အေးချမ်းစွာ ရှိနေခဲ့သည်။

သူက သူ့ဘဝကို ရှင်းရှင်းလေးပဲ တွေးသည်။ ပြီးတော့ ရှင်းရှင်းလေးပဲ နေထိုင်ကျင့်ကြံသည်။ ရှင်းသန့်အေးငြိမ်းလွန်းလှသည့် သူ့ဘဝ၊ သူ့အတွေးအမြင်နှင့် သူ့ကိုယ်ကျင့်တရားများကို အဲသည်မှာကတည်းက မိမိကြည်ညိုအားကျလေးစားခြင်းဖြစ်ခဲ့ရပါတော့သည်။

ဒါပေမဲ့ ခဏမျှသာပါပဲ။ ဖျတ်ခနဲတွေလိုက်ရသည့် အရှင်ဆန္ဒာဓိက၏ အမှတ်တရ ရုပ်ပုံလွှာသည် ဖျတ်ခနဲပဲ ကွယ်ပျောက်

http://www.dhammadownload.com

သွားတော့သည်။

သူ တောရတွေ ဆောက်တည်နေသည်။ မြိတ်ဘက်မှာ စာပြန်သင်နေသည်။ ပြီးတော့ 'ပထမကျော်ဘွဲ့' ရသည်။ ပြီးတော့ စာချတန်းအောင်မြင်၍ 'ဓမ္မာစရိယဘွဲ့'ရသည်။

သတင်းတွေကိုသာ ဆက်တိုက်ဆိုသလို တစ်ဆင့်စကားကြားနေရသည်။ မိမိနှင့် အရှင်ဆန္ဒာဓိကတို့ကတော့ တစ်ခါမျှ ပြန်မတွေ့ကြတော့။

ဒီလိုနှင့် ခဏလေး တွေကာ အကြာကြီး ဝေးခဲ့ကြရသည်။ မိမိရင်ထဲမှာတော့ အသိနှင့် ကိုယ်ကျင့် ညီညွတ်မျှတကာ ငြိမ်သက်အေးချမ်းလှသော သူ့ပုံရိပ်လွှာကို ကြည်ညိုနေရဆဲ။ အားကျနေရဆဲ။ ဒါပေမဲ့ သူဘယ်ဆီရောက်နေပြီလဲပင် မသိရတော့။

(၁)

'ဝိစိတြာ ဟိ ကမ္မသတ္တိ'

'ကံစွမ်းရည်ဆိုတာ အလွန်ဆန်းကြယ်တယ်' ....တဲ့။

ဖြစ်ချင်တော့ မိမိအသက် ၂၈-၂၉ မှာ ပဋိပတ်တရားတွေ လေ့လာအားထုတ်ရင်း သဒ္ဓမ္မရံသီရိပ်သာမှာ တစ်လ တရားဝင် အားထုတ်ဖြစ်သည်။ တရားအားထုတ်ပြီး ၄-၅ ရက်လောက်နေတော့ ဖြူဖြူဝဝအရှင်မြတ်တစ်ပါးက မမျှော်လင့်ပါဘဲ လာနှုတ်ဆက်တာ ကြုံရသည်။ 'တပည့်တော် အရှင်ဆန္ဒာဓိကပါ' တဲ့လေ ....။

ဟော ပြန်တွေ့ကြပြန်ပါပြီ။

အခုတော့ မိမိက ယောဂီ၊ သူက ကမ္မဋ္ဌာနာစရိယ။ ဘဝအ

http://www.dhammadownload.com

ခြေအနေတွေ ပြောင်းလဲသွားကြသော်လည်း ရင်းနှီးခင်မင်မှုကတော့ မပြောင်းလဲ။ ရိပ်သာအထွက်မှာ သူက သူ့တရားတိပ်ခွေလေးတွေ လက်ဆောင်ပေးသည်။

'တစ်ယောက်တည်းနေ တစ်စိတ်တည်းထား'

'ကိုယ့်စိတ်ကိုယ်စစ်'

နားထောင်ကြည့်လိုက်တော့ သူ့တရားလေးတွေက ရှင်းလင်းပြတ်သားပြီး ပုံဥပမာလေးတွေဖြင့် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းနေသည်။

'ဦးဇင်းရဲ့ တရားလေးတွေက ပြန်လည် ပြင်ဆင် တည်းဖြတ်စရာတောင် မလိုလောက်အောင် ပြည့်စုံနေတယ်။ စာအုပ်ထုတ်ဖြစ်အောင်ထုတ်ပါ'

ဆိုတော့ 'ဖြစ်ပ့ါမလား' ဟုပင် သူ မေးသေးသည်။ ပြီးတော့မှ 'အသက်သုံးဆယ်ပြည့်မွေးနေ့မှာ အမှတ်တရ ရိုက်လှူမယ် 'ဟုဆိုကာ သူစီစဉ်သည်။

သူ့စာအုပ်ကလေး ထွက်လာတော့ စာအုပ်မျက်နှာဖုံးလေးမှာ ကြာပွင့်လေးနဲ့။

## (ဂ)

သည်မှာပဲ သည် 'ကြာလိုလူ' တရားစကားလေး ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ အမျိုးသမီးကြီးတစ်ယောက်က လျှောက်ပါသတဲ့၊

'အရှင်ဘုရား . . . . ၊ အရှင်ဘုရားရဲ့ စာအုပ်အဖုံးလေးမှာ ကြာပွင့်ပုံ မဆွဲပါနဲ့၊ တော်ကြာ . . . . ကြာပွင့်ပုံ ပါနေတာကြောင့်

http://www.dhammadownload.com

အရာရာမှာ နှောင့်နှေးကြန့်ကြာနေလိမ့်မယ်ဘုရား’ တဲ့။

‘ဘုရားကို ကြာပန်းလှူရင် အရာရာကြန့်ကြာမတဲ့’။ ‘လိမ္မော်သီးလှူရင် အလိမ်ခံရမတဲ့’။ ‘ပန်းသီးလှူရင် ပင်ပန်းတတ်သတဲ့’။ ‘မပြောင်းချင်ရင် ပြောင်းဖူးလှူရမတဲ့’။ ‘ကြာကြာစံရအောင် ကြာဇံလှူရမတဲ့’။ ‘ပြောတာပြီးအောင် ဩဇာသီးလှူရမတဲ့’။

‘ကံတွေကော်အောင် ကံ့ကော်ပန်းလှူရမတဲ့’။ ‘ဆန္ဒပြည့်အောင် ဆန်လှူရမတဲ့’။ ‘နေ့ချင်းညချင်း ကြီးပွားအောင် နေ့မှာရော ညမှာပါ ချင်းတက် လှူရမတဲ့’။ ‘ချစ်သူတွေ ဝေးကွာနေရာကနေ ပြန်ပေါင်းနိုင်အောင် ကွာစေ့လှော် စားရမတဲ့’။

‘အပြာရောင်ဝတ်ပြီး စာမေးပွဲဖြေလျှင် ပြာပြီးစာမေးပွဲ ကျတတ်သတဲ့’။ ‘ချစ်သူကို အစိမ်းရောင် လက်ဆောင်ပေးရင် စိမ်းကားတတ်သတဲ့’။ ‘ပန်းနီနီပေးရင် ချစ်ဦးသူနဲ့ ကွဲရတတ်သတဲ့’။ ‘လက်ကိုင်ပဝါပေးရင် ငိုရတတ်သတဲ့’။

အို . . . . စုံလို့ စုံလို့ပါပဲ။

လောကကြီးကလည်း ခက်ရချည်သေး။

(ဃ)

ကြာအကြောင်း ပြန်တွေးကြည့်လိုက်တော့ ကြာနှင့် ပတ်သက်ပြီး ကောင်းခြင်းလက္ခဏာ အဖြာဖြာတွေကို တွေ့ရသည်။

ဟောသည် ဘဒ္ဒကမ္ဘာမှာ ကမ္ဘာဦးကာလက ဘုရားငါးဆူ ပွင့်မည့်အကြောင်း အတိတ်နိမိတ်အဖြစ် ငါးဆူရွှေကြာ ပွင့်ခဲ့ကြသည်။ ဂေါတမဘုရားအလောင်းလျာက သုမိတ္တာ လှူသည့် ကြာငါး

http://www.dhammadownload.com

လက်ဖြင့် သုမေဓာဘဝမှာ ဗျာဒိတ်ယူခဲ့ဖူးသည်။

အလောင်းတော် မင်းသိဒ္ဓတ်ဖွားမြင်တော့ ဖြေဖဝါးတော်မှာ ကြာပွင့်တွေ ခံလာကြဖူးသည်။

ပြီးတော့ ဘုရားအလောင်းတော် ဖွားမြင်ခြင်းကို ဖွင့်ဆိုလိုလျှင်၊ မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းလိုလျှင်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရည်ညွှန်းလိုလျှင်၊ တရားဦးဓမ္မစကြာဟောကြားခြင်းကို ရည်ညွှန်းလိုလျှင်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံခြင်းကို ရည်ညွှန်းလိုပါလျှင် ကြာပွင့်သင်္ကေတကလေးများဖြင့် ပညာရှင်များက ကောင်းမြတ်စွာ သင်္ကေတပြု မှတ်တမ်းတင်ထားကြသည်။

ပြီးတော့ မင်္ဂလာရှိတာ၊ အကျင့်သီလ စင်ကြယ်မြင့်မြတ်တာ၊ အောင်မြင်ပေါက်မြောက်တာ၊ အားမာန်သတ္တိရှိတာ၊ မေတ္တာထားတာ၊ ရဲစွမ်းသတ္တိရှိတာ၊ ဘေးရန်အန္တရာယ် ကင်းရှင်းတာတွေကို ကိုယ်စားပြုချင်ပြန်တော့လည်း သည်ကြာနဲ့ပဲ ကိုယ်စားပြုကြပြန်ပါသေးသည်။

သည့်အပြင် ငြိမ်းချမ်းအေးမြခြင်း၏ သင်္ကေတအဖြစ်လည်း ကြာပန်းကိုပဲ သုံးတတ်ကြသည်။ အသိဉာဏ်ပွင့်လင်းထွန်းပခြင်း အနက်ကိုလည်း ကြာပန်းနှင့် ဥပမာတင်ကာ အဋ္ဌကထာဆရာများက စာပေမှာ ဖွင့်ဆိုကြတာတွေ ရှိသည်။

ကြာတွေကလည်း စုံသည်။ စိတ်ဝင်စားဖို့လည်း ကောင်းသည်။ ကြာဖြူတဲ့၊ ကြာနီတဲ့၊ ကြာညိုတဲ့၊ ကြာဝါတဲ့၊ ကြာပန်းရောင်တဲ့၊ ကြာခေါင်းလောင်းတဲ့။ ပြီးတော့ တောကြာ၊ ပဒုမ္မာကြာ၊ ကုမုဒြာကြာ ဆိုတာတွေလည်း ရှိသေးသည်။

ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စာပေများတွင် အခြားပန်းများကို

http://www.dhammadownload.com

တွေ့ရှိရခဲ့သော်လည်း 'ကြာ' ပန်းနှင့် ပတ်သက်၍တော့ နေရာတော်တော်များများမှာ မကြာခဏဆိုသလို တွေ့နေရသည်။ အလောင်းတော်သုမေဓာရှင်ရသေ့သည် ကြာပန်းလျှကာ ဗျာဒိတ်ခံယူခဲ့သည်။ ပဒုမပုပ္ဖိယမထေရ်သည်လည်း ကြာပန်းဒါနဖြင့် နိဗ္ဗာန်လမ်းကို လျှောက်လှမ်းခဲ့သည်။ အလွန်ကျော်စော သတင်းကြီးလှသည့် အာခံတွင်းမှ ကြာညိုနံ့သင်းသူ မကြာညို (ဥပ္ပလဝဏ္ဏာ) သည်လည်း ကြာပန်းအလှူဒါနမှ တေဒဂ်ဘွဲ့ရ ထေရီမကြီးတစ်ဦး ဖြစ်ခဲ့ရပြီးပြီ။

(င)

ကြည့်ပါဦး . . . . ကြာပန်းနှင့်ပတ်သက်ပြီး စိတ်ဝင်စားစရာတွေက အများသား။ အဲသည်ထဲကမှ ထူးထူးခြားခြားပိုပြီး စိတ်ဝင်စားစရာ ကောင်းတာက 'ကြာလိုလူသားများ' အကြောင်းဖြစ်သည်။ လောကမှာ ကြာလိုလူသားတွေ များစွာရှိကြောင်း စာပေမှာ ဆိုထားတာတွေ များစွာ ရှိကြပါသည်။ ဥပမာဆိုပါစို့ . . . .

(၁). ရေမှာဖြစ်ပွား၊ ရေမှာပဲ ကြီးထွားပြီး ရေအောက်မြုပ်ကာ ရှင်သန်နေသည့် ကြာလိုလူမျိုး။

(၂) ရေမှာဖြစ်ပွား၊ ရေမှာပဲ ကြီးထွားပြီး ရေမျက်နှာပြင်နှင့် တညီတည်း တည်နေသည့် ကြာလိုလူမျိုး။

(၃) ရေမှာဖြစ်ပွား၊ ရေမှာပဲ ကြီးထွားပြီး ရေမျက်နှာပြင်အထက် လွင့်တက်နေသည့် ကြာလိုလူမျိုး။

(၄) ရေမှာဖြစ်ပွား၊ ရေထဲမှာပဲ ငါးစာ၊ လိပ်စာ ဖြစ်သွားတော့သည့် ကြာလိုလူမျိုး . . . .။

http://www.dhammadownload.com

လောကမှာလည်း ကိလေသာ အထူအပါး၊ ဣန္ဒြေရင့်ကျက်မှု အား ကောင်းမကောင်းပေါ် မူတည်ကာ တရားအကျဉ်းကလေး နာရုံဖြင့် ကျွတ်တမ်းဝင်မည့်သူများ၊ အကျယ်ဟောမှ ကျွတ်တမ်းဝင်မည့်သူများ၊ အကျယ်ဟောတာတောင် ကျွတ်တမ်းမဝင်သေးဘဲ နောက်ပိုင်း ဖြည်းဖြည်းမှ ကျွတ်တမ်းဝင်မည့်သူများ၊ ဘယ်လိုမှ တရားထူး မရနိုင်တော့ဘဲ ဝါသနာပါရုံလေးပဲ ဖြစ်မည့်သူများ စသည်ဖြင့် များစွာပဲ ရှိကြပါသည်။

အဲသည်လိုဆိုလျှင် မိမိတို့ရော ကြာလိုလူတော့ ဖြစ်နိုင်ကြပါရဲ့။ ဘယ်ကြာလိုလူမျိုးများ ဖြစ်မည်ဟု ထင်ပါသနည်း။

ဒါကတော့ ကိုယ့်ဘာသာပဲ ဆုံးဖြတ်နိုင်ကြမည်ဖြစ်ပါသည်။ ကိလေသာ အထူအပါး၊ ဣန္ဒြေရင့်မှု နုမှုတွေကို ကိုယ်တိုင်ပဲ ပြုနေကြသည် မဟုတ်လား။

(၈)

အရှင်ဆန္ဒာဓိကက ကြာလိုလူဖြစ်ချင်လျှင် ဖြစ်အောင်ကျင့်နည်းတွေ ရှင်းပြပေးထားသည်။

(၁) သဒ္ဓါ, သီလ စသည့် အင်္ဂါငါးပါးနှင့်ပြည့်စုံလျှင် ကြာလိုလူ။

(၂) အသိဉာဏ်ရှိသူသည် ကြာလိုလူ။

(၃) ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိသူသည် ကြာလိုလူ။

(၄) လောကဓံကို ကြံ့ကြံ့ခံနိုင်ရည်ရှိသူသည် ကြာလိုလူ။

http://www.dhammadownload.com

(၅) ဝိပဿနာဉာဏ် ရင့်သန်ထက်မြက်သူသည် ကြာလိုလူ။
(၆) မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သူသည် ကြာလိုလူဟု အဆင့်ဆင့်ဖွင့်ဆို ရှင်းပြပေးထားသည်။

ပထမ ကြာလိုလူဖြစ်ချင်လျှင် မိမိသန္တာန်မှာ သဒ္ဓါရှိရမည်။ သီလရှိရမည်။ လောကီမင်္ဂလာကို မယုံကြည်ရ၊ ကံ, ကံ၏အကျိုးကို ယုံကြည်ရမည်။ သာသနာတွင်းမှ အလှူခံကိုသာ ရှာပြီး လှူရမည်။ သည်အင်္ဂါငါးပါးနှင့် ပြည့်စုံကြလျှင် ကြာလိုလူ စတင်ဖြစ်ပါပြီ။

ပြီးတော့ ....

အမြင်မှန် သမ္မာဒိဋ္ဌိရှိပါမှ တရားထူးတရားမြတ်ကို အမြန် ရနိုင်ကြောင်း မြတ်စွာဘုရားက ဟောကြားခဲ့သည်။ အဲသည်လို အမြင် မှန်ရသည်ဆိုတာက ကမ္မဿကတာဉာဏ်, ဈာန, ဝိပဿနာ, မဂ္ဂ, ဖလ, ပစ္စဝေက္ခဏာဟု အမြင်မှန်ခြောက်မျိုးရှိရာတွင် ကံအမြင်မှန် ရှိဖို့က ပိုအရေးကြီးလှသည်။ အဲသည် ကံအမြင်မှန်မှာ အတိတ်ကံ ကြောင့်ဝါဒ, ဖန်ဆင်းရှင်ဝါဒ, အကြောင်းမဲ့ဝါဒဆိုတာတွေ ကပ်ငြိ မှု မရှိပါမှ ကံအမြင်မှန် ပိုမိုစင်ကြယ်သန့်ရှင်း အပြစ်ကင်းသည်။

ကံအမြင်မှန်မှာ မိစ္ဆာဝါဒသုံးရပ် မငြိကပ်လျှင်လည်း ကြာ လိုလူ ဖြစ်နိုင်ပါလေသည်။

နောက်တော့ .... လောကဓံကို ခံနိုင်ရည်ရှိသူ။ အဆိုး လောကဓံကို အံကြိတ်ကာ ခါးတောင်းကြိုက် ခံနိုင်ရည်ရှိသလို အ ကောင်းလောကဓံကိုလည်း လက္ခဏာရေးသုံးပါးတင်ကာ ရှုမြင် သုံးသပ် ရှုမှတ်နိုင်လျှင်လည်း ကြာလိုလူ ဖြစ်နိုင်ပါသည်။

သည်တွင်မက.... ဝိပဿနာဉာဏ် ရင့်သန်ပြီး မဂ်ဉာဏ်

http://www.dhammadownload.com

ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သူသည်သာ ကြာလိုလူ အစစ်ဖြစ်ကြောင်းတွင် အဆုံးသတ်ထားတာ တွေ့ရပါသည်။

အရှင်ဆန္ဒာဓိက၏ တွေးထောင့်က လှပသပ်ရပ်သလို ဟောပြောချက်၊ ရေးသားချက်ကလေးတွေကလည်း လှပသပ်ရပ်လို့နေလေသည်။ အကြောင်းကို တွေးကြည့်တော့ သူကိုယ်တိုင်က ကြာလိုလူဖြစ်ချင်နေသူ မဟုတ်လား။ ဒီတော့ သူကိုယ်တိုင် ကြာလိုလူဖြစ်အောင် ကျင့်ကြံရင်း ဒီတရား၊ ဒီစကားတွေကို ဟောပြောဖြစ်လေတော့ ကြာလိုလူ တရားစကားက လက်တွေ့ဘဝဆန်ကာ ပိုမို လှပသပ်ရပ်တင့်တယ်တာ ဖြစ်ပါလိမ့်မည်။

(ဆ)

သူသည် သဒ္ဓါတရားကောင်းသည်၊ အသိဉာဏ်ထက်မြက်သည်၊ ကံ, ကံ၏အကျိုးဆိုတာတွေကို အထူးယုံကြည်သည်။ သူ့မှာ အကောင်းလောကဓံကိုရော၊ အဆိုးလောကဓံကိုပါ ခပ်စပ်စပ်ကလေး ခံစားဖူးကာ အားလုံးကို အပြုံးမပျက် သည်းခံနိုင်သူဖြစ်သည်။

ဟော အခုတော့ သထုံမြို့၊ ကေလာသတောင်စောင်း တောတန်းကလေးထဲက ရွှေပါရမီတောရမှာ 'နေ့-ပရိယတ်၊ ည-ပဋိပတ်' ဖြင့် ဝိပဿနာဉာဏ်နှင့် ပါရမီကုသိုလ်တွေကို ရင့်သန်နေစေလေပြီ။

အလို. . . သူကိုယ်တိုင်ပင် ကြာလိုလူ ဖြစ်နေပါပကောလား။

ကြာလိုလူအကြောင်း မပြီးပြတ်သေးခင်မှာ အရှင်ဆန္ဒာဓိက၏ ကြာလိုလူဖြစ်ပုံကလေးကို နည်းနည်းပြောချင်ပါသေးသည်။ အရှင်

http://www.dhammadownload.com

ဆန္ဒာဓိက သဒ္ဓမ္မရံသီမှာ နေစဉ်ကဖြစ်သည်။ သူက အေးအေးကလေး နေချင်သည်။ စာကြည့်၊ စာရေး၊ တရားအားထုတ်နေချင်သည်။ ဖြစ်ချင်တော့ ပရိသတ်တွေက ဝင်လာမစဲ တသဲသဲ။

ဒီ့အပြင် တချို့က အရှင်ဆန္ဒာဓိက၏ ပါရမီကံကို ယုံစားကာ အင်္ဂလိပ်စာကို အထူးပြုလေ့လာလျက် နိုင်ငံခြားသာသနာပြုဖို့ တိုက်တွန်းကြသည်။ အင်္ဂလိပ်စာအုပ်စာတမ်းမျိုးစုံတွေကိုလည်း ပို့လှူကြသည်။ သည်တော့ အရှင်ဆန္ဒာဓိက က ပြောဖူးသည်။

'ဦးဇင်းရေ ....

တပည့်တော်ဘွဲ့က ဆန္ဒာဓိက၊ ဆန္ဒ+အဓိက၊

ဘယ်သူ့ဆန္ဒကို အဓိကထားမှာလဲ၊

သူများဆန္ဒကို အဓိကထားမှာလား၊

ကိုယ့်ဆန္ဒကို အဓိကထားမှာလား၊

သူများ ဆန္ဒတွေကိုချည်း အဓိကထားနေလို့ကတော့ ဘယ်တော့မှ ပြီးဆုံးမှာမဟုတ်တော့ဘူး၊

ဒီတော့ ကိုယ့်ဆန္ဒကိုပဲ ကိုယ်အဓိကထားတော့မယ်'

ဟုဆိုကာ အင်္ဂလိပ်ဘာသာဆိုင်ရာစာအုပ်တွေကို လိုအပ်သူများအား လှူပစ်တာ မြင်ခဲ့ရဖူးသည်။

ပြီးတော့ အရှင်ဆန္ဒာဓိက အခုလို စာရေးနေတာ၊ စာရေးသည့်အတွက် အောင်မြင်ကျော်ကြား ထင်ရှားနေတာတွေအပေါ်မှာ ချီးမွမ်းသူတွေကိုရော၊ ကဲ့ရဲ့ရှုတ်ချသူတွေကိုပါ မြင်ခဲ့ကြားခဲ့ရဖူးသည်။ သည်လို ချီးမွမ်းကဲ့ရဲ့တာတွေအပေါ် အရှင်ဆန္ဒာဓိက ကတော့ အပြုံးမပျက်၊ ပြီးတော့ သူက အဲသလို ချီးမွမ်းတာ၊ ကဲ့ရဲ့တာတွေနဲ့ ပတ်သက်

http://www.dhammadownload.com

ပြီး သူ့ခံယူချက်ကို သူကိုယ်တိုင် ပြောပြထားတာ ရှိသေးသည်။

'ဘယ်လောက်ကောင်းတဲ့ အလုပ်ကိုပဲ လုပ်လုပ်၊ ကဲ့ရဲ့ရှုတ်ချမယ့်သူတွေ၊ ဝေဖန်အပြစ်ပြောမယ့်သူတွေဆိုတာကတော့ အဆင်သင့်ရှိနေကြစမြဲပဲလေ။ မဆန်းပါဘူး။ ဘုရားရှင်တောင်မှ ကင်းခဲ့တာမှ မဟုတ်ဘဲ။ ဦးဇင်းတို့လို သာမန်လူသားတွေကတော့ မပြောနဲ့တော့ပေါ့'

'တကယ်တော့ ဦးဇင်းရဲ့ ပတ်ဝန်းကျင်မှာ ကျော်ကြားမှုဆိုတာ မရှိပါဘူး။ သစ်ပင်တောတောင်တွေ၊ ရေတံခွန်စိမ့်စမ်းတွေပဲ ရှိပါတယ်။ ကျော်ကြားမှုဆိုတာ ဦးဇင်းရဲ့ စိတ်အစဉ်မှာ ရှိတဲ့အရာလည်း မဟုတ်ပါဘူး။ ဦးဇင်းရဲ့ ပတ်ဝန်းကျင်မှာ ရှိတဲ့အရာလည်း မဟုတ်ပါဘူး။ ဦးဇင်းကို သိတဲ့သူ၊ ဦးဇင်းကို အသိအမှတ်ပြုတဲ့သူရဲ့ စိတ်အစဉ်မှာပဲ ရှိတာပါ။ ဒါလည်း အမြဲရှိနေတာ မဟုတ်ပါဘူး။ တစ်ခါတစ်ရံ ဦးဇင်းကို သတိရလိုက်တဲ့အခိုက်မှာပဲ ခေတ္တခဏ ရှိတာပါ'

'ကဲ့ရဲ့မှုလည်း ဒီအတိုင်းပဲပေါ့။ ဦးဇင်းရဲ့ စိတ်အစဉ်မှာ ရှိတာလည်း မဟုတ်ပါဘူး၊ ဦးဇင်းရဲ့ ပတ်ဝန်းကျင်မှာ ရှိတာလည်း မဟုတ်ပါဘူး။ ဦးဇင်းကို မလိုလားတဲ့သူ၊ ဦးဇင်းကို မနှစ်မြို့တဲ့သူရဲ့ စိတ်အစဉ်မှာပဲ ဦးဇင်းကို သတိရတဲ့အခိုက် ခေတ္တခဏရှိတာပါ'

'သူတစ်ပါးရဲ့ စိတ်အစဉ်မှာပဲ တစ်ခါတစ်ရံမှ ခေတ္တခဏပေါ်လာတတ်တဲ့ ကျော်ကြားမှု၊ ကဲ့ရဲ့မှုဆိုတဲ့အရာတွေအတွက် ကိုယ်က ဘာလို့ခံစားနေရမှာလဲ၊ ကျော်ကြားမှုကြောင့် စိတ်တက်စရာမလိုသလို ကဲ့ရဲ့မှုကြောင့်လည်း စိတ်ပျက်စရာ မလိုပါဘူး'

http://www.dhammadownload.com

'ကျော်ကြားမှုဆိုတာ သူတစ်ပါးရဲ့စိတ်အစဉ်မှာ 'ဒီလို အရှင်ဆန္ဒာဓိက' လို့ ခေတ္တခဏ ပေါ်လာတဲ့ အတွေးစတစ်ခု၊ ခံစားမှုတစ်ခုပါပဲ၊ ကဲ့ရဲ့မှုဆိုတာ သူတစ်ပါးရဲ့စိတ်အစဉ်မှာ 'အရှင်ဆန္ဒာဓိက ဒီလို' လို့ ခေတ္တခဏပေါ်လာတဲ့ အတွေးစတစ်ခု၊ ခံစားမှုတစ်ခုပါပဲ။ 'ဒီလို အရှင်ဆန္ဒာဓိက' ဆိုတဲ့ အတွေးစနဲ့ 'အရှင်ဆန္ဒာဓိက ဒီလို'ဆိုတဲ့ အတွေးစနှစ်ခုတို့ရဲ့ ကြားမှာ 'ဒီလို'တွေကို ဖျောက်လိုက်ရင် အရှင်ဆန္ဒာဓိကဟာ အရှင်ဆန္ဒာဓိက ပါပဲ၊ ဘာနဲ့မှ မရောပါဘူး၊ တစ်ယောက်တည်းပါ၊ သန့်သန့်လေးပါ'တဲ့လေ။

ဩော်. . . . တကယ့်ကို သူသည် ကြာလိုလူဖြစ်အောင် တွေးတတ်၊ ကြံတတ်၊ ကျင့်တတ်ပါပေကလား။

သင်ရော ကြာလိုလူဖြစ်ချင်ပါသလား။ ဖြစ်ချင်လျှင် ယခုပင် စတင်ကျင့်ခွင့်ရအောင် အရှင်ဆန္ဒာဓိက က လမ်းညွှန်နေပါပြီ။

ပြီးတော့ လမ်းညွှန်သူ အရှင်ဆန္ဒာဓိကကိုယ်တိုင်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြုနိုင်သည့် ကြာလိုလူအစစ် ဖြစ်ပါစေကြောင်း မေတ္တာဖြင့် ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

အရှင်အာစာရလင်္ကာရ(စစ်ကိုင်း၊ရွှေဟင်္သာ)

၁၆-၉-၂၀၀၂၊ ဗုဒ္ဓဟူးနေ့၊ ည(၁၁)နာရီ။

http://www.dhammadownload.com

အကျိုးပေးကြာခြင်းမကြာခြင်းဟာ
အကြောင်းကံဆိုင်ရာပစ္စည်းဝတ္ထုတွေမှာ
ကြာဆိုတဲ့စကားလုံးပါခြင်းမပါခြင်းနဲ့
ဘာမှမသက်ဆိုင်ပါဘူး။
အကြောင်းကံပြုစဉ်တုန်းက
စိတ်မပါလက်မပါနဲ့
အချိန်ကြာနေခြင်း၊ အချိန်ဆွဲ
နေခြင်းနဲ့ပဲသက်ဆိုင်ပါတယ်။
စိတ်စေတနာအားနည်းစွာနဲ့
ကုသိုလ်ကောင်းမှုကို
မလုပ်ချင်လုပ်ချင်
လေးလေးတွဲ့တွဲ့လုပ်ခဲ့တဲ့သူဟာ
အကျိုးပေးကြန့်ကြာပါတယ်။
အကျိုးပေးနှေးကွေးပါတယ်။
စိတ်စေတနာထက်ထက်သန်သန်နဲ့
ကုသိုလ်ကောင်းမှုကိုအားရပါးရ
တက်တက်ကြွကြွလုပ်ခဲ့တဲ့သူဟာ
အကျိုးပေးမကြန့်ကြာပါဘူး။
အကျိုးပေးမြန်ဆန်ပါတယ်။



http://www.dhammadownload.com

# ကြာလိုလူ

ဘာကြောင့် 'ကြာလိုလူ' တရားကို ဒီနေ့ ဒီအချိန်မှာ ဟောရသလဲဆိုရင် အကြောင်းရှိလို့ပါ။ ပြီးခဲ့တဲ့ ဇန်နဝါရီလ ကိုးရက်နေ့ဟာ ဦးပဥ္စင်းရဲ့အသက်(၃၀)ပြည့်တဲ့ ပုလဲရတုမွေးနေ့ ဖြစ်ပါတယ်။ အဲဒီ ပုလဲရတုမွေးနေ့မှာ 'တစ်ယောက်တည်းနေ တစ်စိတ်တည်းထား'ဆိုတဲ့ တရားနဲ့ 'ကိုယ့်စိတ်ကိုယ်စစ်' ဆိုတဲ့တရား၊ တရားနှစ်ပုဒ်ကို ပေါင်းပြီးတော့ 'တစ်ယောက်တည်းနေ တစ်စိတ်တည်းထား' ဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ်တစ်အုပ် ထုတ်ပြီးတော့ ဓမ္မဒါနပြုခဲ့ပါတယ်။

အဲဒီစာအုပ်အတွက် စီစဉ်နေစဉ်ကာလတုန်းက ဒကာမကြီး တစ်ယောက်က ဦးပဥ္စင်းကို လျှောက်ပါတယ်။

'အရှင်ဘုရား . . . ။ အရှင်ဘုရားရဲ့စာအုပ် မျက်နှာဖုံးမှာ ဘာပုံဆွဲမှာလဲဘုရား'

'ဒကာမကြီး၊ ဦးပဥ္စင်းကတော့ ရေပြင်ပေါ်မှာ ကြာပန်း

http://www.dhammadownload.com

ကလေးတွေ ပွင့်နေတဲ့ပုံ ဆွဲမယ်'

'အရှင်ဘုရား၊ ရေပြင်ပေါ်မှာ ကြာပန်းကလေးတွေ ပွင့်နေတဲ့ပုံတော့ မဆွဲပါနဲ့ဘုရား'

'ဘာဖြစ်လို့လဲ ဒကာမကြီး'

'ကြာပွင့်နေတဲ့ပုံဆွဲရင် အရှင်ဘုရား သံသရာမှာကြာနေလိမ့်မယ်။ ပစ္စုပ္ပန်လုပ်ငန်းကိစ္စတွေမှာလည်း ကြာပြီးတော့ နေလိမ့်မယ်'

အဲဒီလို လျှောက်ပါတယ်။

'မြတ်စွာဘုရားကို ကြာပန်းလှူလို့ရှိရင် သံသရာမှာ ကြာနေတတ်တယ်။ ပစ္စုပ္ပန်လုပ်ငန်းကိစ္စတွေမှာ ကြာနေတတ်တယ်လို့ ပြောကြပါတယ်။ အရှင်ဘုရားလည်းပဲ စာအုပ်မျက်နှာဖုံးမှာ ကြာပန်းပုံဆွဲရင်တော့ အရှင်ဘုရား သံသရာမှာရော၊ ပစ္စုပ္ပန် လုပ်ငန်းကိစ္စတွေမှာရော ကြာနေတော့မှာပဲ'

အဲဒီလို လျှောက်ထားပါတယ်။

သူ့ရဲ့ လျှောက်ထားချက် လိုရင်းကတော့ 'ကြာလှူရင် ကြာတတ်တယ်'၊ 'ကြာပေးရင် ကြာတတ်တယ်'၊ 'ကြာပုံကို အသုံးပြုရင် ကြာတတ်တယ်'၊ 'ကြာနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ရင် ကြာတတ်တယ်'၊ 'ကြာဆိုတဲ့စကားလုံး၊ ကြာဆိုတဲ့ နိမိတ်ပုံကို သုံးစွဲရင် ကြာတတ်တယ်' လို့ ဆိုလိုပါတယ်။

ပန်းရဲ့နာမည်ပညတ် 'ကြာ' ကို 'ကြန့်ကြာခြင်း၊ ကြာမြင့်ခြင်း' လို့ သူ အဓိပ္ပာယ်ဖွင့်လိုက်တာပါ။ ကြာနဲ့ပတ်သက်တဲ့သူတိုင်း ကြန့်ကြာတတ်တယ်၊ ကြာမြင့်တတ်တယ်လို့ သူ ယူဆလိုက်တာပါ။ တော်တော်ကို ရယ်စရာကောင်းတဲ့ အယူအဆပါပဲ။

http://www.dhammadownload.com



## နာမည်အပေါ်အဓိပ္ပာယ်လိုက်ကောက်တာမိစ္ဆာဒိဋ္ဌိပါ

အဲဒီလိုမျိုး အယူအဆဟာ ဘာအယူအဆလဲဆိုရင် စကားလုံးတွေရဲ့ အသံပေါ်မှာ ကိုယ်လိုရာ အဓိပ္ပာယ် သတ်မှတ်ပြီးတော့ ကောင်းကျိုးဆိုးပြစ် ဆုံးဖြတ်တတ်တဲ့ အယူအဆပါပဲ။ အဲဒီ အယူအဆရဲ့ လွှမ်းမိုးမှုအောက်မှာ အသုံးချခံနေရတဲ့ ပစ္စည်းဝတ္ထုတွေ၊ အဖြစ်အပျက်တွေ မြောက်မြားစွာ ရှိပါတယ်။

နမူနာပြောရရင် မြတ်စွာဘုရားကို စပျစ်သီးမလှူနဲ့၊ ပျက်စီးတတ်တယ်တဲ့။ ဖရဲသီးမလှူနဲ့၊ ဖရိုဖရဲဖြစ်တတ်တယ်တဲ့။ မာလကာသီးမလှူနဲ့၊ မာလကသွားလိမ့်မယ်တဲ့။ မာလကတယ်ဆိုတာ သေဆုံးသွားတာကို ပြောတာနော်။

ဘုရားကို လိမ္မော်သီးမကပ်နဲ့၊ အလိမ်ခံရလိမ့်မယ်တဲ့၊ ပန်းသီး မလှူနဲ့ ပန်းတတ်တယ်တဲ့။ ကိုယ်ပန်းစိတ်ပန်း ပန်းတတ်လို့ ဘုရားကို ပန်းသီးမလှူနဲ့တဲ့။ အဲဒီလိုယူဆကြတယ်။ ယူဆတဲ့အတိုင်းလည်းပဲ

http://www.dhammadownload.com

တချို့ ရှောင်ကြဉ်ကြတယ်။

တချို့ကလည်းပဲ ပြောတာပြီးအောင် ဩဇာသီးလှူပါတဲ့၊ ဩဇာသီးလှူမှ ဩဇာရှိတယ်တဲ့။ ကံတွေစွမ်းအောင် ကန်စွန်းရွက်လှူပါ၊ ကံကော်အောင် ကံ့ကော်ပန်းလှူပါ။ ရာထူးအာဏာ၊ ပစ္စည်းဉစ္စာ အစရှိသည် ပြည့်စုံတဲ့ နေရာတစ်ခုကနေ တခြား တစ်နေရာကို မပြောင်းရအောင် ပြောင်းဖူးလှူပါ တဲ့။ ဘေးဘယာတွေ ကျော်သွားအောင် ဘယာကြော်လှူပါ။ ကြာကြာစံရအောင် ကြာဆံလှူပါ။ အကြံအစည်တွေ အောင်မြင်အောင် ကြံလှူပါ။ ဆန္ဒတွေပြည့်အောင် ဆန်လှူပါတဲ့။ အယူအဆတွေ အမျိုးမျိုး ရှိကြတယ်။

ထူးထူးခြားခြား ကြားဖူးတဲ့ အယူအဆလေးက ချစ်သူအချင်းချင်း၊ ဇနီးမောင်နှံအချင်းချင်း ကွဲကွာနေရင် ပြန်ပြီးတော့ ပေါင်းသင်းနိုင်အောင် ကွာစေ့စားပါတဲ့၊ ကင်းကွာနေတာတွေ ပြန်စေ့အောင်တဲ့။ သိမ်ဆင်းလောင်းတဲ့ အခါမှာတောင် တချို့ပုဂ္ဂိုလ်တွေက တပည့်တော်တို့ ဆပ်ပြာမှုန့် လောင်းလို့ရှိရင် အီလန်မလောင်းဘူးဘုရား၊ အိုမိုပဲ လောင်းတယ်တဲ့။ အီလန်လောင်းလို့ရှိရင် အီပြီးတော့ လန်သွားမှာ စိုးလို့တဲ့။ အိုမိုဆိုတော့ ပိုပိုမိုမိုဖြစ်အောင်တဲ့။

တိုက်တန်းနစ် သင်္ဘောကြီး သဲ့ဘာသာသူ ရေခဲတောင်နဲ့ တိုက်မိလို့ နစ်မြုပ်သွားတာကိုပဲ 'နာမည်ကိုက တိုက်တန်းနစ်ဆိုတော့ တိုက်တာနဲ့ တန်းနစ်သွားတာပေါ့' လို့ သဘောတရား မပါ၊ လက်တွေ့မပါနဲ့ အူကြောင်ကြောင် တွေးတဲ့၊ ပြောတဲ့သူတွေလည်း ရှိပါသေးတယ်။ အတော့်ကို ရယ်စရာကောင်းတဲ့ စည်းမဲ့ကမ်းမဲ့အတွေးအခေါ်ပါပဲ။

http://www.dhammadownload.com

စကားလုံးရဲ့ အသံထွက်အတိုင်းသာ ဖြစ်ရစတမ်းဆိုရင် လူတိုင်း 'မင်း' ဖြစ်ကုန်မှာပေါ့။ ဘာလို့လဲဆိုတော့ လူတိုင်း 'ထမင်း' နေ့တိုင်း စားနေကြတာပဲ မဟုတ်လား။ ဘယ်သူမှ 'ထ' ပြီး 'မင်း' မဖြစ်ပါဘူး။ မင်းဖြစ်ထိုက်တဲ့ ဘုန်းကံပါရမီ ပါတဲ့ပုဂ္ဂိုလ်တွေပဲ မင်းဖြစ်ကြတာပါ။ ထမင်းစားတိုင်း ထပြီးမင်းမဖြစ်ပါဘူး။

အဲဒီလို စကားလုံးတွေရဲ့ အသံထွက်ပေါ်မှာ အဓိပ္ပာယ်သတ်မှတ်ပြီးတော့ ကောင်းကျိုးဆိုးပြစ် ဆုံးဖြတ်တဲ့ အယူအဆတွေ အများကြီးရှိပါတယ်။

ပြီးတော့ တစ်မျိုးရှိသေးတယ်၊ ဓာတ်ရိုက် ဓာတ်ဆင်သမားတွေ၊ ဗေဒင်ယတြာသမားတွေက မြတ်စွာဘုရားကို နှင်းဆီပန်း မလှူရဘူးတဲ့။ နှင်းဆီပန်းမှာ ဆူးပါတဲ့အတွက်ကြောင့် ဆူးပါတဲ့နှင်းဆီပန်းကို လှူလို့ရှိရင် ဘဝမှာ အနှောင့်အယှက်တွေ၊ အဖျက်အဆီးတွေ၊ ဘေးရန် အန္တရာယ်တွေ တွေ့တတ်တယ်တဲ့။ လုံးဝအဓိပ္ပာယ်မရှိတဲ့ အယူအဆပါပဲ။ အသိဉာဏ် လုံးဝ မပါတဲ့ အတွေးအခေါ်ပါပဲ။

လောကမှာ ပန်းတွေ အမျိုးမျိုး ရှိကြတယ်။ တချို့ပန်းက အဆင်းလှတယ်၊ အနံ့မမွှေးဘူး။ တချို့ပန်းက အနံ့တော့ မွှေးတယ်၊ အဆင်းမလှဘူး။ တချို့ပန်းကတော့ အဆင်းလည်း လှတယ်၊ အနံ့လည်းမွှေးတယ်။ အဆင်းလည်းလှ၊ အနံ့လည်းမွှေးတဲ့ ပန်းဟာ အင်မတန် ရှားပါးပါတယ်။ နှင်းဆီပန်းဟာ အဆင်းလည်း လှ၊ အနံ့လည်း မွှေးတဲ့ပန်းပါ။

အဆင်းလှ အနံ့မွှေးရုံ မကဘူး၊ ဆူးပါနေတာကိုက တစ်မျိုးမြတ်နိုးစရာကောင်းတယ်။ ဆူးဆိုတာ ဘေးရန်အန္တရာယ်တွေ၊ အ

http://www.dhammadownload.com

နှောင့်အယှက်၊ အဖျက်အဆီးတွေကို ပိတ်ပင်ဟန့်တားတဲ့သဘောပါ ပဲ။ ဒီတော့ ဆူးပါတဲ့နှင်းဆီပန်းကို လှူရတဲ့အတွက်ကြောင့် အနှောင့် အယှက်အဖျက်အဆီးတွေ၊ ဘေးရန်အန္တရာယ်တွေ ကင်းရှင်းပါစေလို့ စိတ်ညွတ်လိုက်မယ်ဆိုရင် ဘယ်လောက် ကောင်းမလဲ။ နောက်တစ်ခါ ဆူးဟာ ချွန်ထက်တဲ့သဘောရှိတယ်။ ချွန်ထက်တဲ့ ဆူးပါတဲ့ နှင်းဆီ ပန်းကို လှူရတဲ့အတွက်ကြောင့် ဉာဏ်ပညာထက်မြက်ပါရစေလို့ နှလုံး သွင်းလိုက်မယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ။

ဘုရားပန်းတင်တဲ့နေရာမှာ တချို့က အဲဒီလို အဆိုးမြင်အယူ အဆရှိတဲ့အတွက် မလှဲ့သာမရှောင်သာ နှင်းဆီပန်း တင်ရင်တောင်မှ ဆူးကိုဖြတ်ပြီး တင်ကြတယ်။ အမှန်ကတော့ ဆူးပါမှ၊ ဆူးနဲ့တကွတင်မှ အဲဒီ နှင်းဆီပန်းဟာ ပန်းအိုးထဲမှာ ကြာကြာခံတာ၊ ဆူးမပါလို့ ရှိရင် ကြာကြာမခံဘူး။

ဒီတော့ စကားလုံးတွေရဲ့ အသံထွက်ပေါ်မှာ အဓိပ္ပာယ်သတ် မှတ်ပြီးတော့ ကောင်းကျိုးဆိုးပြစ်ဆုံးဖြတ်တာ ဝါသနာပါတယ်၊ မစွန့် နိုင်ဘူးဆိုရင်လည်းပဲ အဆိုးမြင်ဝါဒနဲ့ အဆိုးဘက်ကို မကောက်ဘဲနဲ့ အကောင်းမြင်ဝါဒနဲ့ ကောင်းတဲ့ဘက်ကို စိတ်ညွတ်ပြီးတော့ အဓိပ္ပာယ် ကောက်ကြရင် ကောင်းမှာပါပဲ။

အဆိုးမြင်ဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘာပဲတွေးတွေး အ ဆိုးဘက်ကိုပဲ တွေးမိတတ်ကြပါတယ်။ အကောင်းမြင်ဝါဒရှိတဲ့ပုဂ္ဂိုလ် တွေကတော့ ဘယ်အရာကိုမဆို အကောင်းဘက်လှည့်ပြီးတော့ပဲ တွေး တတ်ကြပါတယ်။ ဒီတော့ ပစ္စည်းဝတ္ထုတွေရဲ့ နာမည် အသံထွက်တွေ ပေါ်မှာ အဓိပ္ပာယ် ကောက်တာ ဝါသနာပါတယ်ဆိုရင်လည်းပဲ အ

http://www.dhammadownload.com

ကောင်းမြင်ဝါဒနဲ့ အကောင်းဘက်ကို စိတ်ညွှတ်ပြီး အမိပ္ပာယ်ကောက်ကြစေချင်ပါတယ်။

ဖရဲသီးလှူရင် ဖရိုဖရဲဖြစ်တတ်တယ်လို့ အဓိပ္ပာယ်ကောက်မယ့်အစား ဖရဲသီးလှူရင် ဖရိုဖရဲမဖြစ်တော့ဘူးလို့ အဓိပ္ပာယ်ကောက်လိုက်ရင် မကောင်းဘူးလား။ စပျစ်သီးလှူရင် ပျက်စီးတတ်တယ်လို့ အဓိပ္ပာယ်ကောက်မယ့်အစား 'စ' ကတည်းက 'ပျစ်' ပျစ်နှစ်နှစ်လေး ဆိုတော့ အနှစ်ရှိတာပေါ့လို့ အဓိပ္ပာယ်ကောက်ရင် မကောင်းဘူးလား။

ဘယာကြော် လှူရင် ဘေးဘယာ ကျော်တယ်၊ ကြွလှူရင် အကြွအစည် အောင်တယ် ဆိုတာတွေကတော့ အကောင်းဘက်ကို အဓိပ္ပာယ်ကောက်ထားတာမို့လို့ မဆိုးပါဘူး။ ကောင်းတဲ့ အဓိပ္ပာယ်လေး တွေးလိုက်တော့ စိတ်လည်း ပျော်ရွှင်၊ ယုံကြည်မှုလည်း တိုးတက်လာတာပေါ့။

ဒါပေမဲ့ ရွှေတစ်ပြုံကြီး ရအောင် ရွှေဖရုံသီး လှူတယ် ဆိုပြီး ဘုရားစင်ပေါ် ဖရုံသီး အလုံးလိုက် လချီ တင်ထားတာမျိုး၊ ကံစွမ်းအောင် ကန်စွန်းရွက်လှူတယ် ဆိုပြီး ကန်စွန်းရွက် အစိမ်းလိုက်တွေကို ဘုရားရှေ့ ရက်ရှည်တင်ထားတာမျိုးကတော့ လုံးဝမသင့်တော်ပါဘူး။

ဖရုံသီးအစိမ်းလိုက်၊ ကန်စွန်းရွက်အစိမ်းလိုက်ကို ဘုရား ဘာလုပ်လို့ ရမှာတုံး၊ ကပ်ချင်သပဆိုရင် ရွှေဖရုံသီးဟင်း ချက်ပြီးကပ်၊ ကန်စွန်းရွက်ကြော် ကြော်ပြီးကပ်ပေါ့။

နေ့ချင်း ညချင်း ကြီးပွားအောင်၊ နေ့ချင်း ညချင်း ရောဂါပျောက်အောင်ဆိုပြီး နေ့မှာ လှူတဲ့ ချင်းတစ်တက်၊ ညမှာလှူတဲ့ ချင်းတစ်တက်၊ ဘုရားရှေ့ နေ့ချင်း , ညချင်း၊ ချင်းနှစ်တက် လှူထားတာ

http://www.dhammadownload.com

လည်း ရှိသေးတယ်။ ချင်းအစိမ်းလိုက် ဘုရား ဘာလုပ်လို့ ရမှာလဲ။ အဓိပ္ပာယ်ကောက်ပုံလေးကတော့ ကောင်းပါရဲ့။

မကောင်းတဲ့ အဓိပ္ပာယ် ကောက်တာထက် စာရင်တော့ ကောင်းတဲ့အဓိပ္ပာယ် ကောက်တာက တော်သေးတာပေါ့။

တကယ်တော့ ကောင်းတဲ့အကျိုး၊ ဆိုးတဲ့အကျိုးတွေ ဖြစ်နေတာဟာ ကောင်းတဲ့အကြောင်း၊ ဆိုးတဲ့အကြောင်းတွေကြောင့် ဖြစ်နေတာပါ။ ကောင်းကံ၊ ဆိုးကံကြောင့် ကောင်းကျိုး၊ ဆိုးကျိုး ဖြစ်နေတာပါ။ ကောင်းတဲ့နာမည်၊ ဆိုးတဲ့နာမည်ကြောင့်၊ ကောင်းတဲ့အသံထွက်၊ ဆိုးတဲ့အသံထွက်ကြောင့် ကောင်းကျိုး၊ ဆိုးကျိုး ဖြစ်နေတာ မဟုတ်ပါဘူး။

နာမည်တွေ၊ အသံထွက်တွေကြောင့် ကောင်းကျိုး၊ ဆိုးကျိုး ဖြစ်နေတယ်လို့ ယူဆရင်လည်း ဘာနာမည်ကိုမဆို၊ ဘာအသံထွက်ကို မဆို ကောင်းတဲ့အဓိပ္ပာယ်ပဲ ကောက်ပေါ့။ ကောင်းတဲ့ ဦးတည်ချက်ကို ပဲ ရည်ညွှန်းလိုက်ပေါ့။ ကောင်းတဲ့အကျိုးရလဒ်ဖြစ်လိမ့်မယ်လို့ပဲ နှလုံး သွင်းလိုက်ပေါ့။

ဒါပေမဲ့ မြတ်စွာဘုရားရှင်ကတော့ အဲဒီလို အယူအဆမျိုးကို ပယ်သတ်ရမယ့် အယူအဆလို့ ဟောကြားတော်မူထားပါတယ်။ ပယ်သတ်ရမယ့် အယူအဆလို့ ဟောကြားလိုက်ခြင်းအားဖြင့် အဲဒီ အယူအဆဟာ မှန်ကန်တဲ့ အယူအဆမဟုတ်ဘူး၊ မှားယွင်းတဲ့ အယူအဆ ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားပါတယ်။

■

http://www.dhammadownload.com



## လောကီမင်္ဂလာတွေယုံကြည်နေရင်
## သူတော်ကောင်းမဟုတ်ပါ

မြတ်စွာဘုရားရှင်က သမ္မာပရိဗ္ဗာဇနီယသုတ္တန်မှာ အဲဒီလို အယူအဆမျိုးတွေကို ပယ်စွန့်ရမယ်လို့ ဟောကြားထားပါတယ်။

သမ္မာပရိဗ္ဗာဇနီယသုတ္တန်ဆိုတာ ကောင်းစွာကျင့်တဲ့ပုဂ္ဂိုလ်ရဲ့ အရည်အသွေးတွေကို ဟောကြားထားတဲ့သုတ္တန်ပါပဲ။ ဘယ်လိုအကျင့် ကျင့်တဲ့ပုဂ္ဂိုလ်ဟာ ကောင်းသောအကျင့် ကျင့်ရာရောက်တယ် ဆိုတဲ့ အကြောင်းကို ဟောကြားထားတဲ့သုတ္တန်ပါ။ အကျင့်ကောင်း အကျင့်မြတ်တွေကို ဖော်ပြထားတဲ့သုတ္တန်လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီသုတ္တန်မှာ ကောင်းသောအကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်ဟာ ပထမဆုံး ဘာအကျင့်ကို ကျင့်ရမလဲဆိုရင် . . . .

ယဿ မင်္ဂလာ သမူဟတာ - အကြင်ပုဂ္ဂိုလ်သည် လောကီမင်္ဂလာကို ပယ်သတ်အပ်ပါပေ၏။

ကောင်းသောအကျင့် ကျင့်မယ့် ပုဂ္ဂိုလ်တစ်ယောက် ပထမ

http://www.dhammadownload.com

ဆုံးလုပ်ရမယ့် လုပ်ငန်းစဉ်ကတော့ လောကီမင်္ဂလာ ယုံကြည်မှုကို ပယ်သတ်ခြင်းပါပဲတဲ့။ လောကီမင်္ဂလာ ယုံကြည်တဲ့ အကျင့်ကို ပယ်သတ်မှ ကောင်းစွာ ကျင့်ရာရောက်တယ်၊ အကျင့်ကောင်း ကျင့်ရာရောက်တယ်တဲ့။

လောကီမင်္ဂလာ ပယ်တဲ့အကျင့်ဟာ ကောင်းတဲ့အကျင့်၊ အကျင့်ကောင်းလို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် လောကီမင်္ဂလာ ယုံကြည်တဲ့ အကျင့်ဟာ ဆိုးတဲ့အကျင့်၊ အကျင့်ဆိုး ဆိုတဲ့အဓိပ္ပာယ် အလိုလိုသက်ရောက်သွားပါတယ်။ လောကီမင်္ဂလာတွေကို ယုံကြည်စွဲလမ်းပြီး လိုက်နာကျင့်သုံးနေတဲ့သူဟာ အကျင့်ကောင်း ကျင့်နေတဲ့သူ မဟုတ်ပါဘူး။ အကျင့်ဆိုး ကျင့်နေတဲ့သူ ဖြစ်ပါတယ်။

လောကီမင်္ဂလာ ဆိုတာ အထူးအဆန်းတွေ မြင်ရ၊ ကြားရ၊ တွေ့ရလို့ရှိရင် ကောင်းကျိုးတွေ ဖြစ်နိုင်တယ်၊ မင်္ဂလာရှိတယ်လို့ ယူဆတဲ့ အယူအဆပါပဲ၊ အဲဒီ လောကီမင်္ဂလာက ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာဆိုပြီးတော့ သုံးမျိုးရှိပါတယ်။

ဒိဋ္ဌမင်္ဂလာဆိုတာ ကောင်းတဲ့အဆင်း၊ တင့်တယ်တဲ့ အဆင်းကို မြင်ရရင် မင်္ဂလာရှိတယ်၊ ကောင်းကျိုးတွေ ဖြစ်ထွန်းနိုင်တယ်၊ မကောင်းတဲ့အဆင်း၊ မတင့်တယ်တဲ့အဆင်းကို မြင်ရရင် မင်္ဂလာမရှိဘူး၊ အမင်္ဂလာပဲ၊ ဆိုးကျိုးတွေဖြစ်စေနိုင်တယ်၊ အဲဒီလို အဆင်းနဲ့ ပတ်သက်ပြီး ကောင်းကျိုးဆိုးပြစ်ယူဆတဲ့ အယူအဆကို ဒိဋ္ဌမင်္ဂလာလို့ခေါ်ပါတယ်။

သုတမင်္ဂလာဆိုတာ ကောင်းတဲ့အသံ၊ သာယာတဲ့ အသံလေးကို ကြားရရင် မင်္ဂလာရှိတယ်၊ ကောင်းကျိုးတွေ ဖြစ်စေနိုင်တယ်၊

http://www.dhammadownload.com

မကောင်းတဲ့အသံ၊ မသာယာတဲ့အသံကို ကြားရလို့ရှိရင် မင်္ဂလာမရှိဘူး၊ အမင်္ဂလာပဲ၊ ဆိုးကျိုးတွေဖြစ်စေနိုင်တယ်၊ အဲဒီလို အသံနဲ့ ပတ်သက်ပြီး ကောင်းကျိုးဆိုးပြစ်ယူဆတဲ့ အယူအဆကို သုတမင်္ဂလာလို့ ခေါ်ပါတယ်။

မုတမင်္ဂလာဆိုတာက မွှေးကြိုင်သင်းပျံ့တဲ့ အနံ့ကလေးတွေ ရှူရှိုက်ရလို့ရှိရင် မင်္ဂလာရှိတယ်၊ ကောင်းကျိုးတွေ ဖြစ်စေနိုင်တယ်၊ နံတဲ့အနံ့တွေ ရှူရှိုက်ရလို့ရှိရင် မင်္ဂလာမရှိဘူး၊ အမင်္ဂလာပဲ၊ မကောင်းကျိုးတွေ ဖြစ်စေနိုင်တယ်၊ ဆိုးကျိုးတွေဖြစ်စေနိုင်တယ်။

ချိုမြိန်ကောင်းမြတ်တဲ့ အရသာစားရလို့ရှိရင် မင်္ဂလာရှိတယ်၊ ကောင်းကျိုးတွေဖြစ်နိုင်တယ်။ မကောင်းတဲ့အရသာတွေ စားရလို့ရှိရင် မင်္ဂလာမရှိဘူး၊ အမင်္ဂလာပဲ၊ ဆိုးကျိုးတွေ ဖြစ်စေနိုင်တယ်။

နူးညံ့တဲ့ အရာတွေကို ထိတွေ့ရလို့ရှိရင် မင်္ဂလာရှိတယ်၊ ကောင်းကျိုးဖြစ်နိုင်တယ်၊ ကြမ်းတမ်းမာကျောတဲ့ အရာတွေကို ထိတွေ့ရလို့ရှိရင် မင်္ဂလာမရှိဘူး၊ အမင်္ဂလာပဲ၊ ဆိုးကျိုးတွေ ဖြစ်စေနိုင်တယ်လို့ အဲဒီလို အနံ့၊ အရသာ၊ အထိအတွေ့နဲ့ ပတ်သက်ပြီး ကောင်းကျိုးဆိုးပြစ်ယူဆတဲ့ အယူအဆကို မုတမင်္ဂလာလို့ ခေါ်ပါတယ်။

အဲဒီ ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ သုံးမျိုးလုံးကို လောကီမင်္ဂလာလို့ ခေါ်ပါတယ်။ ဒိဋ္ဌက မြင်တာ၊ သုတက ကြားတာ၊ မုတက နံတာ၊ စားတာ၊ ထိတာ၊ သုံးမျိုးလုံးပေါင်းလိုက်တော့ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ အာရုံငါးပါးပေါ့။ မုတဆိုတဲ့အထဲမှာ အာရုံသုံးပါး ပါတယ်။

မျက်စိနဲ့ကောင်းတာမြင်ရရင်၊ နားနဲ့ကောင်းတာကြားရရင်၊

http://www.dhammadownload.com

နှာခေါင်းနဲ့ ကောင်းတာနမ်းရရင်၊ လျှာနဲ့ကောင်းတာစားရရင်၊ ကိုယ်နဲ့ကောင်းတာထိရရင် အတိတ်နိမိတ်ကောင်းတယ်၊ မင်္ဂလာရှိတယ်၊ ကောင်းကျိုးတွေရနိုင်တယ်၊ လာဘ်ကောင်းတယ်လို့ ယူဆတဲ့အယူအဆကို လောကီမင်္ဂလာလို့ခေါ်ပါတယ်။ ကိုယ်ကြုံတွေ့ရတဲ့ အာရုံငါးပါးက ကိုယ့်ဘဝရဲ့ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးပေးနိုင်တယ်လို့ အကြောင်းတလွဲ ယူဆတဲ့ အယူအဆပါပဲ။

ခုနကပြောခဲ့တဲ့ ဘေးဘယာတွေကျော်အောင် ဘယာကြော်လှူရမယ်၊ ကြာကြာစံရအောင် ကြာဆံလှူရမယ် အစရှိတဲ့ အယူအဆတွေဟာလည်း ဒီလောကီမင်္ဂလာထဲမှာ ပါဝင်ပါတယ်။

ယဿ ဥပ္ပါတာ သမူဟတာ - အတိတ်နိမိတ်တွေအပေါ်မှာ စွဲလမ်းယုံကြည်တဲ့အယူအဆကိုလည်းပဲ ပယ်သတ်အပ်ပါပေ၏။

မိုးကြိုးတွေပစ်တယ်၊ လောင်မီးတွေကျတယ်၊ ငလျင်တွေလှုပ်တယ်၊ တော်လည်းတယ်။ အဲဒီလို ဖြစ်ရပ်တွေ ဖြစ်လာတဲ့အခါမှာ အဲဒီဖြစ်ရပ်ဖြစ်တဲ့ တိုင်းပြည်အတွက် ကပ်ဆိုက်တော့မှာပဲ စသည်အားဖြင့် အတိတ်နိမိတ်တွေကို စွဲလမ်းယုံကြည်တဲ့ အယူအဆကို ပယ်ရမယ်။

ယဿ သုပိနာ သမူဟတာ - အိပ်မက်အပေါ်မှာ စွဲလမ်းယုံကြည်တဲ့ အယူအဆကိုလည်းပဲ ပယ်သတ်အပ်ပါပေ၏။

အိပ်မက်အပေါ်မှာ စွဲလမ်းယုံကြည်တဲ့ အယူအဆကိုလည်းပဲ ပယ်သတ်ရမယ်။ ဘယ်အချိန်မှာမက်တဲ့အိပ်မက်ဟာ ကောင်းကျိုးဖြစ်စေနိုင်တယ်၊ ဘယ်အချိန်မှာမက်တဲ့အိပ်မက်က ဆိုးကျိုးဖြစ်စေနိုင်တယ်၊ ဘယ်လိုအနေအထားမျိုးနဲ့ မက်တဲ့အိပ်မက်က ဘယ်လိုကောင်း

http://www.dhammadownload.com

ကျိုး၊ ဘယ်လိုဆိုးပြစ် ဖြစ်စေနိုင်တယ်။

ပက်လက်အိပ်ရင်းမက်တဲ့အိပ်မက်က အကျိုးအပြစ်ဘယ်လို၊ စောင်းလျက်အနေအထားနဲ့မက်တဲ့ အိပ်မက်က အကျိုးအပြစ် ဘယ်လို၊ ဘယ်လိုအကြောင်းအရာမျိုးကို မက်ရင် ကောင်းကျိုးဖြစ်တယ်၊ ဘယ်လိုအကြောင်းအရာမျိုးကို မက်ရင် ဆိုးပြစ်တွေဖြစ်တယ် စသည်အားဖြင့် အိပ်မက်အပေါ်မှာ ယုံကြည်စွဲလမ်းတဲ့ အယူအဆကို ပယ်ရမယ်။

ယသ လက္ခဏာ သမူဟတာ - ဗေဒင်လက္ခဏာနဲ့တကွ ပစ္စည်းဝတ္ထုတွေရဲ့ အမှတ်လက္ခဏာပေါ်မှာ စွဲလမ်းယုံကြည်တဲ့ အယူအဆကိုလည်း ပယ်သတ်အပ်ပါပေ၏။

ဗေဒင်လက္ခဏာ၊ ဓာတ်ရိုက်ဓာတ်ဆင်၊ ယတြာတွေကို ယုံကြည်တဲ့ အယူအဆကိုလည်းပဲ ပယ်ရမယ်။

ပစ္စည်းဝတ္ထုတွေရဲ့ အမှတ်အသား၊ အသွင်အပြင်၊ လက္ခဏာကို ကြည့်ပြီးတော့ ကောင်းကျိုးဆိုးပြစ် ဆုံးဖြတ်တဲ့ အယူအဆလည်း ပယ်ရမယ်။ ဘယ်လို အဝတ်အစားမျိုး ဝတ်ရင်၊ ဘယ်လို အသွင်သဏ္ဌာန်၊ ဘယ်လို အရောင်အဆင်းရှိတဲ့ အဝတ်ကိုဝတ်ရင် ဘယ်လို ကောင်းကျိုးဆိုးပြစ် ဖြစ်နိုင်တယ် အစရှိတဲ့ အယူအဆမျိုး။

တချို့က ပြောကြတယ်၊ စာမေးပွဲ သွားဖြေရင် စာမေးပွဲခန်းထဲကို အင်္ကျီ လုံချည် အပြာရောင် ဝတ်မသွားနဲ့၊ 'အပြာ'ရောင် အဝတ်အစားဝတ်သွားရင် စာမေးပွဲခန်းထဲမှာ 'ပြာ'နေတတ်တယ်။ ပြာပြီး အမှားတွေ ဖြေပြီးတော့ တော်ကြာ စာမေးပွဲကျတတ်တယ်။ အဲဒီလို ယူဆတဲ့ပုဂ္ဂိုလ်ကလည်း ရှိတယ်။

http://www.dhammadownload.com

တချို့ဆေးရုံတွေမှာ အလုပ်များတာ မကြိုက်တဲ့ သူနာပြု ဆရာမတွေက တာဝန်ကျ ဆရာဝန်မတွေကို အင်္ကျီ၊ လုံချည် အဝတ် အစား ဝတ်တာနဲ့ ပတ်သက်ပြီး ဒီလို ပြောသတဲ့။ 'အနီရောင် မဝတ် ပါနဲ့၊ သွေးထွက်သံယို လူနာတွေ များတတ်လို့' တဲ့။ 'အပြာရောင် မဝတ်ပါနဲ့၊ ပြာနေအောင် အလုပ်များလွန်းလို့' တဲ့။ 'ခရမ်းရောင် မဝတ်ပါနဲ့၊ ရမ်းတတ်လွန်းလို့' တဲ့။

မိတ်ဆွေအချင်းချင်း၊ ချစ်သူအချင်းချင်း လက်ဆောင်ပေးလို့ ရှိရင် အစိမ်းရောင် မပေးနဲ့၊ အစိမ်းရောင် ပေးလို့ရှိရင် စိမ်းကားသွား တတ်တယ်၊ မုန်းသွားတတ်တယ်၊ လမ်းခွဲရတတ်တယ်။

ကိုယ့်ရဲ့ ချစ်ဦးသူကို ပန်းအနီရောင် လက်ဆောင် မပေးနဲ့၊ ပန်းအနီရောင်ပေးရင် ချစ်ဦးသူနဲ့ လမ်းခွဲရတတ်တယ်၊ 'ပန်းနီနီ ပေးနဲ့ ကွယ် ပန်ချင်ဘူး' လို့တောင် သီချင်း ရှိပါသေးတယ်။ ချစ်သူချင်း လက်ကိုင်ပဝါ လက်ဆောင်မပေးနဲ့၊ လက်ကိုင်ပဝါပေးရင် ငိုရတတ် တယ်၊ မျက်ရည်ကျရတတ်တယ်၊ အသည်းကွဲရတတ်တယ်။

အဲဒီလို ပစ္စည်းဝတ္ထုတွေရဲ့ ပုံသဏ္ဍာန်၊ အရောင်အဆင်းစတဲ့ အသွင်အပြင်လက္ခဏာပေါ်မှာ ကောင်းကျိုးဆိုးပြစ် စွဲလမ်းယုံကြည် တဲ့ အယူအမှားကိုလည်း ပယ်သတ်ရမယ်။

အဲဒီလို လောကီမင်္ဂလာကို ယုံကြည်ခြင်းဆိုတဲ့ အပြစ်ကို ပယ်စွန့်ပြီးတဲ့ ပုဂ္ဂိုလ်မှသာ လောကမှာ ကောင်းစွာကျင့်သုံးရာ ရောက် ပါတယ်။ ကောင်းသောအကျင့်၊ မှန်သောအကျင့်ကို ကျင့်သုံးရာ ရောက်ပါတယ်။

လောကီမင်္ဂလာကို ယုံကြည်စွဲလမ်းပြီး လိုက်နာကျင့်သုံးနေ

http://www.dhammadownload.com

သမ္မ အကျင့်ကောင်းကျင့်တဲ့သူ၊ အကျင့်မှန်ကျင့်တဲ့သူ မဖြစ်သေးပါဘူး။ အကျင့်မကောင်းတဲ့သူ၊ အကျင့်မှားတဲ့သူပဲ ဖြစ်နေပါတယ်။

ယဿ မင်္ဂလာ သမူဟတာ၊
ဥပ္ပါတာ သုပိနာ စ လက္ခဏာ စ။
သော မင်္ဂလဒေါသဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

'လောကီမင်္ဂလာ အစွဲအလမ်းတွေကိုလည်း ပယ်ဖျောက်ရမယ်။ အတိတ်နိမိတ် အစွဲအလမ်းတွေ၊ အိပ်မက် အစွဲအလမ်းတွေ၊ ဗေဒင်လက္ခဏာနဲ့တကွ ပစ္စည်းဝတ္ထုတွေရဲ့ အသွင်အပြင် , အမှတ်အသားတွေရဲ့အပေါ်မှာ အဓိပ္ပာယ်ကောက်တဲ့ အစွဲအလမ်းတွေကိုလည်း ပယ်ဖျောက်ရမယ်။ လောကီမင်္ဂလာ ယုံကြည်မှုဆိုတဲ့ အပြစ်ကို ပယ်ဖျောက်နိုင်တဲ့သူမှသာ လောကမှာ ကောင်းစွာကျင့်တဲ့သူ ဖြစ်ပါတယ်'

ဒီဂါထာ၊ ဒီအဆုံးအမဟာ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သမ္မာပရိဗ္ဗာဇနီယသုတ္တန်မှာ တိုက်ရိုက်ဟောကြားထားတဲ့ အဆုံးအမ ဖြစ်ပါတယ်။

အဲဒီဂါထာထဲမှာ 'မင်္ဂလဒေါသ' ဆိုတဲ့ စကားလုံးလေးက စိတ်ဝင်စားစရာ၊ အထူးသတိပြုစရာ ကောင်းပါတယ်။ လောကီမင်္ဂလာကို ယုံကြည်စွဲလမ်းခြင်းဟာ ဒေါသ - အပြစ်တဲ့၊ လောကီမင်္ဂလာကို ယုံကြည်စွဲလမ်းနေတဲ့သူဟာ အပြစ်သင့်နေတဲ့သူ၊ အပြစ်ရှိနေတဲ့သူပါပဲ။ လောကီမင်္ဂလာကို မယုံကြည် မစွဲလမ်းတဲ့သူမှသာ အပြစ်ကင်းတဲ့သူ၊ အပြစ်သန့်စင်တဲ့သူ ဖြစ်ပါတယ်။

http://www.dhammadownload.com

## လောကီမင်္ဂလာယုံကြည်တဲ့သူဟာမစင်လိုလူပါပဲ

မြတ်စွာဘုရားရှင်က စဏ္ဍာလသုတ္တန်လို့ခေါ်တဲ့ သုတ္တန်တစ်ခုမှာ အဲဒီလို လောကီမင်္ဂလာတွေကို ယုံတဲ့ပုဂ္ဂိုလ်ဟာ ဒွန်းစဏ္ဍားနဲ့တူတဲ့ ဥပါသကာ၊ မစင်အညစ်အကြေးနဲ့တူတဲ့ ဥပါသကာ၊ အညံ့စား ဥပါသကာလို့ ဟောကြားတော်မူထားပါတယ်။

လောကီမင်္ဂလာတွေကို မယုံကြည်ဘဲ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်မှ ဥပါသကာရတနာ၊ ဥပါသကာပဒုမ္မာကြာ၊ ဥပါသကာ ပုဏ္ဍရိက်ကြာလို ဟောကြားတော်မူထားပါတယ်။

အဲဒီ စဏ္ဍာလသုတ္တန်မှာ လာတဲ့ပုဂ္ဂိုလ်တွေကို အကျဉ်းချုံးပြီးတော့ ပြောရရင်တော့ လောကမှာ လူနှစ်မျိုး ရှိပါတယ်။ မစင်လိုလူနဲ့ ကြာလိုလူဆိုပြီးတော့ လူနှစ်မျိုး ရှိပါတယ်။

မစင်လိုလူမှာလည်း အရည်အသွေးငါးမျိုး၊ ဂုဏ်ငါးမျိုး ရှိပါတယ်။

http://www.dhammadownload.com

၁။ သဒ္ဓါတရားမရှိဘူး။

၂။ သီလမရှိဘူး။

၃။ လောကီမင်္ဂလာကို စွဲလမ်းယုံကြည်တယ်။

၄။ ကံကို မယုံကြည်ဘူး။

၅။ ဗုဒ္ဓသာသနာရဲ့ ပြင်ပမှာ အလှူခံပုဂ္ဂိုလ်ရှာပြီးတော့ အဲဒီ သာသနာပ အလှူခံပုဂ္ဂိုလ်တွေမှာပဲ လှူဒါန်းမှုပြုတယ်။

အဲဒီလို အင်္ဂါငါးချက်ပြည့်စုံတဲ့သူဟာ မစင်လိုလူပါပဲ။

ကြာလိုလူမှာလည်း အရည်အသွေးငါးမျိုး၊ ဂုဏ်ငါးမျိုး ရှိပါတယ်။

၁။ သဒ္ဓါတရားရှိတယ်။

၂။ သီလရှိတယ်။

၃။ လောကီမင်္ဂလာကို မယုံကြည်ဘူး။

၄။ ကံကိုယုံကြည်တယ်။

၅။ ဗုဒ္ဓသာသနာအတွင်းမှာပဲ အလှူခံပုဂ္ဂိုလ် ရှာပြီးတော့ သာသနာတွင်း အလှူခံပုဂ္ဂိုလ်တွေမှာပဲ လှူဒါန်းခြင်းစတဲ့ ကောင်းမှုကိုပြုတယ်။

အဲဒီလို အရည်အသွေးငါးမျိုးနဲ့ပြည့်စုံတဲ့ သူကတော့ ကြာလိုလူပါပဲ။

ကိုယ့်ကိုယ်ကိုယ် မစင်လိုလူလား၊ ကြာလိုလူလား သိချင်ရင် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူထားတဲ့ အရည်အသွေးငါးမျိုး၊ ဂုဏ်ငါးမျိုးနဲ့ ကိုယ်ကိုယ်တိုင် တိုက်ဆိုင်စစ်ဆေးကြည့်ရှုပါပဲ။

http://www.dhammadownload.com

## ကြာလှူရင်ကြာတတ်တယ်တဲ့လား

ကြာလှူရင် ကြာတတ်တယ်လို့ ယူဆတဲ့ပုဂ္ဂိုလ်အတွက် ကြာလှူခြင်းကြောင့် မကြာနိုင်ဘူးဆိုတဲ့ သက်သေအထောက်အထားတွေက ပိဋကတ်တော်မှာမရေမတွက်နိုင်အောင် မြောက်မြားစွာရှိပါတယ်။ အဲဒီလို မြောက်မြားစွာရှိတဲ့အထဲမှာ နမူနာတစ်ခုကိုပဲ ဦးဇင်းတို့ ပြောပါမယ်။ အင်မတန်ထင်ရှားတဲ့ သာဓကပါပဲ။

လွန်ခဲ့တဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလတုန်းက ရမ္မာဝတီပြည်မှာ ဒီပင်္ကရာမြတ်စွာဘုရား ကြွလာမယ်ဆိုတော့ ရမ္မာဝတီ ပြည်သူပြည်သားတွေ ဒီပင်္ကရာမြတ်စွာဘုရား ကြွရာလမ်းတစ်လျှောက်မှာ လမ်းပြင်ပြီးတော့ နေကြတယ်။ ဆိုးတဲ့လမ်းတွေ၊ ရွံ့ဗွက်ထူတဲ့လမ်းတွေကို ပြင်ပြီးတော့ နေကြတယ်။

အဲဒီအချိန်မှာ ဘုရားလောင်း သုမေဓာရှင်ရသေ့ ကောင်းကင်ခရီးကနေ ကြွလာတော့ ရမ္မာဝတီပြည်သူ ပြည်သားတွေ လမ်းပြင်

http://www.dhammadownload.com

နေတာမြင်တဲ့အတွက် ကောင်းကင်ကနေ ဆင်းသက်လာခဲ့တယ်။

ဆင်းသက်လာပြီးတော့ အကြောင်းစုံ မေးမြန်းကြည့်တော့ ဒီပင်္ကရာမြတ်စွာဘုရား ကြွလာမယ့် လမ်းအတွက် လမ်းပြင်နေကြတယ်ဆိုတာသိတော့ သူလည်းပဲ လမ်းပြင်ဖို့ နေရာ တစ်ခု တောင်းတယ်။

လူတွေကလည်းပဲ ရသေ့ဟာ တန်ခိုးအဘိညာဉ်ရှိတဲ့ပုဂ္ဂိုလ်ပဲ၊ တန်ခိုးနဲ့ပြင်လိုက်လို့ရှိရင် အမြန်ပြီးမှာပဲ ဆိုပြီးတော့ အဆိုးဆုံး၊ ရွှံ့ဗွက်အထူဆုံးနေရာတစ်ခုကို ပေးလိုက်တယ်။

သုမေဓာ ရှင်ရသေ့ကလည်း တန်ခိုးနဲ့ ပြင်လိုက်မယ်ဆိုရင် တစ်ခဏချင်းအတွင်းမှာပဲ ပြေပြစ်ညီညာတဲ့၊ အင်မတန် ကောင်းမွန်မြင့်မြတ်တဲ့ နေရာကောင်းလေးတစ်ခု ဖြစ်သွားနိုင်တယ်။

ဒါပေမဲ့ တန်ခိုးကို သုံးပြီး ပြင်လိုက်မယ်ဆိုရင် ကိုယ်ပြင်ထားတဲ့လမ်းကို ကြည့်ပြီးတော့ အင်အားကြီးမားတဲ့ပီတိတွေ ဖြစ်ခွင့်ရမှာမဟုတ်ဘူး။ ပီတိတွေ ကြီးမားလာမှာမဟုတ်ဘူး။ ဒီတော့ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ဦးဆောင်မှုကို ပြုမယ်၊ ကိုယ်အားစိုက်ထုတ်ပြီးတော့ပဲ ကိုယ့်လက်ကိုယ့်ခြေနဲ့ ပြုပြင်မယ်ဆိုပြီးတော့ တန်ခိုး လုံးဝမသုံးဘဲ ကိုယ်တိုင်ကိုယ်ကျ သာမန်လူတစ်ယောက်ကဲ့သို့ပဲ လုပ်အားပေးပြီးတော့ လမ်းကို ပြုပြင်ပါတယ်။

သုမေဓာရှင်ရသေ့ ပြုပြင်ရမယ့်လမ်း ပြင်လို့ မပြီးသေးခင် ဒီပင်္ကရာမြတ်စွာဘုရား ကြွလာတယ်။ ကြွလာတော့ သုမေဓာ ရှင်ရသေ့က မိမိရဲ့ခန္ဓာကိုယ်ကို တံတားခင်းပြီးတော့ လျှုပါတယ်။

အဲဒီ ပရိသတ်ထဲမှာ သုမိတ္တာလို့ ခေါ်တဲ့ ပုဏ္ဏားမပျိုလေး

http://www.dhammadownload.com

လည်းပါလာတယ်။ အဲဒီ သုမိတ္တာအမျိုးသမီးလေးကလည်းပဲ သုမေဓာ ရှင်ရသေ့ကို မြင်မြင်ချင်းပဲ မေတ္တာသက်ဝင်ပြီးတော့ မိမိလက်ထဲမှာပါလာတဲ့ ကြာရှစ်လက်ထဲက ငါးလက်ကို သုမေဓာရှင်ရသေ့ကို လှူဒါန်းလိုက်တယ်။ မိမိကတော့ သုံးလက်ယူထားတယ်။

ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာတဲ့အခါမှာ သုမေဓာ ရှင်ရသေ့ကလည်းပဲ ကြာငါးလက်ကို ဒီပင်္ကရာ မြတ်စွာဘုရားအား လှူဒါန်းလိုက်တယ်။ သုမိတ္တာ အမျိုးသမီးကလည်းပဲ သူ့လက်ထဲမှာ ရှိတဲ့ ကြာသုံးလက်ကို ဒီပင်္ကရာမြတ်စွာဘုရားအား လှူလိုက်ပါတယ်။

ဒီပင်္ကရာမြတ်စွာဘုရားကို 'ကြာ'လှူလိုက်တဲ့ သုမေဓာ ရှင်ရသေ့နဲ့ သုမိတ္တာအမျိုးသမီးတို့ သံသရာမှာ 'ကြာ'ခဲ့ကြသလားဆိုရင် သုမေဓာ ရှင်ရသေ့က ဂေါတမမြတ်စွာဘုရားအဖြစ် လောကမှာ ပွင့်ထွန်းလာခဲ့ပါတယ်။ အခုအခါမှာ ခန္ဓပရိနိဗ္ဗာန် စံဝင်ပြီး သံသရာဝဋ်ဆင်းရဲက အပြီးတိုင် လွတ်မြောက်သွားခဲ့ပါပြီ။

သုမိတ္တာအမျိုးသမီးကလည်း ကြီးကျယ်တဲ့ အဘိညာဉ်ရရှိတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဧတဒဂ်ရတဲ့ ရဟန္တာ ထေရီမကြီးအဖြစ်နဲ့ ကျွတ်တမ်းဝင်ပြီးတော့ သံသရာ ဝဋ်ဆင်းရဲကနေ အပြီးတိုင် လွတ်မြောက်သွားခဲ့ပါပြီ။

အဲဒီတော့ ခုနက ကြာလှူရင်ကြာတတ်တယ်ဆိုတဲ့ အယူအဆရှိတဲ့ ပုဂ္ဂိုလ်နဲ့တကွ ဦးဇင်းတို့အပါအဝင် တရားနာပရိသတ်များက ကြာလှူရင်ကြာတတ်တယ်ဆိုတဲ့ အယူအဆကြောင့် ကြာမလှူခဲ့ဘူးပဲ ထားပါတော့၊ အခု သုမေဓာ ရှင်ရသေ့နဲ့ သုမိတ္တာတို့ ကြာလှူကြတယ်။

http://www.dhammadownload.com

ကြာလှူခဲ့တဲ့ သုမေဓာနဲ့ သုမိတ္တာတို့က သံသရာဝဋ်ဆင်းရဲက အပြီးတိုင် လွတ်မြောက်သွားခဲ့ပါပြီ။ ကြာမှာစိုးလို့ ကြာမလှူခဲ့ကြတဲ့ ဦးဇင်းတို့တစ်တွေ သံသရာထဲမှာ ဒီနေ့ထိ ရှိနေဆဲပါပါ။ ကြာမလှူပေမယ့် ကြာနေတာပဲ မဟုတ်လား။

ဒါကို ထောက်ရှုကြည့်လိုက်ရင် ကြာလှူခြင်းကြောင့် သံသရာမှာ မကြာပါဘူး၊ ပစ္စုပ္ပန်လုပ်ငန်းကိစ္စတွေမှာလည်း ကြန့်ကြာမှု မဖြစ်တတ်ပါဘူးဆိုတာကို သဘောပေါက်လောက်ပါပြီ။

ဘုရားတစ်ဆူဆူ၊ ပစ္စေကဗုဒ္ဓါတစ်ဆူဆူ၊ ရဟန္တာတစ်ဆူဆူကို ကြာပန်းလှူဒါန်းခဲ့ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် လှူဒါန်းပြီးတဲ့အချိန်ကစပြီး အပါယ်လေးပါးက လွတ်မြောက်၊ လူ့စည်းစိမ် , နတ်စည်းစိမ်တွေကို ခံစားပြီး ရဟန္တာအဖြစ်နဲ့ သံသရာဝဋ်ဆင်းရဲကနေ အပြီးတိုင် လွတ်မြောက်သွားကြတဲ့ ရဟန္တာမထေရ်တွေ၊ ရဟန္တာထေရီမတွေ မရေမတွက်နိုင်အောင် အများကြီး ရှိပါတယ်။

သူတို့အားလုံး ကြာလှူကြပေမယ့် သံသရာမှာ မကြာကြတော့ပါဘူး။ သံသရာက လွတ်မြောက်သွားပါပြီ။ ကြာမှာကြောက်လို့ ကြာမလှူခဲ့တဲ့သူတွေ အခုချိန်အထိ သံသရာမှာ ကြာနေတုန်းပါပဲ။

ဒီပန်းနဲ့ ပတ်သက်သူတိုင်းကို ကြန့်ကြာစေတတ်လို့၊ ကြာမြင့်စေတတ်လို့ ဒီပန်းကို 'ကြာ' လို့ နာမည်ပေးထားတာ မဟုတ်ပါဘူး။ ကြာတတ်တဲ့ပန်းမို့လို့ ကြာပန်းလို့ ခေါ်တာမဟုတ်ပါဘူး။ အမည်နာမတစ်ခု၊ ခေါ်ဝေါ်သတ်မှတ်ချက်တစ်ခုအနေနဲ့ ပညတ်ထားရုံသက်သက်ပါပဲ။ နာမည်ဟာ နာမည်ပါ။ ပညတ်ဟာ ပညတ်ပါ။ ဝေါဟာရရဲ့ မူရင်းဇာစ်မြစ်တစ်ခုခုတော့ ရှိမှာပေါ့။ 'ကြာခြင်း' တော့ မဟုတ်ပါဘူး။

http://www.dhammadownload.com

## ကြာဆိုတာမကြာခြင်းရဲ့သင်္ကေတ
## အကျိုးပေးမြန်ခြင်းရဲ့သင်္ကေတပါ

ကြာလှူတိုင်း သံသရာမှာ မကြာဘူး၊ ကြာနဲ့ ပတ်သက်တိုင်း သံသရာမှာ မကြာဘူးဆိုတာကို မြတ်စွာဘုရားရှင်ရဲ့ အလောင်းတော် သုမေဓာရသေ့ဘဝက ကြာပန်းလှူခဲ့တာနဲ့ ဥပမာပေးပြီး ပြောခဲ့ပြီးပါပြီ။ ကြာလှူတိုင်း သံသရာမှာ မကြာပါဘူး။ ကြာနဲ့ ပတ်သက်တိုင်း သံသရာမှာ မကြာပါဘူး။

ကြာလှူရင်၊ ကြာနဲ့ပတ်သက်ရင် ပစ္စုပ္ပန်လုပ်ငန်းကိစ္စတွေမှာ ကြန့်ကြာတတ်တယ်ဆိုတာလည်း မဟုတ်ပါဘူး။ ကြာလှူမိလို့ ကြာနဲ့ ပတ်သက်မိလို့ ပစ္စုပ္ပန် အကျိုးပေး မြန်ဆန်သွားတဲ့ သာဓကတွေ အများကြီး ရှိပါတယ်။

ကြာပန်း လှူတယ်ဆိုတာ ကုသိုလ်ပါ။ ကုသိုလ်ကိစ္စတွေမှာ ကြာပန်း အသုံးပြုတယ်ဆိုတာလည်း ကုသိုလ်ပါ။ ကုသိုလ်ဟာ ကောင်းကျိုးကိုပဲ ပေးပါတယ်။ ကုသိုလ်စေတနာအား ကောင်းရင်ကောင်းသ

http://www.dhammadownload.com

လောက် ပစ္စုပ္ပန်ဘဝမှာကိုပဲ အကျိုးပေးမြန်ပါတယ်။ ကြာပန်းလှူတဲ့ ကုသိုလ်က ကြာပန်းအလှူရှင်ကို အကျိုးပေးမကြာအောင် ကူညီစောင့် ရှောက်နိုင်ပါတယ်။ စေတနာအရှိန်၊ စေတနာအား ပြင်းပြထက်သန် ဖို့သာ အဓိကပါ။

ကဿပဘုရားရှင်လက်ထက်တုန်းက ကုဋေရှစ်ဆယ် ကြွယ် ဝတဲ့ သူဌေးသမီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ အချိန်တန် အရွယ်ရောက်တဲ့ အခါ မိဘတွေက အမျိုးတူ၊ စည်းစိမ်တူ သူဌေးသားတစ်ဦးနဲ့ မိဘ ဝတ္တရားအတိုင်း ထိမ်းမြားလက်ထပ်ပေးလိုက်ပါတယ်။

'သျှောင်နောက် ဆံထုံးပါ' ဆိုတဲ့အတိုင်း သူဌေးသမီးက သူ ဌေးသားအိမ်ကို လိုက်သွားရတာဆိုတော့ သူဌေးသား အိမ်တံခါးဝက တံခါးခုံမှာ သူဌေးသမီး ခြေစုံရပ်မိတယ်ဆိုရင်ပဲ သူဌေးသမီးရဲ့ ခန္ဓာ ကိုယ်က မစင်အပုပ်နံ့တွေ တထောင်းထောင်းထွက်လာပါတယ်။ အဖုံး ပိတ်ထားတဲ့ မစင်အိုးကို အဖုံးဖွင့်လိုက်သလို အနံ့ဆိုး အနံ့ပုပ်ကြီးတွေ မခံမရပ်နိုင်လောက်အောင် လှိုင်ထွက်လာပါတယ်။

ခန္ဓာကိုယ်က အပုပ်နံ့ ထွက်နေတဲ့ သူဌေးသမီးကို သူဌေး သားက အိမ်ထဲ လုံးဝ အဝင်မခံတော့ဘဲ သူဌေးသမီးရဲ့ မိဘတွေထံ ပြန်အပ်နှံလိုက်ပါတယ်။ နောက်သူဌေးသားတစ်ယောက်နဲ့ ယူလည်း ဒီအတိုင်းပဲ အပုပ်နံ့ထွက်လို့ မိဘထံ ပြန်အပ်ခံရ၊ နောက်တစ်ယောက် . . . နောက်တစ်ယောက် . . . . နောက်ထပ်ခြောက်ယောက်လုံးနဲ့ လည်း ဒီအတိုင်းပဲ ထပ်တူဖြစ်တဲ့အတွက် မင်္ဂလာသာ ဆောင်လိုက်ရ တယ်၊ ဘယ်ယောကျာ်းနဲ့မှ ပေါင်းသင်းခွင့် မရပါဘူး။

ကိုယ့်အိမ်မှာ ကိုယ့်ဘာသာကိုယ် နေရင် အကောင်း၊ ဘာ

http://www.dhammadownload.com

အပုပ်နံ့မှ မထွက်ပါဘူး၊ သတို့သားအိမ်ပေါက်ဝ ရောက်ပြီဆိုတာနဲ့ မစင်နံ့၊ အပုပ်နံ့က လှိုင်ချင်တိုင်း လှိုင်ပြီး ဒုက္ခပေးတော့တာပါပဲ။ အတိတ်ဘဝတစ်ခုက ပြုခဲ့တဲ့ အကုသိုလ်ကံတစ်ခုက သူ့ကို အကျိုးပေးတာပါ။

အတိတ်ဘဝ တစ်ခုတုန်းက တစ်အိမ်တည်း အတူနေတဲ့ ယောက်မ (ခင်ပွန်းသည်ရဲ့ နှမ) ဖြစ်သူနဲ့ စကားများ ရန်ဖြစ်နေတုန်း ပစ္စေကဗုဒ္ဓါတစ်ပါး ဆွမ်းခံကြွလာပါတယ်။ ယောက်မဖြစ်သူက ဆွမ်းလောင်းပြီး 'ဒီကောင်းမှုကြောင့် ဒီလို မိုက်မဲတဲ့ မိန်းမမျိုးနဲ့ ဘယ်တော့မှ မဆုံတွေ့ရပါစေနဲ့၊ ယူဇနာတစ်ရာ အဝေးကနေ ရှောင်ကွင်းနိုင်တဲ့ သူ ဖြစ်ရပါစေ' လို့ သူမကို ရည်ညွှန်းပြီး ဆုတောင်းလိုက်ပါတယ်။

ယောက်မရဲ့ဆုတောင်း မပြည့်စေချင်တဲ့အတွက်'ဒီကောင်မ လှူတဲ့ဆွမ်း ပစ္စေကဗုဒ္ဓါ မဘုဉ်းပေးစေရဘူး' ဆိုပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ လက်ထဲက သပိတ်ကို အတင်းလုယူ၊ ဆွမ်းတွေကို သွန်ပစ်လိုက်ပြီး ရွှံ့ပုပ်တွေ သပိတ်အပြည့် ထည့်ပေးလိုက်ပါတယ်။

နောက်တော့ ယောက်မက 'နင် သိပ်မိုက်တာပဲ၊ ငါ့ကို ဆဲချင်ဆဲ၊ ရိုက်ချင်ရိုက်၊ နှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ထားတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ သပိတ်ထဲက ဆွမ်းတွေ စွန့်သွန်ပြီး ရွှံ့ညွှန်ပုပ်တွေ ထည့်ပေးလိုက်တာကတော့ လုံးဝ မသင့်တော်ပါဘူး၊ လုံးဝ မလုပ်သင့်ပါဘူး' လို့ ပြောတော့မှ သတိသံဝေဂရပြီး သပိတ်ပြန်ယူ ဆေးကြောသန့်စင်ပြီး မွန်မြတ်တဲ့ ဆွမ်းဘောဇဉ် စတုမဓူ ထောပတ်တွေ လောင်းထည့်လှူဒါန်းလိုက်ပါတယ်။

ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ထဲ ရွှံ့ညွှန်ပုပ်တွေ လောင်းထည့်ခဲ့တဲ့

http://www.dhammadownload.com

အကုသိုလ်ကံရဲ့ အကျိုးဆက်ကြောင့် ယောကျ်ားရလို့ ယောကျ်ားအိမ် လိုက်သွားတိုင်း ယောကျ်ားအိမ်ရောက်တာနဲ့ ခန္ဓာကိုယ်က မစင်အပုပ် နံ့တွေ လှိုင်ထွက်ခဲ့ရပါတယ်။

'ယောကျ်ား ခုနစ်ယောက်ရဲ့ အစွန့်ပစ်ခံဖြစ်တဲ့ ငါ့ဘဝ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး၊ ခန္ဓာကိုယ်ကို အလှပြင်ပြီး လက်ဝတ်တန်ဆာ တွေ ဆင်မြန်းနေလည်း အလကားပဲ၊ ဘာမှ အကျိုးမထူးတော့ဘူး'

လို့ နှလုံးသွင်းပြီး သူမရဲ့ လက်ဝတ်တန်ဆာ ရွှေငွေရတနာ တွေကို အကုန် ရောင်းချပစ်လိုက်ပါတယ်။ ရတဲ့ ပိုက်ဆံနဲ့ အလျား တစ်တောင်၊ အနံတစ်ထွာ၊ အထုလက်လေးသစ်ရှိတဲ့ ရွှေအုတ်တစ်ချပ် သွန်းလုပ်ပြီး ကဿပဘုရားရှင်ရဲ့ ဓာတ်တော်ဌာပနာထားတဲ့ စေတီ တော် တည်ဆောက်ရေးလုပ်ငန်းမှာ လှူဒါန်းလိုက်ပါတယ်။

ရွှေအုတ်ကို ကိုယ်ကိုယ်တိုင် ဘုရားပေါ်တက်စီပြီး ရွှေအုတ် ပေါ်မှာ ကြာပန်းရှစ်ပွင့်လည်း တင်လှူပူဇော်လိုက်ပါတယ်။ 'ကြာပန်း လှူဒါန်းရတဲ့ ကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်း ခန္ဓာကိုယ်က စန္ဒကူးနံ့၊ အာခံတွင်းက ကြာညိုနံ့ သင်းပျံ့ပါစေ' လို့လည်း ဆုတောင်း လိုက်ပါတယ်။

သူဌေးသမီး ရွှေအုတ်နဲ့ကြာပန်း လှူဒါန်းပြီးပြီးချင်း တစ်ခဏ တည်း၊ တစ်ချိန်တည်းမှာပဲ ပထမဆုံး လက်ထပ်ခဲ့တဲ့ သူဌေးသားက သူမကို ချက်ချင်း ရုတ်တရက်ကြီး အပြင်းအထန် သတိရသွားပါတယ်။ ကြာပန်းလှူရတဲ့ ကုသိုလ်က သူဌေးသားရဲ့ နှလုံးသားကို ချက်ချင်း အရှိန်ဟပ် ဓာတ်ခိုက်သွားတာပါ။

တပည့်တွေကို စုံစမ်းခိုင်းလို့ အပျိုဘဝနဲ့ပဲ မိဘအိမ်မှာ နေ

http://www.dhammadownload.com

နေတယ်ဆိုတာ သိတာနဲ့ သူဌေးသားက ချက်ချင်း ဒုတိယအကြိမ် တောင်းရမ်းလက်ထပ်ပြီး အိမ်ကို ခေါ်လာပါတယ်။

သူဌေးသားအိမ်ထဲ သူဌေးသမီး ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် တစ်အိမ်လုံး စန္ဒကူးနံ့သာနံ့တွေ၊ ကြာညိုပန်းနံ့တွေ သင်းပျံ့ကြိုင်လှိုင်သွားပါတယ်။ အပုပ်နံ့မထွက်တော့ဘဲ အမွှေးနံ့ထွက်နေတဲ့ သူဌေးသမီးကို သူဌေးသားကလည်း ရာသက်ပန် ရိုးမြေကျ ချစ်ကြင်မြတ်နိုးစွာ ပေါင်းသင်းသွားပါတယ်။

သူဌေးသားဆိုတာတခြားမဟုတ်ပါဘူး။ အရှင်မဟာကဿပမထေရ်(ပိပ္ပလိလုလင်)အလောင်းအလျာပါ။ သူဌေးသမီးဆိုတာလည်း တခြားမဟုတ်ပါဘူး။ ဘဒ္ဒါကာပိလာနီထေရီ (မယ်ဘဒ္ဒါ) အလောင်းအလျာပါ။

မယ်ဘဒ္ဒါအလောင်း သူဌေးသမီး ကြာပန်းလှူရတဲ့ကုသိုလ်ကြောင့် အကျိုးပေး မကြာခဲ့ပါဘူး။ ချက်ချင်းကြီးကို အကျိုးပေးခဲ့တာပါ။ နာရီမဆိုင်း၊ မိနစ်မဆိုင်းကြီးကို အကျိုးပေးခဲ့တာပါ။ အကျိုးပေးမြန်လိုက်တာ မပြောပါနဲ့တော့။ 'မြန်ချက်ကတော့ ကမ်းကုန်ပဲ' လို့တောင် ပြောရမှာပါ။

ကြာလှူရတဲ့ ကုသိုလ်၊ ကြာနဲ့ ဆက်စပ်နေတဲ့ ကုသိုလ်ကြောင့် သံသရာမှာလည်း မကြာသလို ပစ္စုပ္ပန်လုပ်ငန်းကိစ္စတွေမှာလည်း မကြာပါဘူး။ ကြာဆိုတာ ကြာခြင်းရဲ့ သင်္ကေတ မဟုတ်ပါဘူး။ မြန်ခြင်းရဲ့ သင်္ကေတပါ။

ကြာကို ကုသိုလ်ကိစ္စမှာ အသုံးပြုရင် ချမ်းသာသုခတွေ အကျိုးပေး မြန်ပါတယ်။ ကြာကြောင့် ကြာတယ် ဆိုရင်လည်း တခြား

http://www.dhammadownload.com

အကုသိုလ်ကံကြောင့် ပေးရမယ့် ဆင်းရဲဒုက္ခတွေ တော်တော်နဲ့ အကျိုး မပေးနိုင်ဘဲ ကြာနေတာမျိုးပဲ ဖြစ်ပါလိမ့်မယ်။ ဆင်းရဲဒုက္ခတွေ အလာ ကြာတာတော့ ကြာစမ်းပါစေ၊ ကြာချင်သလောက် ကြာစမ်းပါစေ။

ကြာပန်းလှူတာလည်း ကုသိုလ်ပဲ၊ တရားစာအုပ် မျက်နှာဖုံးမှာ ကြာပန်းပုံရေးဆွဲပူဇော်တာလည်း ကုသိုလ်ပဲ၊ ကြာရိုးဟင်းချို ချက်လှူတာလည်း ကုသိုလ်ပဲ၊ ကြာသကၠန်း ရက်လှူတာလည်း ကုသိုလ်ပဲ၊ ကုသိုလ်ရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ကြာပန်း , ကြာဖူး၊ ကြာရိုး, ကြာစွယ်၊ ကြာဥ , ကြာစေ့၊ ကြာချည် , ကြာမျှင် . . . . ကြာထွက် ပစ္စည်းတွေ ဘာပဲသုံးသုံး . . . . အဲဒါတွေလည်း ကုသိုလ်ပါပဲ။

ကြာနဲ့ပတ်သက်တဲ့ ကုသိုလ်၊ ဘာကုသိုလ်ပဲ ပြုပြု ပစ္စုပ္ပန်မှာလည်း အကျိုးပေးမကြာပါဘူး၊ သံသရာမှာလည်း အကျိုးပေး မကြာပါဘူး၊ သံသရာမှာ ကြာနေတာမျိုးလည်း လုံးဝ မဖြစ်နိုင်ပါဘူး။ ပစ္စုပ္ပန်မှာလည်း အကျိုးပေးမြန်၊ သံသရာမှာလည်း အကျိုးပေး မြန်တဲ့အပြင် သံသရာဝဋ်ဆင်းရဲကလည်း အမြန်ဆုံး လွတ်မြောက်နိုင်ပါတယ်။

ကြာဆိုတဲ့ စကားလုံးထဲမှာ မကြာတတ်တဲ့ သတ္တိရှိလို့ မကြာတာ မဟုတ်ပါဘူး။ ကြာလှူတဲ့ ကုသိုလ်ကောင်းမှုမှာ မကြာတတ်တဲ့ သတ္တိရှိလို့ မကြာတာပါ။ ကြာလှူတဲ့ ကုသိုလ်မှာမှ မဟုတ်ပါဘူး၊ ဘယ်ကုသိုလ်မှာမဆို မကြာတတ်တဲ့သတ္တိ ရှိတာပါပဲ။

အကျိုးပေးကြာခြင်း၊ မကြာခြင်းဟာ ကုသိုလ်ပြုစရာ ပစ္စည်းဝတ္ထုမှာ 'ကြာ'ဆိုတဲ့ စကားလုံး ပါခြင်း, မပါခြင်း၊ 'မကြာ'ဆိုတဲ့ စကားလုံး ပါခြင်း, မပါခြင်းနဲ့ လုံးဝ မပတ်သက်ပါဘူး။ ကုသိုလ် စေတနာအား ပြင်းထန်ခြင်း, မပြင်းထန်ခြင်း၊ အတိတ်, ပစ္စုပ္ပန် အကြောင်း

http://www.dhammadownload.com

တရားမျိုးစုံ ညီညွတ်ခြင်း, မညီညွတ်ခြင်းနဲ့ပဲ သက်ဆိုင်ပါတယ်။

ပစ္စည်းဝတ္ထုတွေကို ခေါ်ဝေါ်သတ်မှတ်ထားတဲ့ အမည်နာမ စကားလုံးတွေရဲ့ အသံထွက်အပေါ် အသံထွက်အတိုင်း ဖြစ်လိမ့်မယ်၊ သို့မဟုတ် အသံထွက်ရဲ့ ဆန့်ကျင်ဘက်အတိုင်း ဖြစ်လိမ့်မယ်လို့ မှားယွင်းစွာ ယူဆတဲ့ အယူအဆများကို အကျင့်ကောင်း, အကျင့်မှန်ကျင့်လိုသူတိုင်း လုံးဝ ပယ်စွန့်သင့်ပါတယ်။

ကြာကို ကြာခြင်းရဲ့ သင်္ကေတအဖြစ် ယူချင်လွန်းသပဆိုရင်လည်း ကောင်းတဲ့အဓိပ္ပာယ်ပဲ ယူပေါ့။ ကောင်းကျိုးချမ်းသာတွေ ကိုယ့်ဆီမှာ ကြာကြာတည်မြဲနေခြင်းရဲ့ သင်္ကေတ၊ ဆိုးကျိုးဆင်းရဲတွေ ကိုယ့်ဆီ တော်တော်နဲ့ ရောက်မလာဘဲ အဝေးမှာ ကြန့်ကြာနေခြင်းရဲ့ သင်္ကေတဆိုရင် မကောင်းဘူးလား။

နိဗ္ဗာန်သာ အပြီးအပိုင် ရောက်သွားလို့ကတော့ ချမ်းသာသုခတွေ ကြာသလားမမေးနဲ့၊ ကြာချင်တိုင်း ကြာလိုက်တာ ဘယ်တော့မှ ကို မပျက်စီး၊ မရွေ့လျောတော့ပါဘူး။ အစဉ်ထာဝရ တည်မြဲသွားပါတယ်။ အကြာဆုံးချမ်းသာဟာ နိဗ္ဗာန်ချမ်းသာပါပဲ။ ဘယ်တော့မှ အဆုံးမသတ်တော့အောင်ကို ကြာတာပါ။ ဘယ်လောက်ပဲ ကြာကြာ ဘယ်တော့မှ ငြီးငွေ့ရိုးအီသွားမှာတော့ မဟုတ်ပါဘူး။

'ကြာတတ်တာတွေ၊ မကြာစေဖို့၊ ကြာတွေလှူကာ၊ ဆုတောင်းပါသည်၊ မကြာခင်ပဲ ပြည့်ပါစေ' ဆိုတဲ့ ကဗျာလေးတစ်ပုဒ်တောင် ငယ်ငယ်တုန်းက ကြားဖူးပါတယ်။ ကြာကို သူများပေးလိုက်တဲ့အတွက် ကြာတတ်တဲ့သဘောတွေ သူများဆီ ရောက်သွားတယ်၊ ကိုယ့်ဆီမှာ မရှိတော့ဘူး၊ ကိုယ့်ဆီမှာ မကြာတတ်တဲ့သဘောပဲ ရှိတော့တယ်ဆိုတဲ့

http://www.dhammadownload.com

အစီပွာယ်ပါပဲ။

ဒါပေမဲ့ တကယ်တော့ 'ကြာ' ဆိုတဲ့ စကားလုံးပါတဲ့ ပစ္စည်းဝတ္ထုကို သူများပေးလိုက်မှ ကိုယ့်ဆီမှာ 'မကြာတတ်တဲ့သဘော' ရှိလာတာ မဟုတ်ပါဘူး။ ဘာပစ္စည်းဝတ္ထုပဲ သူများပေးပေး၊ စေတနာ သန့်သန့်နဲ့ ပေးမယ်၊ စေတနာထက်ထက်နဲ့ ပေးမယ်ဆိုရင် ကိုယ့်ဆီမှာ 'မကြာတတ်တဲ့သတ္တိ' တွေ ကိန်းဝပ်လာတာပါပဲ။ စေတနာသန့်ရင် သန့်သလောက်၊ စေတနာထက်ရင် ထက်သလောက် ကောင်းကျိုးချမ်းသာတွေ မကြာခင် အချိန်ပိုင်းအတွင်းမှာ ပြည့်စုံလာတာပါပဲ။

ခုပေး - ခုရ၊ ခုလှူ - ခုချမ်းသာ၊ ချက်ချင်းကြီးတော့ ဖြစ်ချင်မှ ဖြစ်မှာပေါ့။ ဘယ်မျိုးစေ့မဆို ခုစိုက် - ခုပေါက် - ခုပွင့် - ခုသီးတာမှ မဟုတ်ဘဲ။ မျိုးစေ့အမျိုးအစား , အပွင့်အသီးအမျိုးအစားပေါ် မူတည်ပြီး သူ့အတိုင်းအတာ , သူ့အကန့်အသတ်နဲ့သူ အချိန်ကာလ တစ်ခုတော့ စောင့်ဆိုင်းရဦးမှာပေါ့။

အကျိုးပေး ကြာခြင်း၊ မကြာခြင်းဟာ အကြောင်းကံဆိုင်ရာ ပစ္စည်းဝတ္ထုတွေမှာ 'ကြာ' ဆိုတဲ့ စကားလုံး ပါခြင်း၊ မပါခြင်းနဲ့ ဘာမှ မသက်ဆိုင်ပါဘူး။ အကြောင်းကံပြုစဉ်တုန်းက စိတ်မပါ လက်မပါနဲ့ အချိန်ကြာနေခြင်း၊ အချိန်ဆွဲနေခြင်းနဲ့ပဲ သက်ဆိုင်ပါတယ်။

စိတ်စေတနာ အားနည်းစွာနဲ့ ကုသိုလ်ကောင်းမှုကို မလုပ်ချင် လုပ်ချင် လေးလေးတွဲ့တွဲ့ လုပ်ခဲ့တဲ့သူဟာ အကျိုးပေး ကြန့်ကြာပါတယ်။ အကျိုးပေး နှေးကွေးပါတယ်။ စိတ်စေတနာ ထက်ထက်သန်သန်နဲ့ ကုသိုလ်ကောင်းမှုကို အားရပါးရ တက်တက်ကြွကြွ လုပ်ခဲ့တဲ့သူဟာ အကျိုးပေး မကြန့်ကြာပါဘူး။ အကျိုးပေး မြန်ဆန်ပါတယ်။

http://www.dhammadownload.com

## ကြာဆိုတာသစ္စာလေးပါးသိမြင်ခြင်းရဲ့သင်္ကေတပါ

တကယ်ကတော့ ကြာဆိုတာ သံသရာဝဋ်ဆင်းရဲမှာ ကြာခြင်းရဲ့ သင်္ကေတမဟုတ်တဲ့အပြင် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ခြင်းရဲ့ သင်္ကေတသာဖြစ်ပါတယ်။

သံသရာဝဋ်ဆင်းရဲမှာ ကြာနေရခြင်းရဲ့ အကြောင်းက ကြာလှူလို့ မဟုတ်ပါဘူး။ သံသရာဝဋ်ဆင်းရဲမှာ ကြာနေရခြင်းရဲ့ အကြောင်းတရားကတော့ သစ္စာလေးပါးတရားကို မသိမြင်ခြင်းပါပဲ။

သံသရာမှာ ကြာရခြင်းရဲ့အကြောင်းဟာ သစ္စာလေးပါးကို မသိမမြင်ခြင်းပါပဲ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ခေါ်တဲ့ သစ္စာလေးပါးကို ဝိပဿနာဉာဏ်ဖြင့်လည်း မသိ၊ မဂ်ဉာဏ်ဖြင့်လည်း မသိခဲ့ကြလို့ သံသရာမှာ ကြာနေခဲ့ရခြင်း ဖြစ်ပါတယ်။

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် ဆင်းရဲခြင်းအမှန်ဖြစ်လို့

http://www.dhammadownload.com

ဒုက္ခသစ္စာ၊ အာရုံအမျိုးမျိုး၊ ဘဝအမျိုးမျိုးမှာ တပ်မက်တဲ့ တဏှာနဲ့ တကွ ကိလေသာတရားတို့သည် ဆင်းရဲကြောင်းအမှန်ဖြစ်လို့ သမုဒယသစ္စာ၊ နိဗ္ဗာန်သည် ဆင်းရဲချုပ်ရာ အမှန်ဖြစ်လို့ နိရောဓသစ္စာ၊ မဂ္ဂင်ရှစ်ပါးသည် ဆင်းရဲချုပ်ကြောင်း အမှန်ဖြစ်လို့ မဂ္ဂသစ္စာ၊ အဲဒီလို ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂလို့ခေါ်တဲ့ သစ္စာလေးပါးကို ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်နဲ့ မသိမမြင်ခဲ့ကြလို့ သံသရာမှာ ကြာနေရခြင်းဖြစ်ပါတယ်။

တကယ်တော့ ကြာဟာ သစ္စာလေးပါးကို သိမြင်ခြင်းရဲ့ သင်္ကေတဖြစ်ပါတယ်။ သစ္စာလေးပါး သိမြင်တဲ့ပုဂ္ဂိုလ်ဟာ ကြာလိုလူ ဖြစ်ပါတယ်။ ကြာဟာ သစ္စာလေးပါး သိမြင်ခြင်းရဲ့ သင်္ကေတ ဖြစ်တယ်ဆိုတာကို မြတ်စွာဘုရား ဘုရားဖြစ်ပြီးခါစ အဖြစ်အပျက် ကလေးတစ်ခုကို အာရုံပြုပြီးတော့ကြည့်ရင် သိနိုင်ပါတယ်။

မြတ်စွာဘုရား ဘုရားဖြစ်ပြီးတဲ့နောက် သတ္တသတ္တာဟ - လေးဆယ့်ကိုးရက် လွန်မြောက်လို့ ရက်ငါးဆယ်မြောက်နေ့ နံနက်ခင်း အချိန် လင်းလွန်းပင်အောက်မှာ သီတင်းသုံးနေတော်မူရာမှ ထတော်မူပြီးတော့ ဆိတ်ကျောင်း ညောင်ပင်ဆီကို ချဉ်းကပ် ကြွရောက်ပြီး အဲဒီ ဆိတ်ကျောင်းညောင်ပင်ရဲ့ အောက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပါတယ်။

ဆိတ်ငြိမ်ရာချဉ်းကပ်ပြီးတော့ တစ်ပါးတည်း ကိန်းတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်မှာ အကြံအစည်တစ်ခု ဖြစ်ပါတယ်။

'ငါသည် ပါရမီတော်များကို ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ဖြည့်ကျင့်ခဲ့ခြင်းအားဖြင့် သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိမြင်

http://www.dhammadownload.com

ခဲ့ပြီ။ ငါထိုးထွင်းသိမြင်တဲ့ သစ္စာလေးပါးဟာ အင်မတန်မှ သိမ်မွေ့တယ်၊ အင်မတန်မှ နက်နဲတယ်၊ အင်မတန်မှ သိနိုင်ခဲတယ်'

'သတ္တဝါတွေကလည်းပဲ ရာဂ၊ ဒေါသ အစရှိတဲ့ ကိလေသာတွေလွှမ်းမိုးပြီးတော့ ကိလေသာ ထူပြောကြတယ်။ ကိလေသာထူပြောတဲ့ သတ္တဝါတွေကို သစ္စာလေးပါး တရားဟောလို့ မိမိဟောလိုက်တဲ့ သစ္စာလေးပါးတရားကို သူတို့ မသိမမြင်ကြဘူးဆိုရင် တရားဟောခြင်းကြောင့် ငါဘုရားမှာ ပင်ပန်းနွမ်းနယ်ရုံပဲ ရှိမှာပဲ'

အဲဒီလို အကြံအစည်ဖြစ်တော်မူတယ်။ အဲဒီအချိန်မှာ ရှုပပထမစျာန်ဘုံက ဗြဟ္မာကြီး ဆင်းသက်လာပြီးတော့ မြတ်စွာဘုရားရှင်ကို လျှောက်ပါတယ်။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား . . .၊ မြတ်စွာဘုရားရှင်သည် လူနတ်ဗြဟ္မာ သတ္တဝါတို့ကို သစ္စာလေးပါးတရားဟောကြားတော်မူပါ။ ဉာဏ်မျက်စိမှာ ကိလေသာမြူမှုန် နည်းပါးကြတဲ့ သတ္တဝါတွေ မြောက်မြားစွာ ရှိကြပါတယ်'

'အဲဒီသတ္တဝါတွေဟာ မြတ်စွာဘုရားရှင် ဟောကြားတဲ့တရားကို မနာကြားကြရဘူးဆိုရင် သူတို့ရသင့်ရထိုက်တဲ့ မဂ်ဖိုလ်တရားထူးတွေ ဆုံးရှုံးကြကုန်ပါလိမ့်မယ်။ မြတ်စွာဘုရား ဟောကြားမယ့် သစ္စာလေးပါး တရားကို သိမြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေလည်း လောကမှာ ပေါ်ပေါက်လာကြမှာပါဘုရား'လို့ သဟမ္ပတိဗြဟ္မာကြီးက လျှောက်ထားပါတယ်။

အဲဒီလို လျှောက်ထားပြီးတဲ့နောက်မှာ တရားဟောဖို့ အကြောင်းတရားတွေ ညီညွတ်ပြည့်စုံသွားတဲ့အတွက်ကြောင့် မြတ်စွာ

http://www.dhammadownload.com

ဘုရားရှင်က သစ္စာလေးပါးတရား သတ္တဝါဝေနေယျတွေကို ဟော ကြားဖို့ ဆုံးဖြတ်တော်မူပါတယ်။

ဆုံးဖြတ်တော်မူပြီးတဲ့နောက် မိမိဟောကြားတဲ့ သစ္စာလေး ပါးတရားကို သိမြင်ကြမယ့်ပုဂ္ဂိုလ်တွေကို ဗုဒ္ဓစက္ခုနဲ့ လှမ်းပြီးတော့ ကြည့်လိုက်တော့ သစ္စာလေးပါးသိမြင်ကြမယ့် ပုဂ္ဂိုလ်လေးမျိုး သွား တွေ့ပါတယ်။

အဲဒီ ပုဂ္ဂိုလ်လေးမျိုးကိုလည်းပဲ ဥပမာလေးမျိုးနဲ့ နှိုင်းယှဉ်ပြီး တော့ မြတ်စွာဘုရားရဲ့ဉာဏ်တော်မှာ ထင်လာခဲ့တယ်။ ကြာလေးမျိုး ဥပမာနဲ့ ဉာဏ်တော်မှာ ထင်လာခဲ့တယ်။

(၁) ပထမကြာက ရေမျက်နှာပြင်ရဲ့အထက်မှာ စွင့်စွင့်တက် ပြီးတော့ ဒီနေ့ပဲ ပွင့်တော့မယ့်ကြာ။

(၂) ဒုတိယကြာက ရေမျက်နှာပြင်နဲ့အညီ တည်နေပြီးတော့ မနက်ဖြန်မှာ ပွင့်မယ့်ကြာ။

(၃) တတိယကြာက ရေမျက်နှာပြင်အောက်မှာ ဖွံ့ဖြိုးကြီးပွား ပြီးတော့ သန်ဘက်ခါမှာ ပွင့်မယ့်ကြာ။

(၄) စတုတ္ထကြာက ရေမျက်နှာပြင်အပေါ်ကို တက်လည်း တက်မလာတော့ဘူး၊ ပွင့်လည်း ပွင့်မလာတော့ဘူး၊ ရေမျက်နှာပြင် အောက်မှာပဲ ငါး၊ လိပ်တွေရဲ့ အစာဖြစ်ပြီးတော့ ပျက်စီးသွားရမယ့် အပြစ်အနာအဆာမကင်းတဲ့ကြာ။

အဲဒီလို ကြာလေးမျိုး မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်မှာ ထင်လာခဲ့ပါတယ်။

ရေမျက်နှာပြင်ရဲ့ အထက်မှာ စွင့်စွင့်တက်ပြီး ဒီနေ့ပဲ ပွင့်

http://www.dhammadownload.com

တော့မယ့်ကြာနဲ့တူတဲ့ ပုဂ္ဂိုလ်တွေကတော့ အကျဉ်းဟောလိုက်လို့ရှိရင် သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်ကြမယ့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။

ရေမျက်နှာပြင်နဲ့အညီ တည်နေပြီးတော့ မနက်ဖြန်မှာ ပွင့်မယ့်ကြာနဲ့တူတဲ့ ပုဂ္ဂိုလ်တွေကတော့ အကျယ်ဟောလို့ရှိရင် သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်ကြမယ့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။

ရေမျက်နှာပြင်အောက်မှာ ဖွံ့ဖြိုးကြီးပွားပြီးတော့ သန်ဘက်ခါမှာ ပွင့်မယ့်ကြာနဲ့တူတဲ့ ပုဂ္ဂိုလ်တွေကတော့ အကျဉ်းအကျယ် ဟောရုံနဲ့ မဂ်၊ ဖိုလ် တရားထူး မရသေးဘဲ သူတော်ကောင်းပုဂ္ဂိုလ်တွေဆီ ချဉ်းကပ်လိုက်၊ သူတော်ကောင်းတရားတွေ ကြားနာလိုက်၊ ဝိပဿနာတရားတွေ အားထုတ်လိုက်၊ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ကြိုးစားအားထုတ် ပွားများကျင့်ကြံပြီးတော့မှ မဂ်ဖိုလ်တရားထူးကို ရမယ့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

ရေမျက်နှာပြင်ရဲ့ အောက်မှာ ရေမျက်နှာပြင် အပေါ်လည်း မတက်၊ ပွင့်လည်း မပွင့်တော့ဘဲနဲ့ ရေမျက်နှာပြင်အောက်မှာပဲ ငါး၊ လိပ်တွေရဲ့ အစာဖြစ်သွားမယ့် ကြာနဲ့တူတဲ့ပုဂ္ဂိုလ်တွေကတော့ တရားတွေ ဘယ်လောက်ပဲနာနာ၊ တရားတွေဘယ်လောက်ပဲ အားထုတ်အားထုတ် ဒီဘဝမှာ မဂ်ဖိုလ်တရားထူးမရတော့ဘဲနဲ့ . . . .

ဒီဘဝမှာ တရားနာထား၊ တရားအားထုတ်ထားတဲ့ ကောင်းမှုများက အထုံဝါသနာ ပါရမီမျိုးစေ့အဖြစ် မိမိရဲ့သန္တာန်မှာ လိုက်ပါသွားပြီးတော့ နောင်တစ်ချိန်ကျမှ၊ တစ်ဆူဆူသော ဘုရားရှင် လက်ထက်မှာဖြစ်ဖြစ်၊ သာသနာပမှာ ပစ္စေကဗုဒ္ဓအဖြစ်နဲ့ပဲဖြစ်ဖြစ်၊ အဲဒီလို နောင်တစ်ချိန်ကျမှ သစ္စာလေးပါးတရားကို သိမြင်ကြမယ့် ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

ဖြစ်ပါတယ်။

အဲဒီလိုအားဖြင့် သစ္စာလေးပါးတရားကို သိမြင်ကြမယ့်ပုဂ္ဂိုလ်လေးမျိုး မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်မှာ ထင်လာခဲ့ပါတယ်။

ဒီ ဥပမာလေးကို ကြည့်လိုက်မယ်ဆိုရင် ကြာဟာ သစ္စာလေးပါးကို သိမြင်ခြင်းရဲ့ သင်္ကေတဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ ကြာလိုလူဆိုတာ သစ္စာလေးပါးကို သိမြင်တဲ့ ပုဂ္ဂိုလ်ပါပဲ။ သစ္စာလေးပါးကို သိမြင်ပြီဆိုရင်တော့ သံသရာမှာ မကြာတော့ပါဘူး။ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်ရပါတော့မယ်။

ကြာမှာ ရွှံ့နွံအညစ်အကြေးတွေ ကင်းစင်နေသလို သစ္စာလေးပါးကို သိမြင်နေတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မှာလည်း ကိလေသာအညစ်အကြေးတွေ ကင်းစင်နေပါတယ်။ အညစ်အကြေး ကင်းစင်တာချင်း တူတဲ့အတွက် ကြာဆိုတာ သစ္စာလေးပါး သိမြင်ခြင်းရဲ့ သင်္ကေတဖြစ်ပါတယ်။

တချို့ပုဂ္ဂိုလ်တွေရဲ့ သစ္စာလေးပါး သိမြင်ခြင်းကိစ္စမှာ ကြာဟာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေတောင် ပါဝင်ပတ်သက်နေပါသေးတယ်။ ရွှေပန်းထိမ်သည်သား ရဟန်းတော်တစ်ပါးဟာ ကြာကိုကမ္မဋ္ဌာန်းအာရုံပြုပြီး တရားအားထုတ်ခဲ့လို့ သစ္စာလေးပါးသိမြင်ကျွတ်တမ်းဝင်ခဲ့ဖူးပါတယ်။

အဲဒီ ရွှေပန်းထိမ်သည်သား ရဟန်းတော်ဟာ မြတ်စွာဘုရားတန်ခိုးနဲ့ ဖန်ဆင်းပေးတဲ့ အနီရောင် ပဒုမ္မာရွှေကြာပွင့်ကြီးကို 'အနီရောင် . . . အနီရောင်' လို့ အနီကသိုဏ်း ရှုပွားလိုက်တာ ဈာန်တွေအဆင့်ဆင့်တက်ပြီး စတုတ္ထဈာန်အထိ ရောက်သွားပါတယ်။

http://www.dhammadownload.com

ကိုယ့်အစွမ်းနဲ့ကိုယ် ဝိပဿနာ ကူးနိုင်၊ မကူးနိုင် မြတ်စွာဘုရား လှမ်းကြည့်လိုက်တော့ မကူးနိုင်မှန်း သိတာနဲ့ ကြာပန်းပွင့်ကြီးကို 'ညှိုးနွမ်းသွားပါစေ' လို့ ဓိဋ္ဌာန်တော်မူလိုက်ပါတယ်။ မြတ်စွာဘုရားရဲ့ အဓိဋ္ဌာန်ကြောင့် ကြာပွင့်ကြီး လက်နဲ့ ဆုပ်ချေခံရသလို ညှိုးနွမ်းမည်းညစ်သွားပါတယ်။

ရဟန်းတော်လည်း စျာန်ကစားရာက ထပြီး 'ဒီကြာဟာ ညှိုးနွမ်းပျက်စီးတတ်သလို ငါ့ ခန္ဓာမှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေဟာလည်း ညှိုးနွမ်းပျက်စီးတတ်တဲ့သဘော ရှိတယ်' လို့ သံဝေဂဉာဏ်နဲ့ နှလုံးသွင်းဆင်ခြင်ပြီး ထင်ရှားရာ ရုပ်အာရုံ၊ နာမ်အာရုံတွေကို သတိပဋ္ဌာန်နည်းနဲ့ ဝိပဿနာ ရှုပွားလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ အနီးနားက ရေကန်တစ်ကန်ထဲကို ကလေးတစ်သိုက် ဆင်းပြီး ကြာပန်းတွေ ချိုးနေကြ၊ ချိုးပြီးသား ကြာပန်းတွေ ကုန်းပေါ် တင်နေကြပါတယ်။ ရေကန်ထဲက ကြာပန်းတွေနဲ့ ကုန်းပေါ် တင်ထားတဲ့ ကြာပန်းတွေကို နှိုင်းယှဉ်ကြည့်လိုက်တော့ ရေကန်ထဲက ကြာပန်းတွေက လန်းဆန်းလို့၊ ကုန်းပေါ် တင်ထားတဲ့ ကြာပန်းတွေက ညှိုးနွမ်းလို့။

ညှိုးနွမ်းနေတဲ့ ကြာပန်းတွေကို ကြည့်ပြီး ရုပ်နာမ်ခန္ဓာရဲ့ ဖြစ်ပျက်သဘော၊ မမြဲ , မကောင်း , မပိုင်တဲ့သဘောတွေကို ဆက်လက်ရှုပွားလိုက်တာ ဝိပဿနာဉာဏ်တွေ အထွတ်အထိပ် ရောက်အောင် အားကောင်းလာပါတယ်။

'ကြာပန်းကို လက်နဲ့ ချိုးဖြတ်သလို ကိလေသာကိုလည်း မဂ်နဲ့ ချိုးဖြတ်လိုက်စမ်းပါ' ဆိုတဲ့ မြတ်စွာဘုရားရှင်ရဲ့ တရားဒေသနာ

http://www.dhammadownload.com

အဆုံးမှာတော့ ရွှေပန်းထိမ်သည်သား ရဟန်းတော်လေး ရဟန္တာဖြစ်သွားပါတယ်။

ဒီအဖြစ်အပျက်ဟာ အချိန်ပိုင်း၊ နာရီပိုင်းအတွင်းမှာ ဖြစ်ပျက်သွားခဲ့တဲ့ အဖြစ်အပျက်ပါ။ ကြာကို ကြည့်ပြီး တရားအားထုတ်ပေမယ့် တရားထူးရဖို့ မကြာခဲ့ပါဘူး။ အချိန်ပိုင်း၊ နာရီပိုင်းအတွင်းမှာ တရားထူးရခဲ့ပါတယ်။

ကြာဆိုတာ ကြာခြင်းရဲ့ သင်္ကေတမဟုတ်ဘူးဆိုတာ ထင်ရှားသလို ကြာဆိုတာ သစ္စာလေးပါးတရား ထိုးထွင်းသိမြင်ခြင်းရဲ့ သင်္ကေတဖြစ်တယ်ဆိုတာလည်း ဒီအဖြစ်အပျက်က မီးမောင်းထိုးပြနေပါတယ်။

ကြာလှူတိုင်း မကြာပါဘူး၊ ကြာနဲ့ ပတ်သက်တိုင်း မကြာပါဘူး၊ ကြာလှူသူရဲ့ စိတ်ထား၊ ကြာနဲ့ ပတ်သက်သူရဲ့ ပါရမီဓာတ်ခံပေါ်မူတည်ပြီးတော့ပဲ အကျိုးပေး အနှေးအမြန် ကွာခြားရပါတယ်။

စိတ်ထားညံ့တဲ့သူ၊ ပါရမီဓာတ်ခံ အားနည်းတဲ့သူဟာ ဘဝကြီးပွားရေးကိစ္စတွေမှာလည်း ကြန့်ကြာတတ်သလို ဘဝလွတ်မြောက်ရေးကိစ္စတွေမှာလည်း ကြာမြင့်တတ်ပါတယ်။ စိတ်ထားကောင်းတဲ့သူ၊ ပါရမီဓာတ်ခံ အားကြီးတဲ့သူကတော့ ဘဝကြီးပွားရေး ကိစ္စတွေမှာလည်း အကျိုးပေးမြန်ဆန်လှသလို ဘဝလွတ်မြောက်ရေးကိစ္စတွေမှာလည်း ခရီးတာ တိုတောင်းလှပါတယ်။

■

http://www.dhammadownload.com

## ကြာဆိုတာအယူအမြင်မှန်ကန်ခြင်းရဲ့သင်္ကေတပါ

နောက်တစ်ခုက ကြာဟာ အယူမှားတွေနဲ့ မရောယှက်ခြင်းရဲ့သင်္ကေတလည်း ဖြစ်ပါတယ်။ ရွှံ့နွံတွေထဲကနေပေါက်၊ ရေထဲကနေပေါက်တဲ့ကြာဟာ ရွှံ့နွံတွေနဲ့လည်း လိမ်းကျံကပ်ငြိခြင်း မရှိဘူး၊ ရေနဲ့လည်း လိမ်းကျံကပ်ငြိခြင်းမရှိဘူး။

နွံနဲ့ ရေမှာ ဖြစ်တဲ့ ကြာဟာ နွံနဲ့ ရေ လိမ်းကျံ ကပ်ငြိခြင်း မရှိဘဲနဲ့ သန့်ရှင်းစင်ကြယ်စွာ တည်နေသလိုပဲ . . .

အယူမှားတွေရဲ့ကြားမှာ မွေးဖွားလာခဲ့ပေမယ့် အဲဒီအယူမှားတွေနဲ့ လိမ်းကျံကပ်ငြိခြင်းမရှိဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ကြာလိုလူပါပဲ။

အယူမှားတွေနဲ့ လိမ်းကျံကပ်ငြိခြင်း မရှိဘူးဆိုတာ အယူမှားတွေနဲ့ မရောယှက်ဘူး၊ အယူမှားမရှိဘူး၊ အယူမှန်တယ်လို့ ဆိုလိုပါတယ်။

အယူမှန်ကို သမ္မာဒိဋ္ဌိ လို့ ခေါ်ပါတယ်။ သမ္မာ - ဆိုတာ

http://www.dhammadownload.com

မှန်သော။ ဒိဋ္ဌိ - ဆိုတာ အယူ။ သမ္မာဒိဋ္ဌိ - ဆိုတော့ မှန်သော အယူ၊ အယူမှန်ပါပဲ။ အဲဒီ အယူမှန် - သမ္မာဒိဋ္ဌိက ခြောက်မျိုး ရှိပါတယ်။

(၁) ကမ္မဿကတာသမ္မာဒိဋ္ဌိ

(၂) ဈာနသမ္မာဒိဋ္ဌိ

(၃) ဝိပဿနာသမ္မာဒိဋ္ဌိ

(၄) မဂ္ဂသမ္မာဒိဋ္ဌိ

(၅) ဖလသမ္မာဒိဋ္ဌိ

(၆) ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိလို့ ခြောက်မျိုး ရှိပါတယ်။

ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတာ ကံသာလျှင် ကိုယ်ပိုင်ဉစ္စာပဲလို့ ယုံကြည်တဲ့ ဉာဏ်ပါပဲ။ ဈာနသမ္မာဒိဋ္ဌိဆိုတာ ဈာန်နဲ့ယှဉ်တဲ့ ဉာဏ်ပါ။ ဝိပဿနာသမ္မာဒိဋ္ဌိ ဆိုတာ ဝိပဿနာဉာဏ်၊ မဂ္ဂသမ္မာဒိဋ္ဌိ ဆိုတာ မဂ်ဉာဏ်၊ ဖလသမ္မာဒိဋ္ဌိ ဆိုတာ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ ဆိုတာ မဂ် ဖိုလ် နိဗ္ဗာန်နဲ့ ကိလေသာ ပယ်သတ်ခြင်းကို သုံးသပ်တဲ့ ဉာဏ်ပါပဲ။

အဲဒီလို သမ္မာဒိဋ္ဌိခြောက်မျိုးရှိတဲ့အထဲမှာ အခြေခံအကျဆုံး သမ္မာဒိဋ္ဌိက ကမ္မဿကတာ သမ္မာဒိဋ္ဌိပါပဲ။ ဗုဒ္ဓဘာသာဝင်တိုင်း၊ လူသားတိုင်း၊ သက်ရှိပုဂ္ဂိုလ်တိုင်းအတွက် မရှိမဖြစ် အရေးကြီးတဲ့ သမ္မာဒိဋ္ဌိဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိပါပဲ။

'ကိုယ်ပြုထားတဲ့ ကောင်းတဲ့ကံ၊ ကိုယ်ပြုထားတဲ့ မကောင်းတဲ့ ကံတွေက ကိုယ့်ရဲ့ရုပ်နာမ်သန္တာန်မှာ သတ္တိအဖြစ်နဲ့ လိုက်ပါပြီးတော့ ပစ္စုပ္ပန် သံသရာ ဘဝတစ်လျှောက်လုံး လိုက်အကျိုးပေးနေမှာပဲ။ ကောင်းစွာ ပြုထားတဲ့ ကောင်းမှုတွေက ကောင်းတဲ့ အကျိုးတွေ ပေး

http://www.dhammadownload.com

မယ်၊ မကောင်းသဖြင့် ပြုထားတဲ့ မကောင်းမှုတွေက မကောင်းကျိုးတွေပေးမယ်'

အဲဒီလို ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဟာ လူသားတိုင်းရဲ့သန္တာန်မှာ မရှိမဖြစ် ခိုင်ခိုင်မြဲမြဲ ရှိနေရမယ့် သမ္မာဒိဋ္ဌိပါပဲ။

အဲဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတဲ့ ကြာပွင့်ကလေးကို ညစ်နွမ်းစေနိုင်တဲ့၊ ညစ်နွမ်းပိုင်ခွင့်ရှိတဲ့၊ ပေကျံပိုင်ခွင့်ရှိတဲ့ အညစ်အကြေးက သုံးမျိုးရှိပါတယ်။ အယူမှား သုံးမျိုးပေါ့။

၁။ ပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒ လို့ ခေါ်တဲ့အယူမှား၊

၂။ ဣဿရနိမ္မာနဒိဋ္ဌိဝါဒ လို့ ခေါ်တဲ့အယူမှား၊

၃။ အဟေတုကဒိဋ္ဌိဝါဒ လို့ ခေါ်တဲ့အယူမှား၊

အဲဒီ အယူမှားသုံးမျိုးဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိကို ညစ်နွမ်းစေတဲ့၊ ညစ်နွမ်းပိုင်ခွင့်ရှိတဲ့ အယူမှား အညစ်အကြေးတွေပါပဲ။

အဲဒီ အယူမှားသုံးမျိုး ရွှံ့နွံတွေ ပေကျံနေရင် မိမိရဲ့ စိတ်နှလုံးအိမ်ထဲမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတဲ့ ကြာပန်းကလေး မပွင့်လန်းနိုင်တော့ပါဘူး။

ကိုယ့်ပတ်ဝန်းကျင်မှာ အယူမှားသုံးမျိုး ရွှံ့နွံတွေ ဘယ်လောက်ပဲ ရှိရှိ၊ ကိုယ်က အဲဒီရွှံ့နွံတွေနဲ့ လိမ်းကျံကပ်ငြိမှု မပြုဘူးဆိုရင် ကိုယ့်ရဲ့ စိတ်နှလုံးအိမ်မှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဆိုတဲ့ ကြာပန်းကလေး သန့်သန့်စင်စင် ပွင့်လန်းနေပါပြီ။

'ကမ္မဿကတာ သမ္မာဒိဋ္ဌိ - ကိုယ့်ကံသာ ကိုယ့်ကိုယ်ပိုင်ပစ္စည်းလို့ ယုံကြည်သိမြင်တဲ့ ဉာဏ်' သန့်သန့်စင်စင် ဖြစ်နေတဲ့လူဟာ ကြာလိုလူပါပဲ။

http://www.dhammadownload.com



## ဘာမဆိုအတိတ်ကံကိုချည်းပုံချရင်မိစ္ဆာဒိဋ္ဌိ

ပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒဆိုတာက လောကမှာ ဖြစ်ပျက်နေသမျှ အရာအားလုံး၊ ခံစားနေရသမျှ ချမ်းသာဆင်းရဲ အားလုံးဟာ အတိတ်ကံသက်သက်ကြောင့်ပဲ ဖြစ်တာလို့ ယူဆတဲ့ အယူဝါဒပါ။

ဣဿရနိမ္မာနဒိဋ္ဌိဝါဒ ဆိုတာက လောကမှာ ဖြစ်ပျက်နေသမျှ အရာအားလုံး၊ ခံစားနေရသမျှ ချမ်းသာဆင်းရဲအားလုံးဟာ ဖန်ဆင်းရှင်ရဲ့ ဖန်ဆင်းမှုကြောင့် ဖြစ်ရတာလို့ ယူဆတဲ့အယူဝါဒပါ။

အဟေတုကဒိဋ္ဌိဝါဒ ဆိုတာက လောကမှာ ဖြစ်ပျက်နေသမျှ အရာအားလုံး၊ ခံစားနေရသမျှ ချမ်းသာဆင်းရဲအားလုံးဟာ ဘာအကြောင်းကြောင့်မှ ဖြစ်တာ မဟုတ်ဘူး၊ အကြောင်းမဲ့သက်သက် သူဖြစ်ချင်သလို ဖြစ်နေတာပဲလို့ ယူဆတဲ့ အယူဝါဒပါ။

အဲဒီ အယူဝါဒသုံးပါးစလုံးဟာ ကြာကို ညစ်နွမ်းစေနိုင်တဲ့ ရွံ့နွံအညစ်အကြေးနဲ့တူတဲ့ အယူမှားတွေပါပဲ။ အဲဒီအယူမှားတွေကို

http://www.dhammadownload.com

အသေးစိတ် စိစစ်ရင်တော့ အကျယ်ချဲ့ပြီး ပြောရမှာပဲ။ အကျဉ်းချုပ်အားဖြင့် ပြောရရင်တော့ . . . .

ဗုဇ္ဇေကတဟေတုဒိဋ္ဌိဝါဒ၊ အရာရာဟာ အတိတ်ကံ သက်သက်ကြောင့်ချည်းပဲဖြစ်တယ်ဆိုတဲ့ အယူအဆ။ အဲဒီအယူအဆဟာလည်း မှားယွင်းတဲ့ အယူအဆပါပဲ။

အရာရာဟာ အတိတ်ကံသက်သက်ကြောင့်ချည်းပဲ ဖြစ်တယ်လို့ဆိုရင် ဒီဘဝမှာ သူ့အသက်သတ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ သူ့ဥစ္စာ ခိုးနေတဲ့ပုဂ္ဂိုလ်တွေ၊ ကာမဂုဏ်မှားယွင်းနေတဲ့ပုဂ္ဂိုလ်တွေ၊ လိမ်ညာပြောဆိုနေတဲ့ပုဂ္ဂိုလ်တွေ၊ ကုန်းတိုက်တဲ့စကားပြောဆိုနေတဲ့ပုဂ္ဂိုလ်တွေ၊ ကြမ်းတမ်းတဲ့စကားပြောဆိုနေတဲ့ ပုဂ္ဂိုလ်တွေ၊ အကျိုးမရှိ သိမ်ဖျင်းတဲ့ စကားပြောဆိုနေတဲ့ပုဂ္ဂိုလ်တွေ၊ သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို မတရား ကြံစည်နေတဲ့ ပုဂ္ဂိုလ်တွေ၊ သူတစ်ပါးကို သေကြောင်းကြံစည်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အယူမှားနေတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေဟာ အတိတ်ကံကြောင့်ပဲ ဖြစ်နေတာဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားပါတယ်။

သူ့အသက်သတ်တာ သတ်ချင်လို့သတ်တာ မဟုတ်ဘူး၊ အတိတ်ကံကြောင့် သတ်ရတာ၊ သူ့ပစ္စည်းခိုးတာ ခိုးချင်လို့ခိုးတာ မဟုတ်ဘူး၊ အတိတ်ကံကိုကပါလာလို့ ခိုးတာပါ၊ အတိတ်ကံကြောင့် ခိုးတာပါ၊ မကောင်းမှုဒုစရိုက်တွေ ပြုလုပ်နေတာဟာ အတိတ်ကံကြောင့် ပြုလုပ်နေတာပါဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အဲဒီလို မကောင်းမှု ဒုစရိုက်တွေက ရှောင်ကြဉ်တဲ့ ကုသိုလ်အမှုတွေကလည်း အတိတ်ကံကြောင့် ဖြစ်ရတာပဲဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားပါတယ်။

တစ်နည်းပြောရရင်တော့ လောကမှာ သူယုတ်မာရယ်၊ သူ

http://www.dhammadownload.com

တော်ကောင်းရယ်လို့ ပုဂ္ဂိုလ်နှစ်မျိုးရှိကြတယ်။ သူယုတ်မာတွေဟာလည်းပဲ အတိတ်ကံကြောင့် သူယုတ်မာဖြစ်နေကြတာပဲ၊ သူတော်ကောင်းတွေဟာလည်း အတိတ်ကံကြောင့် သူတော်ကောင်းဖြစ်နေကြတာပဲဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားပါတယ်။ အမှန်ကတော့ အတိတ်ကံ သက်သက်ကြောင့် သူယုတ်မာတစ်ယောက်ဖြစ်မသွားနိုင်သလို အတိတ်ကံသက်သက်ကြောင့်လည်း သူတော်ကောင်း တစ်ယောက် ဖြစ်မလာနိုင်ပါဘူး။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက သာမာဝတီမိဖုရားကြီးကို ပန်းဆက်ရတဲ့ ခုဇ္ဇုတ္တရာဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူဟာ ပန်းဖိုး ရှစ်ကျပ်ထဲက လေးကျပ်ကို ကိုယ့်အတွက် ခိုးယူထားပြီးတော့ လေးကျပ်ဖိုးပဲ ပန်းဝယ်ပြီး သာမာဝတီမိဖုရားကြီးကို ဆက်သတယ်။ တစ်နေ့မှာ မိမိပန်းဝယ်တဲ့ သုမနဆိုတဲ့ ပန်းသည်ရဲ့အိမ်မှာ မြတ်စွာဘုရားကို ဆွမ်းကျွေးတဲ့အတွက်ကြောင့် ဝေယျာဝစ္စတွေ ကူညီလုပ်ကိုင်ပေးရင်းနဲ့ မြတ်စွာဘုရားရှင်ရဲ့တရားကို နာကြားပြီး တရားတော်ကညွှန်ကြားတဲ့အတိုင်း ဝိပဿနာရှုပွားလိုက်တော့ သောတာပန်ဖြစ်သွားပါတယ်။ အဲဒီ သောတာပန်ဖြစ်သွားတဲ့ အချိန်မှာတော့ ပန်းဖိုးလေးကျပ်ကို ခိုးယူမထားတော့ဘဲနဲ့ ရှစ်ကျပ်ဖိုး အပြည့်အဝ ပန်းတွေဝယ်ပြီးတော့ သာမာဝတီမိဖုရားကြီးကို ဆက်သပါတယ်။

ဒီတော့ ပန်းဖိုး လေးကျပ် ခိုးခဲ့တဲ့အမှု၊ ပန်းဖိုး လေးကျပ် မခိုးတော့ဘဲနဲ့ ရှစ်ကျပ်ဖိုး အပြည့်အဝ ဝယ်လိုက်တဲ့အမှု၊ အဲဒီ အမှုနှစ်ခုလုံးဟာ ဗုဒ္ဓကတဟေတုဒိဋ္ဌိဝါဒသမားများရဲ့ အလိုအရ ပြောရရင် ရှေးကံကြောင့် ဖြစ်ရတာပါ။ ပန်းဖိုးခိုးတာလည်း ရှေးကံကြောင့်၊

http://www.dhammadownload.com

ပန်းဖိုးမခိုးတော့ဘဲ အမှန်အတိုင်း သူတော်ကောင်းဖြစ်သွားတာလည်း ရှေးကံကြောင့်၊ အဲဒီလို အဓိပ္ပာယ် သက်ရောက်နေပါတယ်။

တကယ်တော့ ပန်းဖိုး မခိုးတော့ဘဲနဲ့ သူတော်ကောင်း ဖြစ်သွားတာဟာ ရှေးကံအကြောင်း သက်သက်ကြောင့်ပဲ ဖြစ်သွားတာ မဟုတ်ပါဘူး၊ မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးခြင်း၊ မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်ခြင်း၊ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကို နာကြားခြင်း၊ တရားတော်ကို သင့်တင့်မှန်ကန်စွာ နှလုံးသွင်းခြင်း၊ တရားတော်နဲ့လိုက်လျောညီထွေတဲ့ အကျင့်ကို ကျင့်ခြင်းဆိုတဲ့ ပစ္စုပ္ပန် အကြောင်းတရားတွေကို ပြုကျင့်တဲ့ အတွက်ကြောင့် သောတာပန် သူတော်ကောင်း အဖြစ်ကို ဆိုက်ရောက်သွားရခြင်း ဖြစ်ပါတယ်။

ဒီတော့ သူတော်ကောင်းတစ်ယောက်ဖြစ်ဖို့အတွက် အတိတ်ကံသက်သက်နဲ့မဖြစ်နိုင်ဘူး၊ ပစ္စုပ္ပန်အကြောင်းတရားတွေပါမှ ဖြစ်နိုင်တယ်။ ဒါက ဘာသာရေးအမြင်ထဲကနေ ပြောတာပါ။ ကျန်တဲ့ လောကရေးရာတွေမှာလည်း ထို့အတူပါပဲ။ လောကအောင်မြင်မှု၊ ဆုံးရှုံးမှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ ပြည့်စုံမှု၊ မပြည့်စုံမှု၊ အစိုးရမှု၊ အစိုးမရမှု အစရှိတဲ့ အရေးကိစ္စတွေမှာလည်း အတိတ်ကံသက်သက်နဲ့ မဖြစ်နိုင်ဘူး၊ ပစ္စုပ္ပန်အကြောင်းတရား၊ ပစ္စုပ္ပန်ကံပါမှ ဖြစ်နိုင်တယ်။

ပစ္စုပ္ပန်ကံဆိုတာ ပစ္စုပ္ပန်မှာ ပြုလုပ်အားထုတ်တဲ့ ဉာဏ်နဲ့ ဝီရိယကို ပြောတာပါ။ ပစ္စုပ္ပန် ဉာဏ်နဲ့ဝီရိယကို ပစ္စုပ္ပန်ကံလို့ ခေါ်ပါတယ်။ အဲဒီလိုအားဖြင့် ပစ္စုပ္ပန်ကံကို လုံးဝထည့်သွင်း မစဉ်းစားဘဲ အတိတ်ကံသက်သက်ကိုပဲ ယုံကြည်တဲ့ ပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒသည် လည်းပဲ အယူမှားတစ်ခုဖြစ်ပါတယ်။

http://www.dhammadownload.com



## ဘာဖြစ်ဖြစ်ဖန်ဆင်းရှင်ကြောင့်ဆိုရင်မိစ္ဆာဒိဋ္ဌိ

တစ်ခါ ဣဿရနိမ္မာနဒိဋ္ဌိဝါဒ - အရာရာဟာ ဖန်ဆင်းရှင်ကြောင့် ဖြစ်တာပဲဆိုတဲ့အယူဝါဒ။ အဲဒီအယူဝါဒဟာလည်း မှားယွင်းတဲ့ အယူဝါဒပါပဲ။

အရာရာဟာ ဖန်ဆင်းရှင်ကြောင့် ဖြစ်တယ်ဆိုရင် သူယုတ်မာတွေလည်း ဖန်ဆင်းရှင်ကြောင့် ဖြစ်နေတာပဲ၊ သူတော်ကောင်းတွေလည်း ဖန်ဆင်းရှင်ကြောင့် ဖြစ်နေတာပဲဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားပါတယ်။ တကယ်ကတော့ သူတော်ကောင်းဖြစ်ဖို့ ကိုယ်ကိုယ်တိုင် အားထုတ်ကြရတာပဲ။

ဖန်ဆင်းရှင်ကို ကိုးကွယ်ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ခံယူချက်တစ်ခုက ဘာလဲဆိုရင် ဖန်ဆင်းရှင်၊ သို့မဟုတ် ထာဝရဘုရားကို ယုံကြည်ပါတယ်။ ယုံကြည်ပြီးတော့ ဝတ်ပြု ဆုတောင်းပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေ သေလွန်သွားတဲ့အခါ ထိုဖန်ဆင်းရှင် ကယ်တင်ပါလိမ့်

http://www.dhammadownload.com

မယ်။ ဖန်ဆင်းရှင်ကို မယုံကြည်တဲ့ ပုဂ္ဂိုလ်များ၊ မယုံကြည်တဲ့အတွက် ဝတ်ပြုဆုတောင်းမှု၊ ရှိခိုးမှုမပြုတဲ့ ပုဂ္ဂိုလ်များကိုတော့ ဖန်ဆင်းရှင်က မကယ်တင်နိုင်ဘူး။ အဲဒီလို ခံယူချက်ရှိကြပါတယ်။

ဒါ သူတို့ကိုယ်တိုင် ခံယူတဲ့ ခံယူချက်ပါ။ အဲဒီ ခံယူချက်က လေးကို သေချာ စိစစ်ကြည့်လိုက်ရင်၊ သူ့ကို မယုံကြည်တဲ့ ပုဂ္ဂိုလ်ကို ဖန်ဆင်းရှင်က ဘာမှမတတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပြီး သွားပါ။

ဖန်ဆင်းရှင်က သူ့ကို ယုံကြည်တဲ့ပုဂ္ဂိုလ်၊ ဆုတောင်းဝတ်ပြု တဲ့ပုဂ္ဂိုလ်၊ ရှိခိုးမှုပြုတဲ့ပုဂ္ဂိုလ်ကိုပဲ ကယ်မယ်ဆိုတာကို ကြည့်လိုက်ခြင်း အားဖြင့် ဖန်ဆင်းရှင်က ကယ်တာ မဟုတ်ဘူး။ ယုံကြည်တဲ့အလုပ်၊ ရှိခိုးတဲ့အလုပ်၊ ဆုတောင်းဝတ်ပြုတဲ့အလုပ်က ကိုယ့်ကို ကယ်တင်တယ် ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပြီးသားပါ။

မယုံကြည်တဲ့ ပုဂ္ဂိုလ်ကို ဖန်ဆင်းရှင်က မကယ်တင်ဘူးဆို တော့ မယုံကြည်တဲ့အလုပ်၊ ရှိခိုးမှု၊ ဆုတောင်းဝတ်ပြုမှု မပြုတဲ့ အလုပ် က ကိုယ့်ကို မကယ်တင်ဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပြီးသားပါ။ ကိုယ့်အလုပ်ကသာ ကိုယ့်ကို ကယ်တင်နိုင်ပြီးတော့ ကိုယ့်အလုပ်က သာ ကိုယ့်ကို မကယ်တင်နိုင်ခြင်း ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ရဲ့ တန်ခိုး သတ္တိ ဘာမှမရှိပါဘူး။

ဒီတော့ ဒီနေ့ခေတ် လောကမှာ ဆိုးသွမ်းမိုက်မဲတဲ့ ပုဂ္ဂိုလ် တွေ၊ လူယုတ်မာတွေ မြောက်မြားစွာရှိကြတယ်။ အရာရာကို ဖန်ဆင်း ရှင်က ဖန်ဆင်းတယ်ဆိုရင် ဆိုးသွမ်း မိုက်မဲတဲ့ လူယုတ်မာတွေကို ဖန်ဆင်းပေးထားတဲ့ ဖန်ဆင်းရှင်ဟာ ဆိုးသွမ်းမိုက်မဲတဲ့ပုဂ္ဂိုလ်ပဲ ဖြစ်

http://www.dhammadownload.com

မှာပါပဲ။ လောကမှာ ဆင်းရဲနွမ်းပါးတဲ့ပုဂ္ဂိုလ်တွေ၊ အနာရောဂါစွဲကပ်နေတဲ့ပုဂ္ဂိုလ်တွေ မြောက်မြားစွာ ရှိကြတယ်။ ဖန်ဆင်းရှင်က အရာရာ ဖန်ဆင်းတယ်ဆိုရင် ဆင်းရဲနွမ်းပါးတဲ့ပုဂ္ဂိုလ်တွေ၊ အနာရောဂါစွဲကပ်နေတဲ့ ပုဂ္ဂိုလ်တွေကို ဖန်ဆင်းပေးလိုက်တဲ့ အဲဒီ ဖန်ဆင်းရှင်ဟာ ကရုဏာတရားကင်းမဲ့တဲ့ ဖန်ဆင်းရှင် ဖြစ်တော့မှာပါပဲ။

မျက်မှောက်ခေတ်မှာ အထင်ရှားဆုံး သာဓကအနေနဲ့ ပြောရင် ဒီနေ့ ကမ္ဘာတစ်ဝန်းလုံးမှာ အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်တွေ နိုင်ငံအဝှမ်း၊ ကမ္ဘာအဝှမ်း မြောက်မြားစွာ ရှိပါတယ်။ ဘယ်လိုနည်းနဲ့မှ ကုသလို့မရတဲ့ရောဂါ၊ ကုရာနတ္ထိဆေးမရှိတဲ့ ရောဂါပါပဲ။

အရာရာဟာ ဖန်ဆင်းရှင်ရဲ့ အလိုတော်ကြောင့်၊ သို့မဟုတ် ထာဝရ ဘုရားရဲ့ အလိုတော်ကြောင့် ဖြစ်ရတယ်ဆိုရင် ဘယ်လိုမှ ကုသလို့မရတော့တဲ့ သေချာပေါက် သေကြရမယ့် အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်တွေကို ဖန်ဆင်းပေးထားတဲ့ ဖန်ဆင်းရှင်ရဲ့၊ သို့မဟုတ် ထာဝရဘုရားရဲ့ အလိုတော်ဟာ အင်မတန် ဆိုးတဲ့ အလိုဆိုး ဖြစ်တော့မှာပါပဲ။

ဒါကြောင့် ဖန်ဆင်းရှင်ကြောင့် ဖြစ်တာမဟုတ်ဘူး။ အေအိုင်ဒီအက်စ်ရောဂါဝေဒနာ စွဲကပ်နေတဲ့ ရောဂါဝေဒနာရှင်တွေကလည်း ပစ္စုပ္ပန်မှာ ကာမဂုဏ်မှားယွင်းခြင်း၊ မူးယစ်ဆေးဝါးတွေ သုံးစွဲခြင်း အစရှိတဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေကြောင့် အဲဒီ ရောဂါဝေဒနာတွေ စွဲကပ်ကြတာပါ။ ဖန်ဆင်းရှင်က ဖန်ဆင်းလိုက်လို့ စွဲကပ်ကြတာ မဟုတ်ပါဘူး။ ဒါကြောင့် ဣဿရနိမ္မာနဝါဒလို့ခေါ်တဲ့ ဖန်ဆင်းရှင် ယုံကြည်တဲ့ ဝါဒသည်လည်းပဲ အယူမှားပါပဲ။

http://www.dhammadownload.com

## လောကကြီးကသူဖြစ်ချင်သလို
## ဖြစ်နေတာဆိုရင်မိစ္ဆာဒိဋ္ဌိ

တစ်ခါ အပေါတုကဒိဋ္ဌိဝါဒ - အရာရာဟာ အကြောင်းမဲ့ သက်သက်ဖြစ်နေတာပဲ၊ သူဖြစ်ချင်သလို ဖြစ်နေတာပဲဆိုတဲ့ အယူဝါဒ၊ ဒါလည်းပဲ မှားယွင်းတဲ့ အယူဝါဒပါပဲ။

လူယုတ်မာဖြစ်ရတာ၊ သူတော်ကောင်းဖြစ်ရတာဟာ အကြောင်းမရှိဘဲဖြစ်နေတယ်ဆိုတဲ့သဘော သက်ရောက်တယ်။ သူတော်ကောင်း တစ်ယောက်ဖြစ်ဖို့အတွက် ဆိုတာ အနည်းဆုံး အကြောင်းလေးချက် လိုအပ်တယ်။

၁။ သူတော်ကောင်းကို ဆည်းကပ်ရမယ်။

၂။ သူတော်ကောင်းတရား နာကြားရမယ်။

၃။ အရာရာကို အသင့်အတင့် မှန်ကန်စွာနှလုံးသွင်းရမယ်။

၄။ တရားနဲ့ လိုက်လျောညီထွေတဲ့ အကျင့်ကို ကျင့်ရမယ်။

အဲဒီ အကြောင်းလေးချက် ပြည့်စုံမှသာ သူတော်ကောင်း

http://www.dhammadownload.com

တစ်ယောက် ဖြစ်လာနိုင်တာပါ။ တခြား လောကီကိစ္စတွေမှာလည်းပဲ ထို့အတူပါပဲ။ အကြောင်းတရားတွေ လုံလောက်အောင် ဖြည့်ဆည်းပြီးမှ မိမိတို့လိုချင်တဲ့ အကျိုးတရားတွေကို ရရှိကြတာ ဖြစ်ပါတယ်။

ပစ္စုပ္ပန်မှာ စားဝတ်နေရေးပြည့်စုံဖို့အတွက် မိမိတို့ကိုယ်တိုင် နဖူးက ချွေး ခြေမ,ကျအောင် ကြိုးစားရုန်းကန်နေရပါလျက်နဲ့ အရာရာဟာ အကြောင်းမဲ့သက်သက် ဖြစ်တာပဲလို့ ယူဆလို့ရှိရင်၊ ရှေ့က ဝါဒနှစ်ခုအရဆိုရင် အတိတ်ကံ သက်သက်ကြောင့် ဖြစ်တာပဲ၊ ဖန်ဆင်းရှင်ကြောင့် ဖြစ်တာပဲလို့ ယူဆလို့ရှိရင် မိမိဟာ အသိဉာဏ်နည်းရာ ရောက်သွားလိမ့်မယ်။

ဆိုပါတော့။ ဒီနေ့ ကျောင်းတွေ ပိတ်နေတဲ့အချိန်မှာ တချို့ လူငယ်တွေက ဘာမှ မလုပ်ကြဘဲနဲ့ အချိန်ဖြုန်းပြီး နေကြတယ်။ အပျော်အပါးတွေနဲ့ အချိန်ဖြုန်းပြီးတော့ နေကြတယ်။ တချို့ လူငယ်တွေကတော့ သင်တန်းတွေ တက်ကြတယ်၊ ရရာအလုပ် ဝင်ပြီး လုပ်နေကြတယ်။ သင်တန်းတက်တဲ့ ပုဂ္ဂိုလ်၊ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေကတော့ သက်ဆိုင်ရာ ပညာရပ်တွေ တိုးကြတယ်။ အလုပ်နဲ့ လိုက်လျောညီထွေတဲ့ ငွေကြေးတွေကို ရရှိကြတယ်။

ပညာတွေ တိုးကြတာ၊ ဝင်ငွေတွေ ရရှိကြတာ အကြောင်းမဲ့ သက်သက်တော့ မဟုတ်ပါဘူး။ သင်တန်းတက်ခြင်း၊ အလုပ်လုပ်ခြင်း ဆိုတဲ့ အကြောင်းကြောင့် ရရှိခြင်းဖြစ်ပါတယ်။

သင်တန်းမတက်၊ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဘာပညာမှလည်း မတိုးဘူး၊ ဘာဝင်ငွေမှလည်း မရဘူး။ အဲဒီလို ပညာမရခြင်း၊ ဝင်ငွေ မတိုးခြင်းဟာလည်းပဲ အကြောင်းမဲ့ သက်သက်

http://www.dhammadownload.com

မဟုတ်ပါဘူး။ ကိုယ်တိုင် ပျင်းပြီး ဘာမှမလုပ်ဘဲ အချိန်ဖြုန်းခြင်းကြောင့် ဖြစ်ရတာပါပဲ။ ဒီတော့ ဘယ်အရေးကိစ္စမှာပဲ ကြည့်ကြည့်၊ အကြောင်းမဲ့သက်သက် ဖြစ်တယ်ဆိုတာဟာ သဘာဝမကျ၊ ယုတ္တိမရှိတဲ့ အယူဝါဒပါပဲ။

ဒါကြောင့် ဗုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒ၊ ဣဿရနိမ္မာနဒိဋ္ဌိဝါဒ၊ အဟေတုကဒိဋ္ဌိဝါဒလို့ခေါ်တဲ့ အယူမှား သုံးခုစလုံးဟာ သမ္မာဒိဋ္ဌိတည်းဟူသော ကြာပွင့်ကလေးရဲ့ပတ်ဝန်းကျင်မှာ ရှိနေတဲ့ ရွှံ့နွံအညစ်အကြေးတွေနဲ့ တူပါတယ်။ အဲဒီ အယူမှား ရွှံ့နွံ အညစ်အကြေးတွေနဲ့ လိမ်းကျံကပ်ငြိပြီးတော့နေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ အညစ်အကြေးတွေ ရောယှက် လိမ်းကျံနေတဲ့အတွက်ကြောင့် ကြာလိုလူ မဖြစ်ဘဲနဲ့ မြက်လိုလူပဲ ဖြစ်မယ်။ အယူမှားတွေ လိမ်းကျံခြင်း မရှိဘူးဆိုရင် ကြာလိုလူ ဖြစ်ရမှာပါပဲ။

အယူမှား ရွှံ့နွံတွေ ကင်းစင်တဲ့ အယူမှန် ကြာလိုလူ ဖြစ်ချင်တယ်ဆိုရင် ဘာမဆို အတိတ်ကံကိုချည်း ပုံချတာမျိုးလည်း မလုပ်ပါနဲ့၊ ဘာဖြစ်ဖြစ် ဖန်ဆင်းရှင်ကြောင့်လို့ လွှဲချတာမျိုးလည်း မလုပ်ပါနဲ့၊ လောကကြီးက သူဖြစ်ချင်သလို ဖြစ်နေတာပါလို့ ဝါးချတာမျိုးလည်း မလုပ်ပါနဲ့၊ ကိုယ်ကိုယ်တိုင် ပြုလုပ်ခဲ့တဲ့ ကံတရားတွေက ကိုယ့်ကို အကျိုးပေးနေတာလို့ အခိုင်အမာ ယုံကြည်လိုက်ပါ၊ ကိုယ့်ကံသာ ကိုယ့်ဘဝရဲ့ ဖန်တီးရှင်လို့ အသေအချာ နားလည်သဘောပေါက်လိုက်ပါ။

■

http://www.dhammadownload.com



## ကြာဆိုတာလောကဓံခံနိုင်ရည်ရှိခြင်းရဲ့ သင်္ကေတပါ

နောက်တစ်ခု၊ ကြာဆိုတာ လောကဓံ ခံနိုင်ရည်ရှိခြင်းရဲ့ သင်္ကေတ ဖြစ်ပါတယ်။ လောကဓံ ခံနိုင်ရည်ရှိတဲ့ပုဂ္ဂိုလ်ဟာ ကြာလိုလူ ဖြစ်ပါတယ်။

လောကဓံဆိုတာ လူတိုင်းလူတိုင်း၊ အချိန်တိုင်းအချိန်တိုင်း တွေ့ကြုံနေကြရတာပါပဲ။ လောကဓံနဲ့ မတွေ့ကြုံရတဲ့ အချိန် ဆိုတာ တစ်စက္ကန့်၊ တစ်မိနစ်ကလေးမှ မရှိပါဘူး။ အများစုက ဆိုးရွားတဲ့ အခြေအနေတွေနဲ့ကြုံတွေ့ရမှ လောကဓံလို့ ထင်နေကြတာ။ ကောင်း မွန်တဲ့ အခြေအနေတွေနဲ့ ကြုံတွေ့နေရတာလည်း လောကဓံပါပဲ။

လူသားတိုင်း တွေ့ကြုံနေရတဲ့ လောကဓံက ရှစ်ပါးရှိပါတယ်။ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြံအရံ ပြည့်စုံခြင်း၊ အခြံအရံ မရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ သုခ-ချမ်းသာခြင်း၊ ဒုက္ခ-ဆင်းရဲခြင်း လို့ လောကဓံတရား ရှစ်ပါး ရှိပါတယ်။

http://www.dhammadownload.com

အဲဒီထဲမှာ လာဘ်ရခြင်း၊ အခြံအရံပေါခြင်း၊ ချီးမွမ်းခံရခြင်း၊ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း ဆိုတာက အကောင်း လောကဓံ ဖြစ်ပါတယ်။ လာဘ်မရခြင်း၊ အခြံအရံကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်း ဆိုတာကတော့ အဆိုးလောကဓံ ဖြစ်ပါတယ်။

အဆိုး လောကဓံတွေကိုတော့ လူ တော်တော်များများက အံကြိတ်ပြီးတော့၊ ခါးတောင်းကျိုက်ပြီးတော့ သည်းခံနိုင်စွမ်းရှိ၊ ခံနိုင်စွမ်းရှိကြပါတယ်။ အကောင်း လောကဓံတွေနဲ့ ကြုံတွေ့လာပြီဆိုရင်တော့ အောက်ခြေလွတ်ပြီးတော့ ပျက်စီးသွားတတ်ကြတယ်။ ဒါကြောင့် အဆိုး လောကဓံတွေကို ခံနိုင်ရည်ရှိရုံနဲ့ လောကဓံ ခံနိုင်တဲ့ ပုဂ္ဂိုလ် ကြာလိုလူ မဖြစ်သေးဘူး။ အကောင်း လောကဓံတွေကိုလည်း ခံနိုင်ရည်ရှိမှ ကြာလိုလူ ဖြစ်နိုင်ပါတယ်။

လောကဓံရှစ်ပါးနဲ့ ကြုံတွေ့ရတဲ့အခါမှာ ကြာလိုလူအဖြစ်နဲ့ လောကဓံ ခံနိုင်ရည်ရှိဖို့အတွက် မြတ်စွာဘုရားရှင်က လောကဓံတွေနဲ့ ကြုံတွေ့လာတဲ့အခါမှာ အဲဒီကြုံလာတဲ့ လောကဓံကို 'အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဓမ္မ' လို့ ဆင်ခြင် နှလုံးသွင်းရမယ်လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

လာဘ်ရလာလို့ရှိရင်လည်းပဲ ဒီလာဘ်ရခြင်းသဘောနဲ့ ရလာတဲ့ လာဘ်လာဘတွေဟာ မမြဲတဲ့သဘောပဲ၊ အခုရနေပေမယ့် နောင်ရချင်မှ ရမှာ၊ လာဘ်ရခြင်းဆိုတဲ့ သဘောလည်း မမြဲဘူး၊ ရထားတဲ့ လာဘ်လာဘတွေလည်း မမြဲဘူး၊ ရန်သူမျိုးငါးပါး ဖျက်ဆီးလို့ရှိရင် ပျက်စီးသွားနိုင်တယ်၊ မသင့်မတော် သုံးစွဲမိလို့ရှိရင်လည်းပဲ ကုန်ဆုံးသွားနိုင်တယ် စသည်အားဖြင့် လာဘ်ရခြင်းရဲ့ မမြဲခြင်းသဘောကို

http://www.dhammadownload.com

ဆင်ခြင်ရမယ်။

အဲဒီလို မဆင်ခြင်ဘူးဆိုရင်တော့ ဒီ လာဘ်လာဘတွေဟာ အမြဲတမ်း ရနေမှာပဲ၊ ဒီ လာဘ်လာဘတွေဟာ အမြဲတမ်း တည်မြဲနေမှာပဲလို့ ယူဆပြီးတော့ မသုံးသင့်တဲ့ ကိစ္စတွေမှာသုံး၊ အကျိုးပျက်စီးရာ၊ ပျက်စီးကြောင်း ကိစ္စတွေမှာ သုံးစွဲပြီးတော့ ပြဿနာမျိုးစုံတွေဖြစ်၊ ဆင်းရဲဒုက္ခတွေရောက်၊ အဲဒီလို ဖြစ်တတ်တယ်။

မမြဲတဲ့သဘော ဆင်ခြင်ထားတော့ ရလာတဲ့ လာဘ်လာဘပေါ်မှာလည်းပဲ မောက်မာခြင်း၊ တက်ကြွခြင်း၊ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းဆိုတာ မရှိတော့ဘူး၊ တည်တည်ငြိမ်ငြိမ်၊ ဣန္ဒြေရရ ဖြစ်တယ်။ လာဘ်ရနေရာကနေ မရတော့တဲ့ အခါမှာလည်း စိတ်နှလုံး ဖောက်ပြန်ခြင်း မရှိဘဲနဲ့ တည်တည်ငြိမ်ငြိမ်လေးနဲ့ ရင်ဆိုင်နိုင်ပါတယ်။

လာဘ်မရခြင်းဆိုတဲ့ သဘောကိုလည်း ဆင်ခြင်ရမယ်။ အခု မရပေမယ့် နောင်ရချင် ရမှာ၊ အကြောင်းမသင့် အခွင့်မသာလို့ အခု မရပေမယ့် အကြောင်းသင့် အခွင့်သာတဲ့အခါမှာတော့ ရနိုင်တာပဲ။ လာဘ်မရခြင်းအတွက်နဲ့ စိတ်မညစ်ပါနဲ့။ ကိုယ့်တာဝန်ကတော့ ကိုယ်လုပ်ရမယ့်အလုပ် လုပ်နေရုံပါပဲ။ ကိုယ့်အရည်အချင်း ဖြည့်နေရုံပါပဲ။ အဲဒီလို နှလုံးသွင်းပြီးတော့ လာဘ်မရခြင်းဆိုတဲ့ လောကဓံကို သည်းခံရမယ်။

အခြံအရံ များလာပြီဆိုရင်လည်း အဲဒီ အခြံအရံ များတဲ့ သဘောကို မမြဲတဲ့ သဘောလို့ ဆင်ခြင်ရမယ်။ အခု အခြံအရံတွေ ပြည့်စုံနေရပေမယ့် နောင်တစ်ချိန်ကျတော့ အခြံအရံတွေ ကင်းမဲ့ချင်

http://www.dhammadownload.com

ကင်းမဲ့သွားနိုင်တာ၊ တစ်ချိန်တစ်ခါမှာ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ တပည့်တပန်းတွေနဲ့ ပြိုင်ပြိုင်ဆိုင်ဆိုင် သိုက်သိုက်ဝန်းဝန်း ဖြစ်နေပေမယ့် နောင်တစ်ချိန်မှာ သူတို့နဲ့ ရှင်ကွဲသော်လည်းကောင်း၊ သေကွဲသော်လည်းကောင်း ကွဲချင်ကွဲရမယ်။ အကြောင်းတစ်မျိုးမျိုးနဲ့လည်းပဲ မိမိဟာ တစ်ကိုယ်တည်း အထီးကျန်ဖြစ်ရမှာပဲ။

အဲဒီလို အခြံအရံတွေရဲ့ မမြဲခြင်းသဘောကို ဆင်ခြင်ထားနိုင်မယ်ဆိုရင် အခြံအရံတွေ ကင်းမဲ့သွားတဲ့အခါမှာ တုန်လှုပ်ခြင်းမရှိတော့ဘူး။ အခြံအရံများခြင်း အပေါ်မှာလည်းပဲ တုန်လှုပ်ခြင်းမရှိတော့ဘူး။ မဆင်ခြင်နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ဒီအခြံအရံတွေဟာ တစ်သက်လုံး မြဲနေမှာပဲလို့ ယူဆပြီးတော့ မိမိရဲ့ အခြံအရံတွေအပေါ်မှာ မတော်မတရား ပြောဆိုမိ၊ မောက်မောက်မာမာ အထက်စီးကနေ ပြောဆိုမိ၊ မလုပ်သင့် မလုပ်ထိုက်တာတွေ ပြုလုပ်မိပြီးတော့ အဲဒီအခြံအရံတွေက မိမိရဲ့ အခြံအရံတွေမဟုတ်တော့ဘဲ တစ်နေ့မှာ ဒုက္ခပြန်ပေးလိမ့်မယ်။

အခြံအရံကင်းမဲ့ခြင်းဆိုတဲ့ လောကဓံနဲ့ ကြုံတဲ့အခါမှာလည်း မမြဲတဲ့သဘောဆင်ခြင်ရမယ်။ အခု အခြံအရံမရှိပေမယ့် နောင်တစ်ချိန်ကျ ရှိချင်ရှိလာနိုင်တာပဲ စသည်အားဖြင့် ဆင်ခြင်ရမယ်။

အကဲ့ရဲ့ ခံရတဲ့အခါမှာလည်း ကဲ့ရဲ့ခြင်းဆိုတဲ့ သဘောဟာ မဆန်းပါဘူး။ လောကမှာ ကဲ့ရဲ့ လွတ်တဲ့ပုဂ္ဂိုလ် ဆိုတာ မရှိပါဘူး၊ ကဲ့ရဲ့ခြင်းဆိုတဲ့ သဘောကလည်း မမြဲပါဘူး၊ အခုကဲ့ရဲ့ပေမယ့် နောင်တစ်ချိန် ချီးမွမ်းချင် ချီးမွမ်းမှာ၊ မချီးမွမ်းလည်း ကိစ္စမရှိဘူး။ တကယ်တော့ ကဲ့ရဲ့တဲ့သူမှာ ကိုယ့်ကို ကဲ့ရဲ့တဲ့အတွက်ကြောင့် ဒေါသကိလေ

http://www.dhammadownload.com

သာတွေဖြစ်ပြီး စိတ်ဟာပူလောင်ဆင်းရဲနေတယ်။ ကဲ့ရဲ့တဲ့ အကုသိုလ် အပြစ်လည်းဖြစ်နေတယ်။

ငါ့ကို ကဲ့ရဲ့နေရတဲ့ အတွက်ကြောင့် သူ့မှာ အကျိုးရှိရာရှိကြောင်း ကောင်းမြတ်တဲ့ အလုပ်တွေ လုပ်ဖို့ အချိန်တွေလည်း ကုန်သွားပြီ။ သြော်. . . သနားစရာပဲ ဆိုပြီးတော့ ကဲ့ရဲ့ခြင်းနဲ့ ကဲ့ရဲ့သူအပေါ်မှာလည်း သည်းခံခွင့်လွှတ်နိုင်ရမယ်။

ချီးမွမ်းခံရခြင်း လောကဓံနဲ့ ကြုံရတဲ့အခါမှာလည်း ချီးမွမ်းခံရခြင်းဆိုတာလည်း မြဲတာမဟုတ်ဘူး။ အခု ချီးမွမ်းပေမယ့် နောင်ကဲ့ရဲ့ချင် ကဲ့ရဲ့မှာ၊ အခု ချီးမွမ်းနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ နှုတ်ခမ်းကပဲ တစ်ချိန်ကျတော့ ကဲ့ရဲ့စကားတွေ ထွက်ချင်ထွက်လာမှာ။

အခု ငါ့ကို ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ထားတဲ့ပုဂ္ဂိုလ်တွေက တစ်ချိန်ကျတော့ ဖျာလို ခင်းပြီးတော့ ခြေနဲ့ နင်းချင် နင်းသွားမှာပါပဲ။ ချီးမွမ်းခံရခြင်း ဆိုတာ မမြဲတဲ့သဘောပဲလို့ ဆင်ခြင်ပြီးတော့ ချီးမွမ်းခံရခြင်း လောကဓံကို ခံနိုင်ရည်ရှိရမယ်။

အဲဒီလိုပါပဲ၊ သုခ-ချမ်းသာခြင်း၊ ဒုက္ခ-ဆင်းရဲခြင်းဆိုတဲ့ လောကဓံတွေနဲ့ ကြုံတွေ့ရတဲ့အခါမှာလည်း မမြဲခြင်းသဘောကို ဆင်ခြင်ရမယ်။ အဲဒီလို မမြဲခြင်းသဘောကို ဆင်ခြင်မယ်ဆိုရင် လောကဓံကို ခံနိုင်ရည်ရှိသွားပါပြီ။

မြတ်စွာဘုရားလက်ထက်က မလ္လိကာဆိုတဲ့ ဗန္ဓုလစစ်သူကြီးကတော်ဟာ 'ကွဲတတ်တဲ့သဘော ကွဲမှာပဲ၊ ပျက်စီးတတ်တဲ့သဘော ပျက်စီးမှာပဲ'လို့ နက်နက်နဲနဲ ဆင်ခြင်သွားတဲ့အတွက်ကြောင့် လောကဓံကို မတုန်မလှုပ် ရင်ဆိုင်နိုင်ခဲ့ပါတယ်။

http://www.dhammadownload.com

ကွဲတတ်တဲ့သဘောကွဲတယ်၊ မြေအိုးတို့ ဘာတို့ဆိုရင် ကွဲတတ်တဲ့သဘောရှိတော့ ကွဲတာပါပဲ။ သံအိုးတို့၊ သတ္တုအိုးတို့ကျတော့ မကွဲတတ်တဲ့သဘောရှိတော့ လွတ်ကျပေမယ့် မကွဲဘူး။ ဒီတော့ ကွဲတတ်တဲ့သဘောရှိရင် ကွဲတယ်၊ ပျက်စီးတတ်တဲ့သဘောရှိရင် ပျက်စီးမှာပဲလို့ နှလုံးသွင်းထားလို့ရှိရင် လောကဓံကို ခံနိုင်ရည် ရှိသွားပါတယ်။

အဂ္ဂသာဝကနှစ်ပါးနဲ့တကွ ရဟန်းတော်ငါးရာကို အိမ်မှာ ဆွမ်းလုပ်ကျွေးပြုစုနေတဲ့အချိန်၊ မင်းချင်းတစ်ယောက်က ခင်ပွန်းဖြစ်သူ ဗန္ဓုလစစ်သူကြီးနဲ့တကွ သားသုံးဆယ့်နှစ်ယောက်ကို ခေါင်းဖြတ်အသတ်ခံရတယ်ဆိုတဲ့ အကြောင်း ရေးထားတဲ့ စာတစ်စောင် လာပြီးတော့ ဆက်သတယ်။

အဲဒီစာကို ဖတ်ပြီးတော့ မလ္လိကာဟာ တုန်လှုပ်ခြင်း မရှိဘူး။ အဲဒီ စာရွက်ကလေး ခေါက်ပြီးတော့ ခါးကြား ထိုးထားလိုက်တယ်။ ပြီးတော့ အဂ္ဂသာဝကနှစ်ပါးနဲ့တကွ သံဃာတော်များကို ဆွမ်းကပ်ပြီးတော့ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါပီတိအပြည့်အဝနဲ့ ဆွမ်းလုပ်ကျွေးပြုစုသွားပါတယ်။ အင်မတန် အတုယူစရာကောင်းတဲ့ သာဓကပါပဲ။

မြတ်စွာဘုရားရှင်လက်ထက်က လကုဏ္ဍကဘဒ္ဒိယ လို့ခေါ်တဲ့ မထေရ်တစ်ပါးလည်းရှိတယ်၊ အဲဒီမထေရ်ရဲ့ အားနည်းချက်တစ်ခုက အရပ်ပုတယ်၊ ပုံစံလေးကလည်း ကလေးပုံစံလေး ဖြစ်နေတယ်။ ဒီတော့ ရဟန်းငယ်လေးတွေ၊ ကိုရင်လေးတွေက မထေရ်ကြီးကိုတွေ့လို့ရှိရင် ခေါင်းလေး ပုတ်လိုက်၊ နားရွက်လေး လိမ်လိုက်၊ နှာခေါင်းလေး ဆွဲလိုက်နဲ့ စကြနောက်ကြတယ်။

http://www.dhammadownload.com

အဲဒီလို စကြနောက်ကြပေမယ့် မထေရ်ကြီးက တည်တည် ငြိမ်ငြိမ်လေးပဲ၊ မိမိကို ပြုမူတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ ဒေါသဖြစ်ခြင်း၊ စိတ်ဆိုးခြင်း၊ ရန်တုံ့မူခြင်း ဘာမှ မပြုဘူး။

အဲဒီအကြောင်း မြတ်စွာဘုရားရှင်ကို လျှောက်တော့ မြတ်စွာဘုရားရှင်က ရဟန္တာပုဂ္ဂိုလ်ဆိုတာ ဘယ်လိုလောကဓံနဲ့ ကြုံကြုံ တုန်လှုပ်ခြင်း မရှိတော့ဘူး။ ပညာရှိ သူတော်ကောင်းတွေဟာလည်းပဲ လောကဓံနဲ့ ကြုံတဲ့အခါမှာ အရပ်လေးမျက်နှာက တိုက်ခတ်လာတဲ့ လေကြောင့် ကျောက်သားပကတိရှိတဲ့ ကျောက်တောင်ကြီးဟာ တုန်လှုပ်ခြင်းမရှိသလို ဘယ်လောကဓံကြောင့်မှမဆို တုန်လှုပ်ခြင်း မရှိတော့ဘူးလို့ မိန့်ကြားတော်မူပါတယ်။

အဲဒီ မိန့်ကြားချက်အတိုင်း ပြောမယ်ဆိုရင်တော့ လောကဓံကြောင့် မတုန်လှုပ်တဲ့လူဟာ 'ကျောက်တောင်လိုလူ' ပါပဲ။ ကျောက်တောင်လိုလူကိုပဲ 'ကြာလိုလူ' လို့လည်း ပြောနိုင်ပါတယ်။

အရပ်လေးမျက်နှာက လေတွေ ဘယ်လောက်ပဲတိုက်တိုက်၊ ကြာပန်း ကြာပင်တွေဟာ ကျိုးပဲ့ပျက်စီးသွားခြင်း မရှိပါဘူး။ လေကြောအတိုင်း အလိုက်သင့် ယိမ်းနွဲ့လှုပ်ရှားရင်း လေဒဏ်ကို ကြံ့ကြံ့ခံနိုင်ကြပါတယ်။

လေဒဏ်ကြောင့် မတုန်လှုပ်တဲ့ကြာ၊ ရွှံ့နွံနဲ့ မငြိကပ်တဲ့ကြာလို လောကဓံလေကြောင့် မတုန်လှုပ်တဲ့လူ၊ လောကဓံရွှံ့နွံနဲ့ ငြိကပ်ပေကျံခြင်းမရှိတဲ့လူဟာ ကြာလိုလူပါပဲ။ အကောင်းလောကဓံကြောင့် လောဘ၊ မာန မဖြစ်ရင်၊ အဆိုးလောကဓံကြောင့် ဒေါသ၊ သောက မဖြစ်ရင် လောကဓံရွှံ့နွံ မငြိကပ် မပေကျံတာနဲ့ အတူတူပါပဲ။

http://www.dhammadownload.com



## ကြာဆိုတာကိလေသာကင်းစင်ခြင်းရဲ့
## သင်္ကေတပါ

နောက်တစ်ခုက ကြာဟာ ကိလေသာကင်းစင်ခြင်းရဲ့သင်္ကေတဖြစ်ပါတယ်။ ကြာမှာ ရွှံ့နွံအညစ်အကြေး ကင်းစင်သလို အရိယာပုဂ္ဂိုလ်တွေရဲ့ စိတ်မှာလည်း ကိလေသာအညစ်အကြေး ကင်းစင်ပါတယ်။ ကိလေသာကင်းစင်တဲ့ စိတ်ဟာ ကြာနဲ့တူတဲ့စိတ်၊ ကိလေသာကင်းစင်တဲ့လူဟာ ကြာနဲ့တူတဲ့လူပါပဲ။

ဝိပဿနာအလုပ်ကို အားထုတ်လို့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် ရင့်ကျက်သွားပြီး သောတာပတ္တိမဂ်နဲ့ နိဗ္ဗာန်ကို အာရုံပြုလိုက်ပြီဆိုရင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ လို့ ခေါ်တဲ့ ကိလေသာတွေ အမြစ်ပြတ်ကင်းစင်သွားပါပြီ။

သကဒါဂါမိမဂ်နဲ့ နိဗ္ဗာန်ကို အာရုံပြုရပြီဆိုရင် ကာမရာဂနဲ့ ဗျာပါဒတွေ ကျဲပါးသွားပါပြီ။ အနာဂါမိမဂ်နဲ့ နိဗ္ဗာန်ကို အာရုံပြုရပြီဆိုရင် ကာမရာဂနဲ့ ဗျာပါဒလို့ ခေါ်တဲ့ ကိလေသာတွေ အမြစ်ပြတ်

http://www.dhammadownload.com

ကင်းရှင်းသွားပါပြီ။ အရဟတ္တမဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရပြီ ဆိုရင်တော့ အဝိဇ္ဇာ၊ မာန၊ ဘဝရာဂနဲ့တကွ ကိလေသာ အညစ်အကြေးတွေအားလုံး အမြစ်ပြတ် ကင်းစင်ပြီးတော့ စင်ကြယ်သန့်ရှင်းတဲ့ ပုဂ္ဂိုလ် ဖြစ်သွားပါပြီ။

နိဗ္ဗာန်ကို မျက်မှောက်ပြုခွင့် ရတဲ့အတွက်ကြောင့် ကိလေသာကင်းစင်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကြာလိုလူတွေပါပဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုခွင့်မရသော်လည်းပဲ ဝိပဿနာအလုပ်ကို တကယ်တမ်း ကြိုးကြိုးစားစား အားထုတ်နေကြတဲ့ပုဂ္ဂိုလ်တွေဟာလည်း မိမိတို့ရရှိထားတဲ့ ဝိပဿနာဉာဏ် အဆင့်အတန်းနဲ့ လိုက်လျောညီထွေစွာ ကိလေသာတွေ ကင်းစင်ခွင့် ရတဲ့အတွက်ကြောင့် ဝိပဿနာဉာဏ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်များဟာလည်းပဲ ကြာလိုလူတွေပါပဲ။

ဝိပဿနာဆိုတာက ပြုသမျှအပြုအမူကို ပြုမူနေတဲ့အတိုင်း၊ ကြုံသမျှအာရုံကို ကြုံနေတဲ့အတိုင်း၊ ဖြစ်သမျှ စိတ်အခြေအနေကို ဖြစ်နေတဲ့အတိုင်းလေး သိသွားတာကို ဝိပဿနာလို့ ခေါ်ပါတယ်။

ပြုသမျှအပြုအမူကို ပြုနေတဲ့အတိုင်း သိသွားရမယ်။ သွားနေလို့ရှိရင် သွားတယ်။ ရပ်လို့ရှိရင် ရပ်တယ်။ ထိုင်လို့ရှိရင် ထိုင်တယ်။ လျောင်းလို့ရှိရင် လျောင်းတယ်။ ကွေးလို့ရှိရင် ကွေးတယ်။ ဆန့်လို့ရှိရင် ဆန့်တယ် အစရှိသည်အားဖြင့် ပြုသမျှအပြုအမူကို ပြုနေတဲ့အတိုင်းကလေးပဲ သိသွားတာ ဝိပဿနာပါပဲ။

ကြုံသမျှအာရုံကို ကြုံနေတဲ့အတိုင်းလေး သိသွားတာ ဝိပဿနာ၊ အဆင်းအာရုံကို မြင်တော့ မြင်တယ်။ အသံအာရုံကို ကြားတော့

http://www.dhammadownload.com

ကြားတယ်။ အနံ့အာရုံကိုရှူရတော့ နံတယ်။ အရသာအာရုံကို သိတော့ သိတယ်။ အထိအတွေ့အာရုံကို ထိတော့ ထိတယ်။ အဲဒီလိုအားဖြင့် ကြုံတဲ့အာရုံကို ကြုံတဲ့အတိုင်းလေး သိသွားတာ ဝိပဿနာပါပဲ။

ဖြစ်သမျှ စိတ်အခြေအနေကို ဖြစ်နေတဲ့အတိုင်းလေး သိသွားတာ ဝိပဿနာပါပဲ။ စိတ်အစဉ်မှာ သာယာနှစ်သက် တပ်မက်တွယ်တာတဲ့ စိတ်အခြေအနေတွေ ဖြစ်နေတယ်ဆိုလို့ရှိရင် သာယာတယ်၊ နှစ်သက်တယ်၊ တပ်မက်တယ်၊ တွယ်တာတယ်လို့ ဖြစ်နေတဲ့ အတိုင်းလေး သိသွားရမယ်။ စိတ်ဆိုး၊ စိတ်ပျက်၊ အမျက်ထွက်တဲ့ သဘောလေး ဖြစ်နေတယ်ဆိုရင်လည်း စိတ်ဆိုးတယ်၊ စိတ်ပျက်တယ်၊ အမျက်ထွက်တယ် စသည်အားဖြင့် သိသွားရမယ်။

ပျင်းတဲ့စိတ် ဖြစ်နေတယ် ဆိုရင်လည်း ပျင်းတယ်။ ဝမ်းမြောက်တဲ့စိတ် ဖြစ်နေရင်လည်းပဲ ဝမ်းမြောက်တယ်၊ ဝမ်းသာတယ်။ ကြည်ညိုတဲ့စိတ်တွေ ဖြစ်နေရင်လည်း ကြည်ညိုတယ်။ စိတ်မှာ ဖြစ်နေတဲ့ အခြေအနေကို ဖြစ်နေတဲ့အတိုင်းလေး သိသွားတာ ဝိပဿနာပါပဲ။

အဲဒီလိုအားဖြင့် ရိပ်သာမှာ နေစဉ်ကာလမှာပဲဖြစ်ဖြစ်၊ မိမိတို့ရဲ့ အိမ်ကိုပြန်ပြီးတော့ လူမှုကိစ္စတွေ ပြုလုပ်တဲ့အခါမှာပဲ ဖြစ်ဖြစ်၊ ပြုသမျှ အပြုအမူကို ပြုနေတဲ့အတိုင်း၊ ကြုံသမျှအာရုံကို ကြုံနေတဲ့အတိုင်း၊ ဖြစ်သမျှစိတ်အခြေအနေကို ဖြစ်နေတဲ့ အတိုင်းလေး သိသိသွားမယ်ဆိုရင် မိမိရဲ့သန္တာန်မှာ ဝိပဿနာဉာဏ်လေး အမြဲတမ်းဖြစ်ခွင့်ရပြီးတော့ အရှုခံအာရုံနဲ့ ရှုမှတ်စိတ် ပစ္စုပ္ပန်တည့်တည့် ကျတိုင်းကျတိုင်း ပြုသမျှအပြုအမူပေါ်မှာ ငါဆိုတဲ့ အစွဲလည်း ကင်းစင်သွား

http://www.dhammadownload.com

ပြီ။ ကြံ့သမျှ အာရုံမှာ ငါ့ဥစ္စာဆိုတဲ့ အစွဲလည်း ကင်းစင်သွားပြီ။

ငါဆိုတဲ့အစွဲ၊ ငါ့ဥစ္စာဆိုတဲ့အစွဲ ကင်းပြီးတော့ နေတဲ့အချိန်ဟာ ကိလေသာတွေ ကင်းစင်ပြီးတော့ အင်မတန် ချမ်းသာပါတယ်။ ဒါ့ကြောင့် မိမိရဲ့ သန္တာန်မှာ ဝိပဿနာဉာဏ်လေး ဖြစ်နေတဲ့ အချိန်ဟာ ကြာလိုလူ ဖြစ်နေတဲ့ အချိန်ပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ဝိပဿနာလမ်းစဉ်ဟာ သတိပြဋ္ဌာန်းပြီး၊ သတိဦးဆောင်ပြီး လုပ်ရတဲ့ အလုပ်ဖြစ်လို့ သတိပဋ္ဌာန်ကျင့်စဉ်လို့လည်းခေါ်ပါတယ်။ သတိပဋ္ဌာန်တရားဟာအလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေး ကျင့်ကြံအားထုတ်လို့ ရပါတယ်။ ဝိပဿနာရှုရမယ့်တရား၊ ရှုပုံရှုနည်းနဲ့ ရှုရမယ့်အချိန်၊ နေရာတွေကို အတိုဆုံးနဲ့ အပြည့်စုံဆုံး ဖော်ပြနိုင်အောင် ခုလို ဆောင်ပုဒ်နှစ်ခုစီ ထားပါတယ်။

ဖြစ်ခိုက်ရုပ်နာမ်၊ ဖြစ်တိုင်းဟန်၊ ကေန်မှတ်သိမှု။

အလုပ်နေရာ၊ ဣရိယာ၊ ချိန်ခါမရွေးရှု။

'ဖြစ်ခိုက်ရုပ်နာမ်' ဆိုတဲ့ စကားနဲ့ ဝိပဿနာရှုရမယ့် တရားကို ဖော်ပြပါတယ်။ ရုပ်တရား၊ နာမ်တရား (ကိုယ်အမူအရာနဲ့ စိတ်အမူအရာ)ကို ဝိပဿနာရှုကြရပါမယ်။ ရုပ်ထင်ရှားရင် ရုပ်၊ နာမ်ထင်ရှားရင် နာမ်၊ အထင်ရှားဆုံးတစ်ခုကို ရှုကြရပါမယ်။

ရုပ်သက်သက်ပဲ ရှုမယ်လို့ နှလုံးသွင်းပြီး ရုပ်ကိုချည်း မရှုရပါဘူး။ နာမ်သက်သက်ပဲ ရှုမယ်လို့ နှလုံးသွင်းပြီး နာမ်ကိုချည်း မရှုရပါဘူး။ ဘာလို့လဲဆိုတော့ ရုပ်သက်သက် ရှုရုံ၊ နာမ်သက်သက် ရှုရုံနဲ့ တရားမရနိုင်၊ မဂ်မကျနိုင်လို့ပါပဲ။

http://www.dhammadownload.com

ဒါပေမဲ့ ရုပ် နှစ်ခု သုံးခု၊ နာမ် နှစ်ခု သုံးခု စသည်တို့ကို တစ်ပြိုင်နက်၊ တစ်ပေါင်းတည်း ရှုဖို့တော့ မလိုပါဘူး။ ထင်ရှားတဲ့ ရုပ်နာမ်တစ်ခုခုကို ရှုမှတ်ပြီးသိရင် တစ်ပြိုင်နက်ဖြစ်တဲ့ ရုပ်နာမ်တွေကို ရှုခြင်းကိစ္စ၊ သိခြင်းကိစ္စလည်း အလိုလို ပြီးစီးသွားပါတယ်။

ရှုတဲ့ ရုပ်နာမ်ကလည်း ဖြစ်ပြီးတဲ့ အတိတ်ရုပ်နာမ်၊ မဖြစ်သေးတဲ့ အနာဂတ်ရုပ်နာမ် မဟုတ်ရပါဘူး။ 'ဖြစ်ခိုက်ရုပ်နာမ်' ဆိုတဲ့ အတိုင်း လောလောဆယ်ဖြစ်နေဆဲ ပစ္စုပ္ပန်ရုပ်နာမ်ကိုသာ ရှုရပါမယ်။

အတိတ်ရုပ်နာမ်ကလည်း ဖြစ်ပြီးသွားလို့ မရှိတော့ပါဘူး။ အနာဂတ်ရုပ်နာမ်ကလည်း မဖြစ်သေးလို့ မရှိသေးပါဘူး။ မရှိတဲ့ ရုပ်နာမ်ကို ရှုနေလို့ ဝိပဿနာဉာဏ်အစစ် မဖြစ်နိုင်ပါဘူး။

'ဘူတံ ဘူတတော ပဿတိ 'ဆိုတဲ့အတိုင်း လောလောဆယ် ထင်ရှားရှိနေဆဲ ဖြစ်ခိုက် ရုပ်နာမ်၊ ပစ္စုပ္ပန်ရုပ်နာမ်ကို ရှုမှသာ ဝိပဿနာဉာဏ်အစစ် ဖြစ်နိုင်ပါတယ်။

'ဖြစ်တိုင်းဟန်' ဆိုတဲ့စကားနဲ့ ဝိပဿနာရှုပုံရှုနည်းကို ဖော်ပြပါတယ်။

ဝိပဿနာ ရှုတယ်ဆိုတာ ပါဠိစကားလုံးတွေ၊ အဘိဓမ္မာစကားလုံးတွေ၊ စိတ်စေတသိက် သရုပ်တွေကို အထူးအထွေ ကျက်မှတ်ပြီး အဲဒီအတိုင်း လိုက်ရှုနေရမှာ မဟုတ်ပါဘူး။ အဲဒီလို ကျက်မှတ်ပြီး ရှုနေရင် သုတမယဉာဏ် (တစ်ဆင့်ကြားအသိ)၊ စိန္တာမယဉာဏ်(ကြံတွေးအသိ)ပဲ ဖြစ်နိုင်ပါတယ်။ ဘာဝနာမယဉာဏ် (ကိုယ်တွေ့အသိ၊ မျက်မှောက်အသိ) မဖြစ်နိုင်ပါဘူး။

လောလောဆယ်ဖြစ်နေတဲ့ ကိုယ်အမူအရာ(ရုပ်)၊ စိတ်အမူ

http://www.dhammadownload.com

အရာ (နာမ်)ကို ဖြစ်နေတဲ့အတိုင်းလေး ရိုးရိုးရှင်းရှင်း ရှုမှတ်ရပါမယ်။

ဥပမာ၊ ကိုယ်အမူအရာ(ရုပ်)အနေနဲ့ သွားရင် 'သွားတယ်'၊ ရပ်ရင် 'ရပ်တယ်'၊ ထိုင်ရင် 'ထိုင်တယ်'၊ လျောင်းရင် 'လျောင်းတယ်'၊ ကွေးရင် 'ကွေးတယ်'၊ ဆန့်ရင် 'ဆန့်တယ်'လို့ ရှုမှတ်ရပါမယ်။ 'ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ' စသည်အားဖြင့် မြတ်စွာဘုရား တိုက်ရိုက် ဟောကြားထားတဲ့ ရှုမှတ်နည်းပါပဲ။

စိတ်အမူအရာ(နာမ်)အနေနဲ့ လိုချင်ရင် 'လိုချင်တယ်'၊ တပ်မက်ရင် 'တပ်မက်တယ်'၊ စိတ်ဆိုးရင် 'စိတ်ဆိုးတယ်'၊ တွေးရင် 'တွေးတယ်'၊ ပျင်းရင် 'ပျင်းတယ်' လို့ ရှုမှတ်ရပါမယ်။ 'သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ 'စသည်အားဖြင့် မြတ်စွာဘုရား တိုက်ရိုက် ဟောကြားထားတဲ့ ရှုမှတ်နည်းပါပဲ။

နေ့စဉ် သုံးစွဲနေကျ၊ အမြဲ ခေါ်ဝေါ်နေကျ စကားလုံးအတိုင်း ရှုမှတ်ရပါမယ်။

ဆောင်ပုဒ်ထဲမှာပါတဲ့ 'အလုပ်'ဆိုတာ အလုပ်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ အလုပ်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်အလုပ်လုပ်နေရလို့ ဝိပဿနာ မရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။

ချက်ပြုတ်တဲ့ စားသောက်တဲ့အလုပ်၊ ဖွပ်လျှော်တဲ့ ဝတ်ဆင်တဲ့ အလုပ်၊ ပြောဆိုတဲ့ နားထောင်တဲ့အလုပ်၊ ဈေးရောင်းတဲ့ ကားမောင်းတဲ့ အလုပ်၊ ကိုင်တွယ်တဲ့ ထုနှက်တဲ့အလုပ်၊ ဘာအလုပ်ပဲ လုပ်လုပ် သတိထည့်ပြီးလုပ်ရင် ဝိပဿနာဖြစ်ပါတယ်။

သတိထည့်ပုံကလည်း မခက်ပါဘူး။ 'ဖြစ်တိုင်းဟန်' ဆိုတဲ့

http://www.dhammadownload.com

အတိုင်း ကိုယ်လုပ်နေတဲ့ အလုပ်ကို လုပ်နေတဲ့အတိုင်းလေး မှတ်လိုက်၊ သိလိုက်ဖို့ပါပဲ။ ဥပမာ - ထမင်းလုတ်ဝါးရင် 'ဝါးတယ်'၊ ရေသောက်ရင် 'သောက်တယ်'၊ လုံချည်ပြင်ဝတ်ရင် 'ဝတ်တယ်' စသည်ဖြင့်ပေါ့။

'နေရာ' ဆိုတာက နေရာမရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ နေရာမရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်နေရာရောက်နေလို့ ဝိပဿနာ မရှုနိုင်ဘူး ဆိုတာ မရှိစေရပါဘူး။

ဘတ်စ်ကားပေါ်မှာ၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ၊ ရုံးခန်းထဲမှာ၊ ဈေးထဲမှာ၊ ညှော်ခံပွဲပရိသတ်ထဲမှာ၊ မီးဖိုချောင်ထဲမှာ၊ ရေချိုးခန်းထဲမှာ၊ နောက်ဆုံး အိမ်သာထဲမှာ ဘယ်နေရာမှာပဲဖြစ်ဖြစ် သတိထည့်ပြီးနေရင် ဝိပဿနာဖြစ်ပါတယ်။

ဝိပဿနာတရားဆိုတာ ဘုရားခန်းလို တင့်တယ်တဲ့နေရာမျိုးမှာမှ ရှုမှတ်လို့ ရတာမဟုတ်ပါဘူး။ အိမ်သာလို မတင့်တယ်တဲ့၊ ညစ်ပတ်နံစော်တဲ့ နေရာမျိုးမှာလည်း ရှုမှတ်လို့ ရပါတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင် 'ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ - ကျင်ကြီးကျင်ငယ်စွန့်ရင်းလည်း သတိ၊ ပညာနဲ့ စွန့်ပါ' လို့ တိုက်ရိုက်ဟောတော်မူထားပြီးသားပါ။

အိမ်သာတက်တတ်ရင် အိမ်သာတက်ရင်းကုသိုလ်ရပါတယ်။ စွန့်ချင်ရင် 'စွန့်ချင်တယ်'၊ စွန့်ရင် 'စွန့်တယ်'၊ နံရင် 'နံတယ်'၊ ဗိုက်နာရင် 'နာတယ်' လို့ မှတ်နေ၊ သိနေရုံပါပဲ။

လွယ်သလောက် ခရီးရောက်တာ သတိပဋ္ဌာန်ပါ။ ယူတတ်ရင် ကုသိုလ်က နေရာတိုင်းမှာ ရနိုင်ပါတယ်။ အိမ်သာတက်ရင်းနဲ့

http://www.dhammadownload.com

တောင် ဝိပဿနာကုသိုလ် ယူနိုင်တယ်ဆိုမှတော့ တခြားနေရာဆို မပြောနဲ့တော့။

'ဣရိယာ' ဆိုတာက ဣရိယာပုတ်မရွေး ရှုမှတ်ရမယ်လို့ဆို လိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ ဣရိယာပုတ်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်ဣရိယာပုတ်ဖြစ်နေလို့ ဝိပဿနာ မရှု နိုင်ဘူးဆိုတာ မရှိစေရပါဘူး။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းလို့ ဣရိယာပုတ် လေးပါးရှိတယ်ဆိုတော့ သွားရင် 'သွားတယ်'၊ ရပ်ရင် 'ရပ်တယ်'၊ ထိုင်ရင် 'ထိုင်တယ်'၊ လျောင်းရင် 'လျောင်းတယ်' လို့ ရှုမှတ်နေရုံပါပဲ။ လွယ်လိုက်တာ မပြောပါနဲ့တော့။ ခွံ့ပေးတဲ့ ထမင်းလုတ် ဝါးရတာ လောက်တောင် မခက်ပါဘူး။

'ချိန်ခါမရွေးရှု'ဆိုတာကတော့ ရှင်းပါတယ်။ အချိန်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန်ဝိပဿနာတရားဟာ အ ချိန်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်အချိန်ဖြစ်နေလို့ ဝိပဿနာ မရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။ မနက်အိပ်ရာနိုးတဲ့ အချိန်ကစပြီး ည အိပ်ရာဝင် အိပ်ပျော်သွားတဲ့အထိ အချိန်တိုင်းမှာ သတိကပ်ထား ရင် ဝိပဿနာဖြစ်ပါတယ်။

အိပ်ရာနိုးတဲ့အချိန်မှာ 'နိုးတယ်'လို့ ရှုမှတ်ပြီး တစ်နေ့တာ အချိန်ကို စတင်လိုက်ပါ။ အဲဒီနောက် တစ်နေ့တာလုံး မြင်တဲ့အချိန်မှာ 'မြင်တယ်'၊ ကြားတဲ့အချိန်မှာ 'ကြားတယ်'၊ နံတဲ့အချိန်မှာ 'နံတယ်'၊ မွှေးတဲ့အချိန်မှာ 'မွှေးတယ်'၊ စားတဲ့အချိန်မှာ 'စားတယ်'၊ ထိတဲ့ အ ချိန်မှာ 'ထိတယ်'၊ သိတဲ့အချိန်မှာ 'သိတယ်' လို့ ရှုမှတ်ပြီး တစ်နေ့တာ

http://www.dhammadownload.com

အချိန်တွေကို ဖြတ်သန်းလွန်မြောက်ပါ။

ည အိပ်ရာဝင်တဲ့အချိန်ကျတော့ 'အိပ်တယ်'လို့ ရှုမှတ်ရင်း တစ်နေ့တာအချိန်ကို အဆုံးသတ်လိုက်ပါ။

နှာသီးဝ လေထိရာအရပ် သတိကပ်ပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင် 'ထွက်တယ်' လို့ ရှုမှတ်တဲ့အလုပ်ကိုလည်း သီးခြားတရားထိုင်မှ မဟုတ်ဘဲ အချိန်မရွေး ပြုလုပ်နိုင်ပါတယ်။

အဲဒီလို အလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေး ရှုမှတ်သွားမယ်ဆိုရင် ရှုမှတ်ချက်တိုင်း၊ ရှုမှတ်ချက်တိုင်းမှာ ကိုယ့်စိတ်ထဲက ကိလေသာရွံ့နွံတွေ ကွာကျ၊ ကွာကျသွားပါတယ်။

ကိလေသာရွံ့နွံ ကွာကျနေတဲ့ အခိုက်အတန့်မှာ ကိုယ်ဟာ ကြာလိုလူ ဖြစ်နေတာပါပဲ။ ဝိပဿနာဉာဏ်ရဲ့ အရှိန်အဝါကြောင့် လူတကာဖြစ်နေကျ အကြမ်းစား ကိလေသာမျိုးတွေ ထင်ထင်ရှားရှား မဖြစ်ဘူးဆိုရင်ကိုပဲ ကိုယ်ဟာ စိတ်သန့်ရှင်းစင်ကြယ်တဲ့ ကြာလိုလူ ဖြစ်နေပါပြီ။ စိတ် သန့်ရှင်းစင်ကြယ်တော့ နှုတ်အမူအရာလည်း သန့်ရှင်းစင်ကြယ်၊ ကိုယ်အမူအရာလည်း သန့်ရှင်းစင်ကြယ်နဲ့ သိပ်ကို ကျက်သရေရှိသွားပါတယ်။

ဝိပဿနာဉာဏ် အထွတ်အထိပ် ရောက်သွားလို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုက်သွားပြီဆိုရင်တော့ သူ့အဆင့်နဲ့သူ သက်ဆိုင်ရာ ကိလေသာတွေကို အမြစ်ပြတ် ပယ်သတ်နိုင်တဲ့အတွက် ကိလေသာ ရွံ့နွံ အတော်ကြီး သန့်စင်သွားပါပြီ။ ရဟန္တာ ဖြစ်သွားပြီဆိုရင်တော့ ကိလေသာ ရွံ့နွံအညစ်အကြေးတွေ လုံးဝသန့်ရှင်းစင်ကြယ်သွားပြီဖြစ်တဲ့အတွက် အဆင့်အတန်းအမြင့်ဆုံး ကြာလိုလူ ဖြစ်သွားပါပြီ။

http://www.dhammadownload.com



## ကြာဆိုတာနိဗ္ဗာန်ရဲ့သင်္ကေတပါ

မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံပြုခွင့်ရတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိလေသာ ကင်းစင်သွားတယ်ဆိုတာ အာရုံပြုခံရတဲ့ နိဗ္ဗာန် ကိုယ်တိုင်က ကိလေသာ ကင်းစင်နေလို့ပါပဲ။ ကိလေသာကင်းစင်တဲ့ နိဗ္ဗာန်ကို အာရုံပြုရတဲ့အတွက်ကြောင့် အရိယာပုဂ္ဂိုလ်များရဲ့ သန္တာန်မှာ ကိလေသာ ကင်းစင်သွားရခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကြာဆိုတာ နိဗ္ဗာန်ရဲ့ သင်္ကေတလည်း ဖြစ်ပါတယ်။

ကြာဟာ ရွှံ့နွံမှာ၊ ရေမှာ ပေါက်ဖွားပေမယ့် ရွှံ့နွံနဲ့၊ ရေနဲ့ လိမ်းကျံကပ်ငြိခြင်းမရှိသလို နိဗ္ဗာန်ဟာလည်း ရုပ်နာမ်ခန္ဓာကို၊ ဆင်းရဲဒုက္ခကို ရင်းနှီးပြီး ရပေမယ့် ရုပ်နာမ်ခန္ဓာနဲ့၊ ဆင်းရဲဒုက္ခနဲ့ လိမ်းကျံကပ်ငြိခြင်း လုံးဝမရှိပါဘူး။ နိဗ္ဗာန်မှာ ရုပ်နာမ်ခန္ဓာလည်း ဆိတ်သုဉ်းနေသလို ဆင်းရဲဒုက္ခအားလုံးလည်း ချုပ်ဆုံးနေပါတယ်။

ဆင်းရဲဒုက္ခဆိုတာ ရုပ်နာမ်ခန္ဓာရှိလို့ ရှိတာပါ။ ရုပ်နာမ်ခန္ဓာ မရှိရင် ဆင်းရဲဒုက္ခ လုံးဝမရှိပါဘူး။ နိဗ္ဗာန်မှာ ရုပ်နာမ်ခန္ဓာ လုံးဝ

http://www.dhammadownload.com

မရှိတဲ့အတွက် ဆင်းရဲဒုက္ခလည်း လုံးဝမရှိပါဘူး။ ဆင်းရဲဒုက္ခမှန်သမျှ လုံးဝ မရှိခြင်းသည်ပင်လျှင် နိဗ္ဗာန်ရဲ့ တကယ့်အစစ်အမှန် ချမ်းသာပါပဲ။

အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ဒုက္ခ၊ ချစ်သူနဲ့ ကွဲရတဲ့ဒုက္ခ၊ မုန်းသူနဲ့ တွဲရတဲ့ဒုက္ခ၊ ကိုယ်ဆင်းရဲရတဲ့ဒုက္ခ၊ စိတ်ဆင်းရဲရတဲ့ဒုက္ခ၊ စီးပွားရှာရတဲ့ဒုက္ခ၊ ခန္ဓာကိုယ်ပြုပြင်နေရတဲ့ဒုက္ခ . . . အစရှိတဲ့ ဆင်းရဲဒုက္ခတွေအားလုံးဟာ ရုပ်နာမ်ခန္ဓာရှိလို့ ကြုံတွေ့ခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေချည်းပါပဲ။

ရုပ်နာမ်ခန္ဓာသာ မရှိရင် အိုလည်း မအိုရ၊ နာလည်း မနာရ၊ သေလည်း မသေရ ဘယ်လောက်ကောင်းလိုက်ပါသလဲ။ ရုပ်နာမ်ခန္ဓာသာ မရှိရင် ချစ်သူနဲ့လည်း မကွဲရ၊ မုန်းသူနဲ့လည်း မတွဲရ၊ ကိုယ်လည်း မဆင်းရဲရ၊ စိတ်လည်း မဆင်းရဲရ၊ ဘယ်လောက်ချမ်းသာလိုက်ပါသလဲ၊ ရုပ်နာမ်ခန္ဓာသာ မရှိရင် စီးပွားလည်း မရှာရ၊ ခန္ဓာကိုယ်လည်း ပြုပြင်မနေရ၊ ဘယ်လောက် ငြိမ်းအေးလိုက်ပါသလဲ။

တချို့က 'ရုပ်နာမ်ခန္ဓာ မရှိတဲ့ နိဗ္ဗာန်၊ ပျင်းစရာကြီး' လို့ ခပ်ပေါ့ပေါ့ တွေးမိတတ်ကြပါတယ်။ ဆင်းရဲလိုက်တာလို့ ကိုယ်အလွယ်တကူသိတဲ့ ဆင်းရဲဒုက္ခတွေရော၊ ချမ်းသာလိုက်တာလို့ ကိုယ်ထင်မြင်ယူဆနေတဲ့ ဆင်းရဲဒုက္ခတွေရော၊ ဆင်းရဲဒုက္ခအားလုံးဟာ ရုပ်နာမ်ခန္ဓာကြီး ရှိနေလို့ ဖြစ်နေတာလို့ နားလည်သဘောပေါက်မယ်ဆိုရင် ရုပ်နာမ်ခန္ဓာမရှိတဲ့ နိဗ္ဗာန်လောက် လိုချင်စရာကောင်းတဲ့အရာ ဘာမှ မရှိတော့ပါဘူး။

'နိဗ္ဗာန်မှာ ဘာမှ မရှိဘူး' လို့ လူတွေ အလွယ်တကူ ပြောလေ့

http://www.dhammadownload.com

ရှိကြပါတယ်။ နိဗ္ဗာန်မှာ ဘာမှ မရှိတာ မဟုတ်ပါဘူး။ နိဗ္ဗာန်မှာ အကောင်းမှန်သမျှ အကုန်ရှိပါတယ်။ ကိုယ်ကြိုက်လို့ ကောင်းတဲ့ အကောင်းတော့ တစ်ခုမှမရှိပါဘူး။ သူ့သဘာဝအတိုင်း အလိုလိုကောင်းနေတဲ့ အကောင်းကတော့ အားလုံးရှိပါတယ်။

အိုတယ်ဆိုတာ မကောင်းဘူး၊ မအိုဘူးဆိုတာ ကောင်းတယ်၊ အဲဒီ မအိုခြင်းဆိုတဲ့ အကောင်း နိဗ္ဗာန်မှာ ရှိပါတယ်။ နာတယ်ဆိုတာ မကောင်းဘူး၊ မနာဘူးဆိုတာ ကောင်းတယ်၊ အဲဒီ မနာခြင်းဆိုတဲ့ အကောင်း နိဗ္ဗာန်မှာ ရှိပါတယ်။ သေတယ်ဆိုတာ မကောင်းဘူး၊ မသေဘူးဆိုတာ ကောင်းတယ်၊ အဲဒီ မသေခြင်းဆိုတဲ့ အကောင်း နိဗ္ဗာန်မှာ ရှိပါတယ်။

ပင်ပင်ပန်းပန်း စီးပွားရှာရတယ်ဆိုတာ မကောင်းဘူး၊ ပင်ပင်ပန်းပန်း စီးပွားမရှာရဘူးဆိုတာ ကောင်းတယ်၊ အဲဒီ ပင်ပင်ပန်းပန်း စီးပွားမရှာရခြင်းဆိုတဲ့ အကောင်း နိဗ္ဗာန်မှာ ရှိပါတယ်။

အရှင်းဆုံးပြောရရင် ခေါင်းကိုက်တာ ကောင်းလား၊ မကောင်းဘူး၊ ခေါင်းမကိုက်တာ ကောင်းလား၊ ကောင်းတယ်၊ အဲဒီ ခေါင်းမကိုက်ခြင်းဆိုတဲ့ အကောင်း နိဗ္ဗာန်မှာ ရှိပါတယ်။ ခေါင်းကိုက်တဲ့အခါ 'နိဗ္ဗာန်မှာ ငါ အခုခံစားနေရတဲ့ ခေါင်းကိုက်ဝေဒနာ မရှိဘူး' လို့ နှလုံးသွင်းလိုက်ရင် နိဗ္ဗာန်လောက် လိုချင်စရာကောင်းတဲ့ချမ်းသာ ရှိပါဦးမလား။

'မကောင်းတာတွေ တစ်ခုမှ မရှိလို့ ကောင်းတာတော့ ဟုတ်ပါပြီ၊ ကောင်းတာတွေလည်း ဘာမှ မရှိတော့ တကယ်ကောင်းတာ ဟုတ်နိုင်ပါ့မလား' လို့ မေးစရာ ရှိပါတယ်။ ကိုယ်ကြိုက်လို့ ကောင်း

http://www.dhammadownload.com

တယ် သတ်မှတ်ထားတဲ့ အကောင်းတွေကတော့ နိဗ္ဗာန်မှာ တစ်ခုမှ မရှိပါဘူး။

သီချင်းကြိုက်တဲ့သူက 'နိဗ္ဗာန်မှာ သီချင်းမှ မရှိတာ၊ ဘယ်လိုလုပ် ကောင်းမှာလဲ' လို့ မေးစရာ ရှိပါတယ်။ သီချင်းကို ကိုယ်က ကြိုက်လို့ သီချင်းကို ကိုယ်က အကောင်းထင်နေတာပါ။ သီချင်းဟာ တကယ်တော့ သူ့သဘာဝအတိုင်း ကောင်းနေတဲ့ တကယ့်အကောင်း မဟုတ်ပါဘူး။ အဘက်ဘက်က အစမ်းသပ်ခံနိုင်တဲ့ အကောင်းအစစ် မဟုတ်ပါဘူး။

ကိုယ်သိပ်ကြိုက်ပါတယ်ဆိုတဲ့သီချင်း နှစ်ဆယ့်လေးနာရီ တစ်နေ့လုံး စက္ကန့်မလပ် နားထောင်နိုင်ပါ့မလား၊ နားမထောင်နိုင်ပါဘူး။ တစ်ရက်တလေ နားထောင်နိုင်တယ်ထား၊ နေ့စဉ်ရက်ဆက်၊ လစဉ်နှစ်ဆက်၊ တစ်စက္ကန့်မှ မနားဘဲ တောက်လျှောက် နားထောင်လို့ ရပါ့မလား၊ မရပါဘူး။ သီချင်းနားထောင်ရတဲ့ ချမ်းသာဆိုတာ ရိုးအီသွားတဲ့ ချမ်းသာပါ။ ငြီးငွေ့သွားတဲ့ ချမ်းသာပါ။

သီချင်းနားထောင်နိုင်ဖို့ ငွေရှာရတဲ့ဒုက္ခ၊ အခွေဝယ်ရတဲ့ဒုက္ခ၊ ခလုတ်ဖွင့်ရတဲ့ဒုက္ခ စတဲ့ဒုက္ခတွေလည်း ရှေ့မှာ ဝိုင်းရံနေပါတယ်။ အချိန်ကုန် အလုပ်ပျက်တဲ့ဒုက္ခ၊ နားစည်ပျက်တဲ့ဒုက္ခ၊ ခံစားချက်နဲ့ စိတ်နှလုံး ပင်ပန်းနွမ်းနယ်ရတဲ့ဒုက္ခ စတဲ့ဒုက္ခတွေလည်း နောက်မှာ ဝိုင်းရံနေပါတယ်။ စတိတ်ရှိုးတို့ ဘာတို့မှာ သွားနားထောင်မယ်ဆိုရင် ပိုပြီးတောင် ဒုက္ခကြီးပါသေးတယ်။ ရှေ့ပိုင်းမှာ လက်မှတ်ဝယ်ရတဲ့ဒုက္ခ စတဲ့ဒုက္ခတွေ၊ နားထောင်ဆဲ (အလယ်) မှာ နားငြီး နားပူ နားဆူတဲ့ ဒုက္ခ စတဲ့ဒုက္ခတွေ၊ နောက်ပိုင်းမှာ ရန်ဖြစ်တာ၊ ထိုးကြိတ်ခံရတာ

http://www.dhammadownload.com

စတဲ့ဒုက္ခတွေ၊ သီချင်းနားထောင်ရတဲ့ချမ်းသာရဲ့ ရှေ့နောက်ဝဲယာမှာ ဒုက္ခတွေ ပတ်လည်ဝိုင်းနေပါတယ်။

တစ်ကြိမ်တစ်ခါ သီချင်းနားထောင်ထားတဲ့ အရသာ တစ်သက်လုံး တည်မြဲနေတယ်လို့လည်း မရှိဘူး။ နားထောင်ပြီးတာနဲ့ ကုန်ပျောက်ပျက်စီးသွားတယ်။ တစ်ခါ နားထောင်ပြီး နောက်တစ်ခါ ထပ်နားထောင်ရ၊ အကြိမ်ကြိမ်အခါခါ ထပ်တလဲလဲ နားထောင်နေရပါတယ်။ သီချင်းနားထောင်ရတဲ့ချမ်းသာဟာ ကုန်ပျောက်ပျက်စီးခြင်းမှာပဲ အဆုံးသတ်ပါတယ်။

ချမ်းသာတစ်ခုဟာ ရိုးလည်းရိုးအီသွားတယ်၊ ဒုက္ခတွေလည်း ပတ်လည်ဝိုင်းနေတယ်၊ ကုန်ပျောက်ပျက်စီးခြင်းမှာလည်းပဲ အဆုံးသတ်တယ်ဆိုရင် အဲဒီချမ်းသာဟာ ချမ်းသာအစစ်မဟုတ်ပါဘူး။ အဲဒီအကောင်းဟာ တကယ့်အကောင်းမဟုတ်ပါဘူး၊ အကောင်းအစစ်မဟုတ်ပါဘူး။ ကိုယ်ကြိုက်လို့ ကောင်းနေတဲ့၊ ကိုယ်ကြိုက်လို့ ကောင်းတယ်ထင်နေတဲ့ အလကားအကောင်းမျှသာ ဖြစ်ပါတယ်၊ အကောင်းအတုမျှသာဖြစ်ပါတယ်။ နိဗ္ဗာန်မှာ အလကားအကောင်း၊ အကောင်းအတုကတော့ လုံးဝမရှိပါဘူး။ တကယ့်အကောင်း၊ အကောင်းအစစ်ကတော့ အားလုံးရှိပါတယ်။

အကောင်းတစ်ခုကို အကောင်းအစစ်လား၊ အကောင်းအတုလား သိချင်ရင် ဒီ သုံးချက်နဲ့ စစ်ဆေးကြည့်လိုက်ပါ။ ရိုးအီတတ်သလား၊ ဒုက္ခဝိုင်းနေသလား၊ ပျက်စီးတတ်သလား . . . လို့။ မရိုးအီတတ်ဘူး၊ ဒုက္ခ ဝိုင်းမနေဘူး၊ ဘယ်တော့မှ မပျက်စီးနိုင်ဘူးဆိုရင်တော့ အကောင်းအစစ်ပါပဲ။ ရိုးအီတတ်တယ်၊ ဒုက္ခဝိုင်းနေတယ်၊ ပျက်စီးခြင်း

http://www.dhammadownload.com

မှာ အဆုံးသတ်တယ်ဆိုရင် အကောင်းအတုပါပဲ။

• နိဗ္ဗာန်ချမ်းသာဟာ ဘယ်လောက်ပဲ ခံစားခံစား၊ ဘယ်တော့မှ ရိုးအီမသွားနိုင်တဲ့ ချမ်းသာပါ။ တစ်နာရီဆက်တိုက် ခံစားလည်း မဝ၊ တစ်နေ့လုံးဆက်တိုက် ခံစားလည်း အားမရ၊ တစ်ပတ်လုံး၊ တစ်နှစ်လုံး၊ တစ်သက်လုံး အဆက်မပြတ် ဆက်တိုက် ခံစားလည်း မတင်းတိမ်နိုင်လောက်အောင်ကို ကောင်းပါတယ်။

ဘယ်အချိန် ခံစားခံစား ကောင်းလွန်းလို့ မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါ တရားနာပရိသတ်က သူတို့အထူးကြိုက်တဲ့ နေရာရောက်လို့ သာဓုသုံးကြိမ် ခေါ်လိုက်တိုင်း ပရိသတ် သာဓုခေါ် နေစဉ် စက္ကန့်ပိုင်း အချိန်လေးမှာ မြတ်စွာဘုရား နိဗ္ဗာန်ချမ်းသာကို အာရုံပြု ခံစားတော်မူပါတယ်။

'နိဗ္ဗာန်ချမ်းသာကို ခံစားတယ်' လို့ ပုဂ္ဂိုလ်နဲ့တွဲပြီး စကားအရ သုံးနှုန်းပေမယ့် နိဗ္ဗာန်ချမ်းသာဟာ ခံစားမှုချမ်းသာ မဟုတ်ပါဘူး၊ ငြိမ်းအေးမှုချမ်းသာပါ။ ခံစားမှုချမ်းသာတွေဟာ ရုပ်နာမ်နဲ့ ယှဉ်တွဲနေတဲ့အတွက် ဒုက္ခလည်း မကင်းပါဘူး။ ငြိမ်းအေးမှုသက်သက် ချမ်းသာကတော့ ရုပ်နာမ်လုံးဝမရှိတဲ့အတွက် ဒုက္ခအားလုံး ကင်းရှင်းနေပါတယ်။

ဖြစ်ပြီးရင် ပျက်တတ်တဲ့သဘောရှိတဲ့ ရုပ်နာမ်တွေ လုံးဝမရှိတဲ့အတွက် နိဗ္ဗာန်ချမ်းသာဟာ ဘယ်တော့ဆို ဘယ်တော့မှ မပျက်စီးတော့ပါဘူး။ အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေပါတယ်။ ဖယောင်းတိုင်မီး ငြိမ်းသွားရင် အဲဒီ ငြိမ်းသွားတဲ့ သဘောလေးမှာ ဘယ်တော့မှ အပူဓာတ် မကူးစက်တော့သလိုပါပဲ။

http://www.dhammadownload.com

## ကြာဆိုတာအပါယ်လွတ်ခြင်းရဲ့သင်္ကေတ သံသရာလွတ်ခြင်းရဲ့သင်္ကေတပါ

မြတ်စွာဘုရားရှင်လက်ထက်တုန်းက 'ကေပဒုမိယမထေရ်' ဆိုတဲ့ ရဟန္တာအရှင်မြတ်ကြီးတစ်ပါး ရှိပါတယ်။ အဲဒီ အရှင်မြတ်ရဲ့ ရဟန္တာဖြစ်ကြောင်း ရှေးကောင်းမှု မူရင်း အစကတော့ ကြာပန်းလှူဒါန်းရတဲ့ ကောင်းမှုပါပဲ။

လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်း ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် ဟင်္သာမင်းဖြစ်ခဲ့စဉ် ဘဝတုန်းက ဇာတဿရအိုင်မှာ ရေကစားနေစဉ် ကောင်းကင်ခရီးကနေ မြတ်စွာဘုရား ဒေသစာရီ ကြွချီနေတာကို ဖူးမြင်ရတဲ့အခါ လွန်စွာ ကြည်ညိုမိတဲ့အတွက် ပွင့်ချပ်တစ်ရာရှိတဲ့ ပဒုမ္မာကြာပန်းတစ်ပွင့်ကို အညာကနေ ချိုးဖြတ်၊ နှုတ်သီးနဲ့ ကိုက်ချီပျံတက်ပြီး ကောင်းကင်ပေါ်မှာ မြတ်စွာဘုရားရှင်ကို လှူဒါန်းပူဇော်ခဲ့ပါတယ်။

ပဒုမုတ္တရ မြတ်စွာဘုရားရှင်ကလည်း ဟင်္သာငှက်မင်း လှူ

http://www.dhammadownload.com

ဒါန်းတဲ့ ပဒုမ္မာကြာပန်းကို အလှူခံယူတော်မူပြီး ကောင်းကင်ထက်မှာ မတ်တတ်ရပ်တော်မူရင်းနဲ့ပဲ ပန်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်။

'ဒီ ပဒုမ္မာကြာပန်းတစ်ပွင့် လှူဒါန်းရတဲ့ ကောင်းမှုကြောင့်ရော၊ သင့် စေတနာရဲ့ တောင့်တမှုကြောင့်ရော သင်ဟာ ကမ္ဘာတစ်သိန်းပတ်လုံး ဖရိုဖရဲ ပျက်စီးကျရောက်ရာနေရာဖြစ်တဲ့ အပါယ်လေးပါးကို ဘယ်တော့မှ လားရောက်ရမှာ မဟုတ်တော့ပါဘူး'

လို့လည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလိုက်ပါတယ်။

ဟင်္သာငှက်မင်းဟာ ပဒုမ္မာကြာပန်းတစ်ပွင့် လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုကြောင့် အဲဒီဘဝက စပြီး ကမ္ဘာတစ်သိန်းကာလ ပတ်လုံး အပါယ်လေးပါးကို လုံးဝ မလားရောက်ခဲ့ရတော့ပါဘူး။ လူ့ပြည်၊ နတ်ပြည် ကောင်းရာသုဂတိဘုံတွေမှာပဲ အစုန်အဆန် ကျင်လည်ပြီး လူ့ချမ်းသာ၊ နတ်ချမ်းသာတွေကို ကြီးကြီးကျယ်ကျယ် မွန်မွန်မြတ်မြတ် ခံစားခဲ့ရပါတယ်။

ဦးဇင်းတို့ရဲ့ ဂေါတမမြတ်စွာဘုရားလက်ထက်မှာတော့ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့နဲ့တကွ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်တဲ့ ရဟန္တာအရှင်မြတ်ကြီးတစ်ဆူ ဖြစ်လာခဲ့ပါတယ်။ အခုအချိန်မှာတော့ ရုပ်နာမ်ခပ်သိမ်း ချုပ်ပြတ်ငြိမ်းပြီး ဘယ်တော့မှ မပျက်စီးနိုင်ဘဲ အစဉ်ထာဝရ တည်မြဲနေတဲ့ နိဗ္ဗာန်ချမ်းသာကို အပြီးအပိုင် ရရှိသွားပါပြီ။

ကြာလှူခဲ့တဲ့ ဟင်္သာ သံသရာမှာ မကြာရတော့ပါဘူး။ သံသရာကနေ အပြီးတိုင် လွတ်မြောက်သွားပါပြီ။ ကြာလှူရင် ကြာတတ်

http://www.dhammadownload.com

တယ်လို့ ယူဆနေတဲ့ ကိုဟဝှါတို့၊ မဟိုဒင်းတို့ အခုအချိန်ထိ သံသရာမှာ ကြာနေတုန်းပါပဲလား။

'သူလည်း သံသရာမှာ ကမ္ဘာတစ်သိန်းတောင် ကျင်လည်ခဲ့ရတာဆိုတော့ ကြာတာပဲ မဟုတ်လား' လို့ မေးစရာ ရှိပါတယ်။ ကမ္ဘာတစ်သိန်း သံသရာမှာ ကြာနေတာဟာ ကြာလှူလို့ မဟုတ်ပါဘူး။ သစ္စာလေးပါး မသိသေးလို့ပါ၊ ပါရမီ မပြည့်သေးလို့ပါ၊ ကိလေသာ ရှိနေသေးလို့ပါ။

ဟင်္သာမင်းသာ အဲဒီတုန်းက ကြာမလှူခဲ့ရင် ခုချိန်ထိ သံသရာမှာ ကြာနေဦးမှာပါ။ ကြာလှူဖို့ အခြေအနေပေးတဲ့အချိန် ကြာလှူခဲ့လို့ အခုလို သံသရာမှာ မကြာတော့ဘဲ လွတ်မြောက်သွားခဲ့ရတာပါ။ မြတ်စွာဘုရားကို ကြည်ညိုတဲ့စိတ်နဲ့ မြတ်စွာဘုရားသိတဲ့ သစ္စာလေးပါး သိပါစေလို့ ဆုတောင်း စိတ်ညွတ်ခဲ့တာလည်း ပါတာပေါ့။ နိဗ္ဗာန်ကို ရည်စူးပြီးပြုတဲ့ ကြာအလှူကုသိုလ်က နိဗ္ဗာန်ကို ပို့ပေးတာပါပဲ။

ကေပဒုမိယမထေရ်လိုပဲ ကြာလှူခဲ့လို့ သံသရာက လွတ်မြောက်သွားတဲ့ ရဟန္တာမထေရ်တွေ၊ ရဟန္တာထေရီမတွေ မရေမတွက်နိုင်အောင် အများကြီး ရှိပါတယ်။ သူတို့အားလုံး ကြာပန်းလှူရတဲ့အချိန်၊ ကြာပန်းလှူရတဲ့ ကမ္ဘာက စပြီး ရဟန္တာဖြစ်တဲ့ ဘဝအထိ အပါယ်လေးပါး လုံးဝ မလားရောက်ရဘဲ လူ့ပြည်၊ နတ်ပြည်တွေမှာ လူ့ချမ်းသာ၊ နတ်ချမ်းသာတွေ ခံစားခဲ့ကြရတာချည်းပါပဲ။

ကြာပန်းလှူခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ စ,လှူခဲ့တဲ့ဘဝ၊ စ,လှူခဲ့တဲ့ ကမ္ဘာပေါ် မူတည်ပြီး ကမ္ဘာဆယ်ဂဏန်း၊ ကမ္ဘာရာဂဏန်း၊

http://www.dhammadownload.com

ကမ္ဘာထောင်ဂဏန်း၊ ကမ္ဘာသောင်းဂဏန်း၊ ကမ္ဘာသိန်းဂဏန်း ကာလ ပတ်လုံး အပါယ်လေးပါး မလားရောက်ခဲ့ရပါဘူး။

ဆင်ဖြစ်ခဲ့စဉ်ဘဝတုန်းက ဝေဿဘူမြတ်စွာဘုရားကို ကြာစွယ် ကြာရင်းတွေ လှူဒါန်းခဲ့ဖူးတဲ့ 'ဘိသဒါယကမထေရ်' က သုံးဆယ့်တစ်ကမ္ဘာ၊

မာတင်္ဂဆင်မျိုးမှာ ဆင်ဖြစ်ခဲ့စဉ်တုန်းက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ကြည်ညိုလွန်းလို့ ပဒုမ္မာ ကြာဝတ်ဆံတွေနဲ့ ကြဲဖြန့်ပူဇော်ခဲ့ဖူးတဲ့ 'ပဒုမကေသရိယမထေရ်' က ကိုးဆယ့်တစ်ကမ္ဘာ၊

အမျိုးကောင်းသားတစ်ဦးဖြစ်ခဲ့စဉ် ကောင်းကင်ခရီး ကြွမြန်းနေတဲ့ ဖုဿမြတ်စွာဘုရားကို ပဒုမ္မာ ကြာပန်းနဲ့ ကောင်းကင်ပေါ် မြှောက်ချီပူဇော် လှူဒါန်းခဲ့ဖူးတဲ့ 'ပဒုမပုပ္ဖိယမထေရ်' က ကိုးဆယ့်နှစ်ကမ္ဘာ၊

ပန်းသည်အမျိုးသားတစ်ဦးဖြစ်ခဲ့စဉ်တုန်းက သိဒ္ဓတ္ထမြတ်စွာဘုရားကို ကြာပန်းစည်း လှူဒါန်းခဲ့ဖူးတဲ့ 'ဥပ္ပလဟတ္ထိယမထေရ်' က ကိုးဆယ့်လေးကမ္ဘာ၊

တောကြီးတစ်ခုထဲမှာ သားမုဆိုး ဖြစ်ခဲ့စဉ်ဘဝတုန်းက ပိယဒဿီမြတ်စွာဘုရား ခုနစ်ရက်တာ သီတင်းသုံးဖို့အတွက် ပဒုမ္မာကြာပန်းကြီးတွေနဲ့ အမိုးမိုးထားတဲ့ ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပြီး ကြာပန်းအဟောင်း နွမ်းတိုင်း ကြာပန်းအသစ် လဲလှယ်တဲ့စနစ်နဲ့ ပဒုမ္မာကြာပန်းအမိုးကြီးတွေ ခုနစ်ရက်တိုင်တိုင် လှူဒါန်းခဲ့ဖူးတဲ့ 'ပဒုမကူဋာဂါရိယမထေရ်' က ကမ္ဘာပေါင်း တစ်ထောင့်ရှစ်ရာ၊

စသည်အားဖြင့် ကြာပန်း , ကြာဖူး၊ ကြာရင်း , ကြာစွယ်၊

http://www.dhammadownload.com

ကြာချည် , ကြာဝတ်ဆံ . . . . စတဲ့ ကြာနဲ့ ပတ်သက်တာတွေ လှူဒါန်းပြီး ကမ္ဘာပေါင်း ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်းကာလပတ်လုံး အပါယ်လေးပါးက လွတ်မြောက်ခဲ့ရပါတယ်။

ကြာအလှူကြောင့် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ လူ့မင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်တွေကို အကြိမ်ကြိမ် ခံစားပြီး ပါရမီပြည့်ဝသွားတဲ့ နောက်ဆုံးတစ်နေ့၊ ဦးဇင်းတို့ ဘုရားလက်ထက်မှာတော့ အဘိညာဥ်တန်ခိုးတွေ၊ ပဋိသမ္ဘိဒါဉာဏ်တွေနဲ့အတူ နိဗ္ဗာန်ကို အပြီးတိုင် မျက်မှောက်ပြုနိုင်ခဲ့ကြပါတယ်။

ပြင်ပလောက ရွှံ့နွံထဲမှာရှိတဲ့ကြာဟာ ရွှံ့နွံထဲကနေ ပေါက်ဖွားပေမယ့် ရွှံ့နွံနဲ့ လိမ်းကျံကပ်ငြိခြင်း မရှိဘဲ သန့်ရှင်းစင်ကြယ်နေသလို ကြာပန်းအလှူ၊ ကြာစွယ် , ကြာဝတ်ဆံ စတဲ့ ကြာထွက်ပစ္စည်းအလှူ လှူခဲ့ဖူးတဲ့ ကြာအလှူရှင်ပုဂ္ဂိုလ်ဟာလည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးပါး ရွှံ့နွံတွေနဲ့ လိမ်းကျံကပ်ငြိခြင်း မရှိဘဲ လူ့ဘုံ၊ နတ်ဘုံ အဆင့်အတန်းမြင့် ဘဝတွေမှာပဲ ချမ်းချမ်းသာသာ ကျင်လည်ရပါတယ်။

နောက်ဆုံးမှာတော့ ရုပ်နာမ်ခန္ဓာ ရွှံ့နွံတွေနဲ့ပါ မလိမ်းကျံမကပ်ငြိတော့ဘဲ ရုပ်နာမ်ချုပ်ရာ နိဗ္ဗာန်ချမ်းသာမှာ အစဉ်ထာဝရချမ်းသာခွင့် ရသွားပါတယ်။ ဒါကြောင့် ကြာဆိုတာ အပါယ်လေးပါး လွတ်ကင်းခြင်းရဲ့ သင်္ကေတ၊ ရုပ်နာမ်ခန္ဓာ သံသရာဆင်းရဲအားလုံး ချုပ်ဆုံးငြိမ်းအေးခြင်းရဲ့ သင်္ကေတဖြစ်ပါတယ်။

■

http://www.dhammadownload.com

## အပ္ပမာဒေန သမ္ပာဒေထ

ကြာလိုလူ တရားတော်ကို ကြားနာကြရတဲ့ တရားနာ ပရိသတ်များ ကြာကဲ့သို့ သန့်ရှင်းစင်ကြယ်အောင်၊ ကြာကဲ့သို့ လှပတင့်တယ်အောင်၊ ကြာကဲ့သို့ မြင့်မြတ်ကြီးကျယ်အောင်၊ ကြာကဲ့သို့ အထက်တန်းကျ အထွတ်အထိပ်ရောက်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။

အားထုတ်နိုင်ကြတဲ့ အတိုင်းလည်းပဲ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် တက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့် တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ 'ကြာလိုလူ' တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံးစကားတစ်ခွန်းနဲ့ တရားနိဂုံး ချုပ်ပါတော့

http://www.dhammadownload.com

မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။


သာဓု .. သာဓု .. သာဓု ပါဘုရား။



၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၀)ရက်၊ ရန်ကုန်မြို့ ရှစ်မိုင် သဒ္ဓမ္မရံသီရိပ်သာ၌ ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com



အိပ်မက် မက်နေတုန်းက
ကြည်နူးခဲ့ရတဲ့ချမ်းသာ
အိပ်မက် မက်ပြီးတဲ့အချိန်
ပြန်စဉ်းစားကြည့်၊
ဘာမှ မည်မည်ရရ
အရသာမတွေ့တော့ပါဘူး၊
အားလုံး ဝိုးတိုးဝါးတားနဲ့
ပျောက်ပျက်သွားပါပြီ။
ကာမဂုဏ်ချမ်းသာမှန်သမျှ
ဘာမှ မိမိရရ ထိထိရှရှ မရှိပါဘူး၊
အားလုံး ဝိုးတိုးဝါးတား
မှုန်တုံမွားတားတွေချည်းပါပဲ။

http://www.dhammadownload.com

# ဓမ္မသဿဝနကုသိုလ်

(၁)

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးခါစ အဇပါလသတ္တာဟ၌ စံနေတော်မူစဉ် 'ရိုသေကျိုးနွံရမည့်သူ မရှိဘဲ နေသည်မှာ ဆင်းရဲလှ၏။ မည်သူ့ကို အရိုအသေအကျိုးအနွံ ဖြစ်ရပါမည်နည်း' ဟု စဉ်းစားကြံစည်မိလေသည်။

ထို့နောက် ဘုံသုံးပါးကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဖြန့်ကြက် ဆင်ခြင် ကြည့်ရှုသောအခါ ဘုရားရှင်ထက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိဂုဏ် သာလွန်သူကို မတွေ့ရပေ။ ထိုအခါ ဘုရားရှင်သည် 'ငါသည် မိမိထိုးထွင်း၍ သိပြီးသော တရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍ နေရမူ ကောင်းလေစွ' ဟု အကြံအစည် ဖြစ်တော်မူလေသည်။

ဤသို့အားဖြင့် တရားတော်သည်ပင်လျှင် ဘုရားရှင်၏ အလေးအမြတ် ရိုသေရာဖြစ်ခဲ့သည်မှာ ထင်ရှားလှပေသည်။

တရားတော်၏ ဂုဏ်ဒြပ်ကား ကြီးမားလှပေစွ။

http://www.dhammadownload.com

(၂)

ဘုရားရှင်သည် သတ္တသတ္တာဟ လွန်မြောက်ပြီး ရက်ငါးဆယ် ပြည့်၍ အဇပါလညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေစဉ်၌လည်း စိတ်အကြံတစ်ခု ဖြစ်တော်မူပြန်၏။

'ငါကိုယ်တော်တိုင် သိမြင်ခဲ့ရသော သစ္စာလေးပါး တရား အစုသည် လွန်စွာသိနိုင်ခဲလှ၏။ ငြိမ်းချမ်းလှ၏။ မွန်မြတ်လှ၏။ သိမ် မွေ့လှ၏။ အကျင့်မှန်ကို ကျင့်ကြံသော ပညာရှိတို့သာ တွေ့မြင်နိုင်၏။

သတ္တဝါအပေါင်းသည် အာရုံငါးပါး၊ ကာမဂုဏ်တရားတို့နှင့် မွေ့လျော်နေ၏။ ထို့ကြောင့် အကြောင်းအကျိုးဆက်စပ်နေသည့် ပဋိစ္စ သမုပ္ပါဒ်ကို သိမြင်နိုင်ဖို့ ခက်လှ၏။ ထို့ထက် ကိလေသာတို့ ချုပ်ငြိမ်း ရာ နိဗ္ဗာန်ကို သိမြင်နိုင်ဖို့ ပိုခက်၏။

ဤမျှ နက်နဲလှသော တရားတို့ကို ဟောကြားသည့်အခါ ဣန္ဒြေမရင့်ကျက်သော နတ်၊ လူတို့ နာကြား၍ မသိမြင်၊ နားမလည် နိုင်လျှင် ငါဘုရားအတွက် ပင်ပန်းရုံသာ ရှိချိမ့်မည်'

ဤသည်မှာ တရားတော်၏ တန်ဖိုးကို သဗ္ဗညုတ ရွှေဉာဏ် တော်ဖြင့် သိမြင်နားလည်သော ဘုရားရှင်၏ တန်ဖိုးထားမှုပင်တည်း။ သို့သော် မဟာကရုဏာရှင်ပီပီ၊ အချိန်ကျသည့်အခါ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အနန္တတို့အား တရားရေအေးကို လေးဆယ့်ငါးဝါ ကာလပတ် လုံး မပြတ်တိုက်ကျွေးခဲ့သည်သာ။ တရားတော်၏ တန်ဖိုးကား ကြီး မားလှပေစွ။

(၃)

နှင်းမှုန်နှင်းငွေ့တို့ကြားမှာပင် နန္ဒမထေရ်၏ တရားဟောသံ

http://www.dhammadownload.com

သည် လွင့်ပျံ့လာ၏။ ဘုရားရှင်သည် နန္ဒမထေရ်၏ တရားဟောကြားရာ ဆွမ်းစားဆောင်ဆီသို့ ညီတော် အာနန္ဒာနှင့်အတူ ကြွမြန်းလေသည်။ ဆောင်းနှင်းမှုန်တွေ ရိုက်ခတ်နေသဖြင့် ဆွမ်းစားဆောင် တံခါးတွေ ပိတ်ထား၏။ ဟနေသော တံခါးမကြီး၏ တံခါးနှစ်ချပ်ကြားမှ အရှင် နန္ဒမထေရ်၏အသံသည် ကြည်ကြည်လင်လင် ထွက်ပေါ်နေသည်။

အထဲမှာ တရားနာပရိသတ်ကြီး ရှိနေသည်။ ဆောင်းည၏ အေးစိမ့်မှု၊ တိတ်ဆိတ်မှုသည် ပတ်ဝန်းကျင်ကို ကြီးစိုးနေသည်။ နန္ဒမထေရ်၏ အသံတစ်ခုတည်းထွက်ပေါ်နေခြင်းမှာ ပရိသတ်၏ တရားအပေါ် စူးစိုက်မှု မည်မျှကြီးမားသည်ကို ဖော်ပြနေသည်။

ညီတော် အာနန္ဒာက ဆွမ်းစားဆောင်တွင်းသို့ ဟနေသော တံခါးဝမှ ဝင်ရန် ဘုရားရှင်ကို လျှောက်ထားလိုက်သည်။ ဘုရားရှင်သည် အဆောင်တွင်းသို့ ဝင်တော်မမူပေ။ ညီတော် အာနန္ဒာကို လက်ဖြင့် ကာပြတော်မူကာ နန္ဒမထေရ်၏ တရားကို ဆွမ်းစားဆောင် အပြင်မှပင် နာကြားနေသည်။

ဆောင်းနှင်းခါးတွေ ရိုက်ခတ်နေသည့်ကြားမှပင် ဘုရားရှင်သည် ခန္ဓာဝန်၏ ဒဏ်ရာဒဏ်ချက်ကို သည်းခံတော်မူကာ တရားကို ဆက်နာနေသည်။ ညဉ့်ဦးယံ ပြီးဆုံးသွားပြီ။ ဓမ္မကထိက နန္ဒမထေရ်၏ တရားကား အဆုံးမသတ်သေး။ ညီတော် အာနန္ဒာက နားတော်မူပါရန် လျှောက်ထားသော်လည်း ဘုရားရှင်က ငြင်းပယ်တော်မူသည်။

ညဉ့်လယ်ယံသို့ ရောက်လာသည်။ နန္ဒမထေရ်၏ တရားပွဲကား မပြီးဆုံးသေး။ အပြင်တွင် ဆောင်းနှင်းခါးတွေ ရိုက်သဖြင့် ဘုရားရှင်၏ သက်န်းတော်တို့ပင်လျှင် စိုစွတ်လာချေပြီ။ ဘုရားရှင်၏

http://www.dhammadownload.com

ကိုယ်တော်သည်ပင်လျှင် အေးစိမ့်ထုံကျဉ်လာချေပြီ။ နန္ဒမထေရ်ကား တရားဟော ကောင်းနေဆဲ။ ဘုရားရှင်ကလည်း တရားနာ၍ ကောင်းနေဆဲ။

မိုးသောက်ယံသို့ ရောက်လာသည်။ အရှေ့ဘက်တွင် ရောင်နီတွေသမ်းလာပြီ။ ထိုအခါမှ နန္ဒမထေရ်တရားပွဲကား ပြီးဆုံးသွားသည်။ ဘုရားရှင် ဆွမ်းစားဆောင်အတွင်းသို့ ကြွမြန်းဝင်ရောက်လာမှ နန္ဒမထေရ်သည် ပြင်ပဆောင်းနှင်းဒဏ်ကြားတွင် တစ်ညလုံးသည်းခံတော်မူကာ တရားနာနေခဲ့သည့် ဘုရားရှင်၏စိတ်ဓာတ်ကို သိရသည်။

ထိုအခါ ဘုရားရှင်၏ တရားတော်ကို တန်ဖိုးထား မြတ်နိုးတတ်ပုံ၊ သူတစ်ပါး တရားဟော အရှိန်ပျက်မှာစိုး၍ ဆွမ်းစားဆောင်အတွင်းမဝင်ဘဲ ပြင်ပမှ တရားနာခဲ့ပုံ၊ တရားနှင့်ပတ်သက်၍ ဘုရားရှင်ကိုယ်တော်တိုင် တပည့်သား ရဟန်းသံဃာအပေါ် ချီးမြှင့်ပုံ၊ ကိုယ်တော်တိုင် တရားတော်ကို ဖော်ထုတ်၍ စတင်ဟောကြားသူ ဖြစ်ခဲ့ပါလျက် သူတစ်ပါး ဟောကြားသည်ကို တလေးတစား နာခဲ့သည်အထိ တရားအပေါ်၌ အလေးအမြတ်ပြုပုံ၊ တရားဟူသည် သူ့တရား၊ ငါ့တရားမရှိ၊ သဘာဝတရား သက်သက်သာ ဖြစ်သည်ဟု ဘုရားရှင်က စိတ်ဓာတ်နှင့်လုပ်ရပ် တွဲ၍ သက်သေပြသွားခဲ့ပုံတို့ကို နန္ဒမထေရ်သည် ဆင်ခြင် တွေးဆမိသွားသည်။

'တံခါးအပြင်ဘက်တွင် ဘုရားရှင် ရှိနေမှန်း သိပါက ဤမျှလောက် ဟောပြဝံ့မည် မဟုတ်ပါဘုရား' ဟု နန္ဒမထေရ်က လျှောက်ထားလိုက်သည်။ ဘုရားရှင်က ပြုံးတော်မူလေသည်။

တရားတော်၏ ဂုဏ်ကျေးဇူးကို ဘုရားရှင်ကိုယ်တော်တိုင်

ချီးမြှောက်တော်မူခဲ့ပါလား။

တရားတော်၏ဂုဏ်ကျေးဇူးကား 'အနှိုင်းမဲ့'လေစွ။

(၄)

အပ္ပမာဒ ဓမ္မရသ မဂ္ဂဇင်းတွင် အနှိုင်းမဲ့ ဟောစဉ်တရားများ ရေးသား ချီးမြှင့်တော်မူနေသော ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)ကို တရားတော်၏ ဂုဏ်ကျေးဇူးများကို အနှိုင်းမဲ့ ဟောစဉ်တရားတစ်ခုအဖြစ် ရေးသားချီးမြှင့်ပေးပါရန် လျှောက်ထားမည်ဟု စိတ်ကူးနေစဉ်မှာပင် အိမ်သို့ ဖိတ်စာတစ်စောင် ရောက်လာသည်။ 'တရားပွဲဖိတ်စာ'။

ခေတ်စကားနှင့်ဆိုရသော် ဖိတ်စာက အပျံစား။ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၏ အထူးတရားပွဲ တဲ့။ ကျင်းပမည့် နေရာက စမ်းချောင်း မြို့နယ်၊ အောင်ချမ်းသာ ရပ်ကွက်၊ သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်။ ၂၈-၃-၂၀၀၀ ပြည့်နှစ်၊ ည (၇)နာရီ။

ဖိတ်စာက ရောင်စုံ ကွန်ပျူတာဒီဇိုင်း၊ 'ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း' ပါသည်။ 'ဆရာတော့်ဆန္ဒ' ပါသည်။ ပြီးတော့ ဆရာတော် နှစ်သက်မြတ်နိုးသည့် ကြာပွင့်ကြီးသည် ငွားငွားစွင့်စွင့် ပွင့်လန်းလျက် ဖိတ်စာအပေါ်တွင် အထင်းသား။ ဆရာတော်၏ ဆန္ဒသုံးချက်ကို ဖတ်လိုက်မိသည်။

(၁) လောကမှာ ကာမဂုဏ်ချမ်းသာနဲ့ တရားဓမ္မချမ်းသာလို့ ချမ်းသာနှစ်မျိုးရှိတဲ့အထဲက တရားဓမ္မချမ်းသာနဲ့ပဲ ပျော်မွေ့ချင်တယ်။

http://www.dhammadownload.com

(၂) လူ့ဘဝထက် ရဟန်းဘဝက အများအကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဖြူဖြူစင်စင် ဆောင်ရွက်နိုင်တယ်။

(၃) မိဘကျေးဇူးကို အမြတ်ဆုံးနည်းနဲ့ ဆပ်ချင်တယ်။

ဆရာတော်သည် သူ့ဆန္ဒပါအတိုင်း သူကိုယ်တိုင် ဖြည့်ဆည်းကျင့်ကြံဆောင်ရွက်နေပြီတည်း။ ကျွန်တော်က ဆရာတော်ကို အဝေးမှအားကျကြည်ညိုနေရသည်။ ယခင်တလောက ဆရာတော် တစ်ပါးတည်း ဧကစာရီတောရဆောက်တည်ရာ သထုံမြို့၊ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်းသို့ ကျွန်တော်လိုက်သွားခဲ့မိသေးသည်။ နေ့ပရိယတ်၊ ည ပဋိပတ်အလုပ်နှင့် တစ်ပါးတည်း တောရဆောက်တည်နေသော ဆရာတော်၏ လက်ရှိ ဘဝနေမှုပုံစံကို ကြည်ညိုအားကျမိခဲ့ရသည်။

ဆရာတော်နှင့် ကျွန်တော်သည် ထူးခြားတိုက်ဆိုင်စွာ မွေးရက်၊ မွေးလ တစ်ထပ်တည်း တူနေပါသည်။ ဇန်နဝါရီ (၉)ရက်ဖွားများ ဖြစ်၏။ သို့သော် ကျွန်တော်က ဆရာတော်ထက် (၁၀)နှစ်တိတိစောပြီး မွေးပါသည်။ တစ်နည်းအားဖြင့် ဆရာတော်ထက် ကျွန်တော်က အသက်(၁၀)နှစ်ကြီးသည်ဟု ဆိုနိုင်ပါသည်။

သို့သော် အသက်ဟူသည် မသေမီအတွင်း သည်ဘဝအတွက် ရရှိထားသော ကိန်းဂဏန်း အရေအတွက်သာ ဖြစ်ပါသည်။ ဘာမျှလုပ်၍ မရပါ။ တကယ့်တန်ဖိုးအစစ်မှာမူ အသိဉာဏ်ပညာသာ ဖြစ်ပါသည်။

ကျွန်တော်က ၁၉၉၅-၉၆ ပတ်ဝန်းကျင်ရောက်မှ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ကို အပြီးတိုင် ခိုလှုံဖို့ စိတ်ကူးပေါ်လာခဲ့သည်။

http://www.dhammadownload.com

ထိုအချိန်တွင် ၁၉၈၄ ခုနှစ် ကတည်းက (၁၀)တန်း ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီးနောက် ပရိယတ်၊ ပဋိပတ်နှစ်ဖြာ ကြိုးစား ကျင့်ကြံလာခဲ့သော ဆရာတော်က ကျွန်တော့်ထက်စာလျှင် အသက် အရွယ် (ဂဏန်းနံပါတ်အားဖြင့်) ၁၀နှစ် ငယ်သော်လည်း အသိဉာဏ် ပညာ ရှာဖွေမှုအရာ၌ ကျွန်တော့်ထက် (၁၀)နှစ် စောသည်ဟု ဆိုချင် ပါသည်။

သို့ကြောင့်လည်း ကျွန်တော်သည် ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို 'လာခြင်းကောင်းသော ဧည့်သည်' ဆောင်းပါးဖြင့် ဖော်ထုတ်ရေးသားမိခဲ့ခြင်း ဖြစ်ပါသည်။

ထိုဆောင်းပါးရေးစဉ်က ဆရာတော်သည် သဒ္ဓမ္မရံသီရိပ်သာ၌ သီတင်းသုံးနေစဉ်ကာလ ဖြစ်ပါသည်။ ရိပ်သာမှနေ၍ ကျွန်တော့် အိမ်သို့ ဆွမ်းစားကြွခဲ့သော အခြေအနေလေးကို ပြန်သတိရမိနေသေး သည်။ ကျွန်တော်ရေးသားခဲ့သော 'ငြိမ်းချမ်းသောစိတ်ဖြင့် မငြိမ်း ချမ်းသော အာရုံများကိုဖြတ်ကျော်ခြင်း' စာအုပ်၌ ဆရာတော်က ကျွန်တော့်အတွက် အမှာစာရေးသား ချီးမြှင့်ပေးခဲ့သည်ကိုလည်း ပြန် သတိရနေမိပါသည်။

မွေးနေ့တူ၊ အာရုံတူ၊ ဝါသနာတူ၊ ဦးတည်ရာတူသဖြင့် စိတ် ချင်းဆက်သွယ်၊ မေတ္တာစေတနာတွေ အပြန်အလှန် နွယ်ယှက်ခဲ့ကြပါ သည်။ ဆရာတော့်တရားပွဲကို ကိုယ်တိုင်တစ်ခါမျှ မနာခဲ့စဖူး၊ သည် တစ်ခါတော့ တရားပွဲသို့ မရောက်ရောက်အောင် သွား၍ ရှေ့ဆုံးမှ နာကြားမည်ဟု အားခဲထားလိုက်မိသည်။

ကာလေန ဓမ္မဿဝနံ၊ ဧတံမင်္ဂလမုတ္တမံ (အခါအခွင့်သင့်

http://www.dhammadownload.com

တိုင်း တရားနာခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်) ဟု (၃၈)ဖြာ မင်္ဂလာတရားတွင် ဘုရားရှင်ဟောထားခဲ့သည်။ ဓမ္မဿဝနကုသိုလ်ဟူ သည် ရခဲပေစွ။

တရားနာခြင်းသည် မင်္ဂလာတရားကို ဖြစ်စေပါလား။
တရားတော်၏ စွမ်းအားကား မြင့်မားလှပေစွ။

(၅)

၂၈-၃-၂၀၀၀ပြည့်နှစ် ညချမ်း။

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာ လမ်းသို့ ရောက်သည်။ တရားပွဲကျင်းပရာ ဓမ္မသဘင်ကို သည်မျှအထိ ခမ်းနားစွာ ပူဇော် ပြင်ဆင်ထားလိမ့်မည်ဟု မထင်မိခဲ့။ သီရိမင်္ဂလာ လမ်းထိပ်တွင် တရားပွဲ ရောင်စုံဆိုင်းဘုတ်ကြီးတွေက ဟည်းနေသည်။ ဖိတ်စာထဲကအတိုင်း ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း၊ ဆရာတော် ၏ ဆန္ဒတို့ကို ဆိုင်းဘုတ်ကြီးများဖြင့် ရေးထားသည်။

မုခ်ဦးအပေါက်ဝတွင် 'ဓမ္မာစရိယ၊ ပထမကျော် ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၏ အထူးတရားပွဲ' စာတန်းကြီးက ဆွဲဆောင်မှုအပြည့်။

သီရိမင်္ဂလာလမ်းထဲတွင် ကံမြင့်ကျောင်းတိုက်ရှိသည်။ လမ်း ထိပ်နှင့် ကျောင်းတိုက်သည် အတန်ငယ် လှမ်းသည်။ ကိုက်(၅၀၀) လောက်ဝေးသည်။ မုခ်ဦးဝလမ်းထိပ်မှ ကံမြင့်ကျောင်းတိုက်ထိ လမ်း ဘယ်ညာတွင် မီးချောင်း၊ မီးလုံးတွေ အစီအရီ ထွန်းညှိထားသည်။ ရာဇမတ်တွေ ကာပြီး ထီးဖြူတွေလည်း စိုက်ထားသည်။

http://www.dhammadownload.com

သည် အပြင်အဆင် အားလုံး၏ အလျှုရှင်မှာ ရွှေသံလွင် ကုမ္ပဏီ မိသားစုဟု သိရသည်။ သိရိမင်္ဂလာလမ်းသည် မုန်ဦး၀ ဝင် သည်နှင့် အေးချမ်းတည်ငြိမ်မှုက ဆီးကြိုနေသည်သို့ ရှိသည်။

ကံမြင့်ကျောင်းတိုက်အ၀သို့ ရောက်သောအခါ တာဝန်ရှိသူ တွေက ပျူငှာသောအပြုံးများဖြင့် ဆီးကြိုနေသည်။ တရားပွဲတာဝန်ယူ ကျင်းပသူ ဒေါက်တာလူမော်၊ ဒေါက်တာအေးကျော်တို့အဖွဲ့က ဆီးကြို မိတ်ဆက်သည်။ ကိုတင်ထွဋ်နှင့် ကိုလွင်ဦးတို့ကို တွေ့ရပြန်ပြီ။

ရန်ကုန်မြို့ရှိ ခမ်းနားကြီးကျယ်လှသော တရားပွဲမှန်သမျှ၌ ကိုတင်ထွဋ်နှင့် ကိုလွင်ဦးတို့ကို တွေ့ရစမြဲ။ သူတို့သည် ချမ်းမြေ့ ဆရာတော်ကြီး၏ တပည့်များဖြစ်ကြသည်။ သို့သော် သူတို့သည် ချမ်း မြေ့ဆရာတော်ကြီး တရားပွဲမှမဟုတ်၊ အခြားသော ဆရာတော်များ၏ တရားပွဲများတွင်လည်း တရားပွဲ ဖြစ်မြောက်ရေးအတွက် ကိုယ်ရော စိတ်ပါ အားတက်သရော ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

သူတို့သည် လူအများ ဓမ္မဿဝနကုသိုလ် ရစေရန်အတွက် သူတို့၏ ကိုယ်ပိုင်အချိန်များကို ဓမ္မဒါနအဖြစ် အရင်းပြု၍ ဝေယျာ ဝစ္စကုသိုလ် ယူနေကြခြင်းပင်။ သူတို့ကို ကြည့်လိုက်လျှင် ကုသိုလ်စိတ် ကြောင့် အမြဲ ရွှင်လန်းတက်ကြွနေသည်ကို တွေ့ရသည်။ သူတစ်ပါး အကျိုးဆောင်ရွက်လိုသော သူတို့၏ စေတနာမှာ သူတို့၏ မျက်နှာများ ပေါ်တွင် အထင်းသားပေါ်လွင်နေသည်။ သူတို့ကို မြင်လိုက်ရသည်နှင့် သူတို့ထံမှ ဓမ္မပီတိလှိုင်းတွေကို ထိတွေ့ခံစားလိုက်ရသလို ရှိသည်။

ကံမြင့်ကျောင်းတိုက် အောက်ဘက်တွင် (၃၆)လက်မခန့်ရှိ တီဗွီကြီးတစ်လုံး ချထားသည်ကို တွေ့ရသည်။ ယခင်အကြိမ် တရားပွဲ

http://www.dhammadownload.com

ဗွီဒီယိုအခွေကို ထုတ်လွှင့်ပြသနေသည်။ တရားပွဲမကျင်းပမီ၊ ဆရာတော် ကြွမလာမီ ရောက်နှင့်ပြီးသော ပရိသတ်များကို တရားနှင့်မိတ်ဆက်နေသည့်သဘော။

သည်နေ့ တရားပွဲနှင့်ပါဆိုလျှင် သည် ကျောင်းတိုက်တွင် တရားပွဲများ ကျင်းပခဲ့သည်မှာ (၁၂၆)ကြိမ် ရှိခဲ့ပေပြီ။ ဆရာတော် ပေါင်းစုံသည် သည်ကျောင်းတိုက် ဓမ္မသဘင် ဓမ္မပလ္လင်ပေါ်မှ တစ်ဆင့် တရားဒေသနာပေါင်း များစွာ ဟောကြားခဲ့ပြီးပေပြီ။ စီစဉ်သူတို့ကလည်း စီစဉ်ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။ ကျွန်တော်ကား ယခုမှပင် ရောက်ဖူးတော့သည်။ ကိုယ့်အဖြစ်ကို ကိုယ်ကြည့်၍ အားမလိုအားမရ ဖြစ်မိသည်။

တရားဟော ပလ္လင်အနီး ရှေ့ဆုံးနားတွင် နေရာယူလိုက်သည်။ ထီးဖြူသုံးလက်အောက်မှ တရားဟောပလ္လင်သည် ရွှေရောင်တွေ တဖိတ်ဖိတ်လက်နေသည်။ စံပယ်ပန်းတွေက တရားဟောပလ္လင်ပတ်လည်တွင် ဖြူဖွေးနူးအိစွာ နေရာယူလျက်။

ဘုရားခန်းထဲရှိ ကျောက်ဆင်းတု ဘုရားရုပ်ပွားတော်မှာ ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးကာ ဣန္ဒြေရင့်ကျက်စွာဖြင့် ပြုံးတော်မူနေသည်။ ဘုရားခန်းအတွင်း ဘယ်ညာ ပန်းအိုးကြီးများ၊ ဘုရားခန်းအပြင်ဘက် ဘယ်ညာ ပန်းအိုးကြီးများမှာ တင့်တယ်လှပေသည်။ စီစဉ်သူတို့၏ သဒ္ဓါတရား ကြီးမားပုံမှာ ပန်းအိုးပြင်ဆင်ထားပုံနှင့်ပင် သိသာလှပါသည်။

ဖြန့်ကြက်အာရုံပြုနေမိသော စိတ်တို့ကို ပြန်လည်စုစည်းရသည်။ ဆရာတော်ကြွလာသည်အထိ တရားကို နှလုံးသွင်းနေလိုက်မိ

http://www.dhammadownload.com

သည်။ ည(၇)နာရီသာသာကလေးတွင် ဆရာတော်ကြွလာလေသည်။ အသံချဲ့စက်မှ ရေကောင်းသံအဖွင့်တီးလုံးကို ဖွင့်ထားပေးသည်။ ဆရာတော်ကြွလာသည့် လမ်းတစ်လျှောက် ဖူးမြော်ဦးခိုက်နေသော တရားနာပရိသတ်တို့၏ သဒ္ဓါတရားကို လှမ်းတွေ့နေရသည်။

ဆရာတော်သည် သက်တော် ငယ်လင့်ကစား ကျင့်ကြံဆောက်တည်နေသော သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် ဣန္ဒြေရင့်ကျက်တည်ငြိမ်လှသည်။ တောရ ဆောက်တည်နေသောကြောင့်လား မသိ။ ဆရာတော်သည် သိသိသာသာ ပိန်ကျသွားသည်။ ခန္ဓာကိုယ်သွယ်လျသွားသဖြင့် ကြည့်ရသည်မှာ ပို၍ ပေါ့ပေါ့ပါးပါး ရှိလှသည်။

ကျွန်တော်သည် အရိုးပေါ် အရေတင် ခန္ဓာကိုယ်ဖြင့် သာသနာတော်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားတော်မူခဲ့သော မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကို သတိရလိုက်မိသည်။

သာသနာတော်အတွက် ကြီးမားသော ဝီရိယဖြင့် ရွက်ဆောင်ကြိုးပမ်းတော်မူသွားခဲ့ကြသည့် ဆရာတော်ကြီးများသည် ခန္ဓာကိုယ်ကို မငဲ့တော့။ ခန္ဓာကိုယ်ပေါ်ကပ်ငြိလာသည့် ရောဂါဝေဒနာတို့ကိုလည်း ရှေ့တန်းတင် နှလုံးသွင်း မနေတော့။ သာသနာတော်အတွက် အသက်ကို မငဲ့ကြတော့ပြီ မဟုတ်လော။

ဤသို့သော သာသနာ့အာဇာနည် စိတ်ဓာတ်မျိုးတွေသည် ဆရာတော့်ထံ၌ အတိုင်းအတာတစ်ခုအထိ ဖြစ်ထွန်းပေါ်ပေါက်လာနေပြီလားဟု ကျွန်တော်တွေးကြည့်နေမိသည်။

သံဃာစင်ထက်၌ ထိုင်ကာ ဘုရားကို ဝတ်ပြုနေပုံ၊ တရား

http://www.dhammadownload.com

ဟောပလ္လင်ပေါ်သို့ လှမ်းတက်ပုံ၊ သက်နှုန်းကို အစအနသိမ်း၍ တရား ဟောရန် ပြင်ဆင်နေပုံတို့ကို အမှတ်သတိဖြင့် ပြုမူဆောင်ရွက်နေ သော ဆရာတော်ကို ကြည့်ရှုကြည်ညိုနေမိသည်။

ဆလိုက်မီးတွေထိုးထားသော ရွှေရောင်ပလ္လင်ထက်မှာ ဆရာ တော်ထိုင်လျက် သီတင်းသုံးနေပုံမှာ ကြည်ညိုဖွယ်ရာ။ ဆရာတော်၏ ဉပဓိရုပ်အဆင်းမှာ ကြည်လင်ပီသသလို၊ ဆရာတော်၏ အသံတော် မှာလည်း ကြည်လင်အေးချမ်းလှသည်။

'ဒီနေ့ ဟောမယ့်တရားက ရလေလိုလေ၊ ဒါပေမဲ့ တဒင်္ဂ လေးတွေဆိုတဲ့ တရားဖြစ်ပါတယ်'

တရားတော်၏ ခေါင်းဆောင်ရာနောက်သို့ ကျွန်တော်လိုက်ပါ သွားမိသည်။ ကာမဂုဏ်ဟူသည် ချမ်းသာပါသလား။ တရားအာရုံ သည်သာ ချမ်းသာအစစ်ပေတကား။ ပုထုဇဉ်တို့၏ အလိုတွင် ကာမ ဂုဏ်ချမ်းသာ ဟူသော အစွဲအမှတ်တွေ ရှိနေသည်။ အရိယာတို့၏ အမြင်တွင်မူ 'ကာမဂုဏ်ဆင်းရဲ'ဟု မှတ်ထင်သည်။ တရားသည်သာ လျှင် ချမ်းသာအစစ် ဖြစ်လေသည်။

ဆရာတော်က သည် ကာမဂုဏ်၏ အပြစ်တွေကို တစ်ဆစ် ချင်း ဖော်ထုတ်ပြသည်။ အထောက်အထား ပုံပြင်တွေ ပါသည်။ အတောမသတ်နိုင်သော လောဘ၏ သဘာဝကို လှစ်ဟ ဖော်ထုတ် သည်။ လောဘကြောင့် ရအောင်လုပ်လို့ ရလာပြန်တော့လည်း ခဏ လေးပါလား၊ တဒင်္ဂလေးပါလားဟု ဆရာတော်က သံဝေဂဉာဏ်တင် ၍ သုံးသပ်တင်ပြသည်။ နိဂုံးချုပ်တွင် -

'ဦးပဥ္စင်းက တရားဟောနေတယ် ဆိုပေမယ့် တစ်ဖက်မှာ

http://www.dhammadownload.com

လည်း ကိုယ်ကိုယ်တိုင် ပြန်နားထောင်နေတာပါပဲ၊ တရားနာပရိသတ် ထဲမှာ ဦးပဥ္စင်းကိုယ်တိုင်လည်း ပါနေတာပါပဲ။ တရားဆိုတာက ဘယ် သူမျှ ကိုယ်ပိုင်မရှိပါဘူး။ ဘုရားရှင် တွေ့ရှိခဲ့တဲ့ တရားတော်တွေကို တစ်ဆင့်ပြန်ပြောနေကြတာပါ'

သည်စကားကြားရသောအခါ ကျွန်တော့်ရင်ထဲ အတိုင်းမသိ ပီတိဖြစ်မိသည်။

သူ့တရား၊ ငါ့တရား၊ စည်းခြား၊ နယ်ခြား၊ အစွဲများ မရှိခြင်း သည်ပင်လျှင်လည်းကောင်း၊ မူလတရားပိုင်ရှင် ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏ ကျေးဇူးတရားများကို တရားတော်မှတစ်ဆင့် ပြန်လည် အောက်မေ့ခြင်းသည်လည်းကောင်း ငြိမ်းအေးမှု၏ အခြေခံ အ ကြောင်းများ ဖြစ်ပါသည်။

တရားတော်သည် ငြိမ်းအေးလှပေစွ။ လွတ်မြောက်မှုအတွက် လမ်းပြအမှန် ဖြစ်ပေစွ။

(၆)

အကြောင်းကြောင်းကြောင့် ကျွန်တော်သည် ကံမြင့်တရားပွဲ များသို့ နေ့စဉ် မရောက်ဖြစ်ခဲ့ပါ။ မတ်လ (၃၁)ရက် တိပိဋကဓရ (ယော)ဆရာတော်၏ နေ့တွင်သာ သွားရောက်ကြည်ညို နာကြားနိုင်ခဲ့ ပါသည်။ သို့သော် ကံမြင့်တရားပွဲ ကျင်းပရေးအဖွဲ့က တိပ်ခွေနှင့် ဓာတ်ပုံမှတ်တမ်းတွေပေး၍ ကျွန်တော့်အတွက် ကြည်ညိုသဒ္ဓါပွား၍ မဆုံးနိုင်။ တရားခွေများမှ တစ်ဆင့် ဓမ္မဿဝန ကုသိုလ်တွေ ရရှိ၍ မဆုံးနိုင်။

http://www.dhammadownload.com

မတ်လ(၃၁)ရက်နေ့ သီတဂူဆရာတော်၏ အမြတ်ဆုံးဥစ္စာနှစ်ပါး (သီလနှင့်ပညာ) ဟောပြောချက်သည် ရင်ထဲသို့ အလင်းတန်းများ ဖြန့်ဝင်လာသည့်နှယ်။ တိပိဋကဓရ(ယော)ဆရာတော်၏ 'ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်' တရားတော်၏ ရေအလျှဉ်သည်လည်း ရင်ထဲအေးမြ၍မဆုံး။ ယခု ဤဆောင်းပါးရေးသားနေချိန်တွင် တိပိဋကဓရဆရာတော်အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) နှင့် တိပိဋကဓရ(ရေစကြို)ဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသတို့၏ တရားခွေများကို နှလုံးသွင်း နာကြားနေဆဲ ဖြစ်ပါသည်။

သည်အထဲတွင် ကျွန်တော့်ဘဝထဲသို့ စီးဝင်လာသော တရားအဆုံးအမတစ်ခုမှာ ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၏ 'ရလေလိုလေ၊ ဆင်းရဲလေ၊ စွန့်လေချမ်းသာသည်' ဟူသော တရားဆောင်ပုဒ်ဖြစ်ပါသည်။ သည်အဆုံးအမသည်တိုသလောက် အဓိပ္ပာယ်မှာ နက်ရှိုင်းလှပေသည်။ တဏှာလောဘကို စွန့်နိုင်သူတို့၏ အပြီးတိုင်ချမ်းသာသွားကြပုံတို့ကို ဘုရားရှင်နှင့် တပည့်သား ရဟန္တာအရှင်မြတ်တို့က သက်သေပြသွားခဲ့ကြပြီး ဖြစ်ပါသည်။

ယခု ဘုရားရှင်၏ သာသနာတော်အတွင်းဝယ် ဘုရားရှင်၏ တပည့်သားသံဃာတော်တို့သည် ဘုရားရှင်ချမှတ်ခဲ့သော ဝိနည်းများအတိုင်း တရားတော်များကို လက်ဆင့်ကမ်းအမွေ အဖြစ် ထိန်းသိမ်းနေကြဆဲ ဖြစ်ပါသည်။

သံဃာတော်များမှ တစ်ဆင့် တရားတော်များကို ကြည်ညိုနာကြားခွင့်ရပါသည်။

တရားတော်များမှ တစ်ဆင့် ဘုရားရှင်ကို ဖူးတွေ့ခွင့်ရပါ

http://www.dhammadownload.com

မတ်လ(၃၁)ရက်နေ့ သီတဂူဆရာတော်၏ အမြတ်ဆုံးဥစ္စာ နှစ်ပါး (သီလနှင့်ပညာ) ဟောပြောချက်သည် ရင်ထဲသို့ အလင်းတန်းများ ဖြန့်ဝင်လာသည့်နှယ်။ တိပိဋကရေ(ယော)ဆရာတော်၏ 'ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်' တရားတော်၏ ရေအလျှဉ်သည်လည်း ရင်ထဲအေးမြ၍မဆုံး။ ယခု ဤဆောင်းပါးရေးသားနေချိန်တွင် တိပိဋကရေဆရာတော်အရှင်သုမင်္ဂလာလင်္ကာရ (Ph.D) နှင့် တိပိဋကရေ(ရေစကြို)ဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသတို့၏ တရားခွေများကို နှလုံးသွင်း နာကြားနေဆဲ ဖြစ်ပါသည်။

သည်အထဲတွင် ကျွန်တော့်ဘဝထဲသို့ စီးဝင်လာသော တရားအဆုံးအမတစ်ခုမှာ ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၏ 'ရလေလိုလေ၊ ဆင်းရဲလေ၊ စွန့်လေချမ်းသာသည်' ဟူသော တရားဆောင်ပုဒ်ဖြစ်ပါသည်။ သည်အဆုံးအမသည်တိုသလောက် အဓိပ္ပာယ်မှာ နက်ရှိုင်းလှပေသည်။ တဏှာလောဘကို စွန့်နိုင်သူတို့၏ အပြီးတိုင်ချမ်းသာသွားကြပုံတို့ကို ဘုရားရှင်နှင့် တပည့်သား ရဟန္တာအရှင်မြတ်တို့က သက်သေပြသွားခဲ့ကြပြီး ဖြစ်ပါသည်။

ယခု ဘုရားရှင်၏ သာသနာတော်အတွင်းဝယ် ဘုရားရှင်၏ တပည့်သားသံဃာတော်တို့သည် ဘုရားရှင်ချမှတ်ခဲ့သော ဝိနည်းများအတိုင်း တရားတော်များကို လက်ဆင့်ကမ်းအမွေ အဖြစ် ထိန်းသိမ်းနေကြဆဲ ဖြစ်ပါသည်။

သံဃာတော်များမှ တစ်ဆင့် တရားတော်များကို ကြည်ညိုနာကြားခွင့်ရပါသည်။

တရားတော်များမှ တစ်ဆင့် ဘုရားရှင်ကို ဖူးတွေ့ခွင့်ရပါ

http://www.dhammadownload.com

သည်။ သရဏဂုံသုံးပါးသည် ရင်ထဲ၌ ဖြစ်တည်လာ၏။

သို့အတွက် တရားတော်များ နာယူနိုင်ရန် တရားပွဲများ ကျင်းပပေးသော ကံမြင့်ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့၏ စေတနာသဒ္ဓါတရားကိုလည်း လေးစားကြည်ညိုရပါသည်။

သည်မှ တစ်ဆင့် ကူးစက်ကာ အပ္ပမာဒ ဓမ္မရသ မဂ္ဂဇင်း တစ်နှစ်ပြည့်သည့်အခါ အပ္ပမာဒအထူးတရားပွဲများ ကျင်းပရန် ကျွန်တော့်တွင် စိတ်ကူးများ အစပျိုးမိပေပြီ။

မြန်မာပြည် အနှံ့အပြား နေရာဒေသ အသီးသီးတွင် 'တရားနဲ့ပန်းတင့်၊ အများရဲ့ကံမြင့်' ကဲ့သို့ ဓမ္မဿဝနကုသိုလ်ယူ အထူးတရားပွဲများ ပေါ်ပေါက်လာပါစေ။ ကံမြင့် အထူးတရားပွဲများကို အားကျ၍ မိမိတို့ နေရာဌာန အသီးသီးတွင် တရားရေဖျန်း ဓမ္မပန်းများ လန်းဆန်းအောင် ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းနေမိပါတော့သည်။

မြသန်းစံ

၁၄-၄-၂၀၀၀



http://www.dhammadownload.com

ဒီအရသာလေးကို

တစ်ကြိမ်တစ်ခါလောက်

ခံစားခွင့်ရရင်

ကျေနပ်ပါပြီလို့

တောင့်တခဲ့ပေမယ့်

တကယ်လည်းခံစားရရော

အကြိမ်ကြိမ်အခါခါ

ခံစားချင်စိတ်ဖြစ်လာပါတယ်။

ဆားငန်ရေသောက်ရတဲ့သူဟာ

ဘယ်တော့မှရေငတ်မပြေဘဲ

သောက်ပြီးရင်းသောက်ချင်ရင်း

ဖြစ်နေသလိုပါပဲ။

ဘယ်လောက်ကောင်းတဲ့

အရသာကိုပဲခံစားရခံစားရ

တဒင်္ဂတစ်ခဏလေးပါ။

အိပ်မက်ထဲကအပျော်တွေဟာ

ဘယ်လောက်မှမကြာသလိုပါပဲ။

http://www.dhammadownload.com

# ရလေလိုလေဒါပေမဲ့တဒင်္ဂလေးတွေ

လောကမှာ ချမ်းသာတစ်ခု ရှိပါတယ်၊ အဲဒီ ချမ်းသာရဲ့ သဘောက ရလေလိုလေ သဘောရှိပါတယ်၊ ရပြီးရင်း ရချင်ရင်း၊ ရပြီးရင်း ရချင်ရင်း သဘောရှိပါတယ်။ ရပြီးရင်း ရချင်ရင်း ဖြစ်ရလောက်အောင် အဲဒီချမ်းသာက သိပ်ကို ကောင်းနေလို့လား၊ သိပ်ကို ထာဝရ ချမ်းသာ ဖြစ်နေလို့လား၊ သိပ်ကို ကြီးကျယ် အဆင့်မြင့်နေလို့လားဆိုတော့ မဟုတ်ဘူး။

အဲဒီချမ်းသာက တဒင်္ဂချမ်းသာမျှသာ ဖြစ်ပါတယ်၊ တစ်ခဏ ချမ်းသာမျှသာ ဖြစ်ပါတယ်၊ ယာယီချမ်းသာမျှသာ ဖြစ်ပါတယ်၊ မပြောပလောက်တဲ့ အသေးအမွှား ချမ်းသာမျှသာ ဖြစ်ပါတယ်။ အဲဒီလို ရလေလိုလေသဘော၊ တဒင်္ဂသဘော ရှိတဲ့ချမ်းသာ လောကမှာ ရှိပါတယ်။

တရားနာပရိသတ်များ . . . အဲဒီချမ်းသာ ဘာချမ်းသာ ဖြစ်

http://www.dhammadownload.com

လိမ့်မယ်လို့ ယူဆပါသလဲ။

'လောကီချမ်းသာပါဘုရား'

ဒီထက် ပိုပြီး တိကျအောင် ပြောနိုင်မယ်ဆိုရင် တိတိကျကျလေး ပြောစေချင်ပါတယ်၊ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းတယ်လို့တော့ သဘောမထားပါနဲ့နော်။

'ကာမဂုဏ်ချမ်းသာပါဘုရား'

ကာမဂုဏ်ချမ်းသာလို့ ဖြေရင်တော့ အဲဒီအဖြေ အတိအကျမှန်ပါတယ်။ ကာမဂုဏ်ချမ်းသာဟာ ရလေလိုလေ သဘော ရှိပါတယ်။ ပြီးတော့ တဒင်္ဂသဘောလည်းရှိပါတယ်။ ကာမဂုဏ်ချမ်းသာရဲ့ အပြစ်တွေအများကြီးရှိတဲ့အထဲက တရားနာပရိသတ်များ မှတ်သားရလွယ်ကူအောင် ဆိုပြီးတော့ ဒီနှစ်ချက်ပဲ ဦးဇင်းတို့ပြောမှာဖြစ်ပါတယ်။

ဒီနှစ်ချက်ကို နှလုံးသွင်းလိုက်မယ်ဆိုရင် ကာမဂုဏ်ချမ်းသာနဲ့ပတ်သက်တဲ့အပြစ်ဟာ ဉာဏ်ထဲမှာ ရှင်းခနဲ၊ လင်းခနဲဖြစ်သွားမှာပါ၊ ကာမဂုဏ်ချမ်းသာတွေရဲ့ အစစ်အမှန် သဘာဝကိုလည်း ထိုးထိုးထွင်းထွင်း နက်နက်ရှိုင်းရှိုင်း သိမြင်လာမှာပါ။

ကာမဂုဏ်ချမ်းသာလို့ ဆိုလိုက်လို့ရှိရင် ခြောက်မျိုးရှိပါတယ်၊ အဆင်းမျိုးစုံကို ခံစားတဲ့ ချမ်းသာ၊ အသံမျိုးစုံကို ခံစားတဲ့ ချမ်းသာ၊ အနံ့မျိုးစုံကို ခံစားတဲ့ ချမ်းသာ၊ အရသာမျိုးစုံကို ခံစားတဲ့ ချမ်းသာ၊ အထိအတွေ့မျိုးစုံကို ခံစားတဲ့ချမ်းသာ၊ အတွေးအကြံမျိုးစုံကို ခံစားတဲ့ ချမ်းသာလို့ ကာမဂုဏ်ချမ်းသာ ခြောက်မျိုးရှိပါတယ်။

အများအားဖြင့် ပြောကြတာကတော့ အာရုံငါးပါးကာမဂုဏ်တရား၊ ငါးဖြာအာရုံကာမဂုဏ်၊ အဲဒီလို ပြောလေ့ရှိပါတယ်။ အပြည့်

http://www.dhammadownload.com

အစုံ ပြောမယ်ဆိုရင်တော့ အာရုံခြောက်ပါးကာမဂုဏ်တရား၊ ခြောက်ဖြာအာရုံကာမဂုဏ် ဖြစ်ပါတယ်။

အဆင်းအာရုံကာမဂုဏ် ဆိုတာကတော့ မျက်စိနဲ့ တိုက်ရိုက်ထိတွေ့တဲ့အချိန်မှာ သာယာတဲ့စိတ်နဲ့ ခံစားတဲ့သဘောပါပဲ။ အသံအာရုံကာမဂုဏ်ဆိုတာကလည်းပဲ နားနဲ့တိုက်ရိုက်ထိတွေ့တဲ့အချိန်မှာ သာယာခံစားတာ၊ အနံ့အာရုံ ကာမဂုဏ် ဆိုတာလည်း နှာခေါင်းနဲ့ တိုက်ရိုက် ထိတွေ့တဲ့အချိန်မှာ သာယာခံစားတာ၊ အထိအတွေ့အာရုံကာမဂုဏ်ဆိုရင်လည်း ကိုယ်နဲ့ တိုက်ရိုက်ထိတွေ့တဲ့အချိန်မှာ သာယာခံစားတာ။

ဒါပေမဲ့ တိုက်ရိုက်မထိတွေ့ဘဲနဲ့ စိတ်ထဲမှာတင် ခံစားနေတာက ရှိသေးတယ်။ အတိတ်က အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တွေ၊ အနာဂတ်မှာ ကြုံတွေ့ရမယ့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တွေကို စိတ်ထဲမှာ ကြံစည် စဉ်းစားပေမယ့်လည်း သူတို့ကိုလည်း အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့လို့ အာရုံငါးပါးအနေနဲ့ပဲ ယူမယ်ဆိုရင်လည်းပဲ ယူလို့ရပါတယ်။

အဘိဓမ္မာပိဋကတ်များမှာလည်းပဲ အဲဒီအတိုင်းပဲ ယူပြထားပါတယ်။ တိုက်ရိုက်တွေ့တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့မှ မဟုတ်ပါဘူး။ အတိတ်က အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တွေရော၊ အနာဂတ်မှာ တွေ့ကြုံရမယ့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တွေရော၊ အဲဒါတွေအားလုံးဟာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့လို့ပဲ ပြောရတယ်။

ဒါပေမဲ့ အတိတ်မှာလည်း တကယ် မမြင်၊ မကြား၊ မနံ၊

http://www.dhammadownload.com

မစား၊ မထိခဲ့ရပေမယ့် အနာဂတ်မှာလည်း တကယ် မြင်၊ ကြား၊ နံ၊ စား၊ ထိဖို့ မသေချာတဲ့ အကြောင်းအရာတွေကို စိတ်ကူးထဲမှာပဲ အမျိုးမျိုး ပုံဖော်ပြီးတော့ သာယာနေတာကလည်း ရှိသေးတယ်။

အတိတ်ကလည်း တကယ်ဖြစ်ခဲ့တာမဟုတ်ဘူး၊ အနာဂတ်မှာလည်း တကယ်ဖြစ်လာမှာ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ့်စိတ်ကူးနဲ့ ကိုယ်ပဲ တွေးတော ကြံစည် စိတ်ကူးယဉ်ပြီးတော့ သာယာတပ်မက်ခံစားနေတဲ့ သဘောကလည်း ရှိပါသေးတယ်။ အဲဒါကိုတော့ သဘောတရားအာရုံကာမဂုဏ်လို့ ခေါ်ပါတယ်။

ဒါကြောင့် ကာမဂုဏ်ချမ်းသာလို့ ပြောလိုက်လို့ရှိရင် အာရုံခြောက်ပါးလုံး အကုန်ဝင်တယ်လို့ အပြည့်အစုံ မှတ်သားထားရမယ်။ သို့သော်လည်း အများသုံးနှုန်းနေတဲ့အတိုင်း၊ အများပြောဆိုနေတဲ့အတိုင်းပဲ အာရုံငါးပါးလို့ပဲ ထားလိုက်ပါတော့၊ အာရုံငါးပါးလို့ ပြောလိုက်လို့ရှိရင် အတိတ်အနာဂတ်က အာရုံငါးပါး၊ အတိတ်အနာဂတ်မှာ ကြုံတွေ့ရတဲ့ အာရုံငါးပါးလည်း ပါဝင်ပါတယ်။

တကယ်မကြုံတွေ့ရဘဲ စိတ်ကူးသက်သက်နဲ့ပဲ တွေးကြံ၊ စိတ်ကူးယဉ်ပြီးတော့၊ ပုံဖော်ပြီးတော့ ခံစားနေတဲ့အာရုံတွေလည်း ပါဝင်တယ်လို့ မှတ်သားထားလိုက်လို့ရှိရင်လည်းပဲ လုံလောက်တာပါပဲ၊ အဲဒီငါးဖြာအာရုံ၊ ခြောက်ဖြာအာရုံ ကာမဂုဏ်ချမ်းသာတွေဟာ ရလေလိုလေသဘော ရှိတယ်။

ပထမတော့ တစ်ခုရချင်တယ်၊ တစ်ခုရရင်တော့ ကျေနပ်ပါပြီလို့ ကိုယ့်ကိုယ်ကို အခိုင်အမာ ဆုံးဖြတ်ထားလိုက်မိတယ်၊ ဒါပေမဲ့ ကိုယ်မျှော်လင့်ထားတဲ့ အဲဒီတစ်ခုရလာပြန်တော့ မကျေနပ်သေးဘူး၊

http://www.dhammadownload.com

နောက်တစ်ခု ထပ်ရချင်သေးတယ်၊ နောက်တစ်ခု ကိုယ်မျှော်လင့်တဲ့ အတိုင်းရလာလို့ နှစ်ခုဖြစ်သွားတော့လည်း မကျေနပ်သေးဘူး။ သုံးခု မြောက်တစ်ခုကို ထပ်ပြီးတော့ ရချင်ပြန်သေးတယ်။

အဲဒီလိုအားဖြင့် တစ်ခုရပေမယ့် မကျေနပ်သေးဘူး၊ ကိုယ် မျှော်လင့်ထားတဲ့ အရေအတွက်ကို ရသွားပေမယ့် မကျေနပ်သေးဘူး၊ ထပ်ထပ်ပြီးတော့ လိုချင်နေသေးတယ်။

ကိုယ်ခံစားချင်တဲ့ ကာမဂုဏ်ချမ်းသာလေး တစ်ကြိမ်လောက် ခံစားလိုက်ရရင် ကျေနပ်ပါပြီ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ တစ်ခုခုပေါ့လေ၊ တစ်ကြိမ်လောက် ခံစားလိုက်ရရင် ကျေနပ်ပါပြီလို့ အနှစ်နှစ်အလလက မျှော်လင့်တောင့်တနေမိတယ်၊ တစ်ကြိမ်ခံစားလိုက်ရလို့ရှိရင် သေပျော်ပါပြီလို့ ဆုံးဖြတ်ထားခဲ့မိတယ်။

ဒါပေမဲ့ ကိုယ်မျှော်လင့်ထားတဲ့ ကာမဂုဏ်ချမ်းသာတစ်ခု ကို တကယ်ခံစားလိုက်ရတော့ အဲဒီတစ်ကြိမ်တစ်ခါနဲ့ မကျေနပ်တော့ ဘူး။ နောက်တစ်ကြိမ် ထပ်ခံစားရရင် ကောင်းမှာပဲလို့ မျှော်လင့် တောင့်တမိတာပါပဲ။ ကိုယ်မျှော်လင့်တောင့်တတဲ့ချမ်းသာကို ခံစားဖို့ အချိန် ရောက်မလာမချင်းလည်း ဆင်းရဲပင်ပန်းခြင်းကို ခံစားရပြန် တာပါပဲ။

■

http://www.dhammadownload.com

## အဆာမပြေချမ်းသာနဲ့တာရှည်ပန်းလာခဲ့ရသူပါ

ဒီတော့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေဟာ ဘာနဲ့တူသလဲဆိုရင် ဆားငန်ရေနဲ့တူတယ်။ ရေဆာလွန်းလို့ဆိုပြီးတော့ ရေငတ်ပြေအောင် ဆားငန်ရေ သွားသောက်လိုက်တဲ့ ပုဂ္ဂိုလ်ဟာ ရေငတ်မပြေတဲ့အပြင် နဂိုက ဆာလောင်တာထက်တောင် ပိုပြီးတော့ ဆာလောင်လာတယ်။

သိပ်ပြီး ရေဆာနေတော့ ရေငတ်ပြေစေချင်တဲ့ ဆန္ဒနဲ့ ဆားငန်ရေကိုသောက်လိုက်တယ်၊ သောက်သောက်ချင်းတော့ ရေငတ်ပြေသလိုလို၊ အာသာပြေသလိုလို ခံစားရတယ်၊ ခဏ အာသာပြေသလိုလို ရှိပေမယ့် နဂိုမူလဆာတာထက်ကို ပိုပြီးတော့ အဆာဓာတ်တိုးပွားလာတယ်။

ဘာကြောင့်လဲဆိုတော့ ဆားငန်ရေတွေဆိုတာ အဆာဓာတ်ကို ငြိမ်းပျောက်စေတဲ့ အရာတွေမဟုတ်ဘဲ အဆာဓာတ်ကို တိုးပွားစေ

http://www.dhammadownload.com

တဲ့အရာတွေ ဖြစ်နေလို့ပါပဲ။

လူတစ်ယောက် အခုလို အင်မတန် ပူလောင်တဲ့နွေရာသီမှာ သဲကန္တာရဆန်ဆန် ဖြစ်နေတဲ့ ခရီးတစ်ခုကို သွားတယ် ဆိုကြပါစို့။ ပါလာတဲ့ ရေတွေကလည်း လုံးဝ ကုန်သွားပြီ၊ လမ်းခရီးမှာလည်းပဲ ရေရောင်းတဲ့ဆိုင် ရှာမတွေ့ဘူး၊ ရေရှိတဲ့နေရာကို ရှာမတွေ့ဘူး။

ကံကောင်းထောက်မစွာနဲ့ နေရာတစ်နေရာ ရောက်တော့ ရေသန့်ပုလင်းရောင်းတဲ့ဆိုင် ရောက်သွားတယ်၊ အဲဒီဆိုင်မှာ ရေသန့်ပုလင်းကလည်း ခြောက်ပုလင်းပဲ ကျန်တော့တယ်။

အဲဒီ ခြောက်ပုလင်းကလည်း တံဆိပ်တစ်မျိုးစီပေါ့၊ တစ်ပုလင်းကို တံဆိပ်တစ်မျိုး၊ တစ်ပုလင်းကို တံဆိပ်တစ်မျိုး၊ တံဆိပ်ခြောက်မျိုးနဲ့ ရေသန့်ပုလင်း ခြောက်ပုလင်း သွားတွေ့တယ်၊ ကိုယ်ကလည်း ရေသိပ်ငတ်နေတာဆိုတော့ အဲဒီခြောက်ပုလင်းလုံး ဝယ်လာလိုက်တယ်။

ဝယ်လာပြီးတော့ ရေငတ်ပြေအောင် ဆိုပြီးတော့ ပထမပုလင်း၊ ပထမတံဆိပ်နဲ့ပုလင်းကို ဖောက်ပြီးတော့ သောက်လိုက်တယ်၊ သောက်လိုက်တော့ ဆားငန်ရေဖြစ်နေတယ်၊ ခဏတော့ အာသာပြေသလိုလို ရှိသွားတယ်၊ ခရီးဆက်သွား၊ ရေဆာလာပြန်၊ ရေတွေ အင်မတန် ငတ်မွတ်လာပြန်တော့ နောက်တစ်ပုလင်း၊ နောက်တံဆိပ်နဲ့ ရေသန့်တစ်ပုလင်းကို သောက်လိုက်တယ်။

အဲဒီ ရေသန့်ပုလင်းကလည်း ဆားငန်ရေ ရေသန့်ပုလင်းဖြစ်နေပြန်တယ်၊ သောက်လိုက်တော့ အာသာပြေသလိုလိုရှိတယ်၊ ပြီးတော့ နဂိုကထက်ကို ပိုပြီးတော့ ဆာလာပြန်တယ်။ အဲဒီလိုနဲ့ တံဆိပ်ခြောက်

http://www.dhammadownload.com

မျိုးတပ်ထားတဲ့ ရေသန့် ခြောက်ပုလင်း တစ်ပုလင်းစီ ဖောက်ဖောက်ပြီးတော့ သောက်လိုက်တာ ဘယ်ပုလင်း သောက်လို့မှ အာသာမပြေဘူး။ ပုလင်း ခြောက်ပုလင်းလုံးဟာ ဆားငန်ရေတွေချည်းပဲ ဖြစ်နေတယ်။

ဒါပေမဲ့လို့လည်း ကိုယ့်မှာရှိတာက ဒီဆားငန်ရေပဲရှိတာဆိုတော့ ဒါကိုပဲ သောက်ပြီးတော့ ခရီးဆက်ရတယ်၊ ဆားငန်ရေကိုပဲ သောက်ပြီးတော့ နေပူပူမှာ ခရီးဆက်နေရတဲ့ လူတစ်ယောက်ဟာ ဘယ်လောက်များ ပင်ပန်းဆင်းရဲလိုက်မလဲဆိုတာ ခန့်မှန်းသာကြည့်ပေတော့။ အပေါ်ကလည်း နေကပူ၊ အောက်ကလည်း သဲတွေကပူ၊ အပေါ်ပူ၊ အောက်ပူနဲ့ ဆန္ဒင်းမကင်း ဖုတ်ထားသလို ဖြစ်နေတယ်။ ရေငတ်လို့ သောက်လိုက်ပြန်တော့လည်း ဆားငန်ရေ ဖြစ်နေတော့ အဆာမပြေတဲ့အပြင် ပိုပြီးတော့ ဆာလာတယ်။

အဲဒီလိုပါပဲ၊ သံသရာခရီးကို သွားနေကြတဲ့ ကာမဘုံသား သတ္တဝါများဟာလည်းပဲ တံဆိပ်ခြောက်မျိုးတပ်ထားတဲ့ ရေသန့်ပုလင်း ခြောက်ပုလင်းကို အဖော်ပြုပြီးတော့ ခရီးသွားနေကြတာပါပဲ။

တံဆိပ်ခြောက်မျိုး ဆိုတာကတော့ ပထမပုလင်းရဲ့ တံဆိပ်က ရူပါရုံ၊ နောက်တစ်ပုလင်းက သဒ္ဒါရုံ၊ နောက်တစ်ပုလင်းက ဂန္ဓာရုံ၊ နောက်တစ်ပုလင်းက ရသာရုံ၊ နောက်တစ်ပုလင်းက ဖောဋ္ဌဗ္ဗာရုံ၊ နောက်တစ်ပုလင်းက ဓမ္မာရုံ။

အာရုံခြောက်ပါးဆိုတဲ့ ဆားငန်ရေသန့် ခြောက်ပုလင်းကို ပွေ့ပိုက်ပြီးတော့ အပေါ်ပူ၊ အောက်ပူ သံသရာခရီးမှာ နားချိန်၊ အားချိန်မရှိဘဲနဲ့ ခရီးဆက်နေကြရတယ်။

http://www.dhammadownload.com

အဆင်းအာရုံလေးတစ်ခု ခံစားချင်တဲ့ စိတ်ကလေး ပေါ်လာလို့ ခံစားလိုက်တယ်၊ ခံစားလိုက်လို့များ အာသာပြေသွားသလားဆိုတော့ မပြေဘူး၊ အဆင်းအာရုံ ခံစားရတာနဲ့ အားမရဘူး၊ မတင်းတိမ်နိုင်ဘူး၊ ဪ အသံအာရုံလေး ခံစားလိုက်လို့ရှိရင် ဝသွားမယ် ထင်ပါရဲ့၊ အားရသွားမယ်ထင်ပါရဲ့၊ အသံအာရုံလေး၊ သဒ္ဒါရုံဆိုတဲ့ ရေသန့်ပုလင်းကို ဖောက်ပြီးတော့ သောက်ကြည့်လိုက်ပြန်တယ်။

ခဏတော့ အာသာပြေသလိုလို၊ စိတ်ချမ်းသာသွားသလိုလို၊ နောက်ပြီးတော့ အားမရပြန်ဘူး၊ ပျင်းရိငြီးငွေ့ပြီးတော့ လာပြန်တယ်၊ ဂန္ဓာရုံရေသန့်ပုလင်းလေး ဖောက်သောက်လိုက်ဦးမှပဲလေ၊ အနံ့မျိုးစုံကို ခံစားလိုက်ပြန်တယ်။

ဒါပေမဲ့လည်း အားရကျေနပ်ခြင်း မရှိဘူး၊ အဆာခံတော်တွေက ပိုပိုပြီးတော့ တိုးပွားလာပြန်တယ်၊ ရသာရုံရေသန့်ပုလင်းလေး ဖောက်သောက်လိုက်ပြန်တယ်၊ အားမရပြန်တော့ ဖောဋ္ဌဗ္ဗာရုံရေသန့်ပုလင်းလေး ဖောက်သောက်လိုက်ပြန်တယ်။ အားမရပြန်တော့ ဓမ္မာရုံရေသန့်ပုလင်းလေး ဖောက်သောက်လိုက်ပြန်တယ်၊ ဒါပေမဲ့ ဘယ်လိုနည်းနဲ့မှ အားရကျေနပ်ခြင်း မရှိပါဘူး။

ငါးဖြာအာရုံ ကာမဂုဏ်လို့ တိုက်ရိုက်ထိတွေ့လို့ရတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ကိုသာ ပြောနေကြပေမယ့် အများစုမှာတော့ တကယ် မမြင်၊ မကြား၊ မနံ၊ မစား၊ မထိရဘဲနဲ့ စိတ်ကူးထဲမှာပဲ အမျိုးမျိုး ပုံဖော်ပြီးတော့ ခံစားနေတဲ့အချိန်က ပိုတောင် များပါသေးတယ်။ ဒါကြောင့် ကာမဂုဏ် အာရုံလို့ ဆိုလိုက်ရင် အာရုံခြောက်ပါးလုံး ပြောလိုက်တာ ပိုပြီးတော့ ကောင်းပါတယ်။

http://www.dhammadownload.com

အဲဒီလိုအားဖြင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံလို့ တံဆိပ်ခြောက်မျိုး တပ်ထားတဲ့ ဆားငန်ရေသန့်ပုလင်း ခြောက်ပုလင်းကို ပွေ့ပိုက်ပြီးတော့ သံသရာခရီးကို သွားနေကြရတာပါ။

ဒါကြောင့်ဆိုလိုက်ပါ။

ဆားငန်ရေသာ၊ သောက်သူမှာ၊ ငတ်ဆာမပျောက်ပြီ။

ရေငတ်နေချိန်မှာ ရေချိုမသောက်ဘဲ ရေငန်သွားသောက်တဲ့ သူဟာ ဘယ်တော့မှ ရေငတ်မပြေပါဘူး၊ သောက်လေ ငတ်လေ၊ သောက်လေ ဆာလေ ဖြစ်နေပါတယ်။

အဲဒီလိုပါပဲ၊ စိတ်က အာရုံတစ်ခုခုကို ဆာလောင်မွတ်သိပ်နေချိန်မှာ တရားဓမ္မရေချို မသောက်ဘဲ ကာမဂုဏ်ရေငန် သွားသောက်မယ်ဆိုရင် စိတ်ဟာ ဘယ်တော့မှ အာရုံအဆာပြေမှာ မဟုတ်ပါဘူး၊ ခံစားပြီးလေ အာရုံထပ်ရှာလေ၊ ခံစားပြီးလေ အာရုံထပ်လိုက်လေ ဖြစ်နေမှာပါပဲ။

ကာမဂုဏ်ချမ်းသာဆိုတာ ရေငန်ပါ။ တရားဓမ္မချမ်းသာဆိုတာ ရေချိုပါ။ ရေငန်သောက်လို့ကတော့ ဘယ်တော့မှ ရေငတ်ပြေမှာ မဟုတ်ပါဘူး။ ရေချိုသောက်မှ ရေငတ်ပြေမှာပါ။

ကာမဂုဏ်ချမ်းသာရေငန်က တဏှာအဆာဓာတ်ကို တိုးပွားထက်သန်စေပါတယ်။ တရားဓမ္မချမ်းသာ ရေချိုက တဏှာအဆာဓာတ်ကို ငြိမ်းအေးပျောက်ပြေစေပါတယ်။

■

http://www.dhammadownload.com

## အသားတိုးသလောက်တရားတိုးမှဖြစ်မယ်

နောက်တစ်ခုဆိုလိုက်ပါ။

နွားချိုပမာ၊ တဏှာသာ၊ တိုးကာလာတော့သည်။

နွားတစ်ကောင် မွေးဖွားပြီဆိုရင် ဦးထိပ်မှာ ချိုလေး ပါလာတယ်၊ ချိုသေးသေးလေး ပါလာတယ်။ အစာရေစာတွေ စားရင်းနဲ့ တဖြည်းဖြည်း နွားကြီးလာတော့ ချိုကလည်းပဲ တဖြည်းဖြည်း ရှည်လာတယ်၊ နွားတစ်ကောင် ကြီးပြင်းလာတယ် ဆိုတာ ဘာ ကြီးလာတာလဲ ဆိုရင် ချိုကြီးလာတာပဲ။ နွားတစ်ကောင် အသက်ကြီးတာနဲ့အမျှ၊ ခန္ဓာကိုယ် အရွယ်အစားကြီးတာနဲ့အမျှ၊ ချိုလည်းပဲ ကြီးထွားပြီးတော့လာတယ်။

အဲဒီလိုပါပဲ၊ စိတ်အစဉ်မှာ တရားစွမ်းရည် ဖြည့်မထားတဲ့ ပုဂ္ဂိုလ်တွေမှာလည်း အသက်ကြီးလာတာနဲ့အမျှ တဏှာပိုပြီးတော့ ကြီးလာတယ်။ ခန္ဓာကိုယ် ပိုကြီးလာတာနဲ့အမျှ တဏှာလည်းပဲ ပိုပြီး

http://www.dhammadownload.com

တော့ ကြီးမားလာတယ်။

အသားတိုးသလောက် တရားမတိုးတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ တဏှာပဲ တိုးလာပါတယ်။

လူသားတစ်ဦးအဖြစ် မွေးဖွားလာခါစတော့ ခန္ဓာကိုယ်က သေးသေးကွေးကွေးလေးပေါ့၊ မိခင်နို့ အပါအဝင် စားဖွယ်မျိုးစုံ၊ သောက်ဖွယ်မျိုးစုံ နေ့စဉ်စားသောက်ပြီးလာတော့ ခန္ဓာကိုယ်က ကြီးထွားလာတယ်၊ ခန္ဓာကိုယ်မှာ အသားတိုးပွားပြီးတော့ လာတယ်။ ခန္ဓာကိုယ် အသား တိုးပွားသလောက် တရား မတိုးပွားဘူးဆိုရင်တော့ တဏှာပဲ တိုးပွားပြီးတော့ လာမယ်။

လောကမှာ အသားတိုးဘဲတို့၊ အသားတိုးဝက်တို့ ဆိုတာ မွေးမြူကြတယ်၊ အဲဒီ အသားတိုးဘဲတို့၊ အသားတိုးဝက်တို့ သတ်မှတ်ထားတဲ့ အတိုင်းအတာထိအောင် အသားတိုးပွားလာပြီဆိုရင် သားသတ်သမားရဲ့ လက်ထဲကို ရောင်းချလိုက်တယ်။ ရောင်းချလိုက်တော့ မွေးမြူထားတဲ့ပုဂ္ဂိုလ်မှာ အခကြေးငွေရတယ်၊ ပိုက်ဆံရတယ်။

လူသားတွေလည်း မိမိရဲ့ခန္ဓာကိုယ်ကြီးကို စားဖွယ်၊ သောက်ဖွယ်မျိုးစုံ ကျွေးပြီးတော့ မွေးမြူလာတာ တဖြည်းဖြည်း အသားတွေ တိုးပွားလာတယ်၊ အသားတွေ တိုးတိုးလာပြီး သတ်မှတ်ထားတဲ့ အတိုင်းအတာထိ ရောက်သွားတဲ့အခါကျတော့ ရောင်းစားခံလိုက်ရတယ်။

ဘယ်သူ့ကို ရောင်းစားခံရမယ် ထင်တုံး၊ မရဏမင်းကို ရောင်းစားခံရတယ်၊ သေမင်းကို ရောင်းစားလိုက်ရတယ်၊ အသားတွေ တိုးတိုးပြီး နောက်ဆုံးကျတော့ ဘယ်လောက်ပဲ အသားတိုးအောင်

http://www.dhammadownload.com

လုပ်လုပ် သေမင်းရဲ့ခြေရင်းမှာ ဝပ်စင်းရတာပါပဲ။

အသားတိုးဘဲတို့၊ အသားတိုးဝက်တို့ အစရှိတဲ့ အသားတိုး တိရစ္ဆာန်တွေ သတ်မှတ်ထားတဲ့ အရွယ်အစားရောက်တဲ့အခါ ရောင်းချလိုက်တာကလည်း သေဖို့ပါပဲ။ အဲဒီ အသားတိုးတိရစ္ဆာန်တွေ အသားတိုးလာလို့ သေမင်းလက်ထဲ ရောက်တာကမှ အဲဒီ အသားတိုး တိရစ္ဆာန် မွေးမြူထားတဲ့ပုဂ္ဂိုလ်မှာ ပိုက်ဆံရသေးတယ်။ အကျိုးအမြတ်တွေ ရသေးတယ်။

မိမိရဲ့ ခန္ဓာကိုယ်ကြီးကို အသားတွေ တိုးအောင်သာ လုပ်ပြီးတော့ တရားတိုးအောင် မလုပ်ဘူးဆိုရင်တော့ မရဏမင်းလက်ထဲ ရောင်းချလိုက်တဲ့အခါမှာ အသားတိုးအောင် မွေးမြူစောင့်ရှောက်ထားခဲ့တဲ့ပုဂ္ဂိုလ်မှာ ဘာအကျိုးအမြတ်မှ မရဘူး။ အသားတိုးတိရစ္ဆာန်မွေးတဲ့ လူလောက်တောင် အကျိုးအမြတ်မရဘူး။

တဏှာက နှစ်မျိုးရှိပါတယ်။ မရသေးတဲ့ ကာမဂုဏ်အာရုံကို ရချင်တဲ့တဏှာရယ်၊ ရပြီးသား ကာမဂုဏ်အာရုံကို ခံစားချင်တဲ့တဏှာရယ်လို့ တဏှာနှစ်မျိုး ရှိပါတယ်။

မရသေးတဲ့ ကာမဂုဏ် အာရုံတွေကိုလည်းပဲ ရချင်တယ်၊ ဘယ်တော့ကျရင်တော့ ဘာ ရရမယ်၊ ဘယ်နှစ်ကျရင်တော့ ဘယ်လောက် ရရမယ်၊ ဘယ်လောက်အလုပ်လုပ်ပြီးလို့ရှိရင်တော့ ဘာလေး ဝယ်မယ် စသည်အားဖြင့် မရသေးတဲ့ ကာမဂုဏ်ကို တောင့်တတဲ့ တဏှာလည်းပဲ တိုးပွားပြီးတော့ လာတယ်။

မိမိလက်ထဲရောက်နေပြီးသား ကာမဂုဏ်အာရုံတွေကိုလည်းပဲ ဘယ်အချိန်ကျရင်တော့ ဘယ်အာရုံတွေ ခံစားလိုက်မယ်၊ ဘယ်အ

http://www.dhammadownload.com

ချိန်ကျရင်တော့ ဘယ်အရသာလေး ခံစားလိုက်မယ် စသည်အားဖြင့်၊ ဘယ်အချိန်မှာ အဆင်းအာရုံ ခံစားမယ်၊ ဘယ်အချိန်မှာ အသံအာရုံ ခံစားမယ်၊ ဘယ်အချိန်မှာ အနံ့အာရုံ ခံစားမယ် စသည်အားဖြင့်၊ မိမိလက်ထဲ ရောက်နေပြီးသား ကာမဂုဏ်အာရုံကို ခံစားချင်တဲ့ တဏှာလည်းပဲ တိုးပွားပြီးတော့ လာပါတယ်။ ရှင်းအောင် ပြောရမယ် ဆိုရင်တော့ ဘယ်အချိန် ဆိုလို့ရှိရင်တော့ တရုတ်ကားလေး လာမှာပဲ၊ အဲဒီအချိန်ဆိုရင် ငါကြည့်ဦးမှပဲ။ အဲဒါ မိမိလက်ထဲ ရောက်ပြီးသား ကာမဂုဏ်ကို ခံစားချင်တဲ့တဏှာပါပဲ။

အသားတိုးသလောက် တရားမတိုးတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မရသေးတဲ့ ကာမဂုဏ်အာရုံကို ရချင်တဲ့တဏှာရယ်၊ ရပြီးသား ကာမဂုဏ်အာရုံကို ခံစားချင်တဲ့တဏှာရယ်၊ တဏှာတွေပဲ အတိုင်းထက်အလွန် တိုးပွားလာရပါတယ်။

နွားကြီးလေ ချို့ရှည်လေ။ လူကြီးလေ တဏှာများလေ။

တဖြည်းဖြည်း ရှည်ထွက်လာတဲ့ နွားချိုကို ရပ်တန့်သွားအောင် တားဆီးလို့ မရပေမယ့် တဖြည်းဖြည်း ကြီးထွားလာတဲ့ တဏှာကိုတော့ သေးငယ်သွားအောင် ပြုပြင်လို့ ရပါတယ်။

တဏှာရဲ့ အပြစ်ကို ဆင်ခြင်ပြီးတော့ပဲဖြစ်ဖြစ်၊ မိမိအားသန်ရာ သမထဘာဝနာတစ်ခုခုကို ပွားများပြီးတော့ပဲဖြစ်ဖြစ်၊ တဏှာမဖြစ်အောင် ထိန်းချုပ်ထားနိုင်ပါတယ်။ ထိန်းချုပ်ထားတဲ့ ကြားထဲက အကြောင်းတိုက်ဆိုင်လို့ တဏှာဖြစ်လာရင်လည်း ဖြစ်လာတဲ့တဏှာကို ဖြစ်နေတဲ့အတိုင်း သတိပဋ္ဌာန်နည်းကျ ဝိပဿနာ ရှုမှတ်လိုက်ရုံပါပဲ။ လိုချင်ရင် လိုချင်တယ်၊ တပ်မက်ရင် တပ်မက်တယ် စသည်ပေါ့။

http://www.dhammadownload.com

## စိတ်ဟိုက်တာသိပ်မိုက်လို့ပါ

မိုးအောက်မြေပြင်၊ စည်းစိမ်ပင်၊ မရွှင်စိတ်ဟိုက်သည်။

တဏှာဆိုတဲ့ နွားချို တဖြည်းဖြည်း ရှည်လာတာ ဘယ်လောက်ထိအောင် ရှည်လာသလဲဆိုရင် မိုးအောက်မြေပြင် ကမ္ဘာတစ်ခွင်လုံးကို အစိုးရတဲ့ စကြာမင်းကြီးပင်ဖြစ်စေကာမူ အဲဒီ စည်းစိမ်ချမ်းသာနဲ့ ရောင့်ရဲတင်းတိမ်ခြင်းမရှိဘူး၊ မရွှင်ဘူး၊ မပျော်ဘူး၊ အားမရသေးဘူး၊ ညှိုးနွမ်းနေသေးတယ်။

'စိတ်ဟိုက်သည်'၊ စိတ်က အမြဲတမ်းပဲ ဟိုက် ဟိုက် နေတယ်။ ဟိုက်တယ်ဆိုတာ မပြည့်တဲ့သဘော၊ လိုနေသေးတဲ့ သဘောပါပဲ။

မိမိလက်ရှိ စည်းစိမ်ချမ်းသာနဲ့ ကျေနပ်အားရခြင်း မရှိဘဲ ရှေ့ဆက် ရှေ့ဆက်ပြီးတော့ ကာမဂုဏ်အာရုံ ချမ်းသာတွေ ရအောင် တောင့်တတဲ့ တဏှာဖြစ်နေတယ်ဆိုရင် စိတ်ဟာ ဟိုက်နေတာပါပဲ။ စိတ်ဟာ မပြည့်ဘူး။

http://www.dhammadownload.com

လောကမှာ ကျပ်မပြည့်ဘူးလို့ ပြောကြသလိုပေါ့လေ။ ကာမဂုဏ်ချမ်းသာတွေကို တိုးတိုးပြီး ရဖို့ တောင့်တနေတယ်ဆိုရင် စိတ်မပြည့်ဘူး လို့ ပြောရမှာပေါ့။ စိတ်လျော့နေတယ် လို့ ပြောရမှာပေါ့၊ စိတ်ဟိုက်နေတယ်လို့ ပြောရမှာပေါ့။

မန္ဓာတု စကြာမင်းကြီးဆိုတာ တရားနာပရိသတ်များ ကြားဖူးကြမှာပါ၊ သူ့ရဲ့ သက်တမ်းက အသင်္ချေ ရှည်လျားပါတယ်၊ ဘယ်နှနှစ်လို့ ရေတွက်လို့မရအောင် ရှည်လျားတဲ့ လူ့သက်တမ်းမှာ ဖြစ်လာတဲ့ မန္ဓာတုစကြာမင်းကြီး ဖြစ်ပါတယ်။

အဲဒီ မန္ဓာတုစကြာမင်းကြီးဟာ နှစ်ပေါင်း ရှစ်သောင်းလေးထောင်တိုင်အောင် စကြာမင်းစည်းစိမ်ကို ခံစားနေရပေမယ့် အားမရဘူး၊ စကြာမင်းစည်းစိမ်ဆိုတော့ တစ်မြေပြင်လုံးကို အစိုးရတာပေါ့၊ တစ်မြေပြင်လုံးမှာ သူခံစားချင်တဲ့ ချမ်းသာမှန်သမျှ အလိုရှိသလောက် ခံစားလို့ရတယ်။

ဒါပေမဲ့ လူ့ပြည်မှာ တစ်မြေပြင်လုံးအစိုးရတဲ့ စကြာမင်းကြီးလုပ်ရတာကို သူအားမရဘူး၊ မတင်းတိမ်ဘူး၊ ဒီတော့ နတ်ပြည်ချမ်းသာတွေဆိုတာ လူချမ်းသာထက် အဆင့်မြင့်တယ်လို့ သတင်းကြားတယ်။ ဒီတော့ နတ်ပြည်တက်ပြီးတော့ နတ်စည်းစိမ်ခံစားမှပဲဆိုပြီးတော့ စတုမဟာရာဇ်နတ်ပြည်ကို တက်သွားတယ်။

စကြာယာဉ်ကြီး စီးပြီးတော့ စတုမဟာရာဇ် နတ်ပြည်ကို တက်သွားတယ်၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးကလည်း စကြာမင်းကြီးကို ခရီးဦးကြိုဆိုကြတယ်၊ ကြိုဆိုပြီးတော့ စတုမဟာရာဇ် နတ်မင်းစည်းစိမ်ကို စကြာမင်းကြီးကို လွှဲအပ်လိုက်ပါတယ်။

http://www.dhammadownload.com

ဒီတော့ လူစင်စစ်ကနေ နတ်စည်းစိမ်ကို ခံစားနေရတယ်၊ စတုမဟာရာဇ်နတ်မင်းရဲ့စည်းစိမ်ကို နှစ်ပေါင်းများစွာ ခံစားပြီးတော့ နေရပေမယ့် အားမရသေးဘူး၊ စတုမဟာရာဇ်နတ်မင်း စည်းစိမ်ထက် တာဝတိံသာနတ်မင်းစည်းစိမ်က ပိုပြီးတော့ ကြီးကျယ်တယ်လို့ ကြားတယ်၊ တာဝတိံသာတက်ပြီးတော့ တာဝတိံသာနတ်မင်းစည်းစိမ် ခံစားဦးမှပဲ ဆိုပြီးတော့ တာဝတိံသာနတ်ပြည်ကို တစ်ခါတက်သွားပြန်တယ်။

တာဝတိံသာနတ်ပြည်ရောက်တော့လည်း သိကြားမင်းက ခရီးဦးကြိုဆိုပါတယ်၊ ခရီးဦးကြိုဆိုပြီးတော့ ဘာကြောင့် တက်လာရပါသလဲလို့မေးတော့ တာဝတိံသာစည်းစိမ်ကို ခံစားချင်လို့၊ သိကြားမင်းစည်းစိမ်ခံစားချင်လို့ တက်လာတာပါလို့ ပြောတဲ့အတွက် သိကြားမင်းကလည်း ကြည်ကြည်ဖြူဖြူနဲ့ သူ့ရဲ့သိကြားမင်းစည်းစိမ်ကို တစ်ဝက်ခွဲပြီးတော့ ပေးလိုက်ပါတယ်။

လူစင်စစ်ကနေ သိကြားမင်းစည်းစိမ်ကို ခံစားနေရတယ်၊ လူ့သက်တမ်းဆိုတာက မူသေ မရှိဘူး၊ သက်တမ်းတိုတဲ့အခါ တိုတယ်၊ သက်တမ်းရှည်တဲ့အခါ ရှည်တယ်၊ ရှည်ပြီဆိုရင်လည်း ရေတွက်လို့မရအောင် အသင်္ချေထိ ရှည်တယ်။ နတ်ပြည်ကသက်တမ်းကတော့ အတိအကျ ရှိတယ်။

ဒီတော့ စကြာမင်းကြီး သိကြားမင်းစည်းစိမ်ကို ခံစားနေတဲ့အချိန်မှာ တာဝတိံသာနတ်ပြည်ရဲ့သက်တမ်းက လူ့သက်တမ်းနဲ့တွက်မယ်ဆိုရင် နှစ်ပေါင်းသုံးကုဋေနဲ့ ခြောက်သန်း ကြာပါတယ်။ နှစ်ပေါင်းသုံးကုဋေနဲ့ခြောက်သန်းကြာတဲ့အခါမှာ သူ့ကို စည်းစိမ်တစ်ဝက်ခွဲပေး

http://www.dhammadownload.com

တဲ့ သိကြားမင်းကြီးက ကံကုန်လို့ စုတေသွားတယ်။

စကြာမင်းကြီးကတော့ သိကြားမင်းစည်းစိမ် ဆက်ခံစားတယ်၊ နောက်တက်လာတဲ့ သိကြားမင်းကလည်း သူ့စည်းစိမ်ကို တစ်ဝက် ခွဲပေးတယ်။ အဲဒီလိုနဲ့ သိကြားမင်း သုံးဆယ့်ခြောက်ဆက်သာ စုတေသွားတယ်၊ မန္ဓာတု စကြာမင်းကြီးကတော့ သိကြားစည်းစိမ်ကို အားရပါးရ ခံစားတုန်းပဲ။ အသက်ကလည်း ရှည်နေတုန်းပါပဲ၊ သိကြားမင်းသုံးဆယ့်ခြောက်ဆက်ထက်ကို သူ့အသက်က ပိုပြီးတော့ ရှည်နေတယ်။

သုံးဆယ့်ခုနစ်ယောက်မြောက် သိကြားမင်းလည်း တက်လာရော၊ မန္ဓာတု စကြာမင်းကြီးက သိကြားမင်းစည်းစိမ် တစ်ဝက် ခွဲပြီးတော့ ခံစားရတာ အားမရလို့ သိကြားမင်းကို သတ်ပြီးတော့ သိကြားမင်းစည်းစိမ် အပြည့် ခံစားမယ်၊ တာဝတိံသာ နတ်ပြည် စည်းစိမ်တစ်ခုလုံးကို ငါတစ်ယောက်တည်း ခံစားမယ် ဆိုပြီးတော့ သုံးဆယ့်ခုနစ်ယောက်မြောက် သိကြားမင်းကို သတ်ဖို့ စိတ်ကူးလိုက်တယ်။

အဲဒီလို စိတ်ကူးလိုက်တာနဲ့ တစ်ပြိုင်နက်တည်း သူ့ရဲ့ သက်တမ်းဟာ ဆုတ်ယုတ်သွားပြီးတော့ နတ်ပြည်ကနေ တဖြည်းဖြည်းနဲ့ ဝါဂွမ်းလေးလို လွင့်ကျလာတယ်။ လူပြည်ကို တဖြည်းဖြည်းချင်း လွင့်ကျလာတယ်၊ သူ့ရဲ့ လောဘစိတ်၊ သူ့ရဲ့ သတ်မယ်ဆိုတဲ့ ဒေါသစိတ်က သူ့ကို ဖျက်ဆီးလိုက်တာပါပဲ။

သိကြားမင်းကို သတ်မယ်ဆိုတဲ့ စိတ် ဖြစ်လာတာနဲ့တစ်ပြိုင်နက်တည်း နတ်ပြည်ကနေ လျှောကျလာပြီးတော့ သူ့ရဲ့ တိုင်းပြည် မင်းဥယျာဉ်ထဲက ကျောက်ဖျာပေါ်မှာ ကျလာတယ်၊ ကျလာတော့

http://www.dhammadownload.com

ဟာရာဏာသီမှာ ရှိတဲ့၊ သူ့ရဲ့တိုင်းပြည်မှာ ရှိတဲ့၊ ကျန်တဲ့ မင်းညီမင်းသားတွေ၊ မှူးမတ်သေနာပတိတွေက လာရောက်ပြီးတော့ ခစားကြတယ်။

သူကတော့ အချိန်ပိုင်းအတွင်းမှာပဲ သေရတော့မှာပါပဲ၊ ညှိုးနွမ်းပြီးတော့ နေပြီ၊ အဲဒီအချိန်မှာ ကျန်နေတဲ့ မှူးကြီးမတ်ရာ သေနာပတိတွေက လျှောက်ထားတယ်။

'အရှင်မင်းကြီး အရှင်မင်းကြီးရဲ့ အကြောင်းအရာကို နောင်လာနောက်သားတွေ မှတ်သားကြရအောင် ဘယ်လိုများ မော်ကွန်းထိုးရပါမလဲ'

အဲဒီလို လျှောက်ထားတော့ မန္ဓာတုစကြာမင်းကြီးက 'ငါ့ရဲ့အကြောင်းကို အခုလို မော်ကွန်းထိုးကြစမ်းကွာ။ မန္ဓာတုစကြာမင်းကြီးဟာ လူ့ပြည်မှာ နှစ်ပေါင်း ရှစ်သောင်းလေးထောင်ကြာအောင် စကြာမင်းစည်းစိမ်ကို ခံစားရပေမယ့်၊ စတုမဟာရာဇ်နတ်စည်းစိမ်ကို နှစ်ပေါင်းများစွာ ခံစားရပေမယ့်၊ တာဝတိံသာနတ်ပြည်မှာ သိကြားမင်း စည်းစိမ်ကို သိကြားသုံးဆယ့်ခြောက်ဆက်တိုင်အောင် ခံစားရပေမယ့် ကာမဂုဏ်ချမ်းသာတွေရဲ့အပေါ်မှာ တင်းတိမ်ရောင့်ရဲ အားရကျေနပ်ခြင်း လုံးဝမရှိဘဲနဲ့ သေသွားရှာတယ်။ အဲဒီလို မော်ကွန်းထိုးကြစမ်းကွာ'လို့ ဒီစကားလေးတစ်ခွန်း ပြောပြီးတော့ စကြာမင်းကြီး ဇက်ကျိုးကျသွားပါတယ်၊ သေဆုံးသွားပါတယ်။

မန္ဓာတုစကြာမင်းကြီး ကိုယ့်သမိုင်း ကိုယ်ရေးသွားတာပါပဲ။ လူတိုင်း လူတိုင်းဟာ ကိုယ့်သမိုင်းကိုယ် ရေးကြရတာပါပဲ၊ ဘယ်လို ပုံသဏ္ဍာန်မျိုးနဲ့ ရေးမလဲ ၊ ဘယ်လို အချက်အလက်မျိုးနဲ့ ရေးမလဲဆို

http://www.dhammadownload.com

တာကတော့ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ဒီကနေ့တရားနဲ့ ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင်တော့

'ကျွန်ုပ်သည် လောကီအာရုံကာမဂုဏ် ချမ်းသာတွေအပေါ်မှာ တင်းတိမ်ရောင့်ရဲ အားရကျေနပ်ခြင်းမရှိဘဲနဲ့ သေသွားရပါတယ် ခင်ဗျာ၊ သေသွားရပါတယ်ရှင်'

လို့ အဲဒီလိုပဲ ကိုယ့်သမိုင်း ကိုယ်ရေးကြမလား၊ ဒါမှမဟုတ်

'ကျွန်တော်သည်၊ ကျွန်မသည် လောကီအာရုံ ကာမဂုဏ် ချမ်းသာတွေကို လွတ်လွတ်ကျွတ်ကျွတ် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား စွန့်လွှတ်ပြီးတော့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေအပေါ်မှာ ငြိကပ်တွယ်တာခြင်း လုံးဝမရှိဘဲနဲ့ လူ့ပြည်ကနေ ခရီးထွက်သွားပါတယ်ခင်ဗျာ၊ ခရီးထွက်သွားပါတယ်ရှင်'

လို့ အဲဒီလိုပဲ ကိုယ့်သမိုင်း ကိုယ်ရေးကြမလား။

ဒါကတော့ ကိုယ်ကိုယ်တိုင် ရေးကြရမှာပါပဲ၊ ဒါကြောင့် ပြန်ဆိုလိုက်ပါ။

မိုးအောက်မြေပြင်၊ စည်းစိမ်ပင်၊ မရွှင်စိတ်ဟိုက်သည်။

ရဟန္တာမဖြစ်သေးလို့ တဏှာရှိနေသေးသမျှ လူသားတွေရဲ့ စိတ်ဟာ အမြဲတမ်း လိုကွက်၊ ဟာကွက် ရှိနေမှာပါပဲ။ ဟိုဟာ ပြည့်စုံပေမယ့် ဒီဟာ မပြည့်စုံ၊ ဒီဟာ ပြည့်စုံပေမယ့် ဟိုဟာ မပြည့်စုံ၊ တစ်ခုခုတော့ အမြဲလိုနေတာပါ။ လိုကွက်မရှိ၊ ဟာကွက်မရှိ အစစအရာရာ ပြီးပြည့်စုံနေတဲ့လူရယ်လို့ တစ်ဦးတစ်ယောက်မှ မရှိပါဘူး။

■

http://www.dhammadownload.com

## မေတ္တာလက်ဆောင်လား၊အဂတိလက်ဆောင်လား

နောက်တစ်ခုဆိုမယ်၊

ဒီကမ်းရဆဲ၊ ဟိုကမ်းလည်း၊ လိုမြဲမဝပြီ။

ဒီကမ်းဆိုတာက ဒီကမ္ဘာမြေကြီးမှာ အလယ်က မြင်းမိုရ်တောင် ရှိပါတယ်။ မြင်းမိုရ်တောင်ရဲ့ပတ်ပတ်လည်မှာ ကျွန်းကြီးလေးကျွန်းရှိတယ်၊ အရံကျွန်းငယ်ပေါင်း နှစ်ထောင်ရှိတယ်။ အဲဒီကျွန်းတွေရဲ့ ဟိုဘက်မှာ မဟာသမုဒ္ဒရာကြီး လေးစင်းရှိတယ်၊ မဟာသမုဒ္ဒရာကြီးရှိတယ်၊ သမုဒ္ဒရာ ဟိုဘက်မှာလည်း အခုလိုပဲ ကျွန်းတွေနဲ့တကွတိုင်းပြည်ကြီးတွေ ရှိတယ်။

အဲဒီတော့ ဒီဘက်က ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင် တစ်မြေပြင်လုံးကို အစိုးရတဲ့ ပုဂ္ဂိုလ်ဖြစ်နေပေမယ့် ဒီဘက်ကမ်းတစ်ခုလုံးကို၊ ဒီဘက်ကမ်းတစ်ခုလုံးမှာ ရှိတဲ့ စည်းစိမ်ချမ်းသာတွေကို မိမိပိုင်ဆိုင်နေရပေမယ့် မကျေနပ်နိုင်သေးဘူး။

http://www.dhammadownload.com

ဟိုဘက်ကမ်းက စည်းစိမ်ချမ်းသာတွေကိုလည်း လှမ်းပြီး တော့ လိုချင် တောင့်တတယ်၊ ကာမဂုဏ်အာရုံ ကာမဂုဏ်ချမ်းသာရဲ့ သဘော၊ တဏှာရဲ့သဘောကို ပြောပြနေတာပါပဲ။

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်ခဲ့ပါတယ်။ အဲဒီ ဗြဟ္မဒတ်မင်းကြီးမှာ သားနှစ်ယောက် ရှိပါတယ်၊ သားအကြီးက အိမ်ရှေ့မင်းသား၊ သားအငယ်က စစ်သူကြီး။

ဗာရာဏသီမင်းကြီး နတ်ရွာစံကံတော်ကုန်သွားတော့ မှူးကြီးမတ်ရာသေနာပတိတွေအားလုံးက နောင်တော် အိမ်ရှေ့မင်းသားကို မင်းဘိသိက်သွန်းပြီးတော့ မင်းမြှောက်ဖို့ လျှောက်ထားကြတယ်။

အဲဒီမှာ နောင်တော်မင်းသားကြီးက ငါရှင်ဘုရင် လုံးဝမလုပ်ချင်ဘူး၊ ငါ့ ညီတော် စစ်သူကြီးကိုပဲ မင်းမြှောက်လိုက်ကြပါ၊ ဘယ်လိုမှ မင်းလုပ်ဖို့ တောင်းပန်တိုက်တွန်းလို့မရဘူး။ ဒါဖြင့်လည်း အရှင်က၊ နောင်တော်ကြီးက အိမ်ရှေ့မင်းသားလုပ်ပါ၊ အိမ်ရှေ့မင်းသားလည်း မလုပ်ချင်ပါဘူးကွာ။

ဒါဖြင့်ရင်လည်း စစ်သူကြီးလုပ်ပါ၊ စစ်သူကြီးလည်း မလုပ်ချင်ပါဘူး၊ တိုင်းပြည်စည်းစိမ်၊ နန်းတွင်းစည်းစိမ်တွေနဲ့ ပတ်သက်ပြီးတော့ ဘာမှ သူမလိုချင်ဘူး။ ဒါဖြင့်လည်း၊ ဘာတာဝန်မှ မယူချင်ဘူးဆိုရင်လည်းပဲ နန်းတော်မှာပဲ ကောင်းကောင်းမွန်မွန်၊ ချမ်းချမ်းသာသာနဲ့ အေးအေးဆေးဆေးပဲ နေပါ။

အဖအရာမှာ ထားပြီးတော့ ညီတော်က ပြုစုလုပ်ကျွေးပါ့မယ်။ တိုင်းသူပြည်သားတွေက ပြုစုလုပ်ကျွေးပါ့မယ်။ အဲဒီလိုလျှောက်

http://www.dhammadownload.com

ပြန်တော့လည်း မင်းသားကြီးက မနေချင်ပြန်ဘူး။

တော်ပြီ၊ ငါနန်းတော်မှာကို လုံးဝ မနေချင်တာ။ မြို့ကြီး၊ ပြကြီးမှာကို လုံးဝ မနေချင်တာ၊ အစွန်အဖျား တောရွာမှာပဲ သွားပြီး တော့ အေးအေးချမ်းချမ်းလေး ငါနေတော့မယ်၊ အဲဒီလို ပြောပြီးတော့ နန်းတော်ကလည်း ထွက်၊ မြို့ကလည်း ထွက်ပြီးတော့ နေတယ်။

လူတွေရဲ့အိမ်မှာ ထင်းခွေခိုင်းရင် ခွေပေးလိုက်၊ ရေခပ်ခိုင်း ရင် ခပ်ပေးလိုက်၊ သာမန်ဆင်းရဲသားလေးတစ်ယောက်လိုပဲ နေတယ်၊ စိတ်ကတော့ ချမ်းသာလို့။

အဲဒီလိုနဲ့ နောက်ဆုံးတော့ ဒီမင်းသားကြီးဟာ ဗာရာဏသီ မင်းကြီးရဲ့ သားတော်ကြီးပဲဆိုတာ သိသွားကြတဲ့အခါကျတော့ ရွာသူ ရွာသားတွေက မခိုင်းကြတော့ပါဘူး။ ရွာမှာရှိတဲ့ ရွာမျက်နှာဖုံး သူဌေး တစ်ယောက်က သူ့ကို ပြုစုလုပ်ကျွေးထားပါတယ်၊ အဲဒီ အိမ်မှာပဲ မင်းသားကြီးက ချမ်းချမ်းသာသာ နေရပါတယ်။

တစ်နေ့ကျတော့ ရှင်ဘုရင်ရဲ့ အခွန်ဝန်ထမ်းတွေက အဲဒီ ကျေးရွာမှာ လာပြီးတော့ အခွန်ကိစ္စ ဆောင်ရွက်ကြတယ်။ ဆောင် ရွက်ကြတော့ မင်းသားကြီးကို ကျွေးမွေးထားတဲ့ သူဌေးက မင်းသား ကြီးကို ပြောတယ်။

မင်းသားကြီး၊ မင်းသားကြီးကို ကျွန်တော်မျိုးတို့ တစ်သက်လုံး ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုထားပါ့မယ်။ ကျွန်တော်မျိုးတို့ရဲ့ လယ်မြေကို အခွန်လွတ်အောင် မင်းသားကြီး ညီတော်ရှင်ဘုရင့်ဆီကို အကြောင်းကြားပေးပါ။

အဲဒီတော့ မင်းသားကြီးကလည်း ကိုယ့်ကို ကျွေးမွေး ပြုစု

http://www.dhammadownload.com

ထားတဲ့ ကျေးဇူးရှင်ပဲ ဆိုပြီး မျက်နှာထောက်ထားပြီးတော့ ညီတော် ရှင်ဘုရင်ဆီကို အကြောင်းကြားပေးလိုက်တယ်။ အဲဒီလိုနဲ့ မင်းသား ကြီးကို ကျွေးမွေးပြုစုထားတဲ့သူဌေး အခွန်လွတ်ခွင့်ရသွားတယ်။

မင်းသားကြီးကို ပြုစုလုပ်ကျွေးထားတဲ့သူဌေး အခွန်လွတ်ခွင့် ရတယ်ဆိုတာလည်း သိရော၊ ကျန်တဲ့ရွာသူရွာသားတွေ၊ နယ်သူနယ် သားတွေက လာပြီးတော့ မင်းသားကြီးကို လျှောက်ထားကြတယ်။

ကျွန်တော်မျိုးတို့ မင်းသားကြီးကိုပဲ အခွန်ဆက်ပါ့မယ်၊ ကျွန် တော်မျိုးတို့ရဲ့ လယ်မြေတွေကိုလည်း အခွန်လွတ်ခွင့် ရအောင် လုပ် ပေးပါ။ ဒီတော့ မင်းသားကြီးကလည်း သူ့တို့ကို ငဲ့ညှာထောက်ထားတဲ့ အနေနဲ့ ညီတော်ရှင်ဘုရင်ဆီ အကြောင်းကြားပြီးတော့ အခွန်လွတ်ခွင့် ရအောင် လုပ်ပေးလိုက်ပါတယ်။

အဲဒီလိုနဲ့ ရွာသူရွာသားတွေ၊ တိုက်နယ်သူ၊ တိုက်နယ်သား တွေ ဆက်သသမျှ အခွန်တွေကို မင်းသားကြီးပဲ ရတယ်၊ နဂိုတုန်းက ရှင်ဘုရင်လုပ်ဖို့ လုံးဝစိတ်မကူးတဲ့ပုဂ္ဂိုလ်၊ ရှင်ဘုရင်စည်းစိမ်ကိုတောင် မှ တံတွေးပေါက်လို စွန့်လွှတ်ထားတဲ့ပုဂ္ဂိုလ်က အခုတော့ ရွာသူရွာ သားတွေ ဆက်သတဲ့အခွန်တော်တွေ၊ နယ်သူနယ်သားတွေ ဆက်သတဲ့ အခွန်ဘဏ္ဍာပစ္စည်းဥစ္စာတွေ နည်းနည်းချင်း၊ နည်းနည်းချင်းလည်း ရရလာရော၊ အဲဒီ ရရှိလာတဲ့ ပစ္စည်းဥစ္စာတွေအပေါ်မှာ သာယာတဲ့ တဏှာလေးက တဖြည်းဖြည်းချင်း တိုးပွားလာတယ်။

နွားရဲ့ ချိုကြီး အသက်ကြီးလာတာနဲ့အမျှ ရှည်လာသလိုပါပဲ၊ ပစ္စည်းဥစ္စာတွေအပေါ်မှာ သာယာတဲ့စိတ် တဖြည်းဖြည်းချင်း ဖြစ်ပြီး တော့ တဏှာလောဘဟာ အတောမသတ်နိုင်အောင် ဖြစ်ပြီးတော့

http://www.dhammadownload.com

ညီတော်ရှင်ဘုရင်ဆီကို ရွာစားဆု တောင်းလိုက်တယ်။

ညီတော် ရှင်ဘုရင်ကလည်း ကြည်ကြည်ဖြူဖြူ ပေးလိုက်ပါတယ်၊ ရွာစားဆုနဲ့ အားမရတော့ တိုက်နယ်စားဆု တောင်းလိုက်ပြန်တယ်၊ ညီငယ်ကလည်း ပေးပါတယ်။ မြို့စားဆု တောင်းပြန်ပါတယ်၊ ပေးလိုက်ပြန်ပါတယ်။ အဲဒီလိုနဲ့ စည်းစိမ်ချမ်းသာတွေကို တဖြည်းဖြည်း တိုးတိုးပြီး တောင်းဆိုလာတာ နောက်ဆုံး အိမ်ရှေ့မင်းသားဆုကိုလည်း တောင်းတယ်။ ညီတော် ရှင်ဘုရင်ကလည်း ကြည်ကြည်ဖြူဖြူ ပေးလိုက်ပါတယ်။

အိမ်ရှေ့မင်းသား ဖြစ်တာနဲ့တွင် မတင်းတိမ်တော့ပါဘူး၊ နောက်ဆုံးတော့ သူကိုယ်တိုင် မလုပ်ချင်ပါဘူးဆိုတဲ့ ရှင်ဘုရင်စည်းစိမ်ကိုပါ ညီတော် ရှင်ဘုရင်ဆီက တောင်းဆိုပြန်တယ်။ ညီတော် ရှင်ဘုရင်ကလည်း အကြည်တဖြူနဲ့ပဲ လွှဲအပ်ပေးလိုက်ပါတယ်။ သူကိုယ်တိုင်ကတော့ အိမ်ရှေ့မင်းသားပဲလုပ်ပါတယ်၊ နဂိုမူလ လျာထားတဲ့အတိုင်းပဲ ဖြစ်သွားတာပါပဲ။

အစကတည်းကသာ၊ ခမည်းတော်ဗာရာဏသီမင်းကြီး နတ်ရွာစံတုန်းကသာ ပုံမှန်အတိုင်းပဲ ရှင်ဘုရင်စည်းစိမ် ခံစားလိုက်မယ်ဆိုရင်တော့ သူ့ရဲ့ တဏှာလောဘဟာ ပုံမှန်လောက်ပဲ ဖြစ်နေမှာပါ။

အခုတော့ မလိုချင်ပါဘူးဆိုပြီးတော့ အာလယပြတ် စွန့်လွှတ်ထားတာကနေ၊ စည်းစိမ်ချမ်းသာတွေ ဘာမှ မရှိတာကနေ တဖြည်းဖြည်းချင်း တဖြည်းဖြည်းချင်း တဏှာက တိုးပွားလာတာဆိုတော့ ဗာရာဏသီမင်းကြီးအဖြစ်ကို ရပေမယ့် သူမတင်းတိမ်နိုင်တော့ဘူး။

သူသိပ်လိုချင်တဲ့ ဗာရာဏသီရှင်ဘုရင် အဖြစ်ကို ရပေမယ့်

http://www.dhammadownload.com

တိုင်းပြည်တစ်ပြည်ထောင်ထဲကို အုပ်ချုပ်ရတာကို သူမကျေနပ်တော့ဘူး။ ဇာရာဏာသီပြည်ကဲ့သို့ တိုင်းပြည်ကြီး သုံးခု၊ နောက်ထပ် တိုင်းပြည်ကြီးသုံးခု ရရင်လည်း ကောင်းမှာပဲ။

ပြည်ထောင်ကြီး လေးခုကို အုပ်ချုပ်ရတဲ့ ရှင်ဘုရင်ကြီး ဖြစ်ရင် ကောင်းမှာပဲလို့ သူတောင့်တမိတယ်၊ သာမန်စိတ်ကူးယဉ်ရုံလေး၊ သာမန်အတွေးဖြစ်ရုံလေး တောင့်တတာ မဟုတ်ဘူး။ ရင်ထဲကကို တကယ် လှိုက်လှိုက်လှဲလှဲနဲ့ တောင့်တနေတာ။

ဒါကြောင့် တဏှာရဲ့သဘောဟာ အင်မတန် အံ့သြစရာကောင်းတယ်၊ ကြောက်စရာလည်း ကောင်းတယ်၊ လုံးဝမလိုချင်ရာကနေ တဖြည်းဖြည်း လိုချင်လာရင်တော့ ပိုပြီးတော့ ကြောက်စရာကောင်းပါတယ်။

ဇာရာဏာသီမင်းသားကြီးကို တဏှာစိတ်တွေ တိုးပွားလာအောင် လှုံ့ဆော်ဖျက်ဆီးတဲ့ ပင်မတရားခံကတော့ လက်ဆောင်ပါပဲ။ နဂိုက တဏှာလောဘကင်းပြီး သန့်ရှင်းဖြူစင်တဲ့ မင်းသားကြီးရဲ့စိတ်ဓာတ်ကို 'မေတ္တာလက်ဆောင်' လို့ နာမည်တပ်ထားတဲ့ 'အဂတိလက်ဆောင်' တွေက တဏှာလောဘ ကြီးမားသထက် ကြီးမားလာအောင် တိုက်ခိုက်ဖျက်ဆီးပစ်လိုက်တာပါပဲ။

လောကမှာ တစ်ယောက်နဲ့ တစ်ယောက် ပေးကြတဲ့ လက်ဆောင်က မေတ္တာလက်ဆောင်နဲ့ အဂတိလက်ဆောင်လို့ နှစ်မျိုးရှိပါတယ်။ ကိုယ့်အကျိုးကို ဘာမှ မမျှော်လင့်ဘဲ သူတစ်ပါး ကောင်းကျိုးရစေချင်တဲ့ မေတ္တာစိတ်သက်သက်နဲ့ ပေးတဲ့ လက်ဆောင်ကိုတော့ 'မေတ္တာလက်ဆောင်' လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

တစ်ဖက်သားရဲ့ ကောင်းဂုဏ်တစ်ခုခုကို ဂုဏ်ပြုပူဇော်တဲ့ အနေနဲ့ ပေးတဲ့ လက်ဆောင်၊ တစ်ဖက်သားရဲ့ ကျေးဇူးတရားကို လေးစားတုံ့ပြန်တဲ့အနေနဲ့ ပေးတဲ့ လက်ဆောင်ဟာလည်း မေတ္တာ လက်ဆောင်ပါပဲ။

တစ်ဖက်သား ကောင်းကျိုးရဖို့ထက် ကိုယ့်လိုအင်ဆန္ဒ ပြည့်ဝဖို့အတွက် မျှော်လင့်ချက် တစ်စုံတစ်ရာနဲ့ လာဘ်ထိုးတဲ့သဘောမျိုး ပေးတဲ့ လက်ဆောင်ကိုတော့ 'အဂတိလက်ဆောင်' လို့ ခေါ်ပါတယ်။

ကိုယ့်ကို ကျေးဇူးပြန်ဆပ်စေချင်တဲ့စိတ်နဲ့ ကိုယ်က အရင်ဦး အောင် ကျေးဇူးပြုထားတဲ့သဘောမျိုး မျက်နှာလုပ်ပြီး ပေးတဲ့ လက် ဆောင်ဟာလည်း အဂတိလက်ဆောင်ပါပဲ။

အဂတိလက်ဆောင်ကို မေတ္တာလက်ဆောင် ထင်ပြီး ကျေနပ် နေရင်တော့ ကိုယ်ရတာနဲ့ မကာမိတဲ့ ပေးဆပ်ခြင်းတွေနဲ့ လည်စင်း ပြီး ပေးဆပ်နေရတော့မှာ သေချာပါတယ်။ တစ်ခါတစ်ရံမှာ မေတ္တာ လက်ဆောင်ကလည်း အဂတိလက်ဆောင်အဖြစ် အသွင်ပြောင်းသွား တတ်ပါသေးတယ်။

ဗာရာဏသီ မင်းသားကြီး တဏှာလောဘတွေ အတော မသတ်နိုင်အောင် တိုးပွားလာတာဟာ မေတ္တာလက်ဆောင်လို့ တံဆိပ် တပ်ထားတဲ့ အဂတိလက်ဆောင်ရဲ့ နှိပ်စက်မှုဒဏ်ကို အလူးအလဲ ခံလိုက်ရတာပါပဲ။

ဩော် . . . လက်ဆောင် . . . လက်ဆောင် . . .၊ ကိုယ့် 'လက်' ကို အပါယ်လေးပါးအထိ ဆွဲခေါ် 'ဆောင်' သွားမယ့် 'လက် ဆောင်' ပါလား . . .။

http://www.dhammadownload.com

## ဆေးဖိုးပဲယူပါမယ်၊ ဝါးခမယူပါဘူး

နောက်ထပ် တိုင်းပြည်ထောင်ကြီး သုံးခု ရချင်တဲ့ ဆန္ဒဖြစ်နေတာကို သိကြားမင်းက သိတော့ တဏှာလောဘ အင်မတန်ကြီးတဲ့ ဒီဗာရာဏသီမင်းကြီးတော့ ငါဆင်းပြီး ဆုံးမမှ ဖြစ်မှာပဲ ဆိုပြီးတော့ လုလင်ပျိုလေးအသွင် ဆောင်ပြီးတော့ နန်းတော်ထဲ ဝင်လာပါတယ်။

သိကြားမင်းရဲ့ တန်ခိုးတေဇော် အာနုဘော်နဲ့ ရှင်ဘုရင်ကြီးနားမှာ ရှိနေတဲ့ ပုဂ္ဂိုလ်တွေအားလုံး အခန်းအပြင်ထွက်အောင် လုပ်လိုက်ပါတယ်၊ ရှင်ဘုရင်ကြီးနဲ့ သိကြားလုလင်ပျို နှစ်ယောက်တည်း ရှိနေတဲ့အချိန်မှာ သိကြားမင်း ဖန်ဆင်းထားတဲ့ လုလင်ပျိုလေးက မင်းကြီးကို လျှောက်တယ်။

အရှင်မင်းကြီး၊ ဒီဗာရာဏသီပြည်ထက် ပိုပြီးတော့ အဆပေါင်းများစွာ စည်ပင်ဝပြောတဲ့၊ အဆပေါင်းများစွာ လူဦးရေထူထပ်တဲ့၊ အဆပေါင်းများစွာ စစ်သည်ဗိုလ်ပါ၊ ဆင်၊ ယာဉ်တွေ ပြည့်စုံတဲ့

http://www.dhammadownload.com

တိုင်းပြည်ကြီးသုံးခု ကျွန်တော်မျိုး တွေ့ထားပါတယ်။

အဲဒီတိုင်းပြည်ကြီးသုံးခုကို ကျွန်တော်မျိုးရဲ့ စွမ်းအားနဲ့ ရအောင် ယူပြီးတော့ အရှင်မင်းကြီးကို ဆက်သပါ့မယ်၊ ဒီတော့ အရှင်မင်းကြီး အချိန်သိပ်ဆွဲမနေပါနဲ့၊ မြန်မြန်လေး သွားပြီးတော့ သိမ်းယူကြရအောင်၊ မြန်မြန်လေး သွားကြရအောင်၊ အဲဒီလို ပြောပြီးတော့ သိကြားလုလင်ပျိုက အခန်းအပြင်ဘက် ထွက်သွားတယ်။

သူ့ရဲ့တန်ခိုးတေဇော်နဲ့ ဗာရာဏသီမင်းကြီးက သူ့နာမည်ကို မမေးအောင်၊ သူ့ရဲ့ နေရပ်လိပ်စာကို မမေးအောင်၊ သူ့ကို ဆုတော်လာဘ်တော်တွေ မချအောင် လုပ်ထားလိုက်တယ်။ လုလင်ပျိုလေး အပြင်ရောက်သွားတော့ သိကြားမင်းဆိုတော့ သူ့ရဲ့ တန်ခိုးနဲ့ ပျောက်သွားတာပေ့ါ။

ဗာရာဏသီမင်းကြီးက အခန်းအပြင်ဘက် ထွက်လာပြီးတော့ အပြင်မှာရှိတဲ့ မှူးကြီး၊ မတ်ရာ၊ သေနာပတိတွေကို ခုန လုလင်ပျိုလေးသွားပြီးတော့ ခေါ်လိုက်စမ်း။ မင်းတို့လည်းပဲ စစ်တပ်ကို အဆင်သင့် ပြင်ကြ၊ တိုင်းပြည်ထောင်ကြီး သုံးခုကို သွားပြီးတော့ တို့တစ်တွေ သိမ်းပိုက်ကြရအောင်၊ တိုင်းပြည်ကိုလည်း စည်လည်ကြ၊ မြို့သူ မြို့သားတွေ၊ တိုင်းသူ ပြည်သားတွေကိုလည်း စည်းရုံးကြဆိုပြီး ခိုင်းစေလိုက်တယ်။

ဒါပေမဲ့ ခုနလုလင်ပျိုကို တစ်မြို့လုံး လိုက်ရှာပေမယ့် မတွေ့တော့ဘူး၊ ဘယ်တွေ့ပါ့မလဲ သိကြားမင်းပဲ။ အရှင်မင်းကြီး၊ အရှင်မင်းကြီးကို လာပြီးတော့ လျှောက်ထားတဲ့ လုလင်ပျိုလေးကို ကျွန်ုပ်တို့တစ်တိုင်းပြည်လုံး လိုက်ရှာတာ မတွေ့ပါဘူး။

http://www.dhammadownload.com

အရှင်မင်းကြီးက သူ့ကို ဆုတော် လာဘ်တော်တွေ ဘယ်လောက်ချလိုက်လို့လဲ၊ ဟာ ငါဆုတော်လာဘ်တော် ဘယ်လောက်မှမချလိုက်မိဘူး၊ သူ့နာမည်ရော မေးလိုက်မိရဲ့လား၊ ဟာ ငါနာမည်လည်း မမေးလိုက်မိဘူး၊ သူ့ရဲ့နေရပ်လိပ်စာရော မေးလိုက်မိရဲ့လား၊ နေရပ်လိပ်စာလည်း မမေးလိုက်မိဘူး။

ဒီလိုဆိုရင်တော့ အဲဒီလုလင်ပျိုကို ကျွန်တော်မျိုးတို့ ဘယ်လိုလုပ် ရှာလို့တွေ့ပါတော့မလဲ၊ တိုင်းပြည်ထောင်ကြီးသုံးခု ဘယ်နေရာရှိမှန်းမှမသိတာ ဘယ်လိုလုပ် သိမ်းပိုက်လို့ ရပါတော့မလဲ၊ အဲဒီလိုလည်း ပြောလိုက်ရော ဗာရာဏသီမင်းကြီး အင်မတန် စိတ်ဆင်းရဲသွားတယ်။

စိတ်နှလုံး ညှိုးချုံးပြီးတော့ ပူလောင်ပင်ပန်းသွားတယ်၊ အိပ်ရာထဲမှာ ဗုန်းဗုန်းလဲတော့တာပါပဲ။ မစားနိုင် မအိပ်နိုင် ဖြစ်သွားတယ်။ ဩော် ငါ သူ့ကို ဆုတော်လာဘ်တော်မချမိလေခြင်း၊ သူ့နေရပ်လိပ်စာ၊ သူ့နာမည်ကို မမေးလိုက်မိလေခြင်း၊ သူ့ကို ဆုတော်လာဘ်တော်မချလို့ ငါ့ကိုစိတ်ဆိုးပြီးတော့ ငါ့ကိုမဆက်သွယ်တော့တာ ထင်ပါရဲ့။

ပြီးခဲ့တဲ့ကိစ္စတို ထပ်တလဲလဲ ပြန်တွေးပြီးတော့ သူ့စိတ်တွေ ပူလောင်နေတယ်၊ တဏှာလောဘနဲ့ရော၊ တဏှာလောဘကို အခြေခံပြီးတော့ ဖြစ်ပေါ်လာတဲ့ အားမလို အားမရ မကျေနပ်မှု ဒေါသတွေနဲ့ရော၊ နာမည်မမေးလိုက်မိတာတွေနဲ့ ပတ်သက်ပြီးတော့ နောင်တဆိုတဲ့ ကုက္ကုစ္စတွေနဲ့ရော စသည်အားဖြင့်၊ ကိလေသာတစ်ခု ဖြစ်ပြီဆိုရင် တခြားကိလေသာတွေလည်း ပူးတွဲပြီးတော့ ဖြစ်ပေါ်လာကြတော့

http://www.dhammadownload.com

တာပါပဲ။

အဲဒီလိုအားဖြင့် လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာမီးတွေ လောင်မြိုက်ပြီးတော့ ဗာရာဏသီမင်းကြီးရဲ့ စိတ်ဟာ အင်မတန် ပူလောင်နေတယ်၊ စိတ်ပူလောင်တော့ ခန္ဓာကိုယ်လည်း ပူလောင်လာတယ်။ စိတ်လည်းပူ၊ ကိုယ်လည်းပူ၊ ခန္ဓာကိုယ်အတွင်းထဲက နှလုံး၊ အသည်း အစရှိတဲ့ ဝမ်းတွင်းကလီစာတွေလည်း ပူလောင်လာတယ်။

ပူလောင်တဲ့အတွက် ဝမ်းသွေးသွန်တဲ့ရောဂါ ဖြစ်ပေါ်လာပါတယ်။ အကြီးအကျယ် ဝမ်းသွေးသွန်တဲ့ရောဂါဖြစ်လာတယ်။ ထမင်းတစ်လုတ်စားလိုက်ရင် ထမင်းတစ်လုတ် ပြန်ထွက်တယ်။ ရေတစ်ခွက် သောက်လိုက်ရင် ရေတစ်ခွက် ပြန်ထွက်တယ်၊ ဘာမှ စားလို့သောက်လို့ မရတော့ဘူး။

အသစ်စားစရာသောက်စရာ မဝင်တဲ့အပြင် ခန္ဓာကိုယ်မှာရှိတဲ့ သွေးတွေကလည်း အမြဲတမ်း ယိုစီးပြီးတော့ ကျနေတော့ ဗာရာဏသီမင်းကြီး တဖြည်းဖြည်းနဲ့ သေလုမျှောပါး ဖြစ်လာတယ်။ ညှိုးခြောက်ပြီးတော့ လာတယ်၊ စကားတောင် ယဲ့ယဲ့လေးပဲ ပြောနိုင်တော့တယ်။

အင်မတန် ကျွမ်းကျင်တဲ့ သမားတော်ကြီးတွေ ဘယ်လိုပဲ ကုသကုသ ဗာရာဏသီမင်းကြီးရဲ့ ရောဂါမပျောက်ဘဲ ဖြစ်နေတယ်။ အဲဒီအချိန်မှာ ဘုရားလောင်း လုလင်ပျိုလေးကလည်း တက္ကသိုလ်ပြည်က အတတ်ပညာမျိုးစုံ သင်ယူပြီးတော့ ဗာရာဏသီပြည် ပြန်လာတယ်။

ဗာရာဏသီမင်းကြီး အခုလို ရောဂါဖြစ်နေတယ်ဆိုတာ သ

http://www.dhammadownload.com

တင်းကြားတော့ ငါသွားကုမှပဲ၊ ငါ့ရဲ့ပညာစွမ်းနဲ့ကုမှပဲဆိုပြီး နန်းတော်သွားတယ်။ နန်းတော်သွားပြီးတော့ ရှင်ဘုရင်ရဲ့ ရောဂါကို ကုသပေးပါ့မယ်လို့ လျှောက်ထားတဲ့အခါကျတော့ ဗာရာဏသီမင်းကြီးက. . .

'အသက်အရွယ်ကြီးရင့်တဲ့၊ အတွေ့အကြုံများတဲ့ သမားတော်ကြီးတွေတောင် ကုသလို့ မရတဲ့ ရောဂါ ဒီ အသက်အရွယ်ငယ်ငယ် လုလင်ပျိုလေးက ကုသမယ်ဆိုရင်တော့ ဘာထူးမှာလဲ၊ ဘာမှ ထူးမှာ မဟုတ်ဘူး၊ ပိုက်ဆံလိုချင်လို့ လာတာ ထင်ပါရဲ့၊ ပိုက်ဆံပေးပြီးတော့ ပြန်သာလွှတ်လိုက်ပါ'

မင်းကြီးက လုံးဝ လက်မခံဘူး။ ဒီတော့ ဘုရားလောင်း လုလင်ပျိုက ကျွန်ုပ်ကို ဘာမှ အခကြေးငွေ ပေးစရာ မလိုပါဘူး။ စေတနာ၊ မေတ္တာနဲ့ အခမဲ့ ကုသပေးပါမယ်၊ ဆေးဖိုးပဲ ယူပါမယ်၊ ဝါးခ မယူပါဘူး၊ အဲဒီလို လျှောက်ပါတယ်။

ဆေးဖိုးပဲယူပါမယ်၊ ဝါးခတော့ မယူပါဘူးတဲ့၊ ဆေးဖိုးဆိုတာက ဖော်စပ်ရတဲ့ ဆေးအမယ်တွေရဲ့ တန်ဖိုးပေါ့၊ ဝါးခဆိုတာကတော့ ခြေကြွခတို့၊ စမ်းသပ်ခတို့၊ ဉာဏ်ပူဇော်ခတို့၊ အဲဒါတွေပြောတာ ထင်ပါရဲ့နော်။ ကံမြင့်ကျောင်းတိုက်တရားပွဲ ဦးဆောင်ကျင်းပတဲ့ ဒကာကြီးတွေက ဆရာဝန်တွေဆိုတော့ ပြောရတာ အားနာပါတယ်။

တချို့ဆရာဝန်တွေဆို 'ဆေးဖိုး' က နည်းနည်း၊ 'ဝါးခ' က များများ၊ နှစ်ခုပေါင်းလိုက်တော့ 'ဆေးဖိုးဝါးခ' အများကြီး ဖြစ်သွားပါတယ်။ ဆေးဖိုးလည်း များများ၊ ဝါးခလည်း များများ ယူတဲ့ အထူးကုဆရာဝန်ကြီးတွေလည်း ရှိပါတယ်။

နာမည်ကြီး အထူးကုတစ်ယောက်ဆို ဝါးခ များလွန်းလွန်းလို့

http://www.dhammadownload.com

ဘဝတူဆရာဝန်တွေကတောင် ကြည်ညိုလေးစားစိတ် လုံးဝ မရှိတော့ဘဲ ရွံရှာမုန်းတီးနေကြပါတယ်။ ပညာတော့ တော်ပါရဲ့၊ မေတ္တာက ခေါင်းပါးလွန်းတော့ 'စေတနာဆရာဝန်' မဖြစ်တော့ဘဲ 'ငွေသပြာဆရာဝန်' ဖြစ်သွားပါတယ်။

ရောဂါချင်းအတူတူ ပိုက်ဆံအရနည်းတဲ့ ဆေးခန်းမှာ သွားထိုင်ရင် ဖြစ်သလိုကြည့်၊ သာမန်ကြည့်၊ ပိုက်ဆံအရများတဲ့ ဆေးခန်းမှာ သွားထိုင်ရင် သေချာကြည့်၊ ရှယ်ကြည့်ဆိုတော့ 'ဝါးခ' ကို အထူးတန်ဖိုးထားတယ်ဆိုတာ ထင်ရှားနေတာပေါ့။

ဝါးခများများရရေးအတွက် ဆေးခန်းတကာကို နာရီနဲ့ အတိအကျ ပြေးလွှားလှည့်လည်ပြီး စက်ရုပ်တစ်ခုလို လှုပ်ရှားနေကြတဲ့ တချို့ဆရာဝန်တွေ၊ တချို့ဆရာဝန်ကြီးတွေရဲ့ ပေါ့ဆမှု၊ အဆောတလျင် ဆုံးဖြတ်မှု၊ ဆေးအပေး မှားယွင်းမှုတွေကြောင့် မသေသင့်ဘဲ သေသွားကြရတဲ့ လူနာတွေလည်း ကိုယ့်ပတ်ဝန်းကျင်မှာ မတွေ့ချင်အဆုံး တွေ့နေရတာပါပဲ။ မကြားချင်အဆုံး ကြားနေရတာပါပဲ။

ဆရာဝန်အားလုံးကို မဆိုလိုပါဘူး။ မယုံကြည်နိုင်လောက်အောင် မေတ္တာ စေတနာ အားကြီးတဲ့ တကယ့်ဆရာဝန် အစစ်တွေလည်း အများကြီး ရှိပါတယ်။

အဲဒီတော့ ဇာရာဇာသီမင်းကြီးကို ကျွန်ုပ်က အခမဲ့ ကုသပေးပါ့မယ်၊ ဆေးဖိုးပဲ ယူပါမယ်၊ ဝါးခ မယူပါဘူး။ ဆေးဖိုးလည်း မပေးချင်ရပါတယ်၊ စေတနာမေတ္တာနဲ့ ကုသပေးပါ့မယ် ပြောတော့ ဇာရာဇာသီမင်းကြီးက ကဲလေ သူ့ဒီလောက် ကုချင်တာ ကုပါစေပေါ့၊ မပျောက်တော့လည်း အရှုံးမရှိပါဘူး။ ဒါနဲ့ ကုသဖို့ သဘောတူလိုက်ပါတယ်။

http://www.dhammadownload.com

## ကိလေသာဆိုတာကြီးလေသာလေမို့
## ကြီးလေသာလို့လည်းခေါ်ပါတယ်

ဗာရာဏသီမင်းကြီးနဲ့ သူနဲ့ နှစ်ယောက်တည်း အခန်းထဲမှာ ရှိပါတယ်။ အဲဒီအချိန်မှာ ဘုရားလောင်း လုလင်ပျိုက မေးပါတယ်၊ အရှင်မင်းကြီး၊ အရှင်မင်းကြီးရောဂါ ဘာကြောင့် ဖြစ်တာလဲ။ အရှင်မင်းကြီးဖြစ်တဲ့ ရောဂါရဲ့ အကြောင်းရင်း ဇာစ်မြစ်ကလေး ကျွန်တော်မျိုးကို ပြောပြပါ။

အို မင်းကလည်း လျှာရှည်လိုက်တာကွာ၊ ကိုယ့်ဘာသာကိုယ် စမ်းသပ်၊ ကိုယ့်ဘာသာကိုယ် ကုပေါ့၊ ဘာကြောင့်ဖြစ်တာလဲ မေးမနေပါနဲ့။ ကိုယ်က ရောဂါ ဘာကြောင့် ဖြစ်တယ်ဆိုတာ မပြောချင်ဘူးလေ။ သူဖြစ်တဲ့ရောဂါက လောဘကြီးတဲ့ရောဂါ၊ တဏှာကြီးတဲ့ ရောဂါဆိုတော့ ပြောရမှာ ရှက်နေတယ်။

တချို့ ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်များက ကိလေသာ ဆိုတာကို ကိလေသာရဲ့ သဘာဝကလေးနဲ့ ယှဉ်တွဲပြီးတော့ 'ကြီးလေ

http://www.dhammadownload.com

သာ' လို့ပြောတာ ဦးဇင်းတို့ ကြားဖူးပါတယ်။

ကိလေသာရဲ့ အဓိပ္ပာယ်က 'ကြီးလေသာ'တဲ့၊ ကြီးလေသာလေ ဖြစ်နေလို့တဲ့။ အသက်ငယ်ငယ်တုန်းကတော့ တဏှာ၊ လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာက နည်းနည်းပဲဖြစ်တယ်၊ အသက်ကြီးကြီးလာလေ အာရုံမျိုးစုံအပေါ် ကိုယ်က ဗဟုသုတအတွေ့အကြုံ စုံစုံလာလေ ဆိုတော့ လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာတွေကလည်း ပိုပိုပြီးတော့ ကြီးထွားလာတယ်။ ဒါကြောင့် ကိလေသာဆိုတာ 'ကြီးလေသာ'ပါပဲ တဲ့။

ဗာရာဏသီမင်းကြီးလည်း ကိလေသာရောဂါ တစ်နည်းအားဖြင့် အတိအကျ ပြောရရင်တော့ ကာမရောဂါဖြစ်နေတော့ ဒီရောဂါအကြောင်းကို သူက မပြောချင်ဘူး။

မင်းကြီး၊ ရောဂါရဲ့ အကြောင်းရင်းကိုမှ ကျွန်ုပ် သိခွင့်မရရင်တော့ ဘယ်ကုသလို့ ဖြစ်ပါ့မလဲ။ ဆေးကုတဲ့ ပုဂ္ဂိုလ်ဆိုတာ ရောဂါရဲ့ အကြောင်းရင်းဇာစ်မြစ်ကို တိတိကျကျ သိမှ အဲဒီ ရောဂါဇာစ်မြစ်နဲ့ ဆီလျော်တဲ့ ဆေးကို ပေးပြီးတော့ ပျောက်ကင်းအောင် ကုသလို့ ရမှာပေါ့။ ဒီတော့ ရောဂါရဲ့ ဇာစ်မြစ်ကလေး သိပါရစေ။

ဘုရားလောင်း ဆိုတော့ ဘုရားလောင်းရဲ့ မေတ္တာဓာတ်၊ ပါရမီဓာတ်၊ ဗောဓိဓာတ်၊ ဓမ္မဓာတ်တွေရဲ့ တန်ခိုးတေဇော်အာနုဘော်တွေကြောင့် ဗာရာဏသီမင်းကြီးကလည်း ရှေ့က သမားတော်ကြီးတွေကို ဘာမှမပြောခဲ့ပေမယ့် ဒီလုလင်ပျိုလေးကိုတော့ အားကိုးတဲ့ စိတ်ကလေး ပေါ်လာတယ်။ ပြောပြချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ခံစားချက်ကို ရင်ဖွင့်ချင်တဲ့ စိတ်ကလေး ပေါ်လာတယ်။

http://www.dhammadownload.com

ဒီတော့ သူက ပြောပြပါတယ်၊ 'ဒီလို ဒီလိုပါပဲ'၊ သူ့ရဲ့ ဘဝဇာတ်ကြောင်းလေးကို အစအဆုံး ပြန်ပြီးတော့ ပြောပြတယ်၊ နောက်ဆုံးတော့ လုလင်ပျိုလေးတစ်ယောက်လာတယ်၊ တိုင်းပြည်ထောင်ကြီးသုံးခုရှိတယ်လို့ သတင်းပေးတယ်။ သူကိုယ်တိုင်ရအောင် ယူပြီးတော့ ဆက်သမယ်လို့ ပြောတယ်။

ပြီးတော့ ဘယ်ရောက်သွားမှန်း မသိဘူး၊ ပျောက်သွားတယ်၊ လေးပြည်ထောင်မှာ ထီးနန်းမင်းလုပ် အုပ်ချုပ်ရမယ့် မင်းစည်းစိမ်ကနေ ငါ ဆုံးရှုံးပြီ ဆိုပြီးတော့ အဲဒီမှာ ရောဂါ ဖြစ်တော့တာပါပဲ။ အဲဒီလို ရောဂါဇာစ်မြစ် သိတော့မှ လုလင်ပျိုလေးက လျှောက်ထားပါတယ်။

မင်းကြီး၊ ဘာမှ စိုးရိမ်သောက ဖြစ်မနေပါနဲ့၊ စိုးရိမ်သောကဖြစ်နေလို့ရော အဲဒီတိုင်းပြည်ကြီးသုံးခုက ကိုယ့်လက်ထဲရောက်လာမှာမို့လား။ တကယ်တော့ မင်းကြီးရယ်၊ လောကမှာရှိရှိသမျှ သက်ရှိသက်မဲ့အရာအားလုံးဟာ စွန့်ပြီးတော့ ထားခဲ့ရမယ့်အရာတွေ ချည်းပါပဲ။

နောက်ဆုံးတော့ ကိုယ့်ရဲ့ ခန္ဓာကိုယ်တောင်မှ စွန့်ပြီးတော့ ထားခဲ့ရမှာပါ၊ လေးပြည်ထောင်ကို ထီးနန်းအုပ်ချုပ်ရတဲ့ ရှင်ဘုရင်ဖြစ်တော့ရော မင်းကြီးက စားတော်ခွက်လေးခွက် တစ်ပြိုင်နက်တည်း စားနိုင်မှာလား၊ မစားနိုင်ပါဘူး။ အိပ်ရာလေးခုမှာ တစ်ပြိုင်နက်တည်း အိပ်နိုင်ပါ့မလား၊ မအိပ်နိုင်ပါဘူး။

မင်းမြောက်တန်ဆာ လေးခု လေးစုံ တစ်ပြိုင်နက်တည်း ဝတ်နိုင်ပါ့မလား၊ မဝတ်နိုင်ပါဘူး။ မင်းကြီး၊ ဒီတော့ တဏှာလောဘရဲ့

http://www.dhammadownload.com

အလိုကို မင်းကြီးမလိုက်ပါနဲ့။ မင်းကြီး တဏှာလောဘဆိုတာ သူ့အလို လိုက်သင့်တဲ့အရာမျိုးလည်း မဟုတ်ပါဘူး။ သူ့ရဲ့ အလိုကို လိုက်မယ် ဆိုရင်တော့ အပါယ်လေးပါးကနေ လုံးဝ ခေါင်းဖော်ခွင့် ရမှာ မဟုတ် ပါဘူး။

အဲဒီလို မိတ်ဆက်စကားလေးနဲ့ ဆေးဝါးလေး ကုသပေးတယ် ဆိုရင်ပဲ မင်းကြီးက စိတ်ကလေး နည်းနည်း နူးညံ့ပျော့ပျောင်းလာ တယ်။ လုလင်ပျိုဆက်ပြောမယ့် စကားလေးတွေအပေါ်မှာ စိတ်ဝင် စားပြီးတော့ လာတယ်။

အဲဒီလို ဗာရာဏသီမင်းကြီး စိတ်ဝင်စားနေတဲ့ အချိန်မှာမှ ဘုရားလောင်းလုလင်ပျိုက ဂါထာရှစ်ပုဒ်နဲ့ ဆေးရှစ်ခွက်တိုက်ကျွေးပါ တယ်။ ဗာရာဏသီမင်းကြီးရဲ့ ကိလေသာရောဂါ၊ ကာမရောဂါကို ဓမ္မရေအေးအမြိုက်ဆေးလို့ခေါ်တဲ့ ဆေးရှစ်ခွက်နဲ့ တိုက်ကျွေးပြီးတော့ ကုသပါတယ်။ ပထမဆုံး ကုသတဲ့ဆေးကတော့ ....

ဆားငန်ရေသာ၊ သောက်သူမှာ၊ ငတ်ဆာမပျောက်ပြီ။

မင်းကြီး ..၊ ဆားငန်ရေ သောက်နေတဲ့ လူတစ်ယောက်ဟာ ရေငတ်ပြေအောင်ဆိုပြီးတော့ သောက်ပေမယ့် ရေငတ်မပြေတဲ့အပြင် နဂိုဆာတာထက် ပိုပြီးတော့ ဆာလာပါတယ်။

အဲဒီလိုပါပဲ၊ ငါးဖြာအာရုံ၊ ခြောက်ဖြာအာရုံ ကာမဂုဏ်တွေကို ရတဲ့ပုဂ္ဂိုလ်ကလည်း ခံစားနေရတဲ့အချိန်မှာ သာယာတဲ့ စိတ်ကလေး ဖြစ်တယ်၊ သာယာပြီးတော့ ကျေနပ်လိုက်ပါလားဆိုတော့ မကျေနပ်ဘဲ နဲ့ နောက်ထပ်နောက်ထပ် အာရုံ၊ ကာမဂုဏ်တွေကို ထပ်ပြီးတော့ လိုချင်တဲ့တဏှာတွေ ဖြစ်ပေါ်လာပါတယ်။

http://www.dhammadownload.com

ကာမဂုဏ်ချမ်းသာတွေဆိုတာ ဆားငန်ရေ သောက်ရသလို ပါပဲ၊ ဘယ်တော့မှ အာသာပြေတတ်တဲ့ သဘောမရှိပါဘူး။ ဆားငန်ရေနဲ့ သဘောတူတဲ့ ကာမဂုဏ်အာရုံတွေရဲ့ အာသာမပြေတတ်တဲ့ သဘောကို မင်းကြီး ဆင်ခြင်ပြီးတော့ တဏှာလောဘစိတ်ကို လျှော့ချလိုက်စမ်းပါ။

အဲဒီလိုပြောတော့ ဩော် ဟုတ်သားပဲ၊ ဟုတ်သားပဲနဲ့ ဗာရာဏသီမင်းကြီးရဲ့ ကာမရောဂါ နည်းနည်းသက်သာလာတယ်၊ နောက်ထပ် ဆေးတစ်ခွက် တိုက်ပြန်တယ်။

နွားချိုပမာ၊ တဏှာသာ၊ တိုးကာလာတော့သည်။

မင်းကြီး၊ နွားတစ်ကောင် အသက်အရွယ်ကြီးလာတယ်၊ ခန္ဓာကြီးလာတယ်ဆိုတာ ချို တဖြည်းဖြည်း ကြီးလာတာပါပဲ၊ အသက်ကြီး၊ အရွယ်ကြီးတာနဲ့အမျှ နွားတစ်ကောင်ဟာ ချိုရှည်လာသလိုပါပဲ၊ ကာမဘုံသား သတ္တဝါများဟာလည်းပဲ အသက်ကြီး၊ အရွယ်ကြီးလာတာနဲ့ အမျှ တဏှာလည်း တဖြည်းဖြည်းချင်း တိုးပွားတိုးပွားလာပါတယ်၊ လျော့သွားရိုးထုံးစံ မရှိပါဘူး။

ဒါကတော့ စိတ်အစဉ်မှာ တရားစွမ်းရည် ထည့်မထားတဲ့ ပုဂ္ဂိုလ်တွေကို ပြောတာပါ၊ အသားတိုးသလောက် တရားတိုးအောင် ကြိုးစားထားတဲ့ ပုဂ္ဂိုလ်တွေကတော့ တဏှာတည်းဟူသော ဦးချိုကို တဖြည်းဖြည်း တိုအောင် လုပ်နိုင်ကြမှာပါပဲ။

အဲဒီ သဘောလေးကို ပြောပြပြီးတော့ ဆေးတိုက်လိုက်တဲ့ အခါကျတော့လည်းပဲ ဗာရာဏသီမင်းကြီး ရောဂါ တော်တော်လေး ထပ်ပြီး သက်သာသွားပြန်တယ်။ နောက်ဆေးတစ်ခွက် တိုက်ပြန်

http://www.dhammadownload.com

တယ်။

မိုးအောက်မြေပြင်၊ စည်းစိမ်ပင်၊ မရှင်စိတ်ဟိုက်သည်။

မိုးအောက်မြေပြင် ကမ္ဘာတစ်ခွင်လုံးကို အစိုးရတဲ့ စကြာမင်းကြီးပင်ဖြစ်စေကာမူ စိတ်ဟာရှင်လန်းခြင်းမရှိဘူး၊ အမြဲတမ်း ဟိုက်နေတယ်၊ အမြဲတမ်း မပြည့်ဘဲဖြစ်နေတယ်၊ အမြဲတမ်း လိုနေတယ်၊ အဲဒီသဘောလေးကို မင်းကြီးဆင်ခြင်ပြီးတော့ တဏှာလောဘကို လျှော့ချလိုက်ပါ။ မင်းကြီးက စဉ်းစားရင်းနဲ့ ဩော် ဟုတ်သားပဲ။ ရောဂါတော်တော်လေး သက်သာလာပြန်တယ်၊ နောက်ဆေးတစ်ခွက် တိုက်ပြန်တယ်။

ဒီကမ်းရဆဲ၊ ဟိုကမ်းလည်း၊ လိုမြဲမဝပြီ။

သမုဒ္ဒရာရဲ့ ဒီဘက်ကမ်းမှာ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်ကို အစိုးရတဲ့ပုဂ္ဂိုလ် ဖြစ်ပေမယ့်လည်း ဟိုဘက်ကမ်းမှာရှိတဲ့ ကျွန်းကြီးလေးကျွန်း ကျွန်းငယ်နှစ်ထောင်ကိုလည်း ထပ်ပြီးတော့ လိုချင်ပြန်တယ်။ အဲဒီ ဟိုဘက်ကကျွန်းတွေကို ရပြန်တော့လည်း နောက်ထပ်တစ်ခါ ဟိုးဘက်မှာရှိတဲ့ကျွန်းတွေကို ထပ်ပြီးတော့ လိုချင်ဦးမှာပါပဲ။

အဲဒီလိုအားဖြင့် တဏှာလောဘဟာ ဘယ်တော့မှ အလိုမပြည့်ပါဘူး မင်းကြီး။ ဒီသဘောကို သေသေချာချာနက်နက်နဲနဲ စဉ်းစားဆင်ခြင်ပြီးတော့ တဏှာလောဘကို လျှော့ချလိုက်စမ်းပါ၊ မင်းကြီးက စဉ်းစားဆင်ခြင်ပြီးတော့ တရားကို နှလုံးသွင်းလိုက်ပြန်တော့ သူ့ရဲ့ တဏှာလောဘဟာ တဖြည်းဖြည်း ပျောက်သွားတယ်။ ရောဂါဟာ တော်တော်လေး ပျောက်သွားတယ်။

http://www.dhammadownload.com

## အကောင်ပုပ်တွေကိုအပြောင်ထုတ်ပစ်လိုက်

နောက်ပြီးတော့ ဆေးတစ်ခွက် တိုက်ပြန်တယ်။ ဆိုကြရအောင်။

ပင်လယ်ဉာဏ်သွင်း၊ အမြင်ရှင်း၊ စိတ်တွင်းအေးမြကြည်။

'ပင်လယ်ဉာဏ်သွင်း' ဆိုတာ ပင်လယ်နဲ့ တူတဲ့ ဉာဏ်မျိုးကို သွင်းရမယ်၊ ပင်လယ်နဲ့တူတဲ့ ဉာဏ်ဆိုတာကတော့ ကာမဂုဏ်အာရုံနဲ့ တကွ အဲဒီ ကာမဂုဏ်အာရုံအပေါ်မှာ တပ်မက်တဲ့ ကာမတဏှာ၊ တဏှာလောဘရဲ့ အပြစ်ကို မြင်တဲ့ ဉာဏ်ပါပဲ။

ကာမဂုဏ်အာရုံနဲ့ ကာမတဏှာရဲ့အပြစ်ကိုမြင်တဲ့ ဉာဏ်ဆိုတာကတော့ နှစ်မျိုး ရှိတာပေါ့။ ကာမဂုဏ်အာရုံတွေရဲ့ သာယာဖွယ်နည်းပါးတဲ့သဘော၊ ဆင်းရဲပင်ပန်းခြင်းသာ ပေါများတဲ့သဘော အစရှိတဲ့ ကာမဂုဏ်အာရုံတွေရဲ့ ကြောင်းကျိုးဆက်နွယ်မှု သဘောတရားလေးကို ဆင်ခြင်တဲ့ဉာဏ်၊ တစ်နည်းပြောရင်တော့ အာဒီနဝဉာဏ်လို့

http://www.dhammadownload.com

ခေါ်တဲ့ ကာမဂုဏ်ရဲ့ အပြစ်ကို ဆင်ခြင်တဲ့ဉာဏ်က တစ်မျိုး။

ဝိပဿနာဉာဏ်လို့ခေါ်တဲ့ မိမိ တိုက်ရိုက်ကြုံလာတဲ့ ကာမဂုဏ်အာရုံတွေကို သတိပဋ္ဌာန်နည်းလမ်းအတိုင်း မြင်-မြင်တယ်၊ ကြား-ကြားတယ်၊ နံ-နံတယ်၊ စား-စားတယ်၊ ထိ-ထိတယ်၊ တွေး-တွေးတယ် စသည်အားဖြင့်၊ သာယာရင် သာယာတယ်၊ တပ်မက်ရင် တပ်မက်တယ်၊ ငြီးငွေ့ရင် ငြီးငွေ့တယ်၊ စွဲလမ်းရင် စွဲလမ်းတယ်. . .

စသည်အားဖြင့် မိမိကြုံတွေ့နေရတဲ့ ကာမဂုဏ်အာရုံ၊ သို့မဟုတ် အဲဒီ ကာမဂုဏ်အာရုံနဲ့ ပတ်သက်ပြီးတော့ ဖြစ်နေတဲ့ စိတ်အစဉ်၊ အဲဒီ သဘောလေးတွေကို အရှိ အရှိအတိုင်း ရှုမှတ်တဲ့ ဝိပဿနာဉာဏ်။

အဲဒီလိုအားဖြင့် ကာမဂုဏ်အာရုံအပေါ်မှာ အပြစ်မြင်တဲ့ ဉာဏ်က နှစ်မျိုး ရှိပါတယ်။ နားလည်အောင် ပြောရင်တော့ သံဝေဂ ဉာဏ်နဲ့ ဝိပဿနာဉာဏ်ပေါ့။

အဲဒီဉာဏ်ဟာ ပင်လယ်နဲ့ တူတယ်၊ ပင်လယ်နဲ့ တူရမယ်။ ဘယ်လိုတူရမလဲဆိုတော့ ပင်လယ်နဲ့တူစရာ အချက်အလက်တွေ အများကြီးရှိတဲ့အထဲက တစ်ခုကို ပြောရမယ်ဆိုရင်တော့ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ အကောင်ပုပ်ဆိုတာ မရှိဘူး။

အကောင်ပုပ်တွေ ဆိုတာကတော့ ဟိုမြစ်က စီးလာလိုက်၊ ဒီချောင်းက စီးလာလိုက်နဲ့ စီးတော့ စီးလာကြတာပဲ၊ ရောက်တော့ ရောက်လာကြတာပါပဲ၊ သဘောတွေ ဘာတွေ ပျက်တဲ့အခါမှာ အလောင်းကောင်တွေ ဒီပင်လယ်သမုဒ္ဒရာတွင်းကို ကျကျလာတာပေါ့။

ဒါပေမဲ့လို့ အဲဒီ အကောင်ပုပ်တွေဟာ ပင်လယ်ထဲမှာ

http://www.dhammadownload.com

ကြာကြာမတည်ပါဘူး။ ပင်လယ်ထဲက ရေလှိုင်းတွေက ပုတ်ထုတ်လိုက်တဲ့အတွက်ကြောင့် ခွေးသေကောင်ပုပ်၊ လူသေကောင်ပုပ် အစရှိတဲ့ အကောင်ပုပ်မှန်သမျှဟာ ကမ်းကိုပဲ ရောက်သွားကြတယ်။

ခေတ္တ ခဏ ရှိပေမယ့်လို့ ရေလှိုင်းတွေက အဆက်မပြတ် အမြဲတမ်း ပုတ်ထုတ်ပစ်လိုက်တဲ့ အတွက်ကြောင့် အကောင်ပုပ်မှန်သမျှ၊ မကောင်းတဲ့ အညစ်အကြေးတွေ မှန်သမျှဟာ ပင်လယ်ထဲမှာ မရှိဘဲနဲ့ အကုန်လုံး ကမ်းပေါ် ရောက်ကုန်ကြတယ်။ ကမ်းပေါ် မရောက်လည်းပဲ လမ်းမှာ ပျောက်ပျက်ပြီးတော့ သွားကြတယ်။

ဒီတော့ ပင်လယ်သမုဒ္ဒရာဟာ အကောင်ပုပ်တွေကနေ အမြဲတမ်း ကင်းရှင်းပြီးတော့ နေတယ်၊ သန့်စင်ပြီးတော့ နေတယ်။ ပင်လယ်ဟာ အကောင်ပုပ်တွေနဲ့ ရောနှောပြီးတော့ ဘယ်တော့မှ မနေဘူး။

အဲဒီလိုပါပဲ၊ ကာမဂုဏ်ရဲ့အပြစ်ကို မြင်တဲ့ဉာဏ်နဲ့ ကာမဂုဏ် အာရုံတွေကို ပုတ်ထုတ်ပစ်လိုက်ရမယ်၊ မိမိရဲ့ စိတ်အစဉ် တည်းဟူသော ပင်လယ်သမုဒ္ဒရာကြီးထဲမှာ သံဝေဂဉာဏ်၊ ဝိပဿနာဉာဏ်ဆိုတဲ့ ရေလှိုင်းတွေနဲ့ ကာမဂုဏ်အာရုံတွေကို ပုတ်ထုတ်လိုက်ရမယ်။

အဲဒီ ကာမဂုဏ်အာရုံတွေအပေါ် မှာ တပ်မက်တဲ့ ကာမတဏှာ၊ ထိုကာမတဏှာ အရင်းခံတဲ့ ဒေါသ၊ မာန်မာန၊ ကုက္ကုစ္စ၊ မစ္ဆရိယ အစရှိတဲ့ ကိလေသာ အပုပ်ခေတ်တွေ၊ ကိလေသာ အဆိုးခေတ်တွေ ကိလေသာအညစ်ခေတ်တွေ၊ ကိလေသာအယုတ်ခေတ်တွေကို အကုန်လုံး ပုတ်ထုတ်ပစ်လိုက်ရမယ်။

အဲဒီလိုအားဖြင့် ပင်လယ်နဲ့တူတဲ့ ဉာဏ်မျိုးကို သွင်းရမယ်၊

http://www.dhammadownload.com

အဲဒီလို ပင်လယ်နဲ့တူတဲ့ ဉာဏ်မျိုးသွင်းလိုက်ပြီဆိုရင် ကာမဂုဏ်အာရုံတွေနဲ့ ပတ်သက်တဲ့ အကြောင်းအကျိုးသဘာဝတွေကိုရော၊ ဖြစ်ပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစရှိတဲ့ သဘာဝတွေကိုရော သိမြင်ပြီးတော့ ဉာဏ်ရှင်းလာပါလိမ့်မယ်။ ကာမဂုဏ်အာရုံတွေနဲ့ ပတ်သက်ပြီးတော့ ဉာဏ်ပညာကြီးမားပြီးတော့ လာပါလိမ့်မယ်။

တကယ်တော့ ကာမဂုဏ်အာရုံတွေ ဆိုတာကလည်း စကားအရသာ အပြစ်လုပ်ပြောနေရပေမယ့် ဒါတွေဟာ ဉာဏ်ပညာတိုးပွားစေတဲ့ အရာတွေ ဖြစ်ပါတယ်။

မိမိကို ဉာဏ်ပညာတိုးပွားအောင် လုပ်ပေးမယ့် အာရုံတွေ ဖြစ်ပါတယ်၊ ကာမတဏှာနဲ့ တုံ့ပြန်ရင် ကာမဂုဏ်အာရုံ ဖြစ်ပေမယ့် တရားအသိဉာဏ်နဲ့ တုံ့ပြန်ရင်တော့ တရားအာရုံ ဖြစ်ပါတယ်။ တိုးပွားအောင်လုပ်တတ်ဖို့တော့ လိုအပ်တာပေါ့၊ ဒီအတိုင်းပဲ ထိုင်နေရုံနဲ့တော့လည်း တိုးပွားမလာနိုင်ဘူးပေါ့၊ သူ့အလိုလိုက်ပြီးတော့ ခံစားနေရုံနဲ့တော့လည်း ဉာဏ်ပညာတွေ တိုးပွားမလာနိုင်ပါဘူး။

ကာမဂုဏ်အာရုံတွေနဲ့ ပတ်သက်တဲ့ ဉာဏ်ပညာ ကြီးထွားလာပြီဆိုရင်တော့ စိတ်ထဲမှာ အေးချမ်းကြည်လင်ပြီးတော့ သွားပါလိမ့်မယ်၊ ကာမဂုဏ်အာရုံတွေကြောင့် စိတ်ပူလောင်ခြင်း ဘယ်တော့မှ မဖြစ်တော့ဘူး၊ ဒီအဓိပ္ပာယ် သုံးမျိုးကတော့ သုံးဂါထာ ဖြစ်ပါတယ်၊ သုံးဂါထာကို ဆောင်ပုဒ်တစ်ခုတည်းနဲ့ ထားခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကာမဂုဏ်အာရုံနဲ့ ပတ်သက်ပြီးတော့ သံဝေဂဉာဏ်ရယ်၊ ဝိပဿနာဉာဏ်ရယ် လို့ခေါ်တဲ့ဉာဏ်နှစ်မျိုးနဲ့ အပြစ်မြင်အောင် ရှုကြရမယ်။

http://www.dhammadownload.com

## အညှီတိုက်မှာအကြည်ဆိုက်မနေပါနဲ့

သံဝေဂဉာဏ်နဲ့ အပြစ်မြင်အောင်ရှုတဲ့နေရာမှာ ကာမဂုဏ်ရဲ့ အပြစ်တွေ မြတ်စွာဘုရား ဟောထားတာကတော့ အများကြီးရှိပါတယ်။

ဒါပေမဲ့ အဲဒီအများကြီးကို မပြောတော့ဘဲနဲ့ ရလေလိုလေဆိုတဲ့သဘောအတွက် ဥပမာတစ်ခု ပြောပါမယ်၊ တဒင်္ဂလေးတွေဆိုတဲ့သဘောအတွက် ဥပမာတစ်ခု ပြောပါမယ်။

ကာမဂုဏ်အာရုံတွေကို ကိုယ်မျှော်မှန်းသလောက်၊ ကိုယ်တောင့်တသလောက် ရလာလျက်သားနဲ့ ဘာဖြစ်လို့ အလိုမပြည့်ဝရတာလဲ၊ ရလေလိုလေ ဘာဖြစ်လို့ ဖြစ်နေရတာလဲဆိုတော့ ကာမဂုဏ်အာရုံတွေရဲ့ သဘောကိုက ချမ်းသာလို့ စကားအရသာ ပြောရပေမယ့် တကယ့်ချမ်းသာ မဟုတ်လို့ပဲ။

ဥပမာနဲ့ပြောလိုက်ရင်တော့ ပိုပြီးတော့ ရှင်းပါတယ်၊ ဒီကာမ

http://www.dhammadownload.com

ဂုဏ်အာရုံတွေဟာ အသားလုံးဝမကပ်တဲ့ အမဲရိုးနဲ့ တူပါတယ်၊ အရိုးမှာရှိတဲ့ အသားတွေ၊ အကြောတွေ၊ အမျှင်တွေ အကုန်လုံး ခြစ်ထုတ်ပြီးတော့ နေပူထဲမှာ ပစ်ထားတယ်။

နဂိုကမှ အသားတွေ အသွေးတွေ ဘာမှမရှိတဲ့အထဲ နေပူထဲပစ်ထားတော့ ခြောက်သွေ့ပြီးတော့ နေတယ်။ အင်မတန် ဝတ်ပြတ်နေတဲ့ ခွေးတစ်ကောင်ရောက်လာပြီး အဲဒီအမဲရိုးကို ကိုက်လိုက်တယ်၊ ငါတော့ပွပြီ ဆိုပြီးတော့ အားရပါးရကိုက်တယ်။ ကိုက်တော့ အရိုးမှာ အသားတွေ၊ အသွေးတွေ ဘာမှ မရှိတော့ပေမယ့် ညှီနံ့လေးတော့ ရှိနေသေးတယ်။

ညှီနံ့လေးကရှိနေတော့ ဒီအရိုး ကိုက်လိုက်လို့ရှိရင်တော့ အရသာတွေ့မှာပဲ ဆိုပြီးတော့ ခွေးဝတ်က အားရပါးရ ကိုက်တယ်၊ အရိုးကိုက်တော့ သူ့ရဲ့ခန္ဓာကိုယ်အတွင်းထဲမှာရှိတဲ့၊ ခံတွင်းထဲမှာရှိတဲ့ သွားရည် ထွက်လာတယ်၊ အဲဒီ သွားရည်တွေက အမဲရိုးနဲ့ ထိတွေ့လိုက်တော့ အရသာရှိသလိုလို ဖြစ်သွားတယ်။ အနံ့လေးလည်း ပိုပြီးတော့ ထွက်လာတယ်။

တကယ်တော့ အမဲရိုးရဲ့အရသာ မဟုတ်ပါဘူး၊ သွားတံတွေးရဲ့ အရသာဖြစ်ပါတယ်၊ အဲဒါကို အမဲရိုးရဲ့ အရသာလို့ ယူဆပြီးတော့ ဆက်ကိုက်လို့ရှိရင်တော့ ဒီထက်ပိုပြီး အရသာရဦးမှာပဲလို့ ယူဆပြီး ခွေးဝတ်က ထပ်ကိုက်တယ်။

ဒါပေမဲ့လို့ အသားလုံးဝမရှိတဲ့ အမဲရိုးဆိုတော့ အရသာက ဘယ်ပြည့်ပြည့်ဝဝ ခံစားရပါ့မလဲ၊ တကယ့်စစ်မှန်တဲ့အရသာ ဘယ်ခံစားရပါ့မလဲ၊ သူ့ရဲ့သွားရည်ကြောင့်သာ အရသာရှိတယ်လို့ သူကထင်

http://www.dhammadownload.com

နေတာ၊ အဲဒီလိုနဲ့ မောပြန်သွားတော့ ခဏခွေပြီးတော့ အိပ်လိုက်ပြန်တယ်၊ နိုးလာတော့ ကိုက်လိုက်ပါဦးမယ်လေ ဆိုပြီးတော့ တစ်ခါထပ်ကိုက်၊ ကိုက်ပေမယ့်လည်း အရသာက မတွေ့ပါဘူး။

သို့သော်လည်းပဲ သွားရည်ကထွက်နေတာဆိုတော့ အရသာရှိသလိုလိုထင်ပြီးတော့ သဘောလေးကျ၊ မောလာတော့ အိပ်လိုက်ပြန်၊ နိုးလာတော့ ကိုက်လိုက်ပြန်၊ အဲဒီလိုနဲ့ ကိုက်ပါများတော့ သွားတွေလည်းကျိုး၊ ကျိုးပေမယ့်လည်း သွားဖုံးနဲ့ ဆက်ကိုက်၊ နောက်ဆုံးတော့ သေတဲ့အထိ ကိုက်တော့တာပါပဲ။

အဲဒီလိုပါပဲ၊ လောကီအာရုံကာမဂုဏ်ချမ်းသာတွေဆိုတာကလည်း အသားလုံးဝမကပ်တဲ့၊ ခွေးငတ်လက်မလွှတ်နိုင်တဲ့ အမဲရိုးနဲ့တူပါတယ်၊ ဒါက မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ဟောထားတဲ့ ဥပမာပါ။

ကာမဂုဏ်အာရုံနဲ့ မိမိရဲ့စိတ်နဲ့ တွေ့လိုက်တဲ့အချိန်မှာ တကယ်တော့ အရသာ လုံးဝ မရှိပါဘူး၊ အသားလုံးဝမရှိတော့တဲ့ အရိုးလိုပါပဲ ဘာအရသာမှ မရှိဘူး။ ဒါပေမဲ့ မိမိရဲ့ စိတ်တည်းဟူသော ခံတွင်းကနေထွက်လာတဲ့ တဏှာတည်းဟူသော သွားရည်လေးကြောင့် အဲဒီအာရုံလေးဟာ အရသာရှိတယ်လို့ ထင်နေတယ်။

အဆင်းအာရုံလေးတစ်ခု မြင်တယ်၊ မြင်ရုံသက်သက်နဲ့တော့ ဘာအရသာမှ မရှိပါဘူး၊ ဒါပေမဲ့ ကိုယ့်စိတ်အစဉ်မှာက ကာမတဏှာဆိုတဲ့ သွားရည်ဓာတ်လေးက ရှိနေတော့ အဲဒီကာမတဏှာလေးနဲ့ အဲဒီ အဆင်းအာရုံကို ခံစားလိုက်တဲ့အခါကျတော့ ဒီအဆင်းလေးက ကောင်းလိုက်တာ၊ လှလိုက်တာ၊ ချောလိုက်တာ၊ သာယာစရာ

http://www.dhammadownload.com

ပဲ၊ ချစ်စရာလေးပဲ၊ အဲဒီလို ထင်သွားတာပါပဲ။

တကယ်တော့ ကိုယ့်ရဲ့ ကာမတဏှာကြောင့်သာ အဲဒီအာရုံက သာယာစရာလို့ ထင်နေတာပါ၊ အာရုံသက်သက်ကတော့ ဘာမှ သာယာစရာ မဟုတ်ပါဘူး။ အာရုံသက်သက်ကိုက အလိုအလျောက် သာယာစရာ ဖြစ်နေရင် ရဟန္တာပုဂ္ဂိုလ်တွေလည်း ဘာအဆင်းမြင်မြင် သာယာတဲ့စိတ် ဖြစ်နေမှာပေါ့။ အခုတော့ အဲဒီလို ဖြစ်မှ မဖြစ်ဘဲ။ အဲဒီလိုအားဖြင့်ပေါ့လေ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အားလုံး နည်းတူပါပဲ။ အဲဒီတော့ အာရုံကာမဂုဏ် ကိုယ်တိုင်ကိုက ဘာအရသာမှ မရှိတဲ့ အမဲရိုးနဲ့ တူနေတယ်။

ကိုယ့်ရဲ့ ကာမတဏှာဆိုတဲ့ သွားရည်ကြောင့်သာ အရသာရှိနေတာမျိုး ဖြစ်နေတဲ့အတွက်ကြောင့် ဘယ်လောက်ပဲ ခံစားရ ခံစားရ အားရကျေနပ်တယ်၊ တင်းတိမ်တယ်ဆိုတာ မရှိပါဘူး။

ဒါပေမဲ့လို့လည်း ခွေး အခု သိပ်အရသာမရှိပေမယ့် နောက်တစ်နေ့ဆိုရင်တော့ အရသာရှိမယ် ထင်ပါရဲ့။ နောက် ရလာမယ့် ကာမဂုဏ်ချမ်းသာတွေဆိုရင်တော့ ကောင်းမယ်ထင်ပါရဲ့၊ အဲဒီလိုအားဖြင့် ကောင်းနိုးကောင်းနိုး မျှော်လင့်ရင်းနဲ့ပဲ သွားတွေလည်း ကျိုးတော့တာပါပဲ။ နောက်ဆုံးသေမှပဲ ကာမဂုဏ်အမဲရိုး လက်လွှတ်တော့တယ်ပေါ့။

ဒါက ရလေလိုလေသဘောအတွက် ဥပမာပါပဲ။ ကိုယ့်ဘာသာကိုယ် ချဲ့ထွင်ပြီးတော့ စဉ်းစားကြည့်ပေါ့။ ဘာကြောင့် ရလေလိုလေ ဖြစ်နေရတာလဲ၊ ခွေး အမဲရိုးနဲ့ တူနေလို့ပါလား၊ ဒါကို ဉာဏ်နဲ့ချဲ့ထွင်ပြီးတော့ စဉ်းစားရမှာပါပဲ။

http://www.dhammadownload.com

## ဒီကာတော့အဟုတ်မှတ်လို့

နောက်တစ်ခု 'တဒင်္ဂလေးတွေ'၊ လောကီအာရုံ ကာမဂုဏ် ချမ်းသာတွေဆိုတာက ရလေလိုလေဖြစ်နေပေမယ့် တင်းပြည့်ကျပ်ပြည့်ချမ်းသာတဲ့ ချမ်းသာမျိုး မဟုတ်ဘူး၊ တဒင်္ဂ ချမ်းသာတဲ့ ချမ်းသာမျိုး၊ အခိုက်အတန့်လေးသာ ချမ်းသာတဲ့ ချမ်းသာမျိုး ဖြစ်နေတယ်။

ဘာနဲ့ ဥပမာတူသလဲဆိုရင် အိပ်မက်နဲ့ ဥပမာတူပါတယ်၊ အိပ်မက်မက်တယ်ဆိုရင် အိပ်မက်ထဲမှာတော့ အားရစရာကြီးပါပဲ။ သာယာစရာအဆင်းလေးတွေ မြင်ရ၊ သဘောတွေကျ၊ သာယာစရာအသံလေးတွေ နားထောင်ရ၊ သဘောတွေကျ၊ ပျော်စရာရွှင်စရာ ကြည်နူးစရာလေးတွေ အိပ်မက်ထဲမှာ တွေ့ရတယ်ဆိုရင် အိပ်မက်ထဲမှာ အရမ်းကို ပျော်နေတယ်၊ စိတ်ချမ်းသာနေတယ်၊ ကြည်နူးနေတယ်၊ သဘောတွေကျနေတယ်။

အိပ်မက်ကလည်း လန့်နိုးလာရော ဘာမှမရှိတော့ဘူး၊ ဟာ

http://www.dhammadownload.com

တကယ်မှတ်လို့ သဘောတွေကျနေတာ အိပ်မက်ပါလား ဆိုပြီးတော့ စိတ်ထဲက မောဟိုက်ပြီးတော့ သွားတယ်၊ အိပ်နေတဲ့အချိန်နဲ့ အိပ်မက်မက်တဲ့အချိန်ဆိုတာ အတိုင်းအတာပမာဏ အများကြီးကွာပါတယ်။

အများစုအတွက် ညအိပ်ချိန် ရှစ်နာရီပဲ ထားပါတော့လေ၊ ရှစ်နာရီ အိပ်တဲ့အချိန်မှာ ရှစ်မိနစ် အိပ်မက်မက်ဖို့ဆိုတာ မလွယ်ပါဘူး၊ ရှစ်စက္ကန့်လောက် မက်ချင်မက်မယ်ပေါ့၊ ရှစ်မိနစ်ထားပါဦး၊ ရှစ်မိနစ်နဲ့ ရှစ်နာရီဆိုတာ အများကြီးကွာခြားနေတယ်။ ဒါတောင်မှပဲ နေ့တိုင်းကြီး အိပ်မက်က မက်တာမဟုတ်ပါဘူး။

အိပ်မက်မက်ချိန်ဟာ တဒင်္ဂတစ်ခဏမျှသာ ဖြစ်သလိုပါပဲ၊ အိပ်မက်ထဲမှာ ခံစားရတဲ့ ချမ်းသာကလည်း တဒင်္ဂ၊ တစ်ခဏပဲဖြစ်တယ်၊ ပြီးတော့ လက်ဆုပ်လက်ကိုင်လည်း ပြစရာဘာမှမရှိဘူး၊ ခဏလေးနဲ့ ပြီးပျောက်သွားရတာပါပဲ။

အိပ်မက်နဲ့အလားတူ နောက် ဥပမာတစ်ခုကတော့ အငှားပစ္စည်း ဥပမာပါ။ ကာမဂုဏ်ချမ်းသာတွေဆိုတာ အငှားပစ္စည်းနဲ့လည်း တူပါတယ်။

ပွဲလမ်းသဘင်သွားဖို့ ကိုယ်ပိုင်ရွှေငွေရတနာက မရှိတော့ သူများဆီက ရွှေငွေရတနာ ငှားပြီးတော့၊ စိန်တွေဘာတွေ ငှားပြီးတော့ ဝတ်တယ်၊ ပွဲလမ်းသဘင်သွားနေတုန်းတော့ ပျော်လို့ပေါ့၊ စိတ်ချမ်းသာလို့ပေါ့၊ တဝင်းဝင်းတလက်လက်နဲ့၊ ဒါပေမဲ့ ပွဲလမ်းသဘင်ကလည်း ပြန်လာရော ငှားလာတဲ့သူဆီ ပြန်ပြီးတော့ အပ်လိုက်ရတယ်။

ကိုယ့်လက်ထဲ ဘာမှမရှိတော့ဘူး၊ အခုန ရတနာပစ္စည်းအသုံးပြုရတဲ့ချမ်းသာ ကိုယ့်မှာဘာမှမရှိတော့ဘူး၊ အိမ်မက်လိုပါပဲ၊ တဒင်္ဂ

http://www.dhammadownload.com

တစ်ခဏလေးပါပဲ၊ အဲဒီတဒင်္ဂ၊ တစ်ခဏလေးတောင်မှ အပြည့်အဝ ချမ်းသာရဲ့လားဆိုတော့ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်အတွက်၊ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ် အတွက်ဆိုရင်တော့ မချမ်းသာပါဘူး။

ငှားထားတဲ့ပစ္စည်းကို အသုံးပြုနေတဲ့အခိုက်အတန့်မှာ ဉာဏ် မရှိတဲ့ပုဂ္ဂိုလ်၊ အသိဉာဏ်နည်းတဲ့ပုဂ္ဂိုလ်ကတော့ ကိုယ်ပိုင်ပစ္စည်း လို့ တောင် ထင်သွားသေးတာပါ။ ဒါ ငါ့လက်စွပ်ကလေး၊ ဒါ ငါ့ ဆွဲကြိုး လေး၊ ဒါ ငါ့ ဆံထိုးလေး စသည်အားဖြင့် ငှားထားတဲ့ပစ္စည်းကို သုံးစွဲ နေတဲ့ အခိုက်အတန့်လေးမှာ ကိုယ့်စိတ်ကတော့ ငါ့ပိုင်ပစ္စည်းပဲ၊ ကိုယ့် ပိုင်ပစ္စည်းပဲလို့ သူ့စိတ်က တကယ်ကို ထင်နေတာပါ။

အချိန်စေ့လို့သာ အပ်ချိန်ရောက်လို့ ပြန် အပ်လိုက်ရတယ်၊ မအပ်ခင်အတွင်းမှာတော့ ကိုယ်ပိုင်လို့ကို တကယ်ထင်နေတာပါ၊ အ သိဉာဏ်နည်းတဲ့ပုဂ္ဂိုလ်ကတော့ အဲဒီလို ထင်နေတာပါ၊ ထင်လို့လည်း ပဲ မြောက်ကြွ မြောက်ကြွ ဖြစ်နေတာပေါ့။

အငှားပစ္စည်းလေး ဝတ်ဆင်ပြီးတော့ ခြေဖျားလေး ထောက်၊ မြောက်ကြွမြောက်ကြွ၊ ပပလွှားလွှား၊ ဒီလိုလေး ဖြစ်နေတယ်။ ဘဝင် မြင့်နေတယ်၊ နဂိုတုန်းက အငှားပစ္စည်း ဝတ်မလာခင်တုန်းက ဖော် ဖော်ရွေရွေ စကားပြောခဲ့တဲ့သူကိုတောင်မှ အငှားပစ္စည်းလေးနဲ့ ဝင်း ဝင်းလက်လက်ဖြစ်နေတဲ့အချိန် စကားတောင်မပြောချင်ဘူး။ အဖက် မလုပ်ချင်တောင် ဖြစ်နေသေးတယ်။

လောကမှာ ဒီလို မရှိဘူးလား၊ ရှိပါတယ်၊ အသိဉာဏ်နည်းတဲ့ ပုဂ္ဂိုလ်ဟာ အငှားပစ္စည်းကိုတောင် ကိုယ်ပိုင်ပစ္စည်း ထင်ပြီးတော့ လောဘ၊ မာန်မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ အစရှိတဲ့ကိလေသာတွေ

http://www.dhammadownload.com

တိုးပွားပြီးတော့ နေပါတယ်။

အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ ဒီအခမ်းအနားမှာ ဒါဝတ်မသွားရင် မဖြစ်လို့သာ၊ ကိုယ့်မှာလည်းမရှိလို့သာ သူများပစ္စည်း ခဏငှားဝတ်ရတာ၊ စိတ်ထဲကတော့ မပျော်ပါဘူး။ ကျပျောက်သွားရင်တော့ ဒုက္ခပဲ၊ ပျောက်သွားရင်တော့ လျော်ရဦးမှာပဲ။

ဂရုစိုက်ပြီးတော့ နေရတယ်၊ မပျောက်အောင်၊ မရှုအောင်၊ အနာအဆာလေးတွေ မဖြစ်အောင် ဂရုစိုက်ပြီးတော့ နေရတယ်၊ အပြည့်အဝလည်း မပျော်ပါဘူး။ ငါ့ ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘူး။ သူများပစ္စည်းတွေ ငှားဝတ်နေရတာ၊ ကိုယ့်စိတ်ကနေ အလိုလိုနေရင်းရှက်တဲ့စိတ်ကလည်း ဖြစ်နေပါတယ်။ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဆိုရင်ပေါ့။

အသိဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်ဆိုရင် ငှားထားတဲ့ အငှားပစ္စည်းအပေါ်မှာ ကိုယ်ပိုင်ပစ္စည်းအဖြစ်နဲ့ ဘယ်တော့မှ မသုံးသပ်တတ်ပါဘူး၊ ကိုယ်ပိုင်ပစ္စည်းလို့ သဘောထားပြီးတော့ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့ကိလေသာတွေ မဖြစ်ပါဘူး။

အဲဒီလိုပါပဲ၊ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေဆိုတာလည်း အငှားပစ္စည်းနဲ့ အတူတူပါပဲ၊ အသိဉာဏ်နည်းတဲ့ ပုဂ္ဂိုလ်တွေကတော့ ငါ ဟုတ်လှပြီ၊ ငါ တော်လှပြီ၊ ငါကံကောင်းလှပြီလို့ ဒီလိုထင်နေပါတယ်။ ကိုယ့်လောက် မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ အထင်သေးအမြင်သေး ဖြစ်နေပါတယ်၊ အဖက်မတန်သလို ၊ မဆက်ဆံချင်သလို ဖြစ်နေတတ်ပါတယ်။

အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဪ အငှားပစ္စည်းတွေပဲ၊

http://www.dhammadownload.com

ကံအကြောင်းသင့် အခွင့်သာလို့သာ ခေတ္တခဏ သုံးစွဲခွင့်ရတာ၊ ခေတ္တခဏပြည့်စုံနေတာ၊ အကြောင်းမညီညွတ်တဲ့ တစ်ချိန်ကျရင်တော့ ဒီဘဝမှာကိုပဲ ပျက်စီးသွားမှာပါပဲ။

ဒီဘဝမှာ ကံအားကောင်းလွန်းလို့ မသေမချင်း ပြည့်စုံနေရင်တောင်မှ သေလို့ရှိရင် ဒါတွေအားလုံး ထားခဲ့ရမှာပါပဲ၊ အဲဒီလိုအားဖြင့်ပေါ့လေ၊ မိမိဆင်ခြင်တတ်သလို ဉာဏ်လေး သွင်းပြီးတော့ထားတဲ့ အတွက်ကြောင့် ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ၊ ခြေဖျားထောက်တယ်၊ ဘဝင်မြင့်တယ်ဆိုတာ မရှိတော့ပါဘူး။

ဒီတော့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေဆိုတာ ငှားထားတဲ့ ပစ္စည်းသုံးစွဲရသလိုပါပဲ၊ တဒင်္ဂ၊ တစ်ခဏလေးမျှသာ ချမ်းသာပါတယ်၊ အိမ်မက်ထဲမှာ ပျော်ရပါးရ ကြည်နူးရသလိုပါပဲ၊ အခိုက်အတန့်လေးသာ ချမ်းသာရပါတယ်။

အငှားပစ္စည်း သုံးစွဲနေတုန်းက ပျော်ရွှင်ခဲ့ရတဲ့ ချမ်းသာ၊ အငှားပစ္စည်း ပြန်ပေးပြီးတဲ့ အချိန် ပြန်စဉ်းစားကြည့်၊ ဘာမှ တိတိကျကျ အရသာ မရှိတော့ပါဘူး။ အိပ်မက် မက်နေတုန်းက ကြည်နူးခဲ့ရတဲ့ ချမ်းသာ၊ အိပ်မက် မက်ပြီးတဲ့အချိန် ပြန်စဉ်းစားကြည့်၊ ဘာမှ မည်မည်ရရ အရသာ မတွေ့တော့ပါဘူး။ အားလုံး ဝိုးတိုးဝါးတားနဲ့ ပျောက်ပျက်သွားပါပြီ။ ကာမဂုဏ်ချမ်းသာမှန်သမျှ ဘာမှ မိမိရရ ထိထိရှရှ မရှိပါဘူး၊ အားလုံး ဝိုးတိုးဝါးတား မှုန်တုံမွှားတားတွေချည်းပါပဲ။

■

http://www.dhammadownload.com

## အပြစ်မြင်ရင်အချစ်မဝင်တော့ပါ

ပင်လယ်ဉာဏ်သွင်း၊ အမြင်ရှင်း၊ စိတ်တွင်းအေးမြကြည်။

အဲဒီလို လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေရဲ့ ရလေလိုလေ ဖြစ်တတ်တဲ့သဘောကို ဥပမာလေးနဲ့ နှလုံးသွင်းလိုက်မယ်၊ ဆင်ခြင်လိုက်မယ်၊ တဒင်္ဂ တစ်ခဏမျှသာ ချမ်းသာတဲ့ သဘောလေးကို ဥပမာလေးနဲ့ နှလုံးသွင်းလိုက်မယ်၊ ဆင်ခြင်လိုက်မယ်ဆိုရင် ကာမဂုဏ်ချမ်းသာတွေ အပေါ် သာယာ နှစ်သက် တပ်မက်တဲ့ စိတ်တွေ လျော့ပါး သွားပါလိမ့်မယ်။ လုံးဝ မကင်းတောင် မလိုအပ်ဘဲ ဖြစ်နေတာမျိုးတော့ မရှိတော့ဘူးပေါ့။

ဆင်ခြင်တယ်ဆိုတဲ့နေရာမှာ ကိုယ့်ရဲ့ လက်တွေ့ဘဝနဲ့ ယှဉ်တွဲပြီး ဆင်ခြင်ပါ။ ဒါမှ သံဝေဂဉာဏ်က ပိုပြီးတော့ ထိရောက်ပါတယ်၊ စာရှိကို အရှိအတိုင်း၊ သူတစ်ပါးပြောတာကို ပြောတဲ့အတိုင်းပဲ ဆင်ခြင်ရင်တော့ သိပ်ပြီး နှလုံးသားထဲကို ရောက်ချင်မှရောက်မယ်။

http://www.dhammadownload.com

ကိုယ့်ရဲ့ လက်တွေ့ဘဝမှာ ကိုယ်သိပ်သဘောကျတဲ့၊ ကိုယ်သိပ်စွဲလမ်းတဲ့ ကာမဂုဏ်အာရုံလေးတစ်ခုကို ခံစားရတာနဲ့ ပတ်သက်ပြီးတော့ စဉ်းစားကြည့်ရမှာပေါ့။ ငါ သိပ်ခံစားချင်တဲ့ ဒီအာရုံလေးကို တစ်ကြိမ်တစ်ခါလောက် ခံစားရတာနဲ့ ကျေနပ်ရဲ့လား၊ ရလေလိုလေဖြစ်နေသလား။

ဒီသာယာမှုလေးကရော နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း၊ အချိန်တိုင်း၊ ရက်တိုင်း၊ လတိုင်း၊ နှစ်တိုင်း၊ အချိန်ပြည့်၊ တင်းပြည့်ကျပ်ပြည့် စက္ကန့်မလပ် ခံစားခွင့်ရရဲ့လား။ ခံစားခွင့်မရဘူး စသည်အားဖြင့် မိမိသဘောကျတဲ့၊ မိမိကျေနပ်တဲ့၊ မိမိခံစားနေတဲ့ အာရုံတစ်ခုခုရဲ့သဘောကို ဉာဏ်သွင်းပြီးတော့ ဆင်ခြင်ရမှာပါပဲ။

အဲဒီလို ဆင်ခြင်လိုက်ပြီ ဆိုရင်တော့ ဉာဏ်ပညာတွေ ကြီးထွားလာမယ်၊ ဉာဏ်ပညာ ကြီးထွားလာတဲ့အခါမှာ တင်းတိမ်ရောင့်ရဲမှုဆိုတာ ဖြစ်လာပါတယ်၊ တဏှာလောဘရဲ့သဘောက အလိုမပြည့်တဲ့ သဘောရှိပါတယ်၊ အလိုမပြည့်တဲ့သဘောကို အလိုပြည့်အောင် စွမ်းဆောင်နိုင်တာကတော့ ဉာဏ်ပညာဖြင့် တင်းတိမ်ရောင့်ရဲခြင်းပါပဲ။

တင်းတိမ်ရောင့်ရဲတယ်ဆိုတာ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ ကိုယ်ပိုင်ဥစ္စာ ဖြစ်ပါတယ်၊ အသိဉာဏ်မရှိတဲ့ပုဂ္ဂိုလ်မှာ တင်းတိမ်ရောင့်ရဲခြင်းဆိုတာ မဖြစ်နိုင်ပါဘူး။ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှသာ တင်းတိမ်ရောင့်ရဲနိုင်ပါတယ်။ အသိဉာဏ်ရှိဖို့ဆိုတာကလည်း အာရုံတွေအပေါ်မှာ အပြစ်မြင်တတ်ဖို့ လိုပါတယ်။

သံဝေဂဉာဏ်နဲ့ အပြစ် မြင်တာကိုတော့ ဒီလောက်ပဲ ထား

http://www.dhammadownload.com

လိုက်ပေ့၊ ဝိပဿနာဉာဏ်နဲ့ အပြစ်မြင်တယ် ဆိုတာက အဆင်းအာရုံ တစ်ခု တွေ့ကြုံလာပြီဆိုရင်၊ မြင်လို့ရှိရင်လည်း မြင်တယ်လို့ ရှုမှတ်လိုက်ရမယ်၊ မြင်တာကို မြင်ကာမျှနဲ့ပဲ ပြီးဆုံးသွားစေရမယ်။

ယောက်ျားပဲ၊ မိန်းမပဲ၊ ချောတယ်၊ လှတယ်၊ မျက်လုံးလေးက ဘယ်လို လှတယ်၊ လက်မောင်းကလေးက ဘယ်လို လှတယ် စသည်အားဖြင့် မြင်တွေ့ရတဲ့ အဆင်းအာရုံကို အကြမ်းဖျင်းရော၊ အသေးစိတ်ရော ပုံမဖော်တော့ဘဲနဲ့ မြင်-မြင်ကာမျှနဲ့ပဲ ပြီးအောင် ရှုမှတ်လိုက်ရမယ်၊ မြင်တယ် မြင်တယ်။

ကြားတဲ့အာရုံကိုလည်း ကြားတယ်၊ ကြားတယ်၊ အနံ့အာရုံ တစ်ခု ရရင်လည်းပဲ နံ့တယ် နံ့တယ်၊ စားလို့ရှိရင်လည်း စားတယ်၊ စားတယ်၊ ထိတွေ့တဲ့အာရုံတွေကိုလည်း ထိတယ်၊ ထိတယ်၊ စိတ်ကူးထဲက တွေးတောပြီးတော့ စိတ်ကူးယဉ်နေတဲ့ အာရုံတွေကိုလည်း တွေးတယ် တွေးတယ်။

အဲဒီလို မိမိရဲ့စိတ်အစဉ်မှာ ထင်ရှားနေတဲ့ သဘောလေးကို စူးစိုက်ပြီးတော့ ရှုမှတ်ရပါတယ်၊ ဒါက တရားထိုင်တဲ့ အချိန်ကျမှ ရှုမှတ်ရတာ မဟုတ်ပါဘူး။ အများအားဖြင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ အာရုံတွေကလည်း သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ ပြောရင်း၊ ဆိုရင်း၊ နေရင်း၊ ထိုင်ရင်း၊ စားရင်း၊ သောက်ရင်းနဲ့ တွေ့နေတဲ့အာရုံတွေ ဖြစ်ပါတယ်။

အဲဒီ အာရုံတွေထဲက ထင်ရှားရာတစ်ခုခုကို မိမိရရ ဆုပ်ကိုင်ပြီးတော့ ရှုမှတ်နေရုံပါပဲ။ အဲဒီလိုဆိုရင်တော့ ကာမဂုဏ်အာရုံကြောင့် မိမိရဲ့ စိတ်ဟာ ပူလောင်မှု မဖြစ်တော့ဘူး။ ရှုမှတ်တာများလို့ ဉာဏ်

http://www.dhammadownload.com

တွေ ရင့်သွားပြီ၊ သမာဓိဉာဏ်တွေ ရင့်ကျက်သွားပြီဆိုရင်တော့ မြင်တာလေးကို ရှုမှတ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း မြင်တဲ့အာရုံလေးက ဖြစ်ပြီးတော့ပျက်၊ အာရုံရဲ့ ဖြစ်ပျက်သဘောကို မြင်လာပါလိမ့်မယ်။

ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်တွေ အားကောင်းလာလို့ရှိရင် မြင်နေတဲ့အာရုံဟာ ရိပ်ခနဲ ရိပ်ခနဲ အမြဲတမ်းဖြစ်ပျက်ပြီးတော့ သွားတာကို မြင်လာပါလိမ့်မယ်။ တစ်ပျက်တည်း ပျက်နေတဲ့ အာရုံပေါ်မှာ တပ်မက်မှုဆိုတာ ဖြစ်နိုင်ပါဦးမလား၊ မဖြစ်နိုင်ပါဘူး။

အဆင်းအာရုံလေးတစ်ခု ဆိုပါတော့။ လူတစ်ယောက်ကိုပဲ ခုနတုန်းက စမြင်တုန်းကလည်း ဒီအတိုင်းပဲ၊ အခု ကြည့်နေရင်းကြည့်နေရင်း တစ်မိနစ်၊ နှစ်မိနစ်၊ ငါးမိနစ်၊ ဆယ်မိနစ်ကြာတော့လည်း ဒီအတိုင်းပဲလို့ တစ်ဆက်တည်း တည်မြဲနေတယ်လို့ မြင်လို့သာ သာယာတဲ့စိတ်၊ တပ်မက်တဲ့စိတ်၊ ချစ်ခင်နှစ်သက်တဲ့စိတ်တွေ ဖြစ်နေတာပါ။

ကြည့်နေရင်း ကြည့်နေရင်းနဲ့ကို စက္ကန့်တိုင်း၊ စက္ကန့်တိုင်း အချိန်တိုင်း၊ အချိန်တိုင်း ဖြစ်ပျက် ဖြစ်ပျက်နေတာကို မြင်နေမှတော့ သူ့ကို ဘယ်တပ်မက်ပါတော့မလဲ၊ ပျက်နေတာကြီး မြင်ပါလျက်ကနဲ့ လယ်တီ ဆရာတော်ဘုရားကြီး သုံးတဲ့ စကားလုံးကို သုံးရင်တော့ ကြောင်ကြောင်ကြီးပေါ့လေ။

ပျက်နေတာကို ကြောင်ကြောင်ကြီး မြင်နေပါလျက်နဲ့ အဲဒီ ပျက်နေတဲ့အာရုံကို သာယာနေတယ်၊ တပ်မက်နေတယ်၊ နှစ်သက်နေတယ်ဆိုရင် အဲဒီသာယာတပ်မက်တဲ့ပုဂ္ဂိုလ်ဟာ ရူးနေလို့ပဲ ဖြစ်မှာပါပဲ၊ မရူးတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ပျက်နေတာကြီးကို တပ်မက်ပါ့မလား။ မတပ်မက်ပါဘူး။

http://www.dhammadownload.com

ဝိပဿနာမရှုတဲ့ပုဂ္ဂိုလ်ကလည်း အချိန်တိုင်း အဆက်မပြတ် ပြိုပြိုပြီးတော့ ပျက်နေတဲ့အရာကို ငါ့ဟာ ငါ့ဟာလို့ ဘယ်သူမှ မသိမ်းပိုက်ပါဘူး၊ စိတ်ဖောက်ပြန်နေတဲ့သူ၊ ရူးသွပ်နေတဲ့သူကသာ ပျက်နေတာကို ငါ့ဟာ ငါ့ဟာနဲ့ သိမ်းပိုက်တာပါ။

အဲဒီလို ပျက်ပျက်နေတဲ့သဘောဆိုတာကလည်း ဝိပဿနာရှုမှသာ မြင်နိုင်တာပါ။ မြတ်စွာဘုရားကတော့ အာရုံတွေဟာ စက္ကန့်နဲ့ မလပ် ပျက်နေတယ်လို့ ပြောထားတယ်၊ ဝိပဿနာရှုတဲ့ ဘယ်ဆရာတော်ကြီးကတော့ အာရုံတွေဟာ အမြဲတမ်း ပျက်နေတယ်လို့ ပြောထားတယ်၊ အဲဒီလို သူများပြောတာလေးကို သံယောင်လိုက်ပြီးတော့ အရာရာဟာ ဖြစ်ပျက်ပဲလေ၊ အရာရာဟာ ပျက်ပျက် နေတာပဲလို့ ဒီလိုဆင်ခြင်ရုံနဲ့လည်း ဒီတဏှာက ဘယ်ပျောက်နိုင်ပါ့မလဲ။

တကယ်ကို ပျက်နေတာကိုမြင်နေရမှ တဏှာက ပျောက်နိုင်တာပါ။ ပျက်နေတာ မြင်တယ် ဆိုတာကလည်း လူတစ်ယောက်ကို ကြည့်နေရင်းနဲ့ ဒီလူကြီးက တအိအိ တအိအိနဲ့ ပြိုကျသွားတာကိုဆိုလိုတာ မဟုတ်ပါဘူး။ အများအားဖြင့်တော့ မြင်တာကို ရှုနေတဲ့ ပုဂ္ဂိုလ်က အဓိကအားဖြင့် မြင်သိစိတ်ကလေးရဲ့ ပျက်နေတဲ့သဘောကို ပိုပြီးတော့ ထင်ထင်ရှားရှား မြင်ရပါတယ်။

သူ့ကို ကြည့်နေရင်း ကြည့်နေရင်းနဲ့ မြင်တာလေးတွေက တစ်ခုပြီး တစ်ခု၊ တစ်ခုပြီး တစ်ခု၊ မြင်တဲ့စိတ်ကလေးတွေ တစ်ခုပြီး တစ်ခု ပျက်နေတာကို ထင်ထင်ရှားရှား မြင်ရပါတယ်။ ကိုယ်မြင်တွေနေတဲ့ အာရုံကလည်းပဲ လူဆိုတဲ့ ပညတ်သဏ္ဌာန် ပျောက်ပြီးတော့ အဆင်းအာရုံလေး တစ်ခုအနေနဲ့ပဲ အဲဒီအဆင်းလေးဟာ ဖြစ်ပြီးပျက်

http://www.dhammadownload.com

လိုက်၊ ဖြစ်ပြီး ပျက်လိုက်၊ ဉာဏ်ရင့်သွားရင်တော့ ဖြစ်တာတောင်မှ မထင်ရှားတော့ဘူး၊ ရိပ်ခနဲ ရိပ်ခနဲ ပျက်ပျက်ပြီးတော့ မြင်တွေ့ရတော့တယ်။

လူအကောင်လိုက်ကြီးက ရုပ်ရှင်တွေမှာ ပါသလို တရိပ်ရိပ် ပျက်သွားတာ မဟုတ်ပါဘူး။

အဲဒီလိုအားဖြင့်ပေါ့လေ၊ မြင်တွေ့သမျှ အာရုံတွေကို သတိပဋ္ဌာန်နည်းအရ ပစ္စုပ္ပန်တည့်တည့် ရှုမှတ်သွားမယ်ဆိုရင်တော့၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအကြံဆိုတဲ့ အာရုံခြောက်ပါးလုံးရဲ့ စက္ကန့်မလပ်၊ မိနစ်မလပ် အချိန်တိုင်း ပျက်နေတဲ့ သဘောကို မြင်တွေ့နေပြီ ဆိုရင်တော့ အဲဒီ အာရုံကာမဂုဏ်တွေအပေါ်မှာ သာယာတပ်မက်တဲ့စိတ် လုံးဝမဖြစ်တော့ပါဘူး။

အဲဒီလိုဆိုရင် မိမိရဲ့ဉာဏ်ဟာ ပင်လယ်နဲ့တူတဲ့ဉာဏ် ဖြစ်သွားပါပြီ၊ မိမိရဲ့ စိတ်အစဉ်မှာ ကာမဂုဏ်အာရုံတည်းဟူသော အကောင်ပုပ်၊ ကာမဂုဏ် အာရုံကို အကြောင်းခံပြီး ဖြစ်ပေါ်လာတဲ့ ကာမတဏှာဦးစီးတဲ့ ကိလေသာအကောင်ပုပ်တွေ လုံးဝ ကပ်ခွင့်မရတော့ပါဘူး။

ဒါကြောင့် ကာမဂုဏ်အာရုံတွေနဲ့ ပတ်သက်ပြီးတော့ သံဝေဂဉာဏ်နဲ့လည်း အပြစ်မြင်အောင် ကြိုးစားရမယ်၊ ဝိပဿနာဉာဏ်နဲ့လည်းပဲ အပြစ်မြင်အောင် ကြိုးစားရမယ်။

■

http://www.dhammadownload.com

## အပိုဖယ်ချမှအလှတကယ်လှမယ်

သားရေအပို၊ စွန့်သူလို၊ စွန့်ကို စွန့်ရမည်။

ဖိနပ်လုပ်တဲ့ပုဂ္ဂိုလ်ဟာ စကတည်းက ကိုယ်လိုချင်တဲ့ ဖိနပ် အရွယ်အစားအတိုင်း စပြီးတော့ ရတာ မဟုတ်ပါဘူး။ သားရေအ ချပ်ကြီးတစ်ခုကို ကိုယ်လိုချင်တဲ့ ဖိနပ်ပုံစံလေး အရာဖော်လိုက်ရတယ်၊ ပြီးတော့မှ ဘေးက မလိုတဲ့ သားရေသားတွေကို ဖယ်ထုတ်ပစ်လိုက်ရ တယ်။

ဘေးက သားရေသားတွေ၊ မလိုအပ်ဘဲ ပိုနေတဲ့ သားရေ သားတွေကို တဖြည်းဖြည်း ခွာထုတ်နိုင်လေ၊ စွန့်ထုတ်နိုင်လေ၊ ကိုယ်လို ချင်တဲ့ ဖိနပ်ပုံစံလေး ပေါ်လာပြီးတော့ စိတ်ချမ်းသာမှု ရရှိလေပါပဲ။

ဖိနပ်ကောင်းကောင်းတစ်ရံကို လိုချင်တဲ့ သားရေလှီးသမား ဟာ မလိုတဲ့ အစိတ်အပိုင်းတွေကို စွန့်ထုတ်လိုက်ရသလိုပါပဲ။ စစ်မှန်တဲ့ ငြိမ်းအေးချမ်းသာမှုကို ရချင်တဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ ကာမဂုဏ်အာရုံ

http://www.dhammadownload.com

တွေကို တဖြည်းဖြည်းချင်း စွန့်ထုတ်ပစ်လိုက်ရပါတယ်။ လှီးထုတ်ပစ်လိုက်ရပါတယ်။ လှီးထုတ်လိုက်တာနဲ့အမျှ စွန့်ထုတ်လိုက်တာနဲ့အမျှ စွန့်လိုက်တဲ့ ကာမဂုဏ်ရဲ့ နေရာမှာ စစ်မှန်တဲ့၊ ငြိမ်းအေးတဲ့ ချမ်းသာတွေ အစားထိုးပြီးတော့ ဝင်ရောက်လာပါတယ်။

ကာမဂုဏ်အာရုံတစ်ခုကို စွန့်နိုင်ရင် ချမ်းသာတစ်ခု ရရှိမယ်၊ အာရုံနှစ်ခုကို စွန့်နိုင်ရင် ချမ်းသာနှစ်ခုရရှိမယ်၊ အာရုံဆယ်ခု စွန့်နိုင်ရင် ချမ်းသာဆယ်ခုရရှိမယ်၊ ကာမဂုဏ်အာရုံများများ စွန့်နိုင်ရင် ချမ်းသာများများရမယ်၊ ကာမဂုဏ်အာရုံအားလုံးကို စွန့်နိုင်ရင်တော့ ကာမဂုဏ်နဲ့ ပတ်သက်တဲ့ ဆင်းရဲဒုက္ခအားလုံး ချုပ်ငြိမ်းပြီး ချမ်းသာအားလုံး ရရှိနိုင်ပါတယ်။

အဲဒီလိုအားဖြင့် သားရေကို လှီးထုတ်လိုက်တိုင်း လှီးထုတ်လိုက်တိုင်း ကိုယ်လိုချင်တဲ့ ဖိနပ်ပုံဟာ နီးစပ်နီးစပ်ပြီးတော့လာသလိုပဲ ကာမဂုဏ်အာရုံတွေကို စွန့်နိုင်တာနဲ့အမျှ စွန့်လိုက်တဲ့ အာရုံတွေရဲ့ နေရာမှာ စစ်မှန်ငြိမ်းအေးတဲ့၊ အနှစ်သာရပြည့်ဝတဲ့ ချမ်းသာတွေဟာ အစားထိုးပြီးတော့ ဝင်ရောက်လာရပါတယ်။

ဒီတော့ နည်းနည်းချမ်းသာချင်ရင် နည်းနည်းစွန့်ရမယ်၊ များများ ချမ်းသာချင်ရင် များများစွန့်ရမယ်။ တင်းပြည့်ကျပ်ပြည့် ချမ်းသာချင်ရင် တင်းပြည့်ကျပ်ပြည့် စွန့်ရမယ်။ နည်းနည်း စွန့်နိုင်ရင် နည်းနည်း ချမ်းသာမယ်၊ များများ စွန့်နိုင်ရင် များများ ချမ်းသာမယ်၊ လုံးဝ စွန့်နိုင်ရင်တော့ လုံးဝ ချမ်းသာမယ်။

ဒါကတော့ ပိဋကတ်တော်မှာ တိုက်ရိုက်လာရှိတဲ့ ဥပမာလေးပါပဲ၊ ဖိနပ်လုပ်တဲ့ပုဂ္ဂိုလ်ဟာ မလိုတဲ့သားရေတွေ လှီးထုတ်ပစ်ရတယ်

http://www.dhammadownload.com

ဆိုတာကတော့ ဥပမာလေးက အင်မတန် ကောင်းပါတယ်။ ဒါပေမဲ့ ဖိနပ်လုပ်တာကို မမြင်ဖူးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ကျတော့ စိတ်ထဲမှာ သိပ်ပြီးတော့ နှစ်နှစ်ခြိုက်ခြိုက် ဖြစ်ချင်မှဖြစ်မယ်။

ဖိနပ်ဥပမာကို နမူနာထားပြီးတော့ ကိုယ်လိုချင်တဲ့ ချမ်းသာကို ရဖို့အတွက် မလိုတဲ့အပိုင်းတွေကို စွန့်ထုတ်ပစ်ရတယ် ဆိုတာနဲ့ ပတ်သက်လို့ အလားတူ ဆင်တူတဲ့ ဥပမာတွေ ကိုယ့်ဉာဏ်နဲ့ကိုယ် ချဲ့ထွင်ပြီးတော့ အများကြီး စဉ်းစားနိုင်ပါတယ်။ ကိုယ့်ဉာဏ်ထဲမှာ အထင်ရှားဆုံး ဥပမာနဲ့ နှလုံးသွင်းဆင်ခြင်နိုင်ပါတယ်။

ဥပမာ - ပန်းပုထုတဲ့ သူလိုပေါ့။ ပန်းပုထုတဲ့အခါမှာလည်း ကိုယ်လိုချင်တဲ့ မင်းသားရုပ်၊ ကိုယ်လိုချင်တဲ့မင်းသမီးရုပ်လေးကို ရဖို့ အတွက် မလိုတဲ့သစ်သားအပိုတွေကို ခြစ်ထုတ်ပစ်ရတယ်၊ စွန့်ထုတ်ပစ် ရတယ်၊ ခွာထုတ်ပစ်ရတယ်။ ခွာထုတ်နိုင်လေ ရုပ်လုံးပေါ် လာလေပဲ။

အင်္ကျီချုပ်တဲ့ ဒကာမကြီးတွေအတွက်ဆိုရင် အင်္ကျီချုပ်သလို ပဲပေါ့။ အင်္ကျီချုပ်တော့လည်း မလိုတဲ့အပိုင်းတွေကို ဖြတ်တောက်ပစ် လိုက်ရတာပါပဲ၊ ဖြတ်တောက်လိုက်တာနဲ့အမျှ ကိုယ်လိုချင်တဲ့ အင်္ကျီ ပုံစံလှလှလေး ရတော့တာပါပဲ။

ပြီးတော့ ဆံပင်ရှည်လာလို့၊ ဒါမှမဟုတ် ဆံပင်ပုံစံလှချင်လို့ ဆံပင်ညှပ်တဲ့လူလိုပေါ့၊ ဆံပင်ညှပ်တဲ့လူကလည်း ကိုယ်လိုချင်တဲ့ ပုံစံ၊ ကိုယ်လိုချင်တဲ့ ကေလေး ရဖို့အတွက် မလိုတဲ့အပိုင်းတွေ ဖြတ်မပစ်ရ ဘူးလား၊ ဖြတ်ပစ်ရတယ်။ ကိုယ်လိုချင်တဲ့ပုံစံက 'ဒီလိုလေး' ဆိုရင် 'ဒီလိုလေး'ရဲ့ အပြင်ဘက်က ရှည်နေသေးတဲ့ မလိုအပ်တဲ့ ဆံပင် အစိတ်အပိုင်းတွေကို ဖြတ်တောက်ပစ်လိုက်ရတယ်။

http://www.dhammadownload.com

ဆံပင်ပုံစံလှလှလေး လိုချင်တဲ့ပုဂ္ဂိုလ်ဟာ ဆံပင်ညှပ်သမား က ကိုယ့်ရဲ့ဆံပင်တွေ ဖြတ်တောက်ပစ်တာကို ကြည့်ပြီးတော့ စိတ်ညစ် သလား၊ မညစ်ပါဘူး၊ ကိုယ်လိုချင်တဲ့ပုံစံလေး ရတော့မှာပဲဆိုပြီးတော့ တစ်ချက် ညှပ်လိုက်လေ ပျော်လေ၊ တစ်ချက်ညှပ်လိုက်လေ ပျော်လေ။ အောက်ကိုကျကျသွားတဲ့ ကိုယ့်ခန္ဓာကိုယ်က အပိုအဖြစ်နဲ့ ထွက်လာတဲ့ ဆံပင်ကို ကြည့်ကြည့်ပြီးတော့ သဘောကျနေတယ်။

ဪ ငါလိုတဲ့ ပုံစံလေးရတော့မယ်၊ ငါလိုချင်တဲ့ ကေလေး ရတော့မယ်၊ သဘောကျ ကျေနပ်နေတာပါပဲ။ ဘာလို့လဲဆိုတော့ စွန့် လေဖြတ်လေ ကိုယ်လိုချင်တဲ့ ချမ်းသာသုခကိုရလေ ဖြစ်တယ်ဆိုတာ သဘောပေါက်နေလို့ပါပဲ။

ခုခေတ်ဆိုတော့ ခေါင်းတုံးကေကလည်း ခေတ်စားနေတာ ကိုးနော်။ ခေါင်းတုံးကေကိုမှ ကိုယ်က သဘောကျတယ်၊ သာယာတယ်၊ နှစ်သက်တယ်ဆိုတော့ ဆံပင်တွေ အကုန်လုံး ဖြတ်ပစ်ဖို့ မလိုဘူး လား၊ လိုပါတယ်။ ဆံပင်တွေ အကုန်လုံး ဖြတ်ပစ်လို့ မျက်ရည်ကျ သလား၊ မကျပါဘူး။ ကိုယ်က ခေါင်းတုံးကေလေးနဲ့ ကြွားလုံး ထုတ်ချင် တာကိုး။ လူပုံအလယ်မှာ သွားချင်တာကိုး။

ဒီတော့ ခေါင်းတုံးကေမှ လှတယ်လို့ ယူဆတဲ့ပုဂ္ဂိုလ်ကလည်း ကိုယ့်ဦးခေါင်းမှာရှိနေတဲ့ ဆံပင်တွေ အကုန်လုံးကို စွန့်ပစ်လိုက်ရတာ ပါပဲ၊ ဆံပင်တွေများများ စွန့်နိုင်လေ များများ စိတ်ချမ်းသာလေပဲပေါ့။

အဲဒီလိုပါပဲ၊ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေ ဆိုတာ စွန့်ပစ်ရမယ့် အရာတွေပါပဲ၊ လှီးထုတ်ပစ်ရမယ့် အရာတွေပါပဲ။ ကာမ ဂုဏ်ကို များများ စွန့်နိုင်လေ၊ များများ ချမ်းသာလေပါပဲ။

http://www.dhammadownload.com

## အမြင်လေးလှပေမယ့်ဘဝင်အေးမြဖို့ခက်ပါတယ်

ရလေလိုလေ၊ ဆင်းရဲလေ၊ စွန့်လေချမ်းသာသည်။

'ရလေလိုလေ ဆင်းရဲလေ' ဆိုတဲ့အတိုင်း ရလေလိုလေဆိုတဲ့ သဘော ရှိနေသမျှတော့ ဆင်းရဲနေဦးမှာပါပဲ။ လိုနေတဲ့အတွက်ကြောင့် လိုချင်တဲ့စိတ် ဖြစ်နေရလို့လည်း ဆင်းရဲတာပါပဲ။

ကိုယ်လိုချင်တာက ထိုင်နေရုံနဲ့ မရတော့ ကိုယ်တတ်တဲ့ အတတ်ပညာအမျိုးမျိုးနဲ့ အပင်ပန်းခံပြီးတော့ ရှာဖွေရတယ်။ ကိုယ်လိုချင်တာ ရှာဖွေရတဲ့အတွက်ကြောင့်လည်း ဆင်းရဲတာပါပဲ။ ရှာဖွေသလောက်မရတော့လည်း ရှာဖွေသလောက်မရလို့ ဆိုပြီး ဆင်းရဲရပြန်တယ်။ ရှာဖွေလို့ ရလာပြန်တော့လည်း ရလာတဲ့ ပစ္စည်းလေး ပျောက်ပျက်မသွားအောင် ထိန်းသိမ်း စောင့်ရှောက်နေရတဲ့အတွက်ကြောင့် ဆင်းရဲတာပါပဲ။

ထိန်းသိမ်းစောင့်ရှောက်နေတဲ့ကြားထဲက ဖောက်ပြန်ပျက်စီး

http://www.dhammadownload.com

သွားပြန်တော့လည်း ဆင်းရဲရပြန်တာပဲ၊ ဒါကြောင့် ရလေလိုလေသဘောရှိနေသမျှတော့ ဆင်းရဲအမျိုးမျိုးနဲ့ ဆင်းရဲနေရမှာပါပဲ။

ကာမဂုဏ်အာရုံတွေဆိုတာက အသီးရှိတဲ့ သစ်ပင်နဲ့ တူတာကိုး။ အသီးရှိတဲ့ သစ်ပင်ဆိုတာ အဖျက်အဆီး ခံရတာပါပဲ။ သရက်ပင်တို့၊ ဆီးပင်တို့၊ သရက်သီးတွေ၊ ဆီးသီးတွေ သီးနေတယ်ဆိုလို့ရှိရင် အပင်လေးက အင်မတန် လှတာပဲ။ အင်မတန် တင့်တယ်တာပဲ။ ဒါပေမဲ့ အသီးလိုချင်တဲ့သူနဲ့ တွေ့ပြီဆိုရင်တော့ အောက်ကနေ ခဲတို့၊ တုတ်တို့နဲ့ ပစ်ချတာလည်း ခံရမယ်၊ အပင်ပေါ် တက်ပြီးတော့ လှုပ်ခါချတာလည်း ခံရမယ်။

ကိုင်းချိုင်တာလည်း ခံရမယ်၊ အပင်လှဲတာလည်း ခံရမယ်။ အမြစ်ကနေ တူးဆွပြီးတော့ ဖြိုဖျက်တာလည်း ခံရမှာပါပဲ။ အသီးမသီးတဲ့ သစ်ပင်ဆိုရင်တော့ ဘယ်သူမှ လှည့်မကြည့်တော့ပါဘူး။

သရက်ပင်၊ ဆီးပင်ရဲ့ ဥပမာကတော့ အပြင်ဘေးရန်တွေနဲ့ ဆိုင်ပါတယ်၊ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေဟာ အပြင်ဘေးရန်တွေနဲ့လည်း ဝန်းရံဆက်ဆံပြီးတော့ နေတယ်။ ကိုယ့်မှာရှိတဲ့ ကိုယ်ပိုင်ဆိုင်ထားတဲ့ ကာမဂုဏ်အာရုံကို ပြင်ပပုဂ္ဂိုလ်တွေက လိုလားတပ်မက်ကြပြီဆိုရင် နည်းအမျိုးမျိုးနဲ့ သူပိုင်ပစ္စည်းဖြစ်အောင် ကြိုးစားတတ်ကြတယ်။

ကိုယ့်မှာရှိတဲ့ ကာမဂုဏ်အာရုံကို သူက လိုချင်တော့ မတရားတဲ့နည်း၊ မဟုတ်မမှန်တဲ့ နည်းတွေနဲ့ ရဖို့ ကြိုးစားတယ်။ ကိုယ့်ကို ဒုက္ခရောက်အောင် လုပ်တယ်၊ အဲဒီလိုအားဖြင့် ပြင်ပဘေးရန်တွေကြောင့် မိမိဘဝဟာလည်း ပျက်စီးရတာပါပဲ။

http://www.dhammadownload.com

ဘာလို့လဲဆိုတော့ ကိုယ့်မှာ သရက်သီး၊ ဆီးသီးဆိုတဲ့ ကာမဂုဏ်အာရုံတွေက ရှိနေတာကိုး၊ ဒါကြောင့် ကာမဂုဏ်အာရုံတွေဟာ မိမိကိုမလိုလားတဲ့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေရဲ့ ဘေးရန်တွေနဲ့လည်းပဲ ဆင်းရဲနေရပါတယ်။ အဲဒီဆင်းရဲအတွက်ကတော့ သရက်သီး၊ ဆီးသီး သီးတဲ့ သရက်ပင်၊ ဆီးပင်နဲ့ ဥပမာမှတ်ကြရပါတယ်။

အဲဒီ ပြင်ပ ဘေးရန်တွေထက် ပိုပြီးတော့ ကြောက်စရာကောင်းတာက အတွင်းဘေးရန်ပါ။ အတွင်းဘေးရန် ဆိုတာကတော့ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ အစရှိတဲ့ ကိလေသာတွေပါပဲ။ အတွင်းဘေးရန်တွေအတွက်ကတော့ ကျူပင်၊ ဝါးပင်၊ ငှက်ပျောပင်တို့နဲ့ ဥပမာ ဆင်ခြင်ရမှာပါပဲ။

ကျူပင်၊ ဝါးပင်၊ ငှက်ပျောပင်တွေဟာ အသီးမသီးသေးဘူးဆိုရင်တော့ အရွက်အလက်တွေ ဝေဝေဆာဆာ စိုစိုပြည်ပြည်နဲ့ ကျက်သရေရှိတယ်၊ တင့်တယ်တယ်၊ ဒါပေမဲ့ အသီးသီးပြီလည်း ဆိုရော၊ ဒီ ကျူပင်၊ ဝါးပင်၊ ငှက်ပျောပင်တွေဟာ တဖြည်းဖြည်း ညှိုးခြောက်ပြီးတော့ နောက်ဆုံး သေဆုံးသွားရတယ်။

သူက ဖြစ်ပေါ်လာတဲ့ ကျူသီး၊ ဝါးသီး၊ ငှက်ပျောသီးက ကျူပင်၊ ဝါးပင်၊ ငှက်ပျောပင်ကို ပြန်ပြီးတော့ သတ်ပါတယ်။ အဲဒီလိုပါပဲ၊ မိမိ ပိုင်ဆိုင်ထားတဲ့ ကာမဂုဏ်အာရုံတွေနဲ့ ပတ်သက်ပြီးတော့ ပြင်ပ ပုဂ္ဂိုလ်တွေရဲ့ ဘေးရန်တွေ၊ အန္တရာယ်တွေနဲ့ ဘာမှမကြုံတွေ့ဘူးပဲထား၊ ကိုယ့်စိတ်အစဉ်မှာတော့ လောဘ၊ ဒေါသ စတဲ့ ကိလေသာ ဘေးရန်တွေက ဖြစ်ပေါ်လာရတာပါပဲ။

ကာမဂုဏ်အာရုံတွေဆိုတာ လူရဲ့စိတ်ကို ကိလေသာ အဆိပ်

http://www.dhammadownload.com

တက်စေတတ်တဲ့အရာတွေ ဖြစ်ပါတယ်၊ ဒါနဲ့ ပတ်သက်လို့ အင်မတန် မှတ်သားစရာကောင်းတဲ့ အဖြစ်အပျက်ကလေး တစ်ခု ပြောပြချင်ပါတယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ မယ်သာမာလို့ အမည်ရတဲ့ အမျိုးသမီးတစ်ယောက် ရှိပါတယ်။ သူဟာ အင်မတန် ဆင်းရဲပါတယ်၊ ဆင်းရဲတဲ့အတွက်ကြောင့်လည်း သူဟာ ကိုယ့်ကိုယ်ကို နှိမ့်ချပြီးတော့ နေပါတယ်။ သဘောလည်း ကောင်းပါတယ်၊ ကာလသားတွေက အမျိုးမျိုး စကြနောက်ကြပေမယ့်လည်း ပြန်မပြောပါဘူး။

အဲဒီလို ကာလသားတွေရဲ့ ကြားမှာ 'မယ်သာမာလေးဟာ သဘောသိပ်ကောင်းတာပဲ၊ မယ်သာမာလေး သိပ်စိတ်ကောင်းရှိတာပဲ၊ မယ်သာမာလေးဟာ မာန်မာနဘာမှမရှိဘူး၊ ရုပ်ချောပေမယ့်လို့ မာန်မာနဘာမှမရှိဘူး'လို့ ချီးကျူးကြတယ်။ အဲဒါကို ပညာရှိပုဂ္ဂိုလ် တစ်ယောက်က သိတော့ ပြောတယ်။

မယ်သာမာ သဘောကောင်းတယ်ဆိုတာ ပစ္စည်းဉစ္စာမရှိလို့ပါ၊ ဆင်းရဲနေလို့ သဘောကောင်းတာပါ၊ တကယ်လို့သာ သူ့မှာပစ္စည်းဉစ္စာရှိရင်တော့ အခုလို သဘောကောင်းမှာမဟုတ်တော့ပါဘူး။ အဲဒီလိုပြောတော့ ကာလသားတွေက မခံနိုင်ဘူး။

နဂိုစိတ်ရင်းကောင်းနေရင်တော့ ပစ္စည်းဉစ္စာဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ အာရုံကာမဂုဏ်တွေ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ စိတ်ထားပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ သင်ပြောတာ မဖြစ်နိုင်ပါဘူး။ အဲဒီလိုပြောတော့ ပညာရှိကြီးက မင်းတို့ မယုံရင် စမ်းကြည့်ကွာ ဆိုပြီးတော့ သူက နည်းတစ်ခုနဲ့ စမ်းသပ်ပါတယ်။

http://www.dhammadownload.com

အဲဒီ မယ်သာမာလေးရဲ့လုပ်ငန်းကလည်း ရက်ကန်းခတ်တဲ့ အလုပ်ဖြစ်ပါတယ်။ တစ်နေ့တော့ မယ်သာမာရက်ကန်းခတ်တဲ့နေရာ ခြေထောက်ချတဲ့ မြေကြီးအောက်မှာ အသပြာတစ်ထောင် သွားပြီး တော့ မြှုပ်နှံထားလိုက်တယ်၊ မယ်သာမာလေး မသိအောင် သွားပြီး တော့ မြှုပ်ထားလိုက်တယ်။

မြှုပ်ထားလိုက်ပြီး၊ နောက်တစ်နေ့ မယ်သာမာလေး ရက် ကန်းခတ်တော့ ထုံးစံအတိုင်း မြေကြီး အပေါ်မှာ ခြေထောက်ချပြီး တော့ ရက်ကန်းခပ်တာ ဆိုတော့ အသပြာတစ်ထောင်ထုပ်ပေါ်မှာ သူက ခြေဖဝါး ချမိလျက်သားဖြစ်နေတယ်၊ ဒါပေမဲ့ သူ့ရဲ့ခြေထောက် အောက်က မြေကြီးထဲမှာ အသပြာတစ်ထောင်ရှိတယ် ဆိုတာတော့ မယ်သာမာ လုံးဝမသိပါဘူး။

အဲဒီအချိန်မှာ ပညာရှိက ကဲ မင်းတို့သွားပြီးတော့ စကြစမ်း ပြောလို့ ကာလသားတွေက ခါတိုင်းလိုပဲ မယ်သာမာလေးကို စကြ၊ နောက်ကြတယ်၊ အဲဒီမှာ မယ်သာမာဟာ ခါတိုင်းလို ငြိမ်ခံမနေတော့ ပါဘူး၊ ပြုံးခံမနေတော့ပါဘူး၊ ကက်ကက်လန်အောင် ပြန်ပြီးတော့ ရန်တွေ့ပါတော့တယ်။ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ပေါ့။

အဲဒီလို ရန်တွေ့တော့မှ ပညာရှိက 'မြင်ကြတယ်မဟုတ်လား၊ မယ်သာမာဟာ သူ့မှာကိုယ်ပိုင်ပစ္စည်းဥစ္စာ ရှိသေးတာတောင်မဟုတ် ဘူး၊ သူ့ခြေထောက်အောက်မှာ အသပြာတစ်ထောင် မြှုပ်ထားတာကို တောင် သိသေးတာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ခြေဖျားအောက်က မြေကြီးထဲမှာ အသပြာတစ်ထောင်ရှိတော့၊ ပစ္စည်းဥစ္စာပေါ် ငွေပုံပေါ် မှာ ခြေထောက်တင်မိလိုက်တော့ စိတ်တွေ ဖောက်ပြန်ပြောင်းလဲပြီး

http://www.dhammadownload.com

တော့ အခုလို မာန်မာနတွေ ဖြစ်သွားရတာပါပဲ'။

ဒါကြောင့် လောကီအာရုံကာမဂုဏ်ချမ်းသာတွေဆိုတာ ကျူသီး၊ ဝါးသီး၊ ငှက်ပျောသီးတွေရဲ့ ဖျက်ဆီးခြင်းကို ခံရတဲ့ ကျူပင်၊ ဝါးပင်၊ ငှက်ပျောပင်တွေနဲ့ ဥပမာတူပါတယ်။ ပြင်ပကပုဂ္ဂိုလ် ဘေးရန်တွေကြောင့်လည်း ဆင်းရဲပါတယ်၊ အတွင်းက ကိလေသာဘေးရန်တွေကြောင့်လည်း ဆင်းရဲပါတယ်။

'စွန့်လေချမ်းသာသည်'၊ စွန့်နိုင်ရင်တော့ ချမ်းသာတော့တာပါပဲ၊ အပြင်ဘေးရန်လည်းကင်းရှင်း၊ အတွင်းဘေးရန်လည်း ကင်းရှင်းပြီးတော့ ချမ်းသာပါတယ်။

အသိဉာဏ် အားနည်းတဲ့ပုဂ္ဂိုလ်ကတော့ ရလေ ချမ်းသာလေလို့ ယူဆမှာပါပဲ။ တစ်ခါရရုံနဲ့ ထာဝရ ကျေနပ်သွားနိုင်ရင်တော့ ချမ်းသာတယ်လို့ ယူဆချင် ယူဆပေါ့။ အခုတော့ အဲဒီလို မဟုတ်ဘူး၊ 'ရလေလိုလေ' ဆိုတဲ့အတိုင်း ရပြီးရင်းရချင်ရင်း ဖြစ်နေတော့ လောဘမီးက နယ်ပယ် ကျယ်သထက်ကျယ်ပြီး အဆက်မပြတ် လောင်မြိုက်နေတယ်၊ ရလိုက်, လိုလိုက်, ထပ်ရှာလိုက်၊ ရလိုက်, လိုလိုက်, ထပ်ရှာလိုက်နဲ့ ဆင်းရဲဒုက္ခတွေက မီးခိုးမဆုံး မိုးမဆုံး ဘယ်တော့မှကို အဆုံးမသတ်နိုင်တော့ပါဘူး။

စွန့်နိုင်တဲ့သူကတော့ တစ်ခု စွန့်နိုင်၊ တစ်ခုစာ ဒုက္ခငြိမ်း၊ ဆယ်ခု စွန့်နိုင်၊ ဆယ်ခုစာ ဒုက္ခငြိမ်း၊ အားလုံး စွန့်နိုင်၊ အားလုံးစာ ဒုက္ခငြိမ်း၊ စွန့်နိုင်လေ , ဒုက္ခငြိမ်းလေနဲ့ အချမ်းသာကြီး ချမ်းသာတော့တာပါပဲ။

■

http://www.dhammadownload.com

## ဒုက္ခရေပတ်လည်ဝိုင်းနေသောကျွန်းမြေကို ကာမဂုဏ်ကျွန်းဟုခေါ်သည်

ချမ်းသာခေတ္တ၊ စွန့်နိုင်မှ၊ လုံးဝချမ်းသာမည်။

ခေတ္တချမ်းသာကို စွန့်နိုင်မှ အမြဲချမ်းသာကို ရရှိမယ်၊ တဒင်္ဂချမ်းသာကို စွန့်နိုင်မှ ထာဝရချမ်းသာကို ရရှိမယ်၊ ယာယီချမ်းသာကို စွန့်နိုင်မှ ထာဝစဉ်ချမ်းသာကို ရရှိမယ်၊ အခိုက်အတန့်ချမ်းသာကို စွန့်နိုင်မှ အမြဲတမ်းချမ်းသာကို ရရှိပါမယ်။ လောကီအာရုံ ကာမဂုဏ် ချမ်းသာ မှန်သမျှဟာ အခိုက်အတန့် ချမ်းသာပဲ ဖြစ်တယ်။ တဒင်္ဂချမ်းသာပဲ ဖြစ်တယ်၊ တစ်ခဏချမ်းသာပဲ ဖြစ်တယ်။

အဲဒီ တဒင်္ဂ၊ တစ်ခဏ ချမ်းသာလေးကလည်း အဲဒီ အခိုက်အတန့်လေးမှာ တကယ်ချမ်းသာနေသလားဆိုတော့ တကယ်ချမ်းသာနေတာ မဟုတ်ပါဘူး၊ ခုန ပေးခဲ့တဲ့ ဥပမာတွေလိုပါပဲ။ ကိုယ့်စိတ်က ချမ်းသာတယ်ထင်နေတာ၊ ကိုယ့်စိတ်မှာရှိတဲ့ ကာမတဏှာတွေကြောင့်သာ ချမ်းသာတယ်လို့ ထင်နေတာပါပဲ။

http://www.dhammadownload.com

တကယ်ချမ်းသာတယ်ပဲ ထားလိုက်ဦး။ ဆင်းရဲဒုက္ခတွေက ပတ်ပတ်လည်မှာ ဝန်းရံနေပါတယ်။ ထမင်းစားတာ တစ်ခုနဲ့ပဲ နမူနာကြည့်လိုက်ပေါ့။ ထမင်းစားတယ်ဆိုတာကလည်း သာယာတဲ့စိတ်နဲ့ စားရင် ကာမဂုဏ်အာရုံ ခံစားတာပါပဲ။

ထမင်းတစ်နပ် စားဖို့ဆိုရင်၊ ထမင်းတစ်ပွဲ စားဖို့ဆိုရင် ဆယ့်ငါးမိနစ်လောက် ကြာတယ်ပဲ ထားပါတော့။ အဲဒီ ဆယ့်ငါးမိနစ် အရသာခံစားဖို့အတွက် ရှေ့နဲ့နောက်မှာ ရင်းနှီးလိုက်ရတဲ့ ဆင်းရဲဒုက္ခတွေက အများကြီးပဲ။

ဒီထမင်း စားနိုင်ဖို့အတွက် ငွေရှာရတဲ့ ဒုက္ခတွေ၊ ငွေရလာပြန်တော့လည်း ဆန်၊ ဆီ၊ ဆား၊ ကြက်သွန် အစရှိတဲ့ ဟင်းချက်စရာတွေ ဝယ်ရတဲ့ဒုက္ခတွေ၊ ဈေးသွားရတဲ့ဒုက္ခတွေ၊ ဝယ်ခြမ်းလာပြန်တော့လည်း ခုတ်ရ၊ ထစ်ရ၊ လှီးရတဲ့ဒုက္ခတွေ၊ ချက်ရ၊ ပြုတ်ရတဲ့ ဒုက္ခတွေ၊ မီးဖိုခန်းထဲမှာ ညှော်နံ့တွေ ခံရတဲ့ဒုက္ခတွေ၊ မီးအပူဒဏ်ခံရတဲ့ ဒုက္ခတွေ၊ ချက်ပြီးသားအဆင်သင့်ကို ခူးရ ထည့်ရတဲ့ ဒုက္ခတွေ၊ ပါးစပ်လှုပ်ပြီး ဝါးနေရတဲ့ ဒုက္ခတွေ၊ ချွေးတလုံးလုံးနဲ့ စားရတဲ့ ဒုက္ခတွေ၊ စားပြီးပြန်တော့လည်း ဗိုက်ရစ်တဲ့ ဒုက္ခတွေ၊ ပြီးတော့ ကျင်ကြီးကျင်ငယ်စွန့်ရတဲ့ ဒုက္ခတွေ၊ ဒုက္ခတွေ ပတ်လည်ဝိုင်းပြီးတော့ နေပါတယ်။ ခံစားရတဲ့ သုခလေးကတော့ တဒင်္ဂ၊ တစ်ခဏလေးပါပဲ။

အဲဒီ တဒင်္ဂတစ်ခဏလို့ဆိုတဲ့ ဆယ့်ငါးမိနစ်အချိန်ကလေးကရော တကယ်ဆယ့်ငါးမိနစ်လုံးလုံး စက္ကန့်မလပ်၊ မိနစ်မလပ် အဆက်မပြတ် တစ်ဆက်တည်း ချမ်းသာနေသလားဆိုတော့ ဆယ့်ငါးမိနစ်အတွင်းမှာလည်း တကယ်တော့ အချိန်ပြည့်ချမ်းသာနေတာ မဟုတ်ပါ

http://www.dhammadownload.com

ဘူး။

စားရတဲ့ အရသာဆိုတာက လျှာအလယ်က ကြာရွက်ဖျား သဏ္ဍာန်ရှိတဲ့ ဇိဝှာပသာဒ-လျှာအကြည်ဓာတ်ကလေးနဲ့ ထိတွေ့နေတဲ့ အခိုက်ကလေးမှာပဲ ချမ်းသာတာပါ။ လျှာအလယ်ကို ကျော်သွားလို့ လျှာအရင်းကို ရောက်သွားပြီဆိုတာနဲ့ ဘာအရသာမှ မရတော့ဘူး။

ဒီတော့ ထမင်းတစ်လုတ်အတွင်းမှာတောင်မှ အပြည့်အဝ မချမ်းသာပါဘူး၊ လျှာအလယ်မှာရှိနေတဲ့ အခိုက်အတန့် ခဏလေး တော့ ချမ်းသာတယ်၊ လျှာရင်းနဲ့ လည်မျို၊ ဗိုက်ထဲရောက်သွားတဲ့ အချိန်မှာတော့ ဘာချမ်းသာမှ မရှိတော့ဘူး။ နောက်တစ်လုတ် ပါးစပ် ထဲ မထည့်မချင်းလည်း ချမ်းသာဘာမှမရှိဘဲနဲ့ ဒီအတိုင်းပဲ ငုတ်တုတ် စောင့်နေရပြန်တယ်။

ပါးစပ်ထဲ ထည့်လိုက်ပြန်တယ်၊ လျှာအလယ်မှာ ရောက်နေ တဲ့ အချိန်မှာ ချမ်းသာတယ်၊ လျှာရင်းနဲ့ ဝမ်းတွင်း ရောက်သွားပြန် တော့ အရသာပျောက်သွားပြန်တယ်။ နောက်တစ်လုတ် ပြန်စားရပြန် တယ်၊ အဲဒီလိုအားဖြင့် ဆယ့်ငါးမိနစ် အတွင်းမှာတောင်မှ စက္ကန့်မ လပ် တစ်ဆက်တည်း ချမ်းသာနေတာ မဟုတ်ပါဘူး။

အများကတော့ ပြောလေ့ရှိပါတယ်၊ 'လောကီချမ်းသာဆိုတာ တစ်ဘဝ၊ တစ်နပ်စာပါပဲ'တဲ့၊ တစ်ခဏဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို တစ်ဘဝစာလို့ ဒီလို အဓိပ္ပာယ်ဖော်ကြတယ်၊ တစ်ဘဝစာလို့ တကယ် တော့ မပြောထိုက်ပါဘူး။ တစ်ဘဝလုံး အပြည့်အဝကြီး ခံစားနေရတဲ့ ချမ်းသာမှ မဟုတ်တာဘဲ။

အဲဒီ တစ်ဘဝအတွင်းက အခိုက်အတန့်၊ အခိုက်အတန့်

http://www.dhammadownload.com

လေး၊ ခဏာတစ်ဖြုတ်၊ ခဏာတစ်ဖြုတ်လေးပဲ ခံစားရတာပါ၊ ဒီတော့ တစ်ဘဝစာ၊ တစ်နပ်စာဆိုတာ တကယ်တော့ မမှန်ပါဘူး၊ တခြားကိစ္စတွေအတွက်တော့ မှန်ချင်မှန်မယ်ပေ့ါ၊ သာယာမှုအနေနဲ့ ကြည့်ရင်တော့ တစ်ဘဝလုံး မခံစားရပါဘူး။ ခေတ္တခဏ၊ အခိုက်အတန့်ကလေးသာ ခံစားရတာ ဖြစ်ပါတယ်။

အဲဒီလို ခေတ္တခဏလေး ခံစားရတော့လည်း သက်သက်သာသာ ငြိမ်ငြိမ်သက်သက်လေးနဲ့ အေးအေးဆေးဆေး ခံစားရလားဆိုတော့ မဟုတ်ဘူး။ လောကီအာရုံ ကာမဂုဏ်ချမ်းသာမှန်သမျှဟာ မငြိမ်မသက်နဲ့ လှုပ်ရှားပေးနေမှ ခံစားရတဲ့ ချမ်းသာတွေဖြစ်ပါတယ်။

ဆိုပါတော့၊ ခုနက ထမင်းတစ်လုတ်ကလေးကို ကိုယ်ကြိုက်တဲ့ဟင်းလေးတွေနဲ့ မွှမ်းမံပြီးတော့ ထမင်းလုတ်လေးတစ်လုတ် ပါးစပ်ထဲထည့်လိုက်တယ်၊ ထည့်လိုက်ပြီးတော့ ပါးစပ်ထဲမှာ ဒီအတိုင်းပဲ ငုံထားရုံနဲ့ ချမ်းသာပါ့မလား၊ မချမ်းသာပါဘူး။

သွားတွေနဲ့ ကြိတ်ချေပြီးတော့ ဝါးပေးရတယ်၊ လျှာကလေးကလည်း ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်၊ ရှေ့တိုးနောက်ဆုတ်၊ ဝဲယာ၊ အထက်အောက်၊ ဒီလို လျှာလေးလည်း လှုပ်ရှား၊ သွားလေးလည်း လှုပ်ရှား၊ မေးရိုးတွေလည်း လှုပ်ရှားပြီးတော့ ဝါးနေမှ အရသာဆိုတာ ပေါ်လာပါတယ်။ ငြိမ်ငြိမ်သက်သက်နဲ့ ခံစားခွင့်မရပါဘူး။

ကျန်တဲ့ အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အထိအတွေ့အာရုံတွေလည်း နည်းတူပဲ။

အဆင်းအာရုံတစ်ခု ကြည့်မယ်ဆိုရင်လည်း တစ်နေရာထဲမှာ စူးစိုက်ပြီးတော့ ငြိမ်ငြိမ်သက်သက် ကြည့်နေရုံနဲ့ အဲဒီ အဆင်းရဲ့

http://www.dhammadownload.com

အရသာ မပေါ်ဘူး။ ဆိုပါတော့၊ ပန်းချီကားချပ်လေးတစ်ခု၊ သိပ်လှတဲ့ ပန်းချီကားချပ်လေးတစ်ခု၊ ဂန္ထဝင်မြောက် ပန်းချီကားချပ်လေးတစ်ခု ကို ကြည့်မယ်ဆိုပါတော့။

ပန်းချီကားချပ်ရဲ့ ထောင့်စွန်းလေးတစ်ခုကိုပဲ စိုက်ပြီး ကြည့်နေရုံနဲ့ ပန်းချီကားရဲ့ အရသာ မပေါ်ပါဘူး။ မျက်စိကို ဟိုဘက်ရွှေ့လိုက်၊ ဒီဘက်ရွှေ့လိုက်၊ အပေါ်ရွှေ့လိုက်၊ အောက်ရွှေ့လိုက်၊ အဲဒီလို မျက်စိကို လှုပ်ရှားကစားနေမှသာ ပန်းချီကားချပ်ရဲ့ အရသာလေးက ပေါ်လာပါတယ်။ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ ကျန်တဲ့ ကာမဂုဏ်အာရုံတွေအားလုံး နည်းတူပါပဲ။

ကာမဂုဏ်ချမ်းသာမှန်သမျှ ငြိမ်ငြိမ်သက်သက်၊ အေးအေးဆေးဆေးနဲ့ ခံစားရတဲ့ ချမ်းသာမဟုတ်ပါဘူး။ ပင်ပင်ပန်းပန်း၊ ဆင်းဆင်းရဲရဲနဲ့ လှုပ်ရှားပြီးတော့မှ ခံစားရတဲ့ ချမ်းသာတွေဖြစ်ပါတယ်။

ကာမဂုဏ်ချမ်းသာ ရှာဖွေရတော့လည်း နဖူးကချွေး ခြေမကျအောင် ပင်ပင်ပန်းပန်း လှုပ်လှုပ်ရှားရှား၊ ရလာတဲ့ ကာမဂုဏ်ချမ်းသာ ခံစားရတော့လည်း နဖူးကချွေး ခြေမကျအောင် ပင်ပင်ပန်းပန်း လှုပ်လှုပ်ရှားရှားဆိုတော့ ကာမဂုဏ်ချမ်းသာဟာငြိမ်သက်တဲ့ချမ်းသာ၊ ငြိမ်းအေးတဲ့ချမ်းသာ မဟုတ်ပါဘူး၊ လှုပ်ရှားတဲ့ချမ်းသာ၊ ပူလောင်တဲ့ ချမ်းသာပါ။ သက်သက်သာသာချမ်းသာမဟုတ်ပါဘူး၊ ပင်ပင်ပန်းပန်း ချမ်းသာပါ။ သုခချမ်းသာ မဟုတ်ပါဘူး၊ ဒုက္ခချမ်းသာပါ။

■

http://www.dhammadownload.com

## ရာဇဝင်ထဲမှာကာမဂုဏ်ကိုထားရစ်ခဲ့

အဲဒီလို လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေရဲ့ ရလေလိုလေ ဖြစ်တတ်တဲ့သဘော၊ တဒင်္ဂ၊ တစ်ခဏမျှသာရှိတဲ့ သဘောကို ဉာဏ်နဲ့ သက်ဝင်ဆင်ခြင်ပြီးတော့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေအပေါ်မှာ အပြစ်မြင်တတ်ရမယ်။ အပြစ်မြင်ပြီးတော့လည်း တတ်နိုင်သမျှ သံဝေဂဉာဏ်နဲ့လည်း စွန့်နိုင်ရမယ်။ ဝိပဿနာဉာဏ်နဲ့လည်း စွန့်နိုင်ရမယ်။

အဲဒီလိုအားဖြင့် ဘုရားလောင်းလုလင်ပျိုက ဗာရာဏသီမင်းကြီးကို ကျကျနန ရှင်းပြပြီး ပောတော့ ရှစ်ဂါထာလည်း ဆုံးသွားရော ဗာရာဏသီမင်းကြီးရဲ့ တဏှာလောဘရောဂါဟာလည်း လုံးဝ ပျောက်ကင်းသွားပါတယ်။

မင်းကြီးက ရောဂါ ပျောက်သွားတော့ အင်မတန် ဝမ်းသာတယ်၊ ဘုရားလောင်းလုလင်ပျိုကို အင်မတန် ကျေးဇူးတင်တယ်၊ အ

http://www.dhammadownload.com

သက်အရွယ်ကြီးရင့်ပြီး အတွေ့အကြုံစုံတဲ့ သမားတော်ကြီးတွေတောင် ကုသလို့ မပျောက်တဲ့ရောဂါကို ဒီလုလင်ပျိုလေးက သူ့ရဲ့ကြီးမားတဲ့ ဉာဏ်အစွမ်းနဲ့ ကုသနိုင်ပါပေတယ် ဆိုပြီးတော့ . . .

'အမောင် လုလင်ပျို၊ သင့်ရဲ့ ဂါထာရှစ်ခုဟာ အင်မတန် ကောင်းမြတ်လှပါပေတယ်၊ ကျွန်ုပ်ရဲ့ရောဂါကို ပျောက်ကင်းသွားစေနိုင်ပါတယ်။ ဒါကြောင့် ဓမ္မကို ပူဇော်တဲ့အနေနဲ့ ဂါထာတစ်ပုဒ်ကို တစ်ထောင်အားဖြင့် အသပြာရှစ်ထောင် ပူဇော်ပါရစေ'

ဒီတော့ ဘုရားလောင်း လုလင်ပျိုလေးက ရှစ်ထောင်လည်း မယူပါရစေနဲ့၊ ရှစ်သောင်းလည်း မယူပါရစေနဲ့၊ ရှစ်သိန်းလည်း မယူပါရစေနဲ့၊ ဘာမှ မယူပါရစေနဲ့တော့၊ ဘာဖြစ်လို့လဲဆိုတော့ . . . .

ကာမဂုဏ်ရဲ့အပြစ်တွေကို ဟောရင်းဟောရင်းနဲ့ ကိုယ်ဟောနေတဲ့တရား၊ ကိုယ်ပြောနေတဲ့စကားထဲမှာ ဉာဏ်သွင်းပြီးတော့ ဆင်ခြင်လိုက်တာ နောက်ဆုံးဂါထာကို ရွတ်ဆိုပြီးတဲ့ အချိန်မှာပဲ ကာမဂုဏ်အာရုံတွေ အပေါ်မှာ မွေ့လျော်ပျော်ပိုက်ခြင်း မရှိတော့ဘဲ စိတ်ဆန္ဒ လုံး၀ ကင်းပြတ်သွားပါပြီ။ ကာမတဏှာ ကင်းသွားပါပြီ။

သာသနာပကာလဆိုတော့ အမြစ်ပြတ် ကင်းသွားတာတော့ မဟုတ်ဘူး။ ဈာန်တန်ခိုး၊ ဈာန်ချမ်းသာ၊ ဈာန်စိတ်နဲ့ ပင်စည်ပြတ်၊ ကိုင်းပြတ် ကင်းသွားတာသာ ဖြစ်ပါတယ်။

ဖိနပ်ကောင်းကောင်း လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ မလိုတဲ့ သားရေအပိုတွေကို စွန့်ပစ်ရမယ် ဆိုတဲ့ ဂါထာလေးကို ရွတ်ပြီးတဲ့အချိန်မှာပဲ သူ့ရဲ့ စိတ်ဟာ ရိုးရိုး လောကီစိတ်၊ ရိုးရိုး မဟာကုသိုလ်စိတ် မဟုတ်တော့ဘဲနဲ့ ဈာန်စိတ်ထိ ဖြစ်သွားတယ်။

http://www.dhammadownload.com

စျာန်စိတ် ဖြစ်သွားတော့ စျာန်ဆိုတာက ကာမဂုဏ်အာရုံတွေအပေါ်မှာ တပ်မက်တဲ့စိတ် မရှိတော့ဘူး။ ဒါကြောင့် 'ဒီ ရှစ်ထောင်မယူပါရစေနဲ့တော့၊ ဒီ ဆေးဖိုး မယူပါရစေနဲ့တော့'

ဘာကြောင့် သူက တရားဟောရင်းမတ်တတ်နဲ့ စျာန်ရသွားတာလဲလို့ဆိုတော့ ဘုရားလောင်း လုလင်ပျိုက ဗာရာဏသီမင်းကြီးကို တရားဟောရင်းနဲ့ မင်းကြီးရဲ့ နောက်မှာစိုက်ထူထားတဲ့ ထီးဖြူကြီးကို ကြည့်ပြီးတော့ သူက ဟောနေတာကိုး။

တရားကိုလည်း ဉာဏ်သွင်းတယ်၊ တစ်ဖက်ကလည်း ထီးဖြူကြီးကို ကြည့်ပြီးတော့ ဩဒါတကသိုဏ်း လို့ခေါ်တဲ့ အဖြူကသိုဏ်းရှုမှတ်ပြီးတော့နေတယ်။

နားက တရားနာ၊ ဉာဏ်က ခန္ဓာထဲ လှည့်ရမယ်။ ပါးစပ်က တရားဟောသလို ဉာဏ်ကလည်း ခန္ဓာမှာ လှည့်နေရမှာပါပဲ။ ဟောသူ နာသူ အတူတူပါပဲ။

ဟောတဲ့ပုဂ္ဂိုလ်ကလည်း သူများကို ဟောတယ်လို့ ဆိုပေမယ့်ကိုယ်လည်း ကြားနေ၊ နာနေရတာပါပဲ။ အခု ဦးဇင်းတို့ ရလေလိုလေတရားကို ဟောနေတာဟာ တရားနာပရိသတ်များအတွက် အဓိကဟောနေတာပေါ့။ ဒါပေမဲ့ ဦးဇင်းတို့ ကိုယ်တိုင်လည်းပဲ နာယူနေတာပါပဲ၊ တရားနာ ပရိသတ်ထဲမှာ ဦးဇင်းလည်း တစ်ယောက်အပါအဝင်ပါပဲ။

ဦးဇင်း ဟောတဲ့ တရားလည်း မဟုတ်ပါဘူး၊ မြတ်စွာဘုရားရှင် ဟောကြားထားတဲ့ တရားဖြစ်ပါတယ်၊ သဘာဝဓမ္မအရ၊ သစ္စာတရားအဖြစ်နဲ့ သူ့အလိုလို မှန်ကန်စွာ တည်ရှိနေတဲ့ တရားမျှသာ

http://www.dhammadownload.com

ဖြစ်ပါတယ်။ ဦးဇင်းရဲ့ ကိုယ်ပိုင်တရား မဟုတ်ပါဘူး။ သတ္တဝါအား လုံးရဲ့ ဘုံဆိုင်တရား ဖြစ်ပါတယ်။ အဲဒီတရားကို ကိုယ်ကိုယ်တိုင် တစ်ယောက်တည်း နာတာမဟုတ်ဘဲနဲ့ အများနဲ့အတူတူ ထိုင်ပြီးတော့ နာယူတဲ့သဘောပါပဲ။

ဘုရားလောင်းလုလင်ပျို တာရာဏသီမင်းကြီးကို တရားဟော ရင်းနဲ့ ထီးဖြူကြီး ကြည့်ပြီး သြဒါတကသိုဏ်း ရှုလိုက်တာ နောက်ဆုံး ဂါထာလည်းဆုံးရော စျာန်ရော အဘိညာဉ်ပါ ရရှိသွားပါတယ်။ ကာမ ဂုဏ်အာရုံတွေအပေါ်မှာ တပ်မက်တဲ့စိတ် လုံးဝ မရှိတော့ဘူး။

မင်းကြီးက ကြည်ညိုလွန်းလို့ 'ကောင်းပေစွ-ကောင်းပေစွ၊ အသင် လုလင်ပျိုလေးဟာ လောကကြီးအကြောင်း ကောင်းကောင်း သိပါပေစွ၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားပြီးတော့ သိပါပေစွ၊ ဒုက္ခရဲ့ အကြောင်းရင်းဖြစ်တဲ့ တဏှာသဘောကိုလည်း ကောင်းကောင်းကြီး သိပါပေစွ'လို့ ချီးကျူးပါတယ်။

ကာမဂုဏ်အာရုံတွေကို စွန့်နိုင်တယ် ဆိုတာ လောကအ ကြောင်း ကောင်းကောင်းကြီး သိလို့ပါ။ တချို့ကလည်းပဲ ကာမဂုဏ် အာရုံ စွန့်ထားတဲ့ပုဂ္ဂိုလ်ဆိုရင် လူ့လောကအကြောင်း ဘာမှ နားမ လည်ဘူးလို့ ပြောတတ်ကြတယ်။

တကယ်တော့ ကာမဂုဏ်အာရုံတွေကို စွန့်နိုင်တယ် ဆိုတာ လောကအကြောင်း၊ ကာမဂုဏ်အကြောင်းကို ကောင်းကောင်းကြီး သိသွားလို့ပါ။ လောကအကြောင်း၊ ကာမဂုဏ်အကြောင်း မသိသေးတဲ့ သူက မစွန့်နိုင်သေးဘူးပေါ့။ ကောင်းကောင်း မသိသေးလို့ ကောင်း ကောင်း မစွန့်နိုင်သေးတာပါ။ ကောင်းကောင်း သိတဲ့ တစ်နေ့ကျရင်

http://www.dhammadownload.com

တော့ ကောင်းကောင်း စွန့်နိုင်ကြမှာပါပဲ။

ဒီတော့ ဗာရာဏသီမင်းကြီးကလည်း ဝမ်းမြောက် ဝမ်းသာ သာခုတွေခေါ်၊ ဘုရားလောင်း လုလင်ပျိုကလည်း 'အပ္ပမာဒေန သမ္ပာဒေထ - မင်းကြီး မမေ့မလျော့နဲ့၊ ကုသိုလ်တရားတွေ ပြည့်စုံအောင် ကြိုးစားအားထုတ်နေရစ်ခဲ့ပါတော့' ဆိုပြီးတော့ ဈာန်အဘိညာဉ်နဲ့ ကောင်းကင်ခရီးကနေ ဟိမဝန္တာတောအုပ်ထဲကို ကြွသွားပါတယ်။

ဟိမဝန္တာတောမှာ ဖြဟ္မဝိဟာရတရားတွေ ဆက်လက် ပွားများပြီးတော့ ဈာန်မယုတ်လျော့ဘဲ သေဆုံးသွားတဲ့ အတွက်ကြောင့် သေတဲ့အခါမှာ ဗြဟ္မာ့ပြည် လားရောက်သွားရပါတယ်။

ဘုရားလောင်းလုလင်ပျိုက အဘိညာဉ်ဈာန်နဲ့ ကောင်းကင်ခရီးကနေ ဟိမဝန္တာကြွပြီဆိုတော့ ဦးဇင်းတို့ကလည်းပဲ ဒီဇယ်ဈာန်နဲ့ မော်တော်ယာဉ်ခရီးကနေပြီးတော့ စံကျောင်းပြန်ကြွရုံပဲ ရှိတော့တာပေါ့နော်။ ဘုရားလောင်း လုလင်ပျိုလို ဈာန်မရတော့ အဘိညာဉ်ဈာန်တော့မရဘူး၊ ကားနဲ့ဆိုတော့ ဒီဇယ်ဈာန်ပဲ ရတာပေါ့။

ဒီတော့ တရားဟောတတ်ဖို့၊ တရားနာတတ်ဖို့ဆိုတာလည်း ဒီဝတ္ထုကနေ ကောက်ချက်ချရမှာပေါ့။ အကျယ်တဝင့် ချဲ့ထွင်ပြောမယ် ဆိုရင်တော့ ပြောစရာတွေက အများကြီးပါပဲ။

အခု တရားဟောတဲ့ ပုဂ္ဂိုလ်၊ တရားနာတဲ့ပုဂ္ဂိုလ် ရှေ့မှာဆိုရင် ပန်းမျိုးစုံ ပြင်ဆင်ထားတာ ဆိုတော့ အဝါရောင်လည်း မြင်နေရတာပဲ၊ အဝါကသိုဏ်းရှုပေါ့။ အဖြူရောင်လည်း မြင်နေရတာပဲ၊ အဖြူကသိုဏ်းရှုပေါ့၊ ရှုလို့ရတာပဲ။

http://www.dhammadownload.com

သမထအနေနဲ့ မရှုချင်ဘူး ဆိုရင်လည်း ဒါတွေကို မြင်-မြင်တယ်၊ ကြား-ကြားတယ် စသည်အားဖြင့် ရှုမှတ်ပြီးတော့ မိမိရဲ့ စိတ်မှာ ကာမတဏှာကင်းကွာသွားအောင် လုပ်လို့ရတာပါပဲ။ တရားရှုမှတ်နေတဲ့အချိန်ဟာ တကယ်တော့ ကာမတဏှာကို စွန့်နေတဲ့ အချိန်ပါပဲ၊ ကာမဂုဏ်အာရုံကို စွန့်နေတဲ့အချိန်ပါပဲ။ အဲဒီလို စွန့်နိုင်အောင် ကြိုးစားအားထုတ်ကြရမယ်။

ဒီတော့ ဒီနေ့ဟောတဲ့ တရားဟာ ပါဠိလို ပြောမယ်ဆိုရင်တော့ ကာမာနံ အာဒီနဝကထာ - ကာမဂုဏ်ရဲ့အပြစ်ကို ပြောပြတဲ့ တရားပါပဲ။ ကာမဂုဏ်အကြောင်း အရှင်ဘုရား ပြောနေတော့ တပည့်တော်တို့အတွက် ဘာ အကျိုးရှိမှာလဲ လို့တော့ မေးစရာ အကြောင်း ရှိပါတယ်။

တရားနာပရိသတ်ထဲမှာ ပါရမီဓာတ်ခံ ရင့်သန်နေတဲ့ ပုဂ္ဂိုလ်ပါမယ်ဆိုရင်တော့ ကာမဂုဏ်ချမ်းသာတွေကို အမြစ်ပြတ် လုံးဝ စွန့်လွှတ်နိုင်ကြပါလိမ့်မယ်၊ စွန့်လွှတ်နိုင်အောင် စိတ်ဓာတ်အင်အားတွေ ရကြပါလိမ့်မယ်၊ ချက်ချင်း လက်ငင်း စွန့်နိုင်လောက်အောင် ပါရမီ မရင့်သေးတဲ့ပုဂ္ဂိုလ်၊ အချိန်မတန်သေးတဲ့ ပုဂ္ဂိုလ်ဆိုရင်လည်းပဲ ကာမဂုဏ်အာရုံတွေ အပေါ်မှာ တပ်မက်တဲ့ တဏှာလောဘ၊ အပူဓာတ်လေးကို လျှော့နိုင်သမျှ လျှော့နိုင်ကြပါလိမ့်မယ်။

အဲဒီလို ကာမဂုဏ်အာရုံတွေ အပေါ် တပ်မက်တဲ့ တဏှာလောဘအပူဓာတ်ကို လျှော့နိုင်သမျှ မလျှော့နိုင်တောင်မှ နာကြားနေတဲ့ အခိုက်အတန့်ကလေးမှာတော့ စိတ်ရဲ့အေးချမ်းမှုကို ရရှိကြမှာပါပဲ။ ဓမ္မရသ၊ ဓမ္မပီတိကို ရရှိကြမှာပါပဲ။

http://www.dhammadownload.com

အနည်းနဲ့အများလည်း စွန့်နိုင်ကြမှာပါပဲ၊ လုံးဝမစွန့်နိုင်ရင် တောင်မှပဲ သူ့ဟာသူ ခံစားချိန်ရောက်မှခံစား ကျန်တဲ့အချိန်မှာတော့ တွေးမနေတော့ဘူး။ ကာမဂုဏ်အာရုံနဲ့ ပတ်သက်တဲ့ အတွေးစိတ်တွေ လုံးဝ ဖြစ်မနေစေရဘူး။ ဖြစ်လာရင်လည်း ဝိပဿနာနဲ့ ရှုမှတ်ပစ် လိုက်မယ်လို့ ဒီလိုစိတ်မျိုး ဖြစ်လာနိုင်တာပါပဲ။

ဘာမှ မစွန့်နိုင်ဘူးထား၊ ကိုယ်ခံစားချင်တဲ့ ကာမဂုဏ်အာရုံ မခံစားရတဲ့အခါမျိုးမှာတော့ ကာမဂုဏ်ရဲ့အပြစ်ကို ဆင်ခြင်ပြီးတော့ ကိုယ့်စိတ်ကို ဆောက်တည်ရာရအောင် လုပ်နိုင်ကြမှာပါပဲ။

ကိုယ့်အနေနဲ့ မခံစားရမနေနိုင်တဲ့ ကိုယ်အကြိုက်ဆုံး၊ ကိုယ် အနှစ်သက်ဆုံး ကာမဂုဏ်အာရုံလောက်ပဲ သူ့အတိုင်းအတာနဲ့သူ ခံ စားပြီး ကျန်တဲ့အချိန်တွေမှာ ဟိုလိုလိုဒီလိုလို ဘာမဟုတ်တဲ့ ကာမဂုဏ် အာရုံတွေ၊ မလွှမ်းလောက်တဲ့ ကာမဂုဏ်အာရုံတွေမှာ စိတ်ရောက် မနေဘဲ ကိုယ့်တရားအာရုံလေးနဲ့ကိုယ် အေးအေးချမ်းချမ်း နေနိုင်မယ် ဆိုရင်ကိုပဲ တန်ဖိုးကြီးမားလှပါပြီ။

ကာမဂုဏ်အာရုံကို ထင်ထင်ရှားရှား ခံစားနေတဲ့အချိန်မှာ ပဲဖြစ်ဖြစ်၊ မထင်မရှား စဉ်းစားနေတဲ့ အချိန်မှာပဲဖြစ်ဖြစ် နှာသီးဝ လေထိရာအရပ် သတိကပ်ပြီး ဝင်လေထွက်လေရဲ့ ထိမှုသဘော၊ တိုး မှုသဘောကို ကြိုးကြားကြိုးကြား ရှုပွားနိုင်မယ်ဆိုရင် ကာမဂုဏ်ခံစား နေချိန်မှာလည်း ကိလေသာအပူ သက်သာသလို ကာမဂုဏ်စဉ်းစား ဖြစ်တဲ့အချိန်တွေလည်း အများကြီး နည်းပါးသွားနိုင်ပါတယ်။

အချိန်မရွေး၊ နေရာမရွေး သတိထားပြီးအသက်ရှူတဲ့အကျင့်၊ ဉာဏ်သွင်းပြီး အသက်ရှူတဲ့အကျင့် စွဲမြဲအောင် ပြုလုပ်ထားပါ။

http://www.dhammadownload.com

အပ္ပမာဒေန သမ္ပာဒေထ

အဲဒီလိုအားဖြင့် ကာမဂုဏ်ချမ်းသာတွေရဲ့ ရလေလိုလေသဘော၊ တဒင်္ဂတစ်ခဏသဘောဆိုတဲ့ အပြစ်တွေကို သံဝေဂဉာဏ်နဲ့လည်း မြင်အောင် ရှုပွားနိုင်ကြပါစေ။ ကာမဂုဏ်အာရုံတွေရဲ့ ဖြစ်ပျက်သဘော၊ မမြဲ , မကောင်း , မပိုင်ဆိုတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို ဝိပဿနာဉာဏ်နဲ့လည်း မြင်အောင် ရှုပွားနိုင်ကြပါစေ။

ရှုပွားနိုင်ကြတဲ့အတိုင်းလည်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

http://www.dhammadownload.com

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံး ချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန်မှန်ကန်သော သတိတရားဖြင့်။

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု .... သာဓု .... သာဓု ပါဘုရား။



၂၀၀၀ ပြည့်နှစ်၊ မတ်လ(၂၈)ရက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်
ကံမြင့်ကျောင်းတိုက်၌ ဟောကြားအပ်သောတရားတော်ကို
ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။



http://www.dhammadownload.com

# ရွှေပါရမီဓမ္မဒေသနာ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဟောကြားအပ်သော တရားတော်(တိပ်ခွေ)များကို နာကြားလိုပါက ရွှေပါရမီဓမ္မဒေသနာ ပြန့်ပွားရေးအဖွဲ့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရွှေပါရမီဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉ အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း။ ၂၄၉၅၇၃၊ ၂၈၁၆၆၃၊ (၀၉၉၉)၂၁၁၉၈။

## တက်လမ်းဆောက်လုပ်ရေးအဖွဲ့

အမှတ်(၆၁)၊ စဉ့်အိုးတန်းလမ်း၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း။ ၂၂၆၅၀၀၊ ၂၁၀၄၆၂။